EUROCHAM MYANMAR

# ၂၀၁၈ White Book

## ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြံပြုချက်များ



CO-FUNDED BY

EUROPEAN UNION

EUROCHAM PARTNERS

British Chamber of Commerce Myanmar

CCI FRANCE MYANMAR
FRENCH MYANMAR CHAMBER OF COMMERCE & INDUSTRY

GMBC GERMAN MYANMAR BUSINESS CHAMBER

EUROCHAMBRES

I. MY. B. C. ITALY MYANMAR CHAMBER OF COMMERCE

ENGLISH VERSION

EUROPEAN UNION

ဤစာအုပ်ကို ဥရောပသမဂ္ဂအဖွဲ့၏ အကူအညီဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။
ဤစာအုပ်ပါ အကြောင်းအရာများမှာ EuroCham မြန်မာ၏ တာဝန်သာဖြစ်ပြီး
ဥရောပသမဂ္ဂ၏ အမြင်သဘောထား များကို တစ်နည်းတစ်ဖုံထင်ဟပ်ခြင်းမျိုး
အလျဉ်းမရှိနိုင်ပါ။

IMPLEMENTED BY

CCI FRANCE MYANMAR

EUROCHAMBRES

# မြန်မာနိုင်ငံဆိုင်ရာ ဥရောပကုန်သည်ကြီးများအသင်း

EuroCham သည် မြန်မာနိုင်ငံရှိဥရောပစီးပွားရေး လုပ်ငန်းများကို ကိုယ်စားပြုပါသည်။ အဓိက ရည်ရွယ်ချက်မှာ အာဆီယံနှင့် ဥရောပသမဂ္ဂ အပါအဝင် မြန်မာနိုင်ငံရှိ အစိုးရဌာနများနှင့် အဖွဲ့အစည်း များအား ဥရောပစက်မှုလက်မှုလုပ်ငန်းများ၏ အကျိုးစီးပွားများကို ကာကွယ်မြှင့်တင်ခြင်းအားဖြင့် မြန်မာ နိုင်ငံအတွင်း ဥရောပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှု တိုးမြှင့်ရန်နှင့် စီးပွားရေးဝန်းကျင်များ ပိုမိုကောင်းမွန် လာစေရန် ဖြစ်သည်။

ကျယ်ပြန့်လာသော ခိုင်မာသည့် မိတ်ဖက် ကွန်ရက်ရှိသော EuroCham သည် စည်းရုံးပေးခြင်း၊ စီးပွားရေး ဝန်ဆောင်မှုပေးခြင်း၊ သုတေသနပြုလုပ်ပေးခြင်း၊ သို့မဟုတ် ကွန်ရက်တည်ဆောက်ပေးခြင်းတို့ဖြင့် မြန်မာ နိုင်ငံတွင် စီးပွားရေးလုပ်ကိုင်ရန် စိတ်ဝင်စားသော ဥရောပစီးပွားရေးလုပ်ငန်းများအား လက်တွေ့ကျသည့် အထောက်အကူများပံ့ပိုးပေးပါသည်။

EUROCHAMBRES နှင့် FMCCI တို့သည် ဥရောပသမဂ္ဂ၏ ငွေကြေးအထောက်အပံ့ဖြင့် EuroCham Myanmar ကို တည်ထောင်ခဲ့ပါသည်။ ယခုအခါတွင် EuroCham Myanmar သည် အကြံပြုစည်းရုံးတိုက်တွန်းခြင်း Advocacy Groups(တည်ဆဲမူဝါဒနှင့်လုပ်ထုံးလုပ်နည်းများကိုပြုပြင်ပြောင်းလဲနိုင်ရေးအတွက် အကြံပြုခြင်း၊ စည်းရုံးအားပေးခြင်းနှင့် လှုံ့ဆော်တိုက်တွန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သည့် အဖွဲ့အစည်း)တစ်ရပ်အဖြစ် တိုးတက် ဖြစ်ထွန်းလာခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ကုန်သည်ကြီးများအသင်းဖြစ်သော UMFCCI အပါအဝင် ဂျာမနီ၊အီတလီ၊ နော်ဝေ နှင့် ယူကေနိုင်ငံများ၏ ကုန်သည်ကြီးများအသင်းများနှင့်လည်း နားလည်မှု စာချွန်လွှာများ ရေးထိုးထားပြီး ဖြစ်ပါသည်။

EuroCham ၏ အကြံပြုစည်းရုံးတိုက်တွန်းခြင်းလုပ်ငန်းတွင်ပါဝင်သည့် အရေးပါသည့် အစိတ်အပိုင်းမှာ အချက်အလက်မျှဝေကာ ဆွေးနွေးဖလှယ်မှုများ ပြုလုပ်နိုင်သည့် ပလက်ဖောင်းတစ်ခုအဖြစ် ဆောင်ရွက် လျက်ရှိသော (Advocacy Groups) များဖြစ်ပါသည်။ ထိုအဖွဲ့များ၏ အဓိကရည်ရွယ်ချက်များမှာ (၁) မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပွင့်လင်း မြင်သာမှု၊ စည်းကမ်း လိုက်နာမှု၊ တရားဥပဒေစိုးမိုးမှုတို့ကို မြှင့်တင်ပေးရန် (၂) စီးပွားရေးဝန်းကျင် တစ်ခုလုံး ဖွံ့ ဖြိုးတိုးတက်ရေးအတွက် မြန်မာအာဏာပိုင်များအား သက်ဆိုင်ရာကဏ္ဍအလိုက် နိုင်ငံတကာနည်းနာနိဿယများ ဖြန့်ဝေပေးရန် (၃) အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးတိုးမြှင့်ရန် တို့ဖြစ် ပါသည်။

ယခုအကြိမ် ထုတ်ဝေသော White Book မှာ EuroCham Myanmar က ထုတ်ဝေထားသော နှစ်ပတ်လည် စာအုပ်ကို ဒုတိယအကြိမ် တည်းဖြတ်ထုတ်ဝေခြင်းဖြစ်ပြီး ယခုနှစ်၏ အဓိက စီးပွားရေးလုပ်ငန်းများ၊ EuroCham Myanmar အဖွဲ့ဝင်များအပေါ် သက်ရောက်မှုရှိသော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များ၊ စီးပွားရေး အသိုက်အဝန်းနှင့် ကိစ္စတော်တော်များများတွင် လူမှုအသိုင်းအဝိုင်းတစ်ခုလုံး၏ အခြေအနေများကို ဖော်ပြထားသည်။

EuroCham ၏ Advocacy Groups က ပြုစုထားသည့် white papers များ စုပေါင်းပါဝင်သော ဤ White Book တွင် မြန်မာနိုင်ငံအစိုးရ၏ ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပ သမဂ္ဂကိုယ်စားလှယ်၊ သံအမတ်များ၊ အကြံပေးများ၊ မြန်မာနိုင်ငံရှိ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံကော်မရှင် များ၏ ကုန်သွယ်ရေး ကော်မရှင်နာများ၊ မြန်မာနိုင်ငံရှိ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကဏ္ဍအလိုက်အဖွဲ့ အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ အတွက် လက်တွေ့ကျလျက် ကျယ်ပြန့်စွာဆက်စပ်လွှမ်းခြုံမှုရှိသော အကြံပြုချက်များကို ဖော်ပြပေးထားပါသည်။

ရန်ကုန်၊ ဇွန်လ၊ 2018

EUROCHAM
MYANMAR

# EUROCHAM CHAIRMAN OF THE BOARD



EuroChamဒါရိုက်တာအဖွဲ့၊ ကဏ္ဍအလိုက် advocacyအဖွဲ့များ၊ EuroChamမိတ်ဖက်အဖွဲ့ဝင်များနှင့် အခြားသော အဖွဲ့ဝင်များအားလုံး၏ကိုယ်စား မြန်မာနိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒ အကြံပြုချက်များဆိုင်ရာ White Book 2018ကို ဂုဏ်ယူစွာ တင်ပြလိုက်ပါသည်။ White Book မှာ ကျွန်တော်တို့၏ Advocacy Groups အဖွဲ့ဝင် ကုမ္ပဏီများအကြားကြီးမားသောပူးပေါင်းဆောင်ရွက်မှု၏ အကျိုးရလဒ်ဖြစ်ပါသည်။ ကဏ္ဍတော်တော်များများတွင် လက်ရှိ ရင်းနှီးမြှုပ်နှံသူများနှင့်လုပ်ငန်း လည်ပတ်ဆောင်ရွက်သူများဖြစ်ကြသည့် ယင်းကုမ္ပဏီတို့သည် စီးပွားရေးလုပ်ငန်းများကိုချဲ့ထွင်လျက်မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုရန် စိတ်အားထက်သန်မှု ရှိကြပါသည်။

ကဏ္ဍအလိုက် ကျွန်တော်တို့၏ Advocacy Groups အရေအတွက်သည် 2017 ခုနှစ်မှစ၍ နှစ်ဆဖြစ်လာသောကြောင့် 2018 EuroCham မူဝါဒအကြံပြုချက်များ၏လွှမ်းခြုံမှုအတိုင်းအတာကို ပိုမိုဖြန့်ကျက်တိုးချဲ့ထားကြောင်း ဝမ်းမြောက်စွာ ဖော်ပြလိုပါသည်။

ထို့ကြောင့် ဤ White Bookတွင်စိုက်ပျိုးရေးအခြေပြု စီးပွားရေးလုပ်ငန်းကဏ္ဍ၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကဏ္ဍ၊ မော်တော်ယာဉ်ကဏ္ဍ၊ ဒီဂျစ်တယ်နည်းပညာ ဆန်းသစ်မှုများကဏ္ဍ၊ အထည်ချုပ် လုပ်ငန်းကဏ္ဍ၊ ဥပဒေရေးရာလုပ်ငန်းကဏ္ဍ၊ ဝိုင်နှင့် အရက်လုပ်ငန်းကဏ္ဍ၊ ဆောက်လုပ်ရေးနှင့် အခြေခံ အဆောက်အအုံကဏ္ဍ၊ CSR ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတို့တွင် မကြာသေးခင်က အသစ်ဖွဲ့စည်းထူထောင်လိုက်သော Advocacy Groups များ၏ အကြံပြု ချက်များ ပါဝင်ပါသည်။ ဤစာအုပ် အသစ်သည် ဥရောပရင်းနှီးမြှုပ်နှံသူများအတွက် မြန်မာနိုင်ငံ၏ လက်ရှိအနေအထားအပေါ် ကျယ်ပြန့်သော အမြင်များပေးနိုင်လိမ့်မည်ဟု ကျွန်တော်တို့က ယုံကြည် ပါသည်။ EuroCham ၏ တိုးတက်မှုက မြန်မာနိုင်ငံ၏ ကောင်းမွန်သော မူဝါဒအပြောင်းအလဲတွင် ပါဝင်ရန် သန္နိဋ္ဌာန် ချထားသော ဥရောပရင်းနှီးမြှုပ်နှံသူများ၏ ခိုင်မာသည့် စိတ်ပါဝင်စားမှုကို ပြသသည့် သက်သေသာဓကပင်ဖြစ်သည်ဟု ကျွန်တော်တို့က ယူဆပါသည်။

2017 ခုနှစ်မှာ ဗျူရိုကရေစီစနစ်ပြုပြင်ပြောင်းလဲမှုများ၊ ဥ ာဏ်ပစ္စည်းဆိုင်ရာ ဥပဒေကဲ့သို့သော အဓိက နယ်ပယ်များတွင် တိုးတက်မှုများစွာရှိခဲ့ပါသည်။ ထို့အပြင် အစိုးရအနေဖြင့် စွမ်းအင်ထုတ်လုပ်ရေး၊ ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ကျန်းမာရေးစသော ကဏ္ဍများတွင် ခိုင်မာသော ခြေလှမ်းများ လှမ်းခဲ့သကဲ့သို့ ပိုမိုကောင်းမွန်သော ဥပဒေလုပ်ထုံးလုပ်နည်းများ၊ နောက်ထပ်ရင်းနှီးမြှုပ်နှံမှုအတွက် မက်လုံးများ ဖော်ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်ကိုလည်း ဝမ်းမြောက်စွာ အသိအမှတ်ပြု ဖော်ပြလိုပါသည်။

2017 ခုနှစ်တွင် EuroChamအဖွဲ့နှင့် ကဏ္ဍအလိုက် Advocacy Groups များအနေဖြင့် ရန်ကုန်နှင့် နေပြည်တော်တွင် မူဝါဒ ဆွေးနွေးပွဲ၊ အခမ်းအနားများစွာကို ကျင်းပခြင်းဖြင့် မြန်မာအာဏာပိုင် များနှင့် အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများ လုပ်နိုင်ခွင့်ရရှိခဲ့ပါသည်။ ကျွန်တော်တို့အား လက်ခံ တွေ့ဆုံ၊ ပူးပေါင်းဆောင်ရွက်ခဲ့သော အစိုးရတာဝန်ရှိသူများကိုလည်း အလေးအနက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။

ဒီမိုကရေစီကူးပြောင်းစကာလများကပင် မြန်မာနိုင်ငံသည် စိန်ခေါ်မှုအတိပြီးသောလမ်းကို လျှောက်လှမ်း ခဲ့ရပါသည်။ ယခုတိုင်လည်း လျှောက်လှမ်းရနေဆဲ ဖြစ်ပါသည်။ EuroChamအနေဖြင့် အဆိုပါစိန်ခေါ်မှုများကို ပွင့်လင်းမြင်သာမှုရှိရှိ၊ အကျိုးရှိရှိ ကျော်လွှားနိုင်ရန်အတွက် ဥရောပသမဂ္ဂကိုယ်စားလှယ် များ၊ မြန်မာအာဏာပိုင်များနှင့် အနီးကပ်ဆက်လက်ပူးပေါင်း လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် နောက်နှစ်အတွက် White Book ကို စောင့်မျှော်နေပါသည်။ ထို့အတူ စိန်ခေါ်မှုများ၊ အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာမည်ကိုလည်း ကြိုတင်မျှော်မှန်းထားပါသည်။ သို့သော် အရေးအကြီးဆုံးအနေဖြင့် လက်ရှိ မြန်မာနိုင်ငံ၏ပေါက်မြောက်အောင်မြင်မှုများသည် ငြိမ်းချမ်းမှုနှင့် ကြွယ်ဝမှုများကို ဖြစ်ထွန်းစေလျက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကြဉ်းပေးမည်ဟု ယုံကြည် ပါသည်။

ရိုးသားစွာဖြင့်
David Levrat
EuroCham Myanmar ဥက္ကဋ္ဌ

## ဥရောပသမဂ္ဂ သံအမတ်ကြီး SCHMIDT ၏အမှာစကား



ချစ်ခင်ရပါသော မိတ်ဆွေများ ခင်ဗျား

မြန်မာနိုင်ငံဟာ အခွင့်အလမ်းတွေနဲ့ ပြည့်နေပါတယ်။ မြန်မာနိုင်ငံရဲ့အကူးအပြောင်းမှာ မြန်မာနိုင်ငံကို အလုပ်ဖြစ်တဲ့ ဈေးကွက်စီးပွားရေးရှိကာ ငြိမ်းချမ်းပြီး ကြွယ်ဝတဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် ဖွံ့ဖြိုးလာအောင် ကူညီရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့အညီ မိတ်ဖက်ကောင်းအဖြစ်နဲ့ ဥရောပသမဂ္ဂဟာ ဒီသာယာလှပတဲ့ တိုင်းပြည်နဲ့ပြည်သူတွေကို ကူညီထောက်ပံ့ပေးနေပါတယ်။ ဒီအချိန်အထိ ကျွန်တော်တို့ဟာ ဒီမိုကရေစီ အရေး၊ လုံခြုံရေး၊ ချမ်းသာကြွယ်ဝရေးနဲ့ တန်းတူညီမျှဖြစ်ရေးတို့အတွက် နိုင်ငံရေးအရ ပူးပေါင်း ဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့ဟာ ဖွံ့ဖြိုးပြီး တရားမျှတတဲ့ အနာဂတ်ပေါ်ပေါက်ရေးအတွက် ငြိမ်းချမ်းရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ စီမံအုပ်ချုပ်ရေး၊ လူ့အခွင့်အရေးစတဲ့ အဓိကနယ်ပယ်တွင်ဖွံ့ဖြိုးတိုးမှုတွေဖော်ဆောင်ဖို့ ငွေကြေးအထောက်အပံ့၊ နည်းပညာကျွမ်းကျင်မှုအကူအညီအတွေ ပေးပါတယ်။ ပဋိပက္ခနဲ့သဘာဝဘေးအန္တရာယ်တွေကြောင့်ပြည်သူတွေထိခိုက်ခံစားရတဲ့နေရာတွေမှာလည်း ဥရောပသမဂ္ဂဟာ ဒီနိုင်ငံအတွင်းက အဆင်းရဲဆုံး၊ ဘေးအန္တရာယ်ကို ထိခိုက်ခံစားရဆုံးလူတွေကို လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီတွေပေးပါတယ်။

မြန်မာနိုင်ငံ ကြွယ်ဝချမ်းသာရေးဆိုတဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံရေးရည်ရွယ်ချက် ပြည့်မြောက်ရေး ကြိုးပမ်းမှုရဲ့ အစိတ်အပိုင်းတစ်ရပ်အနေနဲ့ ကျွန်တော်တို့ဟာ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအပေါ်မှာ အထူးအလေးပေးကူညီလျက်ရှိပါတယ်။ ရေရှည်တည်တံ့မှုရှိတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်း ကိုရောက်ရှိဖို့ သဘာဝနဲ့ လူမှုအသိုင်းအဝိုင်းကို မထိခိုက်တဲ့ ရေရှည်တည်တံ့တဲ့ စီးပွားရေး လုပ်ငန်းတွေက တစ်ဆင့် သွားရောက်ရမှာဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှုကို မြှင့်တင်ခြင်းနဲ့ တာဝန်ယူမှုရှိတဲ့ စီးပွားရေး ဆက်နွယ်မှုများဟာ မြန်မာနိုင်ငံအတွက် အရေးပါပါတယ်။ လူပေါင်းများစွာအတွက် ကောင်းမွန်တဲ့ အလုပ်အကိုင်တွေကို သဘာဝနဲ့ လူမှုအသိုင်းအဝိုင်းမထိခိုက်တဲ့ ရေရှည်တည်တံ့တဲ့ စီးပွားရေးလုပ်ငန်း တွေကနေပဲ ဖန်တီးနိုင်ပါတယ်။

တာဝန်ယူမှုရှိတဲ့ ကုန်သွယ်ဖက်တွေ အလွန်လိုအပ်နေတဲ့ မြန်မာနိုင်ငံမှာ ဥရောပစီးပွားရေးလုပ်ငန်းများဟာ စီးပွားလုပ်ကိုင်ရာမှာ သူတို့ရဲ့ အကောင်းဆုံး အလေ့အထတွေ၊ နိုင်ငံတကာစံနှုန်းတွေကို မျှဝေခြင်းဖြင့် အရေးပါတဲ့ကဏ္ဍမှာ ရောက်ရှိနေပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဥရောပသားတွေအနေနဲ့ အတွေ့အကြုံ ကနေ သိရှိလာတာကတော့ အလုပ်ဖြစ်တဲ့ ဈေးကွက်ဆိုတာဟာ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် တွန်းအားဖြစ်သလို ဒီမိုကရေစီအခြေခိုင်ရေးအတွက် တွန်းအားတစ်ရပ်ဖြစ်ပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ ဥရောပကုန်သည်ကြီးများအသင်း EuroCham မှ တစ်ဆင့် ကျွန်တော်တို့ဟာ မြန်မာနိုင်ငံကို စိတ်ဝင်စားတဲ့၊ မြန်မာနိုင်ငံနဲ့ လက်တွဲအလုပ်လုပ်နေတဲ့ ဥရောပကုမ္ပဏီတွေကို အထောက်အကူပေးနေပါတယ်။ ကုန်သည်ကြီးများအသင်းဟာ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းရုံးလှုံ့ဆော်ရာမှာ မြန်မာအစိုးရနဲ့ ထိတွေ့ပေးပြီး အချိတ်အဆက်တစ်ခုအနေနဲ့ ဆောင်ရွက်ပါတယ်။ တော်တော်ပေါက်မြောက်အောင်မြင်ခဲ့ပြီဆိုပေမယ့် ကျွန်တော်တို့ရဲ့လုပ်ငန်းတွေဟာ စီးပွားရေးဝန်းကျင်မှာ နောက်ထပ် လျင်မြန်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ထပ်တွေ့လိုပါသေးတယ်။ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေအပေါ် မူတည်ပြီး ဥရောပကုမ္ပဏီတွေဟာ ညီမျှတဲ့ စီးပွားရေးကစားကွင်း၊ အဂတိလိုက်စားမှုကင်းစင်တဲ့ ပြည်သူ့အစိုးရယန္တယား၊ ပြုပြင်ပြောင်းလဲလိုစိတ်ရှိတဲ့ အစိုးရတို့ကို ရှာဖွေနေ ပါတယ်။ မြန်မာနိုင်ငံဟာ အဲဒီနယ်ပယ်တွေမှာ နောက်ထပ် တိုးတက်မှုတွေဖန်တီးဖို့ အလားအလာကောင်း များစွာရှိနေပါတယ်။

ဒီလိုအနေအထားအခင်းအကျင်းမှာ မြန်မာနိုင်ငံ စီးပွားရေးဝန်းကျင်အတွက် ကျွန်တော်တို့ ဥရောပကုမ္ပဏီ တွေရဲ့ အကြံပြုချက်တွေကို ပြသထားတဲ့ White Book ၂၀၁၈ Trade & Investment Policy Recommendations ကို ပြုစုဖို့ EuroCham Myanmar ရဲ့ ပဏာမဆောင်ရွက်မှုကို ဂုဏ်ယူစွာနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။ ဒီ White Book ဟာ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် ဝန်းကျင်အခြေအနေကို ဘယ်လိုတိုးတက်အောင် လုပ်လို့ရနိုင်သလဲဆိုတာနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာ လုပ်ငန်း ဆောင်ရွက်နေတဲ့ ဥရောပလုပ်ငန်းတွေရဲ့ အသိပညာနဲ့ အတွေ့အကြုံတွေကို စုစည်းထားတာ ဖြစ်ပါတယ်။ ပြီးတော့ ၂၀၁၇ ထုတ်ဝေမှုအပြီးကတည်းက ဖြစ်ပေါ်တိုးတက်မှုတွေရဲ့ မှတ်တမ်းလည်း ဖြစ်ပါတယ်။

ဒီ White Book စာအုပ်ဟာ ဥရောပနဲ့ မြန်မာနိုင်ငံအကြား ခိုင်မာပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ စီးပွားရေး ဆက်ဆံမှုတွေအတွက် အသုံးဝင်တဲ့ ကိရိယာတစ်ခု ဖြစ်လာလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ဒီစာအုပ်ဟာ မြန်မာနိုင်ငံက တိုးပွားလာနေတဲ့ ကဏ္ဍများစွာမှာရင်းနှီးမြှုပ်နှံနေတဲ့၊ လုပ်ငန်းလုပ်ဆောင် နေတဲ့ EuroCham Advocacy Groups အဖွဲ့ဝင်ကုမ္ပဏီတွေရဲ့ပူးတွဲသဘောထားကြေညာချက်လည်းဖြစ်ပါတယ်။

Kristian Schmidt
မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး

# Thank you to our Partner Members!

## PLATINUM

Prestige Automobiles
bmwmyanmar.com

BMW
Sheer Driving Pleasure

ACCOR HOTELS
Feel Welcome

## GOLD

Carlsberg Myanmar

de heus

FrieslandCampina

Global Technology Group

HEINEKEN Myanmar

SYNERGY IVECO

Luther.
Legal Advice, Tax Advice, Corporate Services

MELIÃ YANGON MYANMAR

NOVOTEL HOTELS & RESORTS YANGON MAX

Roland Berger

SANOFI

VDB | Loi

## SILVER

agrim

archetype

BEL GA LTD

British American Tobacco

Bureau Veritas

C&A

cmi

CONTROLUNION

CYCLE & CARRIAGE
Exceptional Journeys

DENTONS RODYK

DFDL
Legal & Tax

DKSH

DULWICH COLLEGE (YANGON)

EXERA
Securing Myanmar

fresh studio

Grand Mercure

Guston Ltd

H&M

ibis styles
Yangon Stadium

JOTUN

Kempinski Hotel Nay Pyi Taw
Myanmar

MAERSK LINE

Mercure HOTELS
YANGON KABA AYE

M Gallery

Moët Hennessy
ASIA PACIFIC

Myanmar Business Answers
Supported by CASIO

NOVOTEL HOTELS & RESORTS
INLE LAKE

NTGM Ltd

Pernod Ricard

PHILIPS

pullman
HOTELS AND RESORTS

Royal HaskoningDHV
Enhancing Society Together

SCANIA

Schneider Electric

BUILDING TRUST Sika

SOFITEL

telenor

Volkswagen

VOLVO

Yever
smarter together

RGK+Z&A Group

ZUELLIG PHARMA

# မာတိကာ


| | | |
|---|---|---|
| ၁ | စီးပွားရေးဝန်းကျင် | ၈ |
| ၂ | ၂၀၁၇ မူဝါဒဆိုင်ရာ တုံ့ပြန်မှု | ၁၉ |
| ၃ | အထွေထွေ အကြံပြုချက်နှင့် စိုးရိမ်ပူပန်မှုများ | ၂၆ |
| ၄ | အကျဉ်းချုပ် | ၃၂ |
| ၅ | ပြုစုရေးသားပုံနည်းလမ်း | ၃၈ |
| ၆ | စိုက်ပျိုးရေးအခြေပြု စီးပွားရေးလုပ်ငန်း | ၄၀ |
| ၇ | တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး | ၄၇ |
| ၈ | မော်တော်ယာဉ် | ၅၃ |
| ၉ | ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ | ၆၃ |
| ၁၀ | စီးပွားရေးဆိုင်ရာ လူမှုရေးတာဝန်ယူမှု (ဃျ) | ၆၉ |
| ၁၁ | ဒီဂျစ်တယ်နည်းပညာ ဆန်းသစ်မှုများ | ၇၇ |
| ၁၂ | စွမ်းအင် | ၈၄ |
| ၁၃ | အထည်ချုပ်လုပ်ငန်း | ၉၃ |
| ၁၄ | ကျန်းမာရေး | ၉၇ |
| ၁၅ | ဥပဒေရေးရာ | ၁၀၅ |
| ၁၆ | သယ်ယူပို့ဆောင်ရေး | ၁၁၂ |
| ၁၇ | ဝိုင်နှင့် အရက် | ၁၁၉ |
| ၁၈ | အတိုကောက်စကားလုံးများ | ၁၂၂ |
| ၁၉ | ကျေးဇူးတင်လွှာ | ၁၂၅ |
| ၂၀ | မသက်ဆိုင်ကြောင်းရှင်းလင်းချက် | ၁၂၅ |


အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရန်

# စီးပွားရေး ဝန်းကျင်

၁

အာဏာရှင် အုပ်ချုပ်မှု စနစ်အောက်တွင် ဆယ်စုနှစ်များစွာ ကြာပြီးနောက် ယခုအခါတွင် မြန်မာနိုင်ငံသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာတွင် ဖြေလျှော့မှုများ ပြုလုပ်လျက်ရှိနေသည်။ ၂၀၁၁ ခုနှစ်မှ စတင်ကာ ယခင် တပ်မတော်အစိုးရကျောထောက်နောက်ခံ အစိုးရသည် သိသာထင်ရှားသော နိုင်ငံရေး စီးပွားရေး ပြုပြင်ပြောင်းလဲမှုများစွာ လုပ်ဆောင်ခဲ့သည်။ ထိုအထဲတွင် ပြည်တွင်း ငွေကြေးကို အရှင်စနစ်ပြုလုပ်ခြင်း၊ ငွေကြေးဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ဗဟိုဘဏ်ကို လုပ်ပိုင်ခွင့် ပိုပေးခြင်း၊ ဆက်သွယ်ရေးလုပ်ငန်းများကို ပြည်ပလုပ်ငန်းများ အတွက် လမ်းဖွင့်ပေးခြင်း၊ အုပ်ချုပ်မှုနှင့် အဂတိလိုက်စားမှုဆိုင်ရာ ကိစ္စများကို ကိုင်တွယ်ခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို အားပေးခြင်း၊ စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများကို လမ်းဖွင့်ပေးခြင်းတို့ ပါဝင်သည်။

၂၀၁၆ ခုနှစ် ဧပြီလတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အာဏာရလာခဲ့သည်။ ထိုအခါ အလျင်အမြန် တိုးတက်နေသော စီးပွားရေး ကဏ္ဍနှင့် ထိတွေ့ခြင်းမရှိခဲ့ဖူးသော ဈေးကွက်ကြီးတွင် အခွင့်အလမ်းများစွာရှိ နေသည်ကို မြင်သော ရင်းနှီးမြှုပ်နှံသူများက ပို၍ စိတ်ဝင်စားလာကြသည်။

၂၀၁၈ တွင် မြန်မာနိုင်ငံသည် ဥပဒေရေးရာ၊ စီးပွားရေးရေးရာ၊ လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများစွာကို ကိုင်တွယ်နေရရာအားကောင်းနေသော အရှိန်အဟုန်များသည်လည်း အနည်းငယ် လျော့နည်းလာခဲ့သည်။ အကူးအပြောင်းကာလ၏ ပကတိတရားများ၊ ပြုပြင်ပြောင်းလဲရေး အရှိန်အဟုန်နည်းလာ ခြင်းသည်လည်း တဖြည်းဖြည်းနှင့် ရုပ်လုံးပေါ်လာခဲ့သည်။ နယ်စပ်ဒေသများတွင် ပဋိပက္ခများလည်း အရှိန်မြင့်လာခဲ့သည်။ ဒေသတစ်ခုတည်းတွင် ဖြစ်ပွားသည် ဆိုသော်လည်း အန္တရာယ်ဖြစ်နိုင်ချေအပေါ် ယူဆမှုများကြောင့် ထိုပဋိပက္ခသည် နိုင်ငံ၏စီးပွားရေး တစ်ခုလုံးအပေါ် ဂယက်ရိုက်မှုများရှိခဲ့သည်။

"လွန်ခဲ့သည့် ခြောက်လက မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်တွင် ပဋိပက္ခများ ပေါ်ပေါက်ခဲ့ပါသည်။ အကျိုးဆက် အနေဖြင့် တိုင်းပြည်၏ ပုံရိပ်သည် ပြင်ပကမ္ဘာနှင့် အထူးဖြင့် ဥရောပတွင် များစွာထိခိုက်ခဲ့ပါသည်။ ပြီးခဲ့သည့် နှစ်အနည်းငယ်က ဥရောပ ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှုများအပေါ်လည်း ထိခိုက်ခဲ့ပါသည်။ EuroCham Myanmar နှင့် အဖွဲ့ဝင်များသည် ထိုဒေသ လျင်မြန်စွာတည်ငြိမ်ပြီး ပြန်လည် ကောင်းမွန်လာစေရန် မျှော်လင့်ကာ ရခိုင်ပြည်နယ် ရေရှည်တည်တံ့မှုရှိသော ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးအတွက် အစွမ်းကုန်ထောက်ပံ့ ကူညီနေပါသည်။ ထိုရည်မှန်းချက်ကို ပြည့်မြောက် အောင်မြင်အောင် ဆောင်ရွက်ရန်မှာ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်ဖန်တီးရေး၊ ဖွံ့ဖြိုးလာသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့်သာ ဆောင်ရွက်နိုင်သည်ဟု EuroCham Myanmar က ယုံကြည်ပါသည်။"

စိန်ခေါ်မှုများရှိနေသော်လည်း မြန်မာနိုင်ငံရှိ စီးပွားရေးအခွင့်အရေးများမှာ အများအပြားရှိနေပြီး ပြည်ပရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်သည်လည်း ယခင်အတိုင်း လိုအပ်လျက်ရှိပါသည်။ ထို့အပြင် ၂၀၁၇ နှစ်ကုန်ပိုင်းက အတည်ပြုလိုက်သော မြန်မာကုမ္ပဏီများ ဥပဒေ ကဲ့သို့ အရေးကြီးသော ဥပဒေများသည်လည်း စီးပွားရေး ကိစ္စများအပေါ် အစိုးရ၏ အလေးပေးမှုအသစ်ကို ဖော်ပြနေပါသည်။ စီးပွားရေး အသိုင်းအဝိုင်းအတွင်းမှ လူများစွာမှာ ၂၀၁၈ ခုနှစ်တွင် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများတွင် ပိုမိုတိကျသော၊ ညီညွတ်သော လမ်းညွှန်မှုများ ပေါ်ပေါက်လာမည်ဟု မျှော်လင့်နေကြပါသည်။

**၂၀၁၀**

- အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အနိုင်ရရှိခဲ့သည်။

**၂၀၁၁**

- ဦးသိန်းစိန်သည် အရပ်သား အစိုးရ၏သမ္မတဖြစ်လာခဲ့သည်။
- အငြင်းပွားမှုများ ရှိနေသော တရုတ်၏ မြစ်ဆုံစီမံကိန်းကို ဦးသိန်းစိန်အစိုးရက ဆိုင်းငံ့ခဲ့သည်။
- လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် နိုင်ငံရေး အကျဉ်းသား ထောင်ပေါင်းများစွာ လွတ်မြောက်လာခဲ့သည်။
- အလုပ်သမား သမဂ္ဂများ၊ ဆန္ဒပြခြင်းများကို ခွင့်ပြုထားသည့် ဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။

**၂၀၁၂**

- ကြားဖြတ်ရွေးကောက်ပွဲတွင် NLD ပါတီသည် မဲဆန္ဒနယ် ၄၄ ခုအနက် ၄၃ ခုတွင် အနိုင်ရခဲ့သည်။
- မြန်မာနိုင်ငံနှင့် ဆက်ဆံရေး တိုးမြှင့်ရန်အတွက် အမေရိကန်သမ္မတ Barack Obama မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ခဲ့သည်။
- မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဥရောပကော်မရှင် အကြီးအကဲ Jose Manuel Barroso မြန်မာနိုင်ငံကိုအမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ဖွံ့ဖြိုးရေး အကူအညီများ ပေးရန် ကမ်းလှမ်းခဲ့သည်။

**၂၀၁၃**

- နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံး အကြိမ်အဖြစ် ပုဂ္ဂလိက သတင်းစာ လေးစောင် ထုတ်ဝေခဲ့သည်။
- ဥရောပသမဂ္ဂသည် ကျန်ရှိနေသေးသော ကုန်သွယ်ရေး၊ စီးပွားရေးနှင့် တစ်ဦးချင်း ပစ်မှတ်ထား အရေးယူ ပိတ်ဆို့မှုများကို ပယ်ဖျက်ပေးခဲ့သည်။
- ဆက်သွယ်ရေး ကဏ္ဍကို ဖြေလျှော့မှုများ ပြုလုပ်ခဲ့သည်။ နောက်နှစ်တွင် ပြည်ပကုမ္ပဏီများ ဝင်ရောက်လာခဲ့သည်။
- သမ္မတဦးသိန်းစိန်သည် အမေရိကန်နိုင်ငံသို့ အလည်အပတ် သွားရောက်ခဲ့သည်။

**၂၀၁၄**

- စီးပွားရေးနှင့် နိုင်ငံရေးတွင် တပ်မတော်က ဆက်လက်ပါဝင် ပတ်သက်နေသည်ဟု ဆိုကာ အမေရိကန်သည် အချို့သော အရေးယူပိတ်ဆို့မှုများကို သက်တမ်း တိုးမြှင့်ခဲ့သည်။
- ဖက်ဒရယ်စနစ်ကို ကျင့်သုံးမည်ဟု အစိုးရက ကြေညာခဲ့သည်။

**၂၀၁၅**

- NLD သည် ရွေးကောက်ပွဲတွင် အစိုးရဖွဲ့နိုင်လောက်သော ပမာဏဖြင့် အနိုင်ရခဲ့သည်။
- အပစ်အခတ် ရပ်စဲရေး စာချုပ်မူကြမ်းကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့ လက်မှတ် ရေးထိုးခဲ့သည်။
- သီလဝါအထူးစီးပွားရေးဇုန်၏ ပထမအဆင့်ကို စတင်ဖွင့်လှစ်ခဲ့သည်။

**၂၀၁၆**

- ဦးထင်ကျော် သမ္မတဖြစ်လာခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်လာခဲ့သည်။
- ကျန်ရှိနေသေးသော အရေးယူပိတ်ဆို့မှုများကို အမေရိကန်က ပယ်ဖျက်ပေးခဲ့သည်။
- ရန်ကုန် စတော့ အိတ်ချိန်းကို စတင်ဖွင့်လှစ်ခဲ့သည်။
- ရန်ကုန်တွင် အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက ၇ လဆိုင်းငံ့လိုက်သည်။
- ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၏ အဆင့်မြှင့်ထားသော အပိုင်းကို ဖွင့်လှစ်ခဲ့သည်။

**၂၀၁၇**

- ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ပဋိပက္ခများ ပေါ်ပေါက်ခဲ့သည်။
- ဘဏ္ဍာနှစ် ပြောင်းလဲကြောင်း အစိုးရက ကြေညာခဲ့သည်။
- ကုမ္ပဏီများ ဥပဒေကို ပြည်ထောင်စု လွှတ်တော်တွင် အတည်ပြုခဲ့သည်။

**၂၀၁၈**

- သမ္မတ ဦးထင်ကျော် နုတ်ထွက်သွားခဲ့ပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဟောင်း ဦးဝင်းမြင့် သမ္မတ ဖြစ်လာခဲ့သည်။



၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် ကုမ္ပဏီများ ဥပဒေနှင့် ကွန်ဒိုမီနီယံ နည်းဥပဒေတို့ကဲ့သို့သော ကာလရှည် နှောင့်နှေးနေသော ဥပဒေများကို အတည်ပြုခဲ့ရာ အစိုးရသည် စီးပွားရေးကို ပို၍ ဂရုစိုက်လာသည့် လက္ခဏာများ ပေါ်လာခဲ့သည်။ ထို့အပြင် အထူးသဖြင့် စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့သော ကဏ္ဍများတွင် သိသာထင်ရှားသော ခြေလှမ်းများ ပေါ်ပေါက်ခဲ့သည်။

တစ်နှစ်ကြာမျှ ဥပဒေရေးရာ နှောင့်နှေးမှုများဖြစ်ပေါ်ပြီး ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှုလျော့နည်းခဲ့ပြီး နောက် တစ်နှစ်အကြာတွင် မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွင် အရေးကြီးသော အခြေအနေသို့ ရောက်နေပြီဖြစ်သည်။ ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီကာလမှာ အခွင့်အလမ်းများရယူ ဖမ်းဆုပ်နိုင်မည့် ကာလ ဖြစ်သည်။ ယခုနှစ်တွင် အစိုးရ၏ ရှင်းလင်းသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ တိကျသော လုပ်ဆောင်မှုများ ပေါ်ပေါက်လာနိုင်သည်ဟု ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက မျှော်လင့်နေကြသည်။

# မကြာသေးခင်က ပြုလုပ်ခဲ့သော ဥပဒေ၊ နည်းဥပဒေမူဘောင် အပြောင်းအလဲများ

၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံသည် အခန်းကဏ္ဍအသစ် စတင်ခဲ့သည်။ ထိုအချိန်မှ စတင်ကာ ဥပဒေရေးရာဘက်တွင် ထူးခြား ထင်ရှားသော အပြောင်းအလဲများ ပေါ်ပေါက်ခဲ့သည်။ လျှောက်လှမ်းခဲ့သည့် လမ်းကြောင်းမှာ အကောင်းသဘောများရှိနေသော်လည်း အစိုးရ၏ ဆောင်ရွက်ချက်အသစ်၊ စည်းမျဉ်းအသစ် များကို အကောင်အထည်ဖော်ခြင်း၊ အသက်ဝင်အောင် လုပ်ခြင်းနှင့် ပတ်သက်လျှင် ရှုပ်ထွေးမှုများ ရှေ့နောက် မညီညွတ်မှုများ ရှိနေသေးသည်။

| ဥပဒေ | ဖော်ပြချက် | အတည်ပြုသည့် ခုနှစ် |
|---|---|---|
| အာဆီယံ ဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် | အာဆီယံ ဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်သည် ၂၀၁၅ ခုနှစ်တွင် အာဆီယံ စီးပွားရေး အသိုက်အဝန်း ပေါ်ပေါက်ရေး ရည်မှန်းချက်နှင့် အညီ ဒေသတွင်းတွင် လွတ်လပ်သော၊ အတားအဆီးမရှိသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ ပူးပေါင်း ညှိနှိုင်းမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ပေါ်ပေါက်ရေး အားပေးထောက်ခံ ထားပါသည်။ | ၂၀၁၂ |
| နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေ | အဆိုပါဥပဒေသည် နိုင်ငံခြားသား များအား အကျိုးတူ စီးပွားရေး လုပ်ငန်းများကို ပိုင်ဆိုင်ခွင့်ပြုပြီး အခွန်သက်သာခွင့်များလည်း ပေးခဲ့သည်။ ထို့အပြင် နိုင်ငံသား ရင်းနှီးမြှုပ်နှံသူနှင့် တွဲလျက် အကျိုးတူစီးပွားရေး လုပ်ငန်းများ တည်ထောင်ခွင့်ပေးထားပြီး အစိုးရနှင့် အစိုးရပိုင် ကုမ္ပဏီများ ထံမှ မြေငှားရမ်းခွင့်လည်း ပြုထားသည်။ | ၂၀၁၂ |
| အထူးစီးပွားရေးဇုန် ဥပဒေ | အဆိုပါ ဥပဒေ၏ ရည်ရွယ်ချက် မှာ ပြည်ပပို့ကုန် တိုးမြှင့်ရန်၊ နိုင်ငံခြားငွေဝင်ရောက်မှုတိုးမြှင့်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရန်အတွက် စက်မှုလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် ဖြစ်သည်။ အထူးစီးပွားရေး ဇုန်များ အတွင်း လုပ်ငန်းဆောင်ရွက်ပါက ပြည်ပကုမ္ပဏီများကို ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်ခွင့် ပြုထားသည်။ | ၂၀၁၄ |
| အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေ | အဆိုပါ ဥပဒေမှာ ပြည်တွင်းနှင့် နိုင်ငံတကာ အငြင်းပွားမှုများကို အနုညာတ စီရင်ဆုံးဖြတ်ခြင်းဖြင့် တရားမျှတပြီး ထိရောက်သော ဖြေရှင်းမှုများ ပြုလုပ်ရန်နှင့် ပြည်ပ အနုညာတစီရင်ဆုံးဖြတ်မှုများကို အသိအမှတ်ပြု အကောင်အထည် ဖော်ရန်အတွက် The Arbitration Law ၁၉၄၄ ကို အစားထိုး ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ | ၂၀၁၆ |
| မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေ | ဤဥပဒေသည် ရင်းနှီးမြှုပ်နှံမှု လျှောက်ထားခြင်း လုပ်ငန်းစဉ်ကို လွယ်ကူရှင်းလင်း အောင် ပြုလုပ်လိုက်ပြီး အထူးသဖြင့် သတ်မှတ်ဇုန်များတွင် အကျိုးတူ ပူးပေါင်း ဆောင်ရွက်မှုများ အတွက် အခွန် ကင်းလွတ်ခွင့်၊ မက်လုံးများ၊ အာမခံချက်များ၊ အခွင့်အရေးများ၊ အကာအကွယ်များ ပေးထားသည်။ | ၂၀၁၆ |
| ကွန်ဒိုမီနီယံ ဥပဒေ | နိုင်ငံခြားသား ဝယ်လက်များ အတွက် အိမ်ခြံမြေဈေးကွက်ကို ဖွင့်ပေးလိုက်သည့် ဥပဒေတစ်ရပ် ဖြစ်ပြီး အိမ်ခြံမြေကဏ္ဍတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာ စေသည်။ | ၂၀၁၆ |
| ကုမ္ပဏီများ ဥပဒေ | ကုမ္ပဏီများ ဥပဒေအသစ်သည် ၁၉၁၄ Companies Act ကို အစားထိုး လိုက်သည့် ဥပဒေဖြစ်သည်။ ဥပဒေအသစ် အရ နိုင်ငံခြားသား လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်း ကုမ္ပဏီများတွင် ရှယ်ယာကို ၃၅ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ခွင့် ရရှိမည် ဖြစ်သည်။ | ၂၀၁၈ |

# စီးပွားရေးအခြေအနေ လျှပ်တစ်ပြက်

ဆယ်စုနှစ်များစွာ သီးခြားစနစ်ကျင့်သုံးခဲ့ပြီးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့ရာမှာမြန်မာနိုင်ငံ၏စီးပွားရေးသည်လျင်မြန်စွာတိုးတက်လာခဲ့သည်။ မြန်မာနိုင်ငံကို စီးပွားရေးအရ အလျင်မြန်ဆုံးတိုးတက်နေသည့် နိုင်ငံများအနက် တစ်နိုင်ငံအဖြစ်သတ်မှတ်ကြပါသည်။ ၂၀၁၆/၁၇ ခုနှစ်တွင် ဂျီဒီပီတိုးတက်မှုနှုန်း ၅.၉ ရာခိုင်နှုန်းရှိရာမှ ၂၀၁၇/၁၈ ခုနှစ်တွင် ၆.၄ ရာခိုင်နှုန်း အထိ တိုးတက်လာခဲ့သည့်အတွက် စီးပွားရေးအဆောက်အအုံမှာ သင့်တင့်သည့် အရှိန်နှုန်းဖြင့် တိုးတက်လျက်ရှိကြောင်း ၂၀၁၈ ခုနှစ် မေလတွင် ထုတ်ပြန်သည့် ကမ္ဘာ့ဘဏ်၏ Myanmar Economic Monitor အရ သိရှိရပါသည်။

အနိမ့်မှစခဲ့ရသဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ဆက်လက်တိုးတက်မည်ဟု ခန့်မှန်းထားပြီး ဒေသတွင်း အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်လာနိုင်မည်ဖြစ်သည်ဟု ခန့်မှန်းထားသည်။ ၂၀၁၈/၁၉ တွင်  နိုင်ငံ၏ ဂျီဒီပီ တိုးတက်မှုနှုန်းသည် ၆ဒသမ ၈ရာခိုင်နှုန်းရှိမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။ အာရှဖွံ့ ဖြိုးရေးဘဏ် (ADB)  တို့ကဲ့သို့သော အခြားအဖွဲ့များကတော့ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ ဖြိုးတိုးတက်မှုသည် ၂၀၁၈/၂၀၁၉ တွင် ၇ဒသမ ၂ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။




နှစ်အလိုက် *GDP* တိုးတက်မှု (ကိုးကား - ၂၀၁၇၊ အောက်တိုဘာလထုတ် ကမ္ဘာ့ဘဏ်၏ *Myanmar Economic Monitor*)

အဆိုပါ တိုးတက်မှုနှုန်းသည် ရေရှည်ဆက်လက်တိုးတက်မှုရှိမရှိကတော့ မြန်မာနိုင်ငံအနေနှင့် အနာဂတ်တွင် ဖွံ့ဖြိုး တိုးတက်မှုများအတွက် လိုအပ်သောအခြေခံများ ဖန်တီး ထိန်းသိမ်းထားနိုင်စွမ်းရှိမရှိ အပေါ် မူတည်သည်။ အစိုးရအနေဖြင့် စီးပွားရေးဝန်းကျင်ကောင်းမွန်ရေး ဆက်လက်ထောက်ပံ့ကူညီခြင်း၊ အခြေခံအဆောက်အအုံများ ရင်းနှီးမြှုပ်နှံမှုများကို ငွေကြေးမတည်ပေးခြင်း၊ စိုက်ပျိုးရေးအထွက်နှုန်း တိုးတက်အောင် အားပေးခြင်း၊ ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ အလုပ်သမားအင်အားစု၏ ကျန်းမာရေးနှင့် ပညာရေးတို့တွင် ရင်းနှီးမြှုပ်နှံခြင်းများ ဆက်လက် လုပ်ဆောင်ရန် လိုအပ်သည်။

မြန်မာနိုင်ငံအနေဖြင့် မကြာသေးမီနှစ်များအတွင်း ဆင်းရဲမွဲတေမှု လျှော့ချရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၀၉/၂၀၁၀ တွင် ဆင်းရဲမွဲတေမှုနှုန်း ၃၇ဒသမ ၅ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅ တွင် ၂၆ဒသမ ၁ရာခိုင်နှုန်းသို့ ကျသွားခဲ့သည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။ အဆိုပါ တိုးတက်မှုများမှာ နယ်ပယ်အသီးသီးတွင် တိုးတက်ခဲ့ခြင်းဖြစ်သည်။ အိမ်ထောင်စုတစ်ခု၏ ပျမ်းမျှ သုံးစွဲမှုနှုန်းသည်လည်း ဆယ်စုနှစ်တစ်ခုကျော်အတွက် ၁၅ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမှာ အလားအလာကောင်းများစွာ ရှိနေသည်။ သို့သော် နိုင်ငံအနေဖြင့် စိုက်ပျိုးရေးအပေါ် မှီခို လွန်းနေသည်။ စိုက်ပျိုးရေးထွက်ကုန်သည် နိုင်ငံ ဂျီဒီပီ၏ ၂၅ ရာခိုင်နှုန်းဝန်းကျင်မျှ ရှိနေသည်။ နိုင်ငံတစ်ဝန်းရှိ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုကဏ္ဍတွင် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သော်လည်း ကျေးလက်ဒေသများရှိ စီးပွားရေးကတော့ တိုးတက်မှု မရှိခဲ့ဘဲ ကျေးလက်နှင့် မြို့ပြအကြား ဝင်ငွေကွာဟမှုသည်လည်း ကြီးထွားလာနေသည်။

# နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာ တိုးတက်လာမည့် လက္ခဏာများရှိနေသော်လည်း ဝင်ရောက်မှုနှေးကွေးလာသည်။ ထိုအနေအထားမှာ ရင်းနှီးမြှုပ်နှံမှု အသိုင်းအဝိုင်းအကြားတွင် သတိကြီးကြီးထားနေကြသည်ဆိုသည်ကို ညွှန်ပြနေ သည်။ ၂၀၁၂ ခုနှစ်အတွင်းက နိုင်ငံကို စတင်ဖြေလျှော့ပေးချိန်တွင် ပေါ်ပေါက်ခဲ့သော ကနဦး စိတ်ဝင်စားမှုများသည်လည်း လျော့ပါးသွားခဲ့ပြီဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုများ ဝင်လာဆဲဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရသည်က ခက်ခဲနေဆဲဖြစ်သည်။




အပေါ်တွင် ဖော်ပြထားသော ဇယားမှာ ဒီမိုကရေစီ အကူးအပြောင်းကာလကတည်းက အတည်ပြုပေးထားသော နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုများကို *DICA* မှ ရရှိသော အချက်အလက်များကို အခြေခံ ဖော်ပြထားသည်။ ဤနေရာတွင် ဖော်ပြထားသည်များမှာ အတည်ပြုထားသော ရင်းနှီးမြှုပ်နှံမှုများသာဖြစ်ပြီး အမှန်တကယ်ဝင်ရောက်သည့် ရင်းနှီးမြှုပ်နှံမှုကို ထင်ဟပ်ခြင်းမရှိပေ။ သတိထားစရာမှာ ၂၀၁၅-၁၆ မတိုင်မီအထိ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအချက်အလက်များ မရှိသေးခြင်းဖြစ်သည်။ (ကိုးကား- *DICA*)

ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုတွင် ရေနံနှင့် ဓာတ်ငွေ့ ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု လျော့ကျခဲ့သည်။ ထိုကဲ့သို့ လျော့ကျရခြင်းမှာလည်း လောင်စာဆီဈေးကျခြင်း၊ ရေနံနှင့် ဓာတ်ငွေ့ လုပ်ကွက်အသစ်ထပ်မပေးတော့ခြင်းတို့ အပါအဝင် အခြေအနေအချို့ကြောင့်ဖြစ်သည်။ အိမ်ခြံမြေနှင့် ဆောက်လုပ်ရေးကဏ္ဍတွင်လည်း ရန်ကုန်ရှိ အထပ်မြင့် အဆောက်အအုံများအပေါ် အစိုးရဘက်က ပြန်လည်သုံးသပ်နေမှုနှင့် ဈေးကွက်အေးလာမှုတို့ကြောင့် ရင်းနှီးမြှုပ်နှံမှု ပါးလာခဲ့သည်။

အောက်တွင် ဖော်ပြထားသော ဇယားမှာ ၂၀၁၅ မှ ၂၀၁၇ အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုအများဆုံး (ခွင့်ပြုပေးသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု) တို့ကို ဖော်ပြထားသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအများဆုံး ဝင်ရောက်သော ကဏ္ဍများဖြစ်သည့် ရေနံနှင့် ဓာတ်ငွေ့၊ စွမ်းအင်နှင့် ကုန်ထုတ်လုပ်ငန်းတို့မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၇၆ဒသမ ၆ရာခိုင်နှုန်းရှိသည်။

## Share of FDI by Sector (၂၀၁၅ - ၂၀၁၇)




ကိုးကား။ ။ ကဏ္ဍအလိုက် ခွင့်ပြုပေးထားသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု (ရင်းမြစ် - *DICA*)

## ထူးခြားသော စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ

### ဘဏ္ဍာရေး ကဏ္ဍ

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်း ကဏ္ဍမှာ နိုင်ငံတကာ စံနှုန်းများနှင့် ယှဉ်လျှင် နောက်ကျကျန်ခဲ့သော်လည်း အစိုးရနှင့် ဗဟိုဘဏ်တို့ကတော့ ဘဏ္ဍာရေးကဏ္ဍ ခိုင်မာရေးအတွက် မြေစမ်းခရမ်းပျိုး သဘော ခြေလှမ်းများ လှမ်းနေပုံရသည်။ ထိပ်တန်းဘဏ်လုပ်ငန်း ၁၀ ခုအားလုံးနီးပါးသည် ပင် ယင်းတို့၏ ဘဏ်စနစ်ကို အဆင့်မြှင့်တင်ခဲ့ကြပြီး မိုဘိုင်းဘဏ်လုပ်ငန်းနှင့် အွန်လိုင်း ဘဏ်လုပ်ငန်းတို့ ခေတ်စားလာသည်။ အချို့သော ဘဏ်လုပ်ငန်းများဆိုလျှင် ယခင်နှစ်ကထက် ၂၀ ရာခိုင်နှုန်း အပ်ငွေ ပိုရလာခဲ့သည်။ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ဘဏ်မသုံးသောကြောင့် တိုးတက်ရန် အလားအလာ များစွာရှိနေသည်။

လွန်ခဲ့သည့် နှစ်နှစ်က နိုင်ငံ၏ ပထမဆုံး စတော့အိတ်ချိန်းကို စတင်ခဲ့သော်လည်း လက်ရှိတွင် စတော့အိတ်ချိန်း စာရင်းဝင် ကုမ္ပဏီ ငါးခုသာရှိသေးပြီး အရောင်းအဝယ်ပမာဏမှာလည်း အကန့်အသတ်နှင့်သာ ရှိနေသည်။ မြန်မာ့အာမခံလုပ်ငန်းကသာ ဆယ်စုနှစ်များစွာ ကြီးစိုး လွှမ်းမိုးထားသော အာမခံလုပ်ငန်းကဏ္ဍမှာလည်း အပြောင်းအလဲများ နှေးနေသေးသော်ငြား ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်နေပြီဖြစ်သည်။ ဘဏ္ဍာရေးကဏ္ဍ၏ ဖွံ့ဖြိုးစ အနေအထားကို ထောက်ရှုပြီး အဓိက လုပ်ငန်းများအနေဖြင့် လာမည့်နှစ်များတွင် ထူးခြားကြီးမားသော အပြောင်း အလဲများ ပေါ်ပေါက်မည်ဟု ရှုမြင်နေကြသည်။

### စွမ်းအင်

စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍတွင် ဖြည့်ဆည်းရန် မတတ်နိုင်သော လိုအပ်ချက်ကို ဖြေရှင်းရန်အတွက် အစိုးရသည် ပြီးခဲ့သည့်နှစ်က များစွာ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ လောင်စာဆီဖြန့်ချိရေး ဈေးကွက်ကို နိုင်ငံခြားကုမ္ပဏီများအတွက် ဖွင့်ပေးခဲ့သည်။ ထိုသို့ဖွင့်ပေးရန်ကို ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အစတွင် ကြေညာခဲ့သည်။ နိုင်ငံခြား ကုမ္ပဏီများသည် လောင်စာဆီဖြန့်ချိရေးလုပ်ငန်းအတွက် အခွင့်အလမ်းများကို တက်ကြွစွာရှာဖွေနေကြပြီး အဆိုပါ ကဏ္ဍမှာလည်း ရင်းနှီးမြှုပ်နှံမှုများအတွက် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။



နိုင်ငံတကာတွင် စွမ်းအင်ဈေးများ ကျနေသောကြောင့် ပြည်တွင်းရှိ လောင်စာဆီ ထုတ်ယူ သန့်စင်ရေး ဈေးကွက် လည်း နှေးလာခဲ့သည်။ ကုမ္ပဏီတော်တော်များများသည်လည်း ၂၀၁၃ ခုနှစ် တင်ဒါအောင်ခဲ့သည့် လုပ်ကွက်များ၏ အကျယ်အဝန်းကို လျှော့ချခဲ့သည်။ သို့သော် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကတော့ နိုင်ငံခြားကုမ္ပဏီများ စိတ်အားထက်သန်စွာ စောင့်နေသော နောက်ထပ် တင်ဒါခေါ်ယူမည့် အရိပ်အယောင်များ ပြသခဲ့သည်။

မြန်မာနိုင်ငံတွင် စီးပွားရေး လုပ်ကိုင်ရာမှာ လျှပ်စစ်ဓာတ်အားရရှိရေးမှာ အဟန့်အတားတစ်ခုဖြစ်နေသည်။ သို့သော် ဤကဏ္ဍတွင်လည်း တိုးတက်မှုများရှိနေသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် LNG ဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံ သုံးခုအပါအဝင် စုစုပေါင်း ဓာတ်အားပေးစက်ရုံ လေးခုကို "လုပ်ကိုင်ခွင့်" ချထားပေးခဲ့သည်။ သို့သော် လက်ရှိအစိုးရ အနေဖြင့် အာဏာလက်ခံပြီးကတည်းက PPA အသစ်ကို မကြေညာရ သေးပေ။ မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအင်ဆိုင် ရာ စိန်ခေါ်မှုများလည်း ကြီးမားနေဆဲဖြစ်သည်။

## ဆက်သွယ်ရေး

ဆက်သွယ်ရေးလုပ်ငန်းများမှာ မြန်မာနိုင်ငံတွင် မကြာသေးခင်က အောင်မြင်ခဲ့သော အရာများဖြစ်သည်။ ထိုကဏ္ဍကို ဖွင့်မပေးမီက မြန်မာနိုင်ငံမှာ ကမ္ဘာပေါ်တွင် ဆက်သွယ်ရေး အနိမ့်ဆုံးနိုင်ငံများတွင် ပါဝင်ပြီး ဆင်းကတ်တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ ၁၅၀၀ အထိ ရှိသည်။ ၂၀၁၃ တွင် အစိုးရသည် ထိုကဏ္ဍကို စတင်ဖြေလျှော့ခဲ့ပြီး နိုင်ငံခြား ကုမ္ပဏီများကိုလည်း ဆက်သွယ်ရေးလုပ်ငန်း လိုင်စင်အတွက် တင်ဒါခေါ်ခဲ့သည်။ အော်ရီးဒူး နှင့် တယ်လီနောဟုသော ကုမ္ပဏီနှစ်ခုသည် နိုင်ငံပိုင် လုပ်ငန်းဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) က ဆယ်စုနှစ်များစွာ လက်ဝါးကြီးအုပ် ထားခဲ့သော ဆက်သွယ်ရေးလုပ်ငန်းအတွက် တင်ဒါအောင်ခဲ့သည်။ ထို့အပြင် MPT သည် ဂျပန် ကုမ္ပဏီ KDDI နှင့် လုပ်ငန်းပူးပေါင်းရေး သဘောတူညီချက်ကို ဆောင်ရွက်ခဲ့ရာ အစိုးရပိုင်ကုမ္ပဏီမှာ လျင်မြန်စွာ တိုးတက်နေသော ဈေးကွက်အတွင်းတွင် များစွာ ယှဉ်ပြိုင်နိုင်စွမ်းရှိလာသည်။

မိုဘိုင်းဖုန်း သုံးစွဲနိုင်စွမ်းနှင့် မိုဘိုင်းဖုန်း သုံးစွဲမှုသည်လည်း လျင်မြန်စွာ တိုးတက်လာခဲ့သည်။ ၂၀၁၅ ခုနှစ် နိုင်ငံ့ လူဦးရေ စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းသည် မိုဘိုင်းဖုန်းသုံးနိုင်ပြီဟု International Telecommunication Union က ဆိုသည်။ အစိုးရသည် ဗီယက်နမ်၏ Viettel နှင့်မြန်မာပိုင် Star High Public Company တို့အကြားအကျိုးတူပူးပေါင်းသည့် Mytel အတွက် စတုတ္ထမြောက် ဆက်သွယ်ရေး လိုင်စင်ကို လျင်မြန်စွာ ချပေးခဲ့သည်။




ကိုးကား။ *International Telecommunication Union*

## အခြေခံ အဆောက်အအုံ

မြန်မာနိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေး အခြေခံ အဆောက်အအုံများသည် ဖြည်းဖြည်းချင်း တိုးတက်နေသော်လည်း စိန်ခေါ်မှုများစွာနှင့် ပြည့်နှက်နေသည်။ အခြေခံအားဖြင့် မြန်မာနိုင်ငံ၏ တောတောင်ထူထပ်သည့် ပထဝီအနေအထားကလည်း စိန်ခေါ်မှုများစွာ ဖြစ်နေသည်။ ပြည်တွင်း သယ်ယူပို့ဆောင်ရေးတွင် ကုန်းလမ်းကိုသာ အဓိကထားနေရသည်။ သို့သော် အဝေးပြေးလမ်းပိုင်းတော်တော်များများမှာ အရည်အသွေးနိမ့်နေသည်။ အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့သော် နိုင်ငံတကာ အလှူရှင်များသည်လည်း လမ်းတိုးချဲ့ရေး စီမံကိန်းများတွင် များစွာ အကူအညီပေးနေပြီး အဆိုပါကဏ္ဍအတွက် ဆက်လက် အကူအညီပေးရန်လည်း ကတိပြုထားသည်။

**Asphalt Road in Myanmar**




ကိုးကား။ *Department of Highways*

နောက်ထပ် ပြုပြင်ပြောင်းလဲမှုများ လုပ်ရန်လိုသေးသည်။ ဥပမာအားဖြင့် ရန်ကုန် မန္တလေး လမ်းပိုင်းမှာ နိုင်ငံအတွင်းတွင် သွားလာမှုအများဆုံး ဖြစ်သည်။ သို့သော် လက်ရှိတွင်တော့ ကုန်တင်ကားကြီးများအနေဖြင့် အဝေးပြေးလမ်းတော်တော်များများကို မသုံးနိုင်သေးပေ။ များပြားလာသော ခရီးသည်များကို ဝန်ဆောင်မှုပေးရန်နှင့် လေကြောင်းမှ ကုန်စည် သယ်ယူပို့ဆောင်ရေး အဆင့်မြှင့်တင်ရန်အတွက် လေဆိပ်အသစ်များ တည်ဆောက်ခြင်း၊ လေဆိပ်အဟောင်းများကို အဆင့်မြှင့်တင်ခြင်း များ ပြုလုပ်နေသည်။ သို့သော် အဆိုပါ စီမံကိန်းတော်တော်များများမှာ ဘဏ္ဍာရေးနှင့် ပတ်သက်သော ကိစ္စများကြောင့် အခက်အခဲများ၊ ကြန့်ကြာမှုများ ရှိနေသည်။

နိုင်ငံ၏ မီးရထားသယ်ယူပို့ဆောင်ရေးနှင့် ရေကြောင်း သယ်ယူပို့ဆောင်ရေးတို့တွင် များစွာ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသော်လည်း အဆိုပါ ကဏ္ဍတွင် ပုဂ္ဂလိက ပါဝင်မှုမှာ အကန့်အသတ်နှင့်သာရှိနေသည်။ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ကဲ့သို့သောနိုင်ငံတကာ အဖွဲ့အစည်းများမှာ ရန်ကုန်မြို့ပတ်ရထား အဆင့်မြှင့်တင်ရေးကဲ့သို့သော အဆင့်မြှင့်တင်ရေးလုပ်ငန်းကြီးများတွင် အဓိကဆောင်ရွက်သူများဖြစ်နေသည်။ အလားတူပင် မြန်မာနိုင်ငံ၏ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးကဏ္ဍမှာလည်း အစိုးရ၏ အထောက်အပံ့နှင့် အတူ တိုးတက်ရန် အလားအလာရှိသော ကဏ္ဍဖြစ်သည်။ ရန်ကုန်မြို့တွင်တော့ မြို့၏ ပထမဆုံး water bus ကို ၂၀၁၇ နှစ်ကုန်တွင် မိတ်ဆက်ခဲ့ပြီး လာမည့်နှစ်များတွင် လမ်းကြောင်းများ တိုးချဲ့သွားရန် ရှိနေသည်။

# ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများ

## ဗျူဟာကျသော တည်နေရာ

မြန်မာနိုင်ငံ၏ နယ်စပ်များမှာ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် လာအို၊ ထိုင်းနိုင်ငံတို့နှင့် ထိစပ်နေပြီး ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းဝန်းကျင်ရှိသည်။ ဒေသတွင်းတွင် ပို့ကုန်များ တင်ပို့နေသော အဓိက နိုင်ငံတစ်နိုင်ငံဖြစ်လာနိုင်သည့် အလားအလာများရှိနေသည်။

ထိုကဲ့သို့ မဟာဗျူဟာကျသော တည်နေရာကြောင့် မြန်မာနိုင်ငံအနေဖြင့် အာရှဒေသအတွက် ကုန်သွယ်ရေးဗဟို ဌာနကြီး ဖြစ်လာနိုင်သည်ဟု လေ့လာသုံးသပ်သူများစွာက ရှုမြင်ကြသည်။ မဟာဗျူဟာကျသော ပထဝီအနေအထားကို အသုံးချနိုင်ရန်အတွက် ဆိပ်ကမ်းများ၊ ကောင်းမွန်သော ကုန်းတွင်း လမ်းများ ဖော်လုပ်ရန်အတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများစွာကို မြန်မာနိုင်ငံအနေဖြင့် ဆွဲဆောင်နိုင်ခြင်းရှိမရှိကတော့ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

## များပြားကြွယ်ဝသော ရင်းမြစ်များ

မြန်မာနိုင်ငံမှာ များပြားကြွယ်ဝသော ရင်းမြစ်များရှိပြီး ရင်းနှီးမြှုပ်နှံသူများအတွက် ကြီးမားသော ဖွံ့ဖြိုးရေး အလားအလာများပေးစွမ်းနေသော စျေးကွက်ကြီးဖြစ်သည်။ စွမ်းအင်နှင့် လျှပ်စစ်မှာ မြန်မာနိုင်ငံတွင် အလားအလာရှိသော ကဏ္ဍများဖြစ်နေသည်မှာ ငြင်းလို့မရပေ။ မြန်မာနိုင်ငံတွင် မတူးဖော်ရသေးသော၊ တူးဖော်မှုနည်းပါးသော ကုန်းတွင်း စွမ်းအင်သိုက်များ၊ ပင်လယ်တွင်းရှိ စွမ်းအင်သိုက်များ၊ အမြောက်အမြားရှိနေသည်။ Shale Production ခေါ်မာတ်ပြည့်ဝသော ကျောက်တုန်းများမှ လောင်စာဆီထုတ်ယူခြင်းကဲ့သို့သော် နည်းပညာသစ်များ မိတ်ဆက်လိုက်ခြင်းက စိတ်လှုပ်ရှားဖွယ်ကောင်းသော အခွင့်အလမ်းများ ပေးပါသည်။

ထိုကဲ့သို့ များပြားသော အရင်းအမြစ်များ ရှိနေသော်လည်း မြန်မာနိုင်ငံသည် လျှပ်စစ်ထုတ်လုပ်နိုင်မှုနှင့် လျှပ်စစ်သုံးစွဲနိုင်မှု နည်းပါးနေပါသေးသည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ခန့်မှန်းထားသည်ကတော့ မြန်မာနိုင်ငံ လူဦးရေ၏ ၆၅ ရာခိုင်နှုန်း သို့မဟုတ် လူဦးပေါင်း ၃၅ သန်းမျှသည် လျှပ်စစ်သုံးစွဲနိုင်ခြင်းမရှိဟု ဆိုသည်။




ကိုးကား။ *MoEE*

မြန်မာနိုင်ငံအဖိုးတန်၊ အဖိုးသင့်ကျောက်သံပတ္တမြားအများအပြားရှိသည်။ အချို့သောခန့်မှန်းချက်များအရဆိုလျှင် ကမ္ဘာ့ကျောက်စိမ်းထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ကို မြန်မာနိုင်ငံက ထုတ်လုပ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှာ အဖိုးတန် ကျောက်မျက်များထုတ်လုပ်သည့် ထိပ်တန်းနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။ ထို့အပြင် စိုက်ပျိုးရေးအတွက် သင့်လျော်ကောင်းမွန်သော ရာသီဥတုလည်းရှိသေးသည်။ ဆိုရှယ်လစ်စနစ် ပြုပြင်ပြောင်းလဲမှု မူဝါဒများ မတိုင်မီအထိ မြန်မာနိုင်ငံကို အာရှ၏ ဆန်အိုးဟု တင်စားခဲ့ကြရသည်။

## ဆွဲဆောင်မှုရှိသော အလုပ်သမားဈေးကွက်

မြန်မာနိုင်ငံတွင်ငယ်ရွယ်သောလူဦးရေအများအပြားရှိရာမျှော်မှန်း၍ရနိုင်သောအနာဂတ်ကာလတိုးတက်မှုတွင်အဓိကအင်အားတစ်ရပ်လည်းဖြစ်ပေလိမ့်သည်။ လူဦးရေအများစုမှာ အလုပ်လုပ်နိုင်သည့် အရွယ်တွင်ရှိနေပြီး ခန့်မှန်းခြေအားဖြင့် လူဦးရေ၏ ၇၅ ရာခိုင်နှုန်းသည်ပင် အလုပ်လုပ်နိုင်သည့် လူဦးရေများဖြစ်နေသည်ဟုဆိုသည်။ ထို့အပြင်လည်း ရင်းနှီးမြှုပ်နှံသူများအတွက် ဈေးသက်သာသော အလုပ်သမားများစွာရှိနေသည်။ သို့သော် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရန်ကုန်၏ အပြင်ဘက်တွင် အရည်အချင်းရှိ၊ ကျွမ်းကျင်သော အလုပ်သမားရှားမှုကို ကြုံရလေ့ရှိသည်။ မြို့ပြသို့ ပြောင်းရွှေ့နေထိုင်မှုသည်လည်း လျင်မြန်စွာ တိုးပွားလာပြီး ကျေးလက်ဒေသမှ အလုပ်သမားများအနေဖြင့် ရန်ကုန်သို့ပြောင်းရွှေ့ခြင်း၊ နေပြည်တော်၊ မော်လမြိုင်၊ တောင်ကြီးနှင့် မန္တလေးကဲ့သို့သော မြို့များသို့ ပြောင်းရွှေ့လာကြသည်။

## တဖြည်းဖြည်း တိုးတက်လာသော အခြေခံအဆောက်အအုံ

အခြေခံအဆောက်အအုံကဏ္ဍတွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာကျွမ်းကျင်မှုများ အလွန်ပင် လိုအပ်နေ သည်။ မသေချာမှုများရှိနေသော်လည်း တိုင်းပြည်၏ မဖွံ့ဖြိုးသေးသော အခြေခံ အဆောက်အအုံကဏ္ဍတွင် အခွင့်အလမ်းများစွာ ရှိနေသည်။ အဆိုပါ ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ အနည်းငယ်သာရှိသဖြင့် တိုးတက်မှုများလည်း နှေးကွေးနေသည်။ သို့သော် အောင်မြင်ခဲ့သည့် သာဓကများလည်းရှိပါသည်။ ဥပမာအားဖြင့် ဆက်သွယ်ရေးကဏ္ဍတွင် ဖြေလျှော့ပေးလိုက်ခြင်းက မိုဘိုင်းဖုန်း ပျံ့နှံ့မှုလျင်မြန်စွာမြင့်တက်လာခဲ့ပြီး ၂၀၁၂ ခုနှစ်ကတစ်နိုင်ငံလုံး၏၁၀ရာခိုင်နှုန်းကိုသာလွှမ်းခြုံနိုင်ရာမှယခုအခါတွင်၇၅ရာခိုင်နှုန်းအထိလွှမ်းခြုံလာနိုင်သည်။ အထူးစီးပွားရေးဇုန်များကိုလည်း မကြာမီက မိတ်ဆက်ခဲ့သည်။ သီလဝါအထူးစီးပွားရေး ဇုန်စီမံကိန်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများကို ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့သည်။ အဆိုပါ စီးပွားရေး ဇုန်များ၏ ရည်ရွယ်ချက်မှာ စက်မှုလုပ်ငန်းအတွင်း ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ရန်နှင့် ပို့ကုန် တိုးမြှင့်ရန် ဖြစ်သည်။

## ဘဏ္ဍာရေး

တိုင်းပြည်၏ ဘဏ်လုပ်ငန်းစနစ်ကို ဖြေလျှော့ပေးနေသည်။ သို့သော် ချေးငွေရယူရန် ခက်ခဲခြင်းသည် မြန်မာ့ စီးပွားရေးအတွက် အဓိကအဟန့်အတားဖြစ်နေသည်။ နိုင်ငံတကာ ဘဏ်များအနေဖြင့် ချေးငွေများကို တိုက်ရိုက် ချထားပေး၍မရခြင်းသည်လည်း စီမံကိန်းကြီးများအတွက် ငွေချေးပေးရန် အခက်တွေ့စေသည်။ ပြည်တွင်းဘဏ်များ မှာလည်း နိုင်ငံတကာ လုပ်ငန်းလည်ပတ်ရေး စံနှုန်းနှင့် အညီဖြစ်စေရန် ကြိုးပမ်းနေရပြီး အချိန်မီ ပြန်မဆပ်သော ချေးငွေများနှင့် ဝန်ပိနေသည်။

## စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အားပေးခြင်းနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်များ၏ အကူအညီများ

မြန်မာနိုင်ငံ၏ စီးပွားရေးမှာ ဒေသတွင်းတွင် တိုးတက်မှုအမြန်ဆုံးထဲတွင် ပါဝင်ပြီး တိုးတက်မှုနှုန်း ၆ – ၇ ရာခိုင်နှုန်းရှိ မည်ဟု ခန့်မှန်းထားသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးမှာ NLD အစိုးရ၏ အဓိက အဆိုပြုဆောင်ရွက်ချက်ထဲတွင် ဆက်လက်ပါဝင်နေပြီး လက်ရှိအချိန်တွင် နိုင်ငံတကာ အဖွဲ့အစည်းများမှ အထောက်အပံ့များလည်း ရှိနေသည်။

နိုင်ငံရေးအငြင်းပွားမှုများရှိနေသော်လည်း NLD ကတော့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာငြိမ်းချမ်းရေးဖြစ်စဉ်အတွက်အရေးပါသောအစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟုရှုမြင်သည်။ ကာလလတ်စီးပွားရေးရည်မှန်းချက်များမရှိခြင်းမှာလည်းအစိုးရအနေဖြင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လုပ်ရင်း တစ်ဖက်က မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး ပေါ်ပေါက်ဆောင် ဆောင်ရွက်လျက် မိမိ၏ရပ်တည်ချက်ကို ရှာဖွေနေရဆဲဖြစ်ကြောင်း ညွှန်ပြနေသည်။



## သုံးစွဲသူလူတန်းစား တိုးတက်လာခြင်း

အားကောင်းသောတစ်ဦးချင်းသုံးစွဲမှုနှုန်းသည်မြန်မာနိုင်ငံ၏ကုန်သွယ်ရေးလုပ်ငန်းများနှင့်စီးပွားရေးအခြေအနေကို ဆက်လက် သတ်မှတ်ပေးနေဆဲဖြစ်သည်။ တစ်ဦးချင်းသုံးစွဲမှုနှုန်းသည် ဆက်လက်တိုး တက်နေပြီး မြန်မာနိုင်ငံ ဂျီဒီပီ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိသည်။ သုံးစွဲသူလူတန်းစား တိုးတက်လာခြင်းသည် ကုန်ထုတ် လုပ်ငန်းနှင့် အသေးစား စက်မှုလုပ်ငန်းကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံသူများအတွက် သေချာသော အခွင့်အလမ်းများကို ညွှန်ပြနေသည်။

# ၂၀၁၇ မူဝါဒဆိုင်ရာ တုန့်ပြန်မှု

"၂၀၁၇ မူဝါဒဆိုင်ရာ တုန့်ပြန်မှု "ကဏ္ဍတွင် EuroCham သည် အစိုးရဌာန ဝက်ဆိုဒ်များ၊ အစိုးရ၏ စောင့်ကြည့်ရေး ယန္တရားများ၊ ရင်းနှီးမြှုပ်နှံမှု အကြံပေးကုမ္ပဏီများနှင့် ယုံကြည်ရသော ပုဂ္ဂလိကသတင်းစာ၊ အစိုးရသတင်းစာများမှာ အချက်အလက်များကဲ့သို့သော အချက်အလက်အရင်းအမြစ်များကို သုံးသပ်လျက် ၂၀၁၇ ခုနှစ်က ပေးခဲ့သော အကြံပြုချက်များ၏ တိုးတက်မှုကို စောင့်ကြည့်အကဲဖြတ်ပါသည်။ ထို့အပြင် EuroCham သည် အကြံပြုချက်များအပေါ် အစိုးရ၏ အကောင်အထည်ဖော်မှု၏ တိုးတက်မှုအခြေအနေတစ်ခုချင်းစီကို ဝါဓိမ်းနီ အဆင့်သတ်မှတ်ချက် (three-colored traffic light system) ဖြင့် အဆင့်သတ်မှတ် အကဲဖြတ်ပါသည်။ အကြံပြုချက်များကို အကဲဖြတ်ရန် အညွှန်ကိန်းများတွင် တရားရေးနှင့် ဥပဒေရေးရာ မူဘောင်ချမှတ်ခြင်း၊ ဖြေလျှော့ထားသော သို့မဟုတ် ခေတ်နှင့်အညီ ပြုလုပ်ထားသော လုပ်ထုံးလုပ်ငန်းများကို ဖော်ဆောင်မှု၊ အစိုးရ၏ လုပ်ဆောင်မှုများတွင် အစိုးရမူဝါဒချမှတ်ရေး အဖွဲ့အစည်းများ၊ ပြည်သူများနှင့် သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ တာဝန်ရှိသူများ၏ အမြင်များ ပါဝင်စေရေးတို့ ပါဝင်သည်။

## ဆောက်လုပ်ရေးနှင့် အခြေခံ အဆောက်အအုံ

၁။ ရှောင်တစ်ခင် စစ်ဆေးခြင်းများ၊ ရှင်းလင်းသည့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေး အစီအမံများ ချမှတ်ခြင်းဖြင့် ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် ကိုယ်တိုင်ချမှတ်ထားသော အလေ့အထများကို အကောင်အထည်ဖော်ကာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ လုပ်ဆောင်လာစေရန်။

**တစ်စိတ်တစ်ပိုင်း ဆောင်ရွက်ခဲ့**

- ဆောက်လုပ်ရေး စီမံကိန်းများ၏ စံချိန်စံနှုန်းများ ကောင်းမွန်စေရေး၊ ဆောက်လုပ်ရေးကဏ္ဍ ကနဦးဆောင်ရွက်ချက်များ ခိုင်မာကောင်းမွန်စေရေးအတွက် မြန်မာအစိုးရသည် အဆောက်အအုံအားလုံးအတွက် စံနှုန်းတစ်ခုအဖြစ် Myanmar National Building Code ကို ချမှတ်ထားပြီးဖြစ်သည်။ အဆိုပါ ကုတ်များ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် စံနှုန်းပြု လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပေးသည်သာမက အစိုးရအရာရှိများအနေဖြင့် သင့်လျော်သည့်အချိန်တွင် အဆောက်အအုံအတွင်း ဝင်ရောက်စစ်ဆေးခွင့်ပါ ပြုထားသည်။

- ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသည် ဆောက်လုပ်ရေး စံချိန်စံနှုန်းများနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လိုင်စင်အတွက် အပေါင်ငွေကိုလည်း ယခင်က ဆောက်လုပ်ရေး ကန်ထရိုက် အသေးစားများအတွက် ကျပ် ၅ သန်း (အမေရိကန်ဒေါ်လာ ၄၅၀၀) ထားရှိခဲ့ရာမှ ကျပ် သန်း ၂၀ (အမေရိကန်ဒေါ်လာ ၁၈၀၀၀) အထိ တိုးမြှင့်သကဲ့သို့ ဆောက်လုပ်ရေးလုပ်ငန်း အကြီးစားများအတွက် ယခင်က ကျပ် သန်း ၂၀ (အမေရိကန်ဒေါ်လာ ၁၈၀၀၀) သတ်မှတ်ခဲ့ရာမှ ယခုအခါ ကျပ် သန်း ၅၀ (အမေရိကန်ဒေါ်လာ ၄၅၀၀၀) အထိ တိုးမြှင့်ခဲ့သည်။ မည်သည့် ဆောက်လုပ်ရေး လုပ်ငန်းတွင်မဆို ကန်ထရိုက်များအနေဖြင့် ဆောက်လုပ်ရေး လုပ်ငန်းများ မစတင်မီတွင် လိုင်စင်ရယူထားရန် လိုအပ်ပါသည်။ ကိုလိုနီကာလက ပြဋ္ဌာန်းခဲ့သည့် ဆောက်လုပ်ရေးဆိုင်ရာ ဥပဒေများကိုလည်း ပြန်လည်သုံးသပ်ရန် ဆောင်ရွက်နေသည်။ မြို့တော်မဟာဗျူဟာ စီမံကိန်းတွင်တော့ စက်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် လူနေအိမ်နေရာများအတွက် ဒေသများခွဲခြားသတ်မှတ်ရန် ရည်ရွယ်ဖော်ဆောင်ထားသည်။[၁]

၂။ ပါမစ်ထုတ်ပေးသည့်အဆင့်တွင် EIA ဖော်ဆောင်ရေးများ၊ အသုံးပြုသော ပစ္စည်းများ၏ အရည်အသွေးကို စစ်ဆေးခြင်းများနှင့် နိုင်ငံတကာ စံချိန် စံနှုန်းများနှင့် အညီ သဘာဝပတ်ဝန်းကျင် မထိခိုက်စေသော အဆောက်အအုံကုတ်သတ်မှတ်ချက်များကို ဖော်ဆောင်ခြင်း အပါအဝင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအတွက် လုပ်ဆောင်မှုများ မိတ်ဆက်ခြင်း။ ဆောင်ရွက်မှုများ။

**တစ်စိတ်တစ်ပိုင်း ဆောင်ရွက်ခဲ့**

- ၂၀၁၈ ဇန်နဝါရီလတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ရင်းနှီးမြှုပ်နှံသူများအား သဘာဝပတ်ဝန်းကျင်လိုက်နာမှု အသိအမှတ်ပြုလက်မှတ် (ECC) စတင် ထုတ်ပေးခဲ့သည်။ အဆိုပါ လက်မှတ်မှာ သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်း အပေါ် သက်ရောက်မှု စစ်ဆေးချက်သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများနှင့် အညီဖြစ်သည်ကို အသိအမှတ်ပြုထားခြင်းဖြစ်သည်။[၂] ECC ရရှိသော ကုမ္ပဏီများအနေဖြင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေး စီမံကိန်း (EMP) အပါအဝင် ECC နှင့် တွဲလျက်ပါဝင်သော သတ်မှတ်ချက်များနှင့်အညီ စီမံကိန်းကို ဝန်ကြီးဌာနက သတ်မှတ်သော အချိန်အတိုင်းအတာအတွင်း အကောင်အထည်ဖော်ရမည်ဖြစ်သည်။



*1.Oxford Business Group, Improving regulations and standards for Myanmar's construction sector. Retrieved from: https://oxfordbusinessgroup.com/overview/nuts-and-bolts-construction-industry-expanding-apace-myanmar-turning-its-attention-building*
*2.VDB Loi, MONREC issues first ever Environmental Compliance Certificate. Retrieved on January 31, 2018 from: http://www.vdb-loi.com/mlw/monrec-issues-first-ever-environmental-compliance-certificate/*

၃။ လူမှုလူတန်းစားအလွှာအသီးသီးမှ မြို့သူ၊ မြို့သားများအားလုံးပါဝင်ရေး၊ အရည်အသွေးနှင့် လူမှုပတ်ဝန်းကျင် မထိခိုက်စေရေးဟူသော အခြေခံများအပေါ် အခြေခံလျက် လက်ရှိရှိနေသော မဟာဗျူဟာ စီမံကိန်းများထဲမှ အကောင်းဆုံး၊ အလားအလာအရှိဆုံး မဟာဗျူဟာ စီမံကိန်းကို ရွေးချယ်ရန်။

**တစ်စိတ်တစ်ပိုင်း ဆောင်ရွက်ခဲ့**

- ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် လမ်းပြမြေပုံအဖြစ် အသုံးပြုနိုင်မည့် မဟာဗျူဟာစီမံကိန်းတစ်ခု ချမှတ်နိုင်ရေးအတွက် ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့် အခြားသော အဖွဲ့အစည်းများ၏ အကူအညီကို ရယူကာ လက်ရှိ မဟာဗျူဟာ စီမံကိန်းများကို ပြန်လည်သုံးသပ်လျက်ရှိသည်။JICA ၏ မဟာဗျူဟာစီမံကိန်းကို ၂၀၁၂ ခုနှစ်မှ စတင် ရေးဆွဲခဲ့သည်။ အစိုးရသစ်သည် ၂၀၁၆ နှစ်လယ်အဆိုပါ မဟာဗျူဟာ စီမံကိန်းကို စတင်စစ်ဆေးခဲ့သည်။ ၂၀၄၀ စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော မြို့ပြမဟာဗျူဟာကျကျဖွံ့ဖြိုးရေး ကဏ္ဍအောက်ရှိ ဦးစားပေး စီမံကိန်း ၄၁ ခုတွင် ဘတ်စ်ကားများကို ခေတ်မီအောင် ဆန်းသစ်ခြင်း၊ ယာဉ်ကြောစီမံခန့်ခွဲရေးနှင့် ဘေးကင်းမှု စီမံခန့်ခွဲရေး၊ သယ်ယူပို့ဆောင်ရေးအခြေပြု ဖွံ့ဖြိုးရေးနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး အာဏာပိုင် (YRTA) ဖော်ဆောင်ခြင်းတို့အတွက် အကြံပြုချက်များ ပါဝင်သည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် အဆိုပြုစီမံကိန်းများစွာကို ရန်ကုန်မြို့ ၂၀၄၀ မဟာဗျူဟာ စီမံကိန်းတစ်ခုတည်းတွင် ပေါင်းထည့်နိုင်ရေးအတွက် JICA၊ KOICA၊ပြင်သစ်၏Agence Française de Dévelopement နှင့် UK၏နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဌာန(DFID)တို့နှင့် ဆွေးနွေးလျက်ရှိကြောင်း ရန်ကုန်တိုင်ဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် သယ်ယူပို့ဆောင် ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။[၃]

၄။ ပညာပေးအစီအစဉ်များ၊ အခွန်သက်သာခွင့်များ နှင့် ရှေးဟောင်းအဆောက်အအုံများ၏ ဗိသုကာအမွေအနှစ်၊ တည်ဆောက်ပုံ အမွေအနှစ်၊ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းရန် ရည်ရွယ်သည့် အစိုးရအဖွဲ့တစ်ခု တည်ထောင်ခြင်း နည်းလမ်းများဖြင့် ရှေးဟောင်းအဆောက်အအုံ များ ထိန်းသိမ်းရေးတွင် အစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်း ပိုမိုပါဝင်လာရေး တွန်းအားပေးရန်။

**တစ်စိတ်တစ်ပိုင်း ဆောင်ရွက်ခဲ့**

- ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT) သည် ရေရှည်တွင် ရှေးဟောင်းအဆောက်အအုံများ၏ တန်ဖိုးကို အသိပညာပေးလျက် အိမ်ပိုင်ရှင်များအနေဖြင့် မိမိတို့၏ ရှေးဟောင်းသမိုင်းဝင်အိမ်များကို ခေတ်သစ်အဆောက်အအုံများနှင့် အစား မထိုးအောင် စည်းရုံးနိုင်ခဲ့သည်ကို ကျွန်ုပ်တို့ ဝမ်းမြောက်စွာ တွေ့မြင်ရပါသည်။ မကြာသေးခင်ကလည်း ရန်ကုန်မြို့တော် စည်ပင်သာ ယာရေးကော်မတီ (YCDC) Royal Philips Corporation တို့နှင့် ပူးပေါင်းပြီး YHT သည် ပြည်သူများအား ရန်ကုန်မြို့၏ ရှေးဟောင်းအမွေအနှစ် ပေါ်များပုံကို သိရှိစေရန်အတွက် အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခဲ့ပါသည်။ နယူးဇီလန်၏ အကူအညီ ဖြင့် YHTသည် ရန်ကုန်မြို့တွင် နေထိုင်သူများနှင့် တိုက်ရိုက်တွေ့ဆုံကာ ၎င်းတို့အနေဖြင့် မိမိပတ်ဝန်းကျင်တွင် မည်သည့်အရာများ ကို တန်ဖိုးထားသည်ကို သိရှိနိုင်ရန် ရည်ရွယ်လျက် စီမံကိန်းတစ်ခုကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အစီအစဉ်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏ အကူအညီဖြင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့ အိမ်ဟုခေါ်သော မြို့အပေါ် သဘောထားအမြင် ကို သိရှိနိုင်ရန်အတွက် YHT က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။[၄]

၅။ ဘေးအန္တရာယ်ကင်းရှင်းရေး လေ့ကျင့်မှုများပြုလုပ်ခြင်း၊ ထိုမှ တစ်ဆင့် ဘေးအန္တရာယ်ကင်းရှင်းမှုလေ့ကျင့်ရေး သင်တန်းကျောင်း ထူထောင် ခြင်း။

**တိုးတက်မှု မရှိ**



3.Myanmar Times, *JICA updates 2040 plan for Yangon development.* Retrieved on January 4, 2017 from: https://www.mmtimes.com/business/24405-jica-updates-2040-plan-for-yangon-development.html
4.Yangon Heritage Trust, *Advocacy and Public Engagement.* Retrieved from: http://www.yangonheritagetrust.org/advocacy-and-public-engagement

## စွမ်းအင်

၆။လွယ်ကူချောမွေ့သော လုပ်ထုံးလုပ်နည်းများဖော်ဆောင်ရေး၊ သဘောထားမှတ်ချက်ပေးနိုင်မည့် နည်းလမ်းများ ဖော်ဆောင်ရေးအစိုးရအရာရှိများအတွက်ပုံမှန် လေ့ကျင့်သင်တန်းများဖြင့် တိုးတက်လာသော ပူးပေါင်းဆောင်ရွက်မှုကို ထိန်းသိမ်း၊ အရှိန်မြှင့်ရေးတို့ ဆောင်ရွက်ရန် အားလုံးပါဝင်သည့် အစည်းအဝေးများ၊ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း

### အများအပြား ဆောင်ရွက်ခဲ့

- လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စွမ်းအင်နှင့် လျှပ်စစ်ဆွေးနွေးပွဲများသို့ သက်ဆိုင်သူများကို ပို၍ ပို၍ ဖိတ်ကြားလာသည့်အပေါ် ကျွန်ုပ်တို့ ကျေနပ်မိပါသည်။ ဝန်ကြီးဌာနသည် လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းလျက် ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးများကို ကျင်းပနေပါသည်။ အဆိုပါ အစည်းအဝေးများသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ သံရုံး ကိုယ်စားလှယ်များ၊ အစိုးရဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ ငွေကြေးအဖွဲ့အစည်းများ တက်ရောက်လေ့ရှိကြပါသည်။

- ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်းက EuroCham Energy Advocacy Group နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ တွေ့ဆုံပွဲတွင် ပြည်ထောင်စု ဝန်ကြီးက မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ ပုံမှန်ကျင်းပရန် လိုအပ်ကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာနနှင့် EuroCham Advocacy Group အနေဖြင့် ထိုကဲ့သို့သော ဆွေးနွေးပွဲများကို သုံးလ တစ်ကြိမ် ကျင်းပသင့်ကြောင်း အကြံပြုပြောကြားခဲ့ပါသည်။

၇။ ရေနံနှင့်ဓာတ်ငွေ့စီမံကိန်းများ၏သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုအားဘက်မလိုက်သောစစ်ဆေးအကဲဖြတ်ရန် ကျွမ်းကျင်သူများအားခန့်ထားလျက် သဘာဝပတ်ဝန်းကျင်ကိစ္စအပေါ်အသိအမှတ်ပြုလျက် လုပ်ထုံးလုပ်နည်းများကိုလည်း လက်တွေ့အခြေအနေနှင့် ကိုက်ညီမှုရှိစေရန် ပုံမှန် သုံးသပ်ခြင်း။

### တစ်စိတ်တစ်ပိုင်း ဆောင်ရွက်ခဲ့

- ကျွန်ုပ်တို့၏ EuroCham စည်းရုံးလှုံ့ဆော်ရေးအဖွဲ့နှင့် အစည်းအဝေးတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ရှင်းလင်းသောစွမ်းအင်မဟာဗျူဟာ စီမံကိန်းကို ရေးဆွဲလျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးက အတည်ပြု ပြောကြားခဲ့သည်။ အဆိုပါမဟာဗျူဟာကို နှစ်စဉ် အသစ် ပြင်ဆင်ရေးဆွဲနေပြီး နောက်ဆုံးအဆင့်တွင် အကောင်အထည်ဖော်၍ ရနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဝန်ကြီးဌာနက အဆိုပါ မဟာဗျူဟာကို ရေးဆွဲနေသည်။

- ဥပဒေလုပ်ငန်းစဉ်ပြင်ဆင်ရေး ပထမခြေလှမ်းအဖြစ် အစိုးရသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် အဆိုပြု လုပ်ငန်းစဉ်ကို ပြင်ဆင်လျက်ရှိသည်။ အဆိုပါလုပ်ထုံးလုပ်နည်းအသစ်သည် ယခင်က ကျင့်သုံးခဲ့သည့် လုပ်ကိုင်ခွင့် ညွှန်ကြားချက်ဟု ခေါ်သော စီမံကိန်းလုပ်ကိုင်ခွင့်ပေးထားသည့် အစိုးရ၏ ညွှန်ကြားစာနှင့်အတူ နားလည်မှုစာချွန်လွှာပုံစံအား အစားထိုးသွားမည်ဖြစ်သည်။ စွမ်းအင်ထုတ်လုပ်ရေး စီမံကိန်းများအတွက် အတည်ပြုချက် ထုတ်ပေးသည့် လုပ်ငန်းစဉ်သည် အလွန်ကြာလွန်းကြောင်း အစိုးရက အကြိမ်ကြိမ် အသိအမှတ်ပြု ပြောဆိုခဲ့သည်။ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ သက်ဆိုင်ရာများက အတည်ပြုချက်ထုတ်ပေးမှု ရပ်တန့်နေခြင်း၊ ဌာနဆိုင်ရာ အဆင့်များ များပြားလွန်းနေသည့်အပေါ် ထောက်ပြပြောဆိုလာကြသဖြင့် အစိုးရသည် သဘာဝဓာတ်ငွေ့စွမ်းအင် စီမံကိန်းကြီးများစွာကို ခွင့်ပြုပေးခဲ့ကာ ခွင့်ပြုချက်ပေးသည့် လုပ်ငန်းစဉ်ကိုလည်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။

၈။ အထူးသဖြင့် နေရောင်ခြည်စွမ်းအင်ကဲ့သို့ သဘာဝပတ်ဝန်းကျင် မထိခိုက်သော စွမ်းအင်ကဏ္ဍရှိ နိုင်ငံ၏ အလားအလာကောင်းများကို မြှင့်တင်ရန် တာဝန်ရှိသည့် သဘာဝပတ်ဝန်းကျင် မထိခိုက်သော စွမ်းအင်ဆိုင်ရာ ဌာနတစ်ခု ထူထောင်ရန်

### တစ်စိတ်တစ်ပိုင်း ဆောင်ရွက်ခဲ့

- သဘာဝပတ်ဝန်းကျင် မထိခိုက်စေသော စွမ်းအင်ဆိုင်ရာ ဌာနတစ်ခုကိုတော့ မတည်ထောင်ရသေးပါ။ သို့သော် အစိုးရအနေဖြင့် နိုင်ငံတစ်ဝှမ်းသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်ယူရန် ရည်ရွယ်ထားပြီး ရေအားလျှပ်စစ်နှင့် နေရောင်ခြည်သုံး လေအားလျှပ်စစ်တို့ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ရင်းမြစ်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဆီသို့ အာရုံပြောင်းလာသည့်အပေါ် ကျွန်ုပ်တို့အနေဖြင့် ကျေနပ်စွာ အသိအမှတ်ပြုပါသည်။ အစိုးရ၏ ရည်ရွယ်ချက်မှာ လက်ရှိတွင် မဂ္ဂါဝပ် ၂၅၀၀ ထုတ်လုပ်နေရာမှ ၂၀၃၀ ခုနှစ်တွင် မဂ္ဂါဝပ် ၃၀၀၀၀ ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားသည်။ ၂၀၁၈ ဖေဖော်ဝါရီလတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် မဂ္ဂါဝပ် ၁၇၀ ရှိ မင်းဘူး နေရောင်ခြည်စွမ်း

*5.VDB Loi, From "Moa" To "Ntp": How Myanmar Is Streamlining The Power Project Approval Process. Retrieved on January 30, 2018 from: http://www.vdb-loi.com/wp-content/uploads/2018/01/*
*6.Ministry of Electricity and Energy. Retrieved on January 11, 2018 from: http://www.moee.gov.mm/mm/userfile/role_of_hydropowe_Paper_(11-1-18)2.pdf*

အင်သုံး လျှပ်စစ်ဓာတ်အားပေး စီမံကိန်းကို ဖွင့်လှစ်ခဲ့သည်။ မဂ္ဂါဝပ် ၂၂၀ ထွက်ရှိမည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စီမံကိန်း၏ ပထမအဆင့်ကိုလည်း စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ရေအားမှ လျှပ်စစ်စွမ်းအင် ၄၆၀၀၀ မဂ္ဂါဝပ် ထုတ်ယူနိုင်မည့် အနေအထားရှိသော်လည်း ယခုအခါတွင် ၃၂၂၁ မဂ္ဂါဝပ်သာ ထုတ်ယူရသေးသည်။ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် အစိုးရသည် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ တည်ဆောက်ပြီးလွှဲပြောင်းခြင်းတို့ဖြင့် စုစုပေါင်း မဂ္ဂါဝပ် ၄၁၇၂၁ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည် ရေအား လျှပ်စစ် စီမံကိန်းပေါင်း ၄၇ ခုအတွက် စီမံကိန်းများဆောင်ရွက်နေသည်။[6]

၉။ လျှပ်စစ်ဓာတ်အား အများအပြား အသုံးပြုသူများအပေါ် ပိုမိုကောက်ခံခြင်းအပြင် အမှီအခိုကင်းသော စွမ်းအင်ထုတ်လုပ်သူများ (IPP) ကြုံတွေ့နေရသည့် ဝင်ရောက်ရေး အခက်အခဲများကို ဖော်ထုတ်ခြင်း၊ ထိုအခက်အခဲများကို ဖယ်ရှားရန်အတွက် လိုအပ်သော ဆောင်ရွက်မှုများ ပြုလုပ်ခြင်း။

**တစ်စိတ်တပိုင်း ဆောင်ရွက်ခဲ့**

- ၂၀၁၈ခုနှစ်ဖေဖော်ဝါရီလတွင်ကျင်းပခဲ့သောလျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာပူးပေါင်းအစည်းအဝေးတွင်လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၎င်းအနေဖြင့် လျှပ်စစ်ကဏ္ဍအတွင်း ရင်းနှီးမြှုပ်နှံသူများကြုံတွေ့နေရသော အဟန့်အတားများကို ဖော်ထုတ် ရှင်းလင်းသွားရန် ရည်ရွယ်ထားကြောင်း အတည်ပြု ပြောကြားခဲ့သည်။ အတည်ပြုချက်ပေးခြင်းတွင် ဖြေလျှော့ပေးသည့်အနေဖြင့် ဝန်ကြီးဌာနသည် အချို့သော LNG ဓာတ်ငွေ့သုံး လျှပ်စစ်စွမ်းအင် စီမံကိန်းများ တည်ဆောက်ရန်အတွက် ခွင့်ပြုချက်များ ပေးထားပြီး ဖြစ်သည်။

၁၀။ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအခြေခံ အဆောက်အအုံများတည်ဆောက်ခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အမြင့်ဆုံးနှုန်း ဖြစ်စေရန် အတွက် သဘာဝဓာတ်ငွေ့ကို မတူညီသော အသုံးပြုမှုများအကြား မည်သို့ ခွဲခြား သုံးစွဲရမည်ကို ပြသသော လမ်းပြမြေပုံရေးဆွဲခြင်း

**တစ်စိတ်တစ်ပိုင်း ဆောင်ရွက်ခဲ့**

- ၂၀၁၇ အတွင်းတွင် ဓာတ်ငွေ့ပိုက်လိုင်းအခြေခံအဆောက်အအုံများနှင့် ပတ်သက်၍ သိသာမြင်သာသော တိုးတက်မှု မရှိခဲ့သော်လည်း LPG ဓာတ်ငွေ့တင်သွင်း၊ သိုလှောင်၊ ဖြန့်ချိသည့်ကုမ္ပဏီများ လိုင်စင်များထုတ်ပေးခဲ့ခြင်းဖြင့် LPG ဓာတ်ငွေ့များ လူသုံးပိုများလာစေရန်အတွက် အစိုးရ၏ ဆောင်ရွက်မှုကို ကျွန်ုပ်တို့ ကြိုဆိုပါသည်။ ဓာတ်ငွေ့ကို ဈေးသက်သာစွာ သုံးနိုင်ခြင်းဖြင့် ဟင်းချက်ရာတွင် ထင်းသုံးနေခြင်းကို လျှော့နိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်သုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ ယခုအခါတွက် ရေကြောင်း၊ ကုန်းကြောင်းမှ တင်သွင်းလာသော LPG ဓာတ်ငွေ့များကို အသုံးပြုနေသော အိမ်ထောင်စုပေါင်း ၄၀၀၀၀၀ ရှိနေပြီဖြစ်သည်။ ၂၀၂၀ ခုနှစ်တွင် အိမ်ထောင်စုပေါင်း တစ်သန်းမျှ LPG ဓာတ်ငွေ့များ သုံးစွဲလာမည်ဟု ခန့်မှန်းထားသည်။

## ကျန်းမာရေး

၁၁။ ဆေးဝါး မတရားမဝင်ရောင်းချမှု၊ ဆေးဝါး အတုပြုလုပ်မှုနှင့် စံချိန်မမီသော ဆေးဝါးရောင်းချမှုများ စောင့်ကြည့် စစ်ဆေးကာ လူနာများကို ဘေးအန္တရာယ်ကင်းအောင် ပြုလုပ်ခြင်း

**တစ်စိတ်တစ်ပိုင်း ဆောင်ရွက်ခဲ့**

- မြန်မာနိုင်ငံအတွင်း ရောင်းချနေသော ခွင့်ပြုချက်မဲ့ ဆေးဝါးနှင့် ဆေးဝါးအတုများ လျှော့ချရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အထူး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) အတွင်းတွင် နောက်ထပ် ဝန်ထမ်းများ၊ အရင်းအမြစ်များ ရထားရှိသည့်အတွက် ရင်းနှီးမြှုပ်နှံမှု ကြီးကြီးမားမား ဆောင်ရွက်ခြင်း၊ ခြေလှမ်းအသစ်များ လုပ်ဆောင်ခြင်းတို့ကို ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့အနေဖြင့် Operation Pangea ဟုခေါ်သော တရားမဝင်ဆေးဝါးများ အွန်လိုင်းမှ ရောင်းချမှု တိုက်ဖျက်ရေး ရက်သတ္တပတ်လုပ်ရှားမှုကို ကျွန်ုပ်တို့ အားပေးထောက်ခံပါသည်။ ထို့အပြင် ထိုရက်သတ္တပတ်၏ လွှမ်းခြုံမှုသည် ၂၀၁၅ ခုနှစ်မှစကာ စတင်ကျယ်ပြန့်လာသည်ကို ဝမ်းမြောက်စွာတွေ့ရှိရပြီး မြို့ကြီးများတွင် အရည်အသွေးရှိသော အချိန်ပြည့်ဝန်ထမ်းများ ထပ်မံခန့်ထားရန် တိုက်တွန်းအပ်ပါသည်။FDA သည် ဈေးကွက်အတွင်း မှတ်ပုံမတင်ထားသော၊ အတုပြုလုပ်ထားသော ဆေးဝါး၊ အလှကုန်ပစ္စည်း၊ အစားအသောက်များကို စောင့်ကြည့် ထိန်းချုပ်ရန်အတွက် ၂၀၁၇ ခုနှစ်တွင် ခရိုင်ပေါင်း ၃၀ ကျော်တွင် ဌာနခွဲများ တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ထို့အပြင် ဆေးဝါးအတုများ၊ စံနှုန်းမမီသော ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများကို တိုက်ဖျက်ရန်အတွက် ရန်ကုန်မြို့တွင် ရှောင်တခင်စစ်ဆေးမှုများစွာ ပြုလုပ်ခဲ့သည်။ ၂၀၁၇ ခုနှစ်အတွင်းတွင် FDA သည် ဆေးဝါးအမျိုးအစားပေါင်း ၁၇၇၈ မျိုးကို စစ်ဆေးခဲ့ပြီး ၂၅ မှု အမှုဖွင့်ခဲ့သည်။ (၂၀၁၇ စက်တင်ဘာလ အထိ)[7]

*7.Eleven Media, FDA busts Yangon drugstores. Retrieved on September 20, 2017 from: http://www.elevenmyanmar.com/local/11673*

- FDA သည် Drug Safety Network ဟုခေါ်သော တိုင်ကြားရေးအပလီကေးရှင်းတစ်ခုကို Andriod ဖုန်းများနှင့် iOS ဖုန်းများအတွက် ၂၀၁၇ ဇန်နဝါရီလတွင် မိတ်ဆက်ပေးခဲ့သည်။ အဆိုပါ အပလီကေးရှင်းဖြင့် ဆရာဝန်များ၊ ဆေးဝါးကျွမ်းကျင်သူများသည် မကောင်းသောဆေးဝါးများ အကြောင်းကို FDA ထံ ချက်ချင်း တိုင်ကြားနိုင်သည်။

၁၂။ ရောဂါရှာဖွေရေးနှင့် ကုသရေးအတွက် အချက်အလက်များ အလွယ်တကူရရှိအောင် ပြုလုပ်ခြင်း၊ လူနာဘေးကင်းရေး ပြဋ္ဌာန်းစာ၊ လမ်းညွှန်များ ချမှတ်ခြင်း၊ ဆေးရုံတိုင်းတွင် ရောဂါပျံ့ပွားမှု ထိန်းချုပ်ရေး အဖွဲ့များထားရှိခြင်း

**တစ်စိတ်တစ်ပိုင်း ဆောင်ရွက်ခဲ့**

- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင် ဝက်ဆိုဒ်မှ တစ်ဆင့် အစိုးရသည် ရောဂါကူးစက်မှု ထိန်းချုပ်ရေးအတွက် လမ်းညွှန်ချက်များနှင့် ကုသရေး လုပ်ထုံးလုပ်နည်း စံနှုန်း (SOPs) ကို မျှဝေခဲ့သည်။ ထိုအထဲတွင် ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုတွင် လူနာများ ဘေးကင်းရေး၊ ခွေးရူးပြန်ရောဂါ ကူးစက်ခံရသော လူနာများ၊ ရာသီတုပ်ကွေး၊ အဆုပ်အအေးမိရောဂါနှင့် တီဘီရောဂါများအတွက် ကုသရေးလုပ်ထုံးလုပ်နည်းစံနှုန်းတို့ပါဝင်သည်။ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆိုင်ရာ၊ ကျန်းမာရေး စောင့်ရှောက်မှု စီမံခန့်ခွဲရေးဆိုင်ရာ၊ အချက်အလက် ခွဲခြမ်းစိတ်ဖြာရေးဆိုင်ရာ စာအုပ်စာတမ်း အစီရင်ခံစာများကို ဝက်ဆိုဒ်တွင် တင်ထားပြီးဖြစ်သည်။

၁၃။ ပွင့်လင်းမြင်သာမှုရှိပြီး လူနာစိတ်ကျေနပ်မှုရှိစေသော ဝန်ဆောင်မှုစနစ်ကို အကောင်အထည်ဖော်ခြင်းမှ စတင်ကာ မြေပြင်တွင် မူဝါဒများကို အထောက်အကူပေးမည့် စွမ်းဆောင်ရည်ရှိ ဇီဝဆေးပညာအင်ဂျင်နီယာများ ထားရှိရန် ရည်ရွယ်ခြင်း၊ ဆေးဝါးပစ္စည်းများ ထိန်းသိမ်းခြင်း၊

**တိုးတက်မှုမရှိ**

၁၄။ မှတ်ပုံတင်ဖောင်များနှင့် လိုအပ်သော စာရွက်စာတမ်းများကို စံတစ်ခုထားလျက် ဆောင်ရွက်ခြင်းဖြင့် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်ကို ရိုးရှင်းအောင် ပြုလုပ်ခြင်း။

**တစ်စိတ်တစ်ပိုင်း ဆောင်ရွက်ခဲ့**

- ၂၀၁၇ စက်တင်ဘာအတွင်း ဆေးဝါးအတည်ပြုချက်များစွာအပါအဝင် ၂၀၁၇ အတွင်း FDA ၏ဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံလုပ်ဆောင်မှုများကို ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ဖေဖော်ဝါရီလအတွင်းတွင် FDA သည် အီလက်ထရောနစ်စနစ်ဖြင့် လျှောက်ထားခြင်း စနစ် ထည့်သွင်းထားသော "ဆေးဝါးမှတ်ပုံတင်ခြင်းလမ်းညွှန်" ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်ကို ဝမ်းမြောက်ဖွယ်တွေ့ခဲ့ရပါသည်။ အဆိုပါ စနစ်အသက်ဝင်ပါက လျှောက်ထားသူများအနေဖြင့် အွန်လိုင်းမှ တစ်ဆင့်လျှောက်ထားနိုင်မည်ဖြစ်သည်။ အဆိုပါ လမ်းညွှန်တွင် FDA လင့်ခ်များမှ တစ်ဆင့် အွန်လိုင်းလျှောက်ထားပုံ လုပ်ထုံးလုပ်နည်းများကို အသေးစိတ်ဖော်ပြထားသည်။ လုပ်ငန်းစဉ်ကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ခြင်း၊ ACTD လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ခြင်းဖြင့် နောက်ထပ် တိုးတက်အောင် လုပ်၍ရသေးသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

## သယ်ယူပို့ဆောင်ရေး

၁၅။ မြစ်ဝကျွန်းပေါ်ဒေသအတွက် ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် ဖော်ဆောင်လျက် ထိုမှ တစ်ဆင့် အဓိက မြို့ကြီးများသို့ ဆက်သွယ်ပေး လမ်းများပါဝင်သော ကျယ်ပြန့်သည့် အခြေခံအဆောက်အအုံ စီမံကိန်းတစ်ခု ဖော်ဆောင်ခြင်း

**တစ်စိတ်တစ်ပိုင်း ဆောင်ရွက်ခဲ့**

- ပင်လယ်ဆိပ်ကမ်းအသစ်များ ဖော်ဆောင်နိုင်မည့် အလားအလာရှိသော ကမ်းခြေဒေသများကို ရှာဖွေနေသည့် ကြိုးပမ်းမှုအပေါ် ကျွန်ုပ်တို့၏ အဖွဲ့ဝင်များက အကောင်းမြင်စွာ ဖော်ပြခဲ့ကြပါသည်။ ပုသိမ်မြို့အနီး ကမ်းရိုးတမ်းတစ်လျှောက်တွင် ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်တစ်ခု တည်ဆောက်ရန် ဖြစ်နိုင်မဖြစ်နိုင်ဆိုသည်ကို လေ့လာမှုတစ်ခု ပြုလုပ်ခဲ့ပါသည်။ ယခုအခါတွင် အစိုးရသည် အဆိုပါ ဆိပ်ကမ်းနှင့် စက်မှုဇုန်စီမံကိန်း အဆိုပြုချက်နှင့် ပတ်သက်သည့် စိစစ်ဆေးအကဲဖြတ်နေသည်။ အဆိုပါ စီမံကိန်းများကို အဆိုပြုသည့် ကုမ္ပဏီများနှင့် ဒေသခံ အစိုးရအကြား ဆက်စပ်အစည်းအဝေးများလည်း ကျင်းပလျက်ရှိသည်။[8]

*8.Myanmar Times, Proposed port and highway to align Ayeyarwady with Belt and Road. Retrieved on September 14, 2017 from: https://www.mmtimes.com/news/proposed-port-and-highway-align-ayeyarwady-belt-and-road.html*

၁၆။ မြန်မာနိုင်ငံသို့ တင်သွင်းကုန်အများစုအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ GATT လွဲပို့မှုတန်ဖိုး သဘောတရားများကို အကောင်အထည်ဖော်ခြင်း၊ ကျန်ရှိသော ကုန်စည်များအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အခြားနည်းလမ်းများ ချမှတ်ကျင့်သုံးခြင်း

**တစ်စိတ်တစ်ပိုင်း ဆောင်ရွက်ခဲ့**

- ဤအကြံပြုချက်၏ အဓိကရည်ရွယ်ချက်မှာ လက်ရှိကျင့်သုံးနေသော ပွင့်လင်းမြင်သာမှုမရှိသည့် တန်ဖိုးဖြတ်လုပ်ငန်းစဉ်ကို ကိုင်တွယ်ရန်အတွက် အစိုးရ၏ လုပ်ဆောင်မှုများကို ထောက်ခံတိုက်တွန်းရန် ဖြစ်သည်။ ထို့ကြောင့် အကောက်ခွန်တန်ဖိုးများကို တွက်ချက်ရန်အတွက် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့၏ အကောက်အခွန်နှင့် ကုန်သွယ်ရေးဆိုင်ရာ အထွေထွေ သဘောတူညီချက်ကို ချမှတ် ကျင့်သုံးထားသည့် "အကောက်အခွန် ရာဖြတ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ" ကို ၂၀၁၇ခုနှစ် စက်တင်ဘာတွင် အကောက်အခွန်ဌာနက ထုတ်ပြန်ခဲ့သည့်အပေါ် ကျွန်ုပ်တို့ ကြိုဆိုပါသည်။ အခြားဘက်တွင်တော့ လွှဲပို့မှုတန်ဖိုးသဘောတရားများကို အပြည့်အဝ အကောင်အထည်ဖော်ရန်အတွက် (အကောက်အခွန်အာဏာပိုင်များ၊ သွင်းကုန်လုပ်ငန်းရှင်များနှင့် အကောက်အခွန်ပွဲစားများအပါအဝင်) သက်ဆိုင်သည့် အဖွဲ့အစည်းများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အကြောင်းကို ထောက်ပြလိုပါသည်။[၉]

၁၇။ သွင်းကုန်၊ ပို့ကုန်ကဏ္ဍရှိ သက်ဆိုင်သူများအားလုံးကို သင်ကြားလေ့ကျင့်ပေးရန်အတွက် အကောက်အခွန်တွင် လွှဲပို့မှုတန်ဖိုးစနစ်နှင့် ပတ်သက်၍ အတွေ့အကြုံရှိသော ကျွမ်းကျင်သူများကို ခန့်ထားခြင်း

**တိုးတက်မှုမရှိ**

၁၈။ အကောက်အခွန်ဌာန၏ ရုံးဖွင့်ချိန်ကို ပိတ်ချိန်မထားဘဲ နေ့ရောညပါ ၂၄ နာရီ တိုးမြှင့်ဖွင့်လှစ်ခြင်း

**တစ်စိတ်တစ်ပိုင်း ဆောင်ရွက်ခဲ့**

- (သွင်းကုန်လုပ်ငန်းရှင်များ၏ တောင်းဆိုချက်အရ) ရုံးချိန် ထပ်ဆောင်းနှစ်နာရီကို အကောက်အခွန်ဌာနက တိုးမြှင့်ပေးခဲ့သည်။

၁၉။ ကွန်တိန်နာများကို အကောက်ခွန် စစ်ဆေးခြင်းလုပ်ငန်းများ မတိုင်မီ ဝင်ခိုင်းခြင်းအားဖြင့် အကောက်ခွန် ရှင်းလင်းရေး လုပ်ငန်းစဉ်ကို စောလျင်စွာ ဆောင်ရွက်နိုင်အောင် လုပ်ဆောင်ခြင်း

**တိုးတက်မှုမရှိ**



9.Customs Department, Myanmar. Retrieved on September 14, 2017 from:
https://www.myanmarcustoms.gov.mm/pdf/Notification%2091%20-2017%20(Translation%20to%20English).pdf

# အထွေအထွေ အကြံပြုချက်နှင့် စိုးရိမ်စရာများ

# ၃

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများစွာရှိသော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေနိုင်မည့် စိုးရိမ်ဖွယ်ရာ အခြေအနေများရှိနေသည်။ EuroCham Myanmar အနေဖြင့် အဆိုပါ ကိစ္စများကို ဖြေရှင်းရန်အတွက် အစိုးရကို အကြံပြုချက်များ ပေးလိုပါသည်။

## အခွန်စနစ်အားနည်းချက်များ

အခွန်စနစ် ပြုပြင်ပြောင်းလဲရေးကို စတင်လုပ်ဆောင်ခဲ့သော်လည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အကဲခတ်နေသော ဥရောပ ရင်းနှီးမြှုပ်နှံသူများကတော့ အခွန်ဆောင်သည့် ယဉ်ကျေးမှုကို တိုးတက်အောင် လုပ်ရန်လိုပြီး အစိုးရအနေဖြင့်နိုင်ငံ၏ အခွန်ကောက်ခံမှုကို ဆက်လက်တိုးမြှင့်ရန် လိုအပ်သည်ဟု ယူဆကြသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အခွန်ကောက်ခံမှု အနည်းဆုံးသော နိုင်ငံထဲမှ တစ်နိုင်ငံဖြစ်ပြီး အခွန်ရှောင်မှုလည်း များပြားသည်။ ထိုကဲ့သို့ အခွန်ရှောင်မှု များပြားခြင်းမှာ သတင်းချက်အလက်ရရှိမှု နည်းပါးခြင်း၊ အခွန် ဥပဒေ အသက်ဝင်အောင် လုပ်ဆောင်မှုနည်းပါးခြင်း၊ အသက်ဝင်အောင်လုပ်ဆောင်မှု မရှိခြင်းတို့ကြောင့်ဖြစ်သည်။

ပြီးခဲ့သည့်လများတွင်တော့ အခွန်ဆောင်မှုအနေအထားများသည် တိုးတက်မှုများ ရှိခဲ့ပါသည်။ မှတ်တမ်းမှတ်ရာထားရှိခြင်း လုပ်ထုံးလုပ်နည်းများကို နည်းပညာအဆင့်မြှင့်လိုက်ခြင်းမှာလည်း အားတက်ဖွယ် လက္ခဏာတစ်ခုပင်ဖြစ်သည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် အရာရှိများအကြား အဂတိလိုက်စားမှုကို တိုက်ဖျက်ရန် ရည်ရွယ်လျက် ပြည်တွင်း အခွန်ဦးစီးဌာနသည် လူဖြင့် မှတ်တမ်းတင်သည့်စနစ်ကို ကွန်ပျူတာဖြင့် စနစ်ဖြင့် အစားထိုးခဲ့သည်။ ထို့အပြင် အခွန်ပေးဆောင်ခြင်းတွင် မလိုလား အပ်သော နှောင့်နှေးမှုများကို လျှော့ချရန်နှင့် မြန်မာ့စီးပွားရေးဘဏ်နှင့် ချိတ်ဆက်လျက် အခွန်ပေးဆောင်ခြင်းကို လွယ်ကူစေရန်လည်း ရည်ရွယ်သည်။

၂၀၁၈ ခုနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေသည် ၂၀၁၈ ခုနှစ် ဧပြီလတွင် အသက်ဝင်ခဲ့သည်။ အဆိုပါဥပဒေ တွင် အခွန်စနစ်ကို အသက်အကောင်အထည်ဖော်နေစဉ်အတွင်း ဝန်ကြီးဌာနများကို ကိုယ်ပိုင် ဘတ်ဂျက် အသုံးပြုခွင့်ပေးထားပြီး အခွန်များကို ထိရောက်စွာ ကောက်ခံနိုင်သော ပြည်သူ့ဝန်ထမ်းများကို အားပေးသော အစီအစဉ်များ အကောင်အထည်ဖော်ရန်လည်း ခွင့်ပြုထားသည်။

သို့သော် ရှုပ်ထွေးသော လုပ်ထုံးလုပ်နည်းများကြောင့် စီးပွားရေးလုပ်ငန်းရှင်များသည် အချိန်နှင့် လူအားကဲ့သို့သော နောက်ထပ် အရင်းအမြစ်များ ထပ်ပေးနေရသည်။ အခွန်လုပ်ငန်းစဉ် ထိရောက် အဆင်ပြေစေရေးအတွက် ပိုမိုတိုးတက်အောင် လုပ်နိုင်သေးသည်။ ထို့အပြင် ပြည်သူများအနေဖြင့်လည်း အခွန်နှင့် ပတ်သက်၍ သိရှိနားလည်မှု လွန်စွာနည်းပါးနေသေးသည်။

Asia Foundation ကပြုလုပ်ခဲ့သော သုတေသနတွင်မြန်မာနိုင်ငံသားများမှာအခွန်စနစ်နှင့်ပတ်သက်၍များစွာ နားလည်မှုနည်းပါးနေသည်။ အဆိုပါ သုတေသနတွင် ပါဝင်ဖြေဆိုခဲ့ကြသူများအနက် ၉၀ ရာခိုင်နှုန်းနီးပါးမှာ အစိုးရ၏ အခွန် လုပ်ထုံးလုပ်နည်းနှင့် ရရှိလာသော အခွန်များကို မည်သို့ သုံးစွဲသည်ဆိုသည်တို့ကို ပိုမိုသိရှိလိုကြောင်း ဖြေကြားခဲ့ကြသည်။ [၁]

အခွန်ကောက်ခံမှုကို အသက်ဝင်စေရန်နှင့် အခွန်ရှောင်ခြင်းကို လျှော့ချရန်အတွက် အစိုးရသည် ပိုမိုတင်းကြပ်သော စည်းမျဉ်းများကို တက်ကြွစွာ ချမှတ်ခဲ့သည်။ သို့သော် ကြိုတင်အသိပေးထားမှုမရှိဘဲ၊ ရှင်းရှင်းလင်းလင်း ရှင်းပြခြင်းမရှိဘဲ လုပ်ထုံးလုံးနည်းနှင့် စနစ်ကို မကြာခဏ ပြောင်းလဲခြင်းများသည် အခွန်ထမ်းပြည်သူများအတွက် ဝန်ပိုများဖြစ်စေသည်။

## အကြံပြုချက်

အဓိက ရည်ရွယ်ချက်မှာ အခွန်ယဉ်ကျေးမှုကို တစ်တိုင်းပြည်လုံးက ကျေကျေနပ်နပ် လက်ခံကြရန်ဖြစ်သည်။ အခွန်၏ အရေးပါပုံအပေါ် ပိုမိုသိရှိလာစေရန်နှင့် အခွန်အကြောင်းပိုမိုသိရှိလာစေရန်အတွက် ပညာပေးလှုံ့ဆော်မှုများ ဆောင်ရွက်နိုင်သည်။

ထို့အပြင်လည်း ရိုးရှင်းသော လွယ်ကူသော အခွန်ဆောင်သည့် လုပ်ထုံးလုပ်နည်းသည် အခွန်ကောက်ခံသည့် စနစ်ကို ပိုမိုထိရောက်စေမည်ဖြစ်ကာ မလိုအပ်သော အဆင့်များကို ပယ်ဖျက်ပစ်ခြင်းဖြင့် အရင်းအမြစ် သုံးစွဲရခြင်းကို လျှော့ချနိုင်သည်။ အခွန်ရုံးနှင့် အခွန်ထမ်းများအကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း မြှင့်တင်နိုင်သည်။ လုပ်ထုံးလုပ်နည်းနှင့် စနစ်ကို ပြောင်းလဲခြင်းများလုပ်ဆောင်ရာတွင် အခွန်ထမ်းပြည်သူများအနေဖြင့် စနစ်သစ်ကို ကျင့်သုံးနိုင်ရေးအတွက် ကြိုတင် အသိပေးပြီးမှ လုပ်ဆောင်သင့်သည်။

ရှုပ်ထွေးမှုများကိုရှောင်ရှားနိုင်ရန်အတွက် ပြည်တွင်းစနစ်များကို International Accounting Standards များနှင့် အညီဖြစ်စေသင့်သည်။ ထို့အပြင် အစိုးရအနေဖြင့် ပြစ်ဒဏ်များချမှတ်ခြင်းကဲ့သို့သော ထိရောက်သည့် လုပ်နည်းလုပ် ဟန်များကို မိတ်ဆက်ကျင့်သုံးခြင်းဖြင့် အခွန် ရှောင်ခြင်းကို တိုက်ဖျက်နိုင်သည်။



*1.James Owen and Hay Mahn Htun, Attitudes Towards Taxation in Myanmar: Insights from Urban Citizens, The Asia Foundation, March 2018.*

## ဗျူရိုကရေစီစနစ်က လုပ်ငန်းစဉ်ကို နှောင့်နှေးစေသည်။

များပြားလွန်းသော ဗျူရိုကရေစီစနစ်က နိုင်ငံများစွာတွင်ပင် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများတွင် ကာလရှည် တည်ရှိနေသော ကိစ္စတစ်ရပ်ဖြစ်သည်။ တိုင်းပြည်၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု နုနယ်သေးသည့်အချိန်တွင် မြန်မာနိုင်ငံတွင် ဗျူရိုကရေစီစနစ်ပြုပြင်ပြောင်းလဲရေးမှာ ထူးခြားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ဗဟိုချုပ်ကိုင်မှုများပြားလွန်းသော ဖွဲ့စည်းပုံများ၊ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များ၊ အများပြည်သူ၏ မယုံကြည်မှုများ၊ ကျန်ရှိနေသေးသော မလိုလားအပ်သည့် လုပ်ထုံးလုပ်နည်းများ၊ တာဝန်ဆောင်ရွက်မှုနှင့် တာဝန်ခွဲခြမ်းမှု နည်းပါးခြင်း တို့မှာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများအတွက် အခက်အခဲများနှင့် နှောင့်နှေးမှုများ ဖြစ်ပေါ်စေသည့် အရာများဖြစ်သည်။

ဝန်ကြီးဌာနများနှင့် အစိုးရအဆင့်ဆင့်အကြား ပူးပေါင်းဆောင်ရွက်မှုနည်းပါးခြင်းနှင့် တိကျမှုနည်းပါးသော ညွှန်ကြားချက်များသည် မရှင်းလင်းမှုများ ပေါ်ပေါက်စေသည်။

သို့သော် ယခုအခါတွင် အပြောင်းအလဲများ ဆောင်ရွက်နေပြီဖြစ်ကာ အစိုးရအနေဖြင့် အဆိုပါ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ချီးမွမ်းဖွယ် ကောင်းသော လုပ်ဆောင်မှုများ ဆောင်ရွက်ခဲ့သည်ကို EuroCham ၏ မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် ဝမ်းမြောက်စွာ အသိအမှတ် ပြုပါသည်။

လူအားသုံး ဆောင်ရွက်သည့် စနစ်မှ ခေတ်မီ အိုင်တီနည်းပညာသုံး လုပ်ငန်းဆောင်ရွက်သည့် စနစ်သို့ ပြောင်းလဲသည့် ကနဦး ခြေလှမ်းအနေဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် e-Government ကွန်ဖရန့်တစ်ခုကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည်။

ထို့အပြင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့သည် ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ် (UNDP) နှင့် ပူးပေါင်းလျက် ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ လုပ်ငန်းအစီအစဉ် ၂၀၁၇ – ၂၀၂၀ ကို ၂၀၁၇ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့သည်။

အဆိုပါလုပ်ငန်းအစီအစဉ်မှာ ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးအတွက် သမိုင်းဝင် မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် အစိုးရကို အကူအညီပေးရန်ဖြစ်သည်။ ခေတ်မီသော၊ စွမ်းဆောင်ရည် ပြည့်ဝသော ပြည်သူ့ဝန်ထမ်းစနစ်တည်ဆောက်ရေးအတွက် မဟာဗျူဟာအဖြစ် သုံးစွဲရန်အတွက် ရလဒ်ကို ဦးတည်သော လုပ်ငန်း အစီအစဉ်ကို ဖော်ဆောင်ထားသည်။

အဆိုပါ အစီအစဉ်မှာ ပြည်သူ့ဝန်ထမ်းအုပ်ချုပ်ရေးစနစ်သစ်၊ စာရိတ္တအခြေပြု စွမ်းဆောင်ရည်ပြည့်ယဉ်ကျေးမှုနှင့် စနစ်များ၊ ပြည်သူလူထု ဗဟိုပြု ပြည်သူ့ဝန်ထမ်း ခေါင်းဆောင်မှုနှင့် စွမ်းရည်မြှင့်တင်ရေး၊ ပြည်သူ့ဝန်ထမ်းစနစ်တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ဟူသော အဓိက နယ်ပယ်လေးခုကို ရည်ရွယ်သည်။

### အကြံပြုချက်များ

မြန်မာနိုင်ငံရှိ ပြဿနာ၏ ဖစ်မြစ်မှာ အဆိုပါ စိန်ခေါ်မှုများကို ကိုင်တွယ် ဖြေရှင်းရန်အတွက် နိုင်ငံရေးဆိုင်ရာ/ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ဆောင်ရွက်နိုင်စွမ်းနှင့် ပေါ်ပေါက်နေသော စိန်ခေါ်မှုများအကြား လွဲမှားစွာ ချိန်ညှိခြင်းဖြစ်သည်။ ထို့ကြောင့် တစ်ဆင့်ချင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ပစ်မှတ်တိကျ လက်တွေ့ ကျသော အသေးစားဖြေရှင်းမှုများသည် လုပ်ငန်းဆောင်ရွက်မှု ပိုမို ထိရောက်စေနိုင်မည်ဖြစ်သည်။

လူအားဖြင့် ဆောင်ရွက်သည့်စနစ်မှ အိုင်တီနည်းပညာ အခြေပြုဆောင်ရွက်သည့်စနစ်သို့ ပြောင်းလဲခြင်းကဲ့သို့သော အပြုသဘောဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အစိုးရနှင့် မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် ဆက်လက်ပံ့ပိုးသင့်သည်။ ရန်ပုံငွေ ထောက်ပံ့သင့်သည်။

အစိုးရဌာနအနေများအနေဖြင့် အလုပ်များ ပိုမိုထိရောက်စေရန်အတွက် လုပ်ကိုင်စရာများကို ခွဲဝေပေးခြင်းမျိုး လုပ်ဆောင်ရန် အကြံပြုပါသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချရာတွင် အခုအခံများမှာ ရှောင်လွှဲ၍ မရနိုင်သော်လည်း လုပ်ငန်းစဉ်အတွင်းတွင် ဗျူရိုကရက်များကို ဆွဲသုံးသင့်ပြီး အဆိုပါ ဗျူရိုကရက်များမှာ မူဝါဒအသစ်အတွက် အဆင်သင့်ရှိနေသည်။

အထက်အောက် ဩဇာပေးသည့် ဝန်ထမ်းဖွဲ့စည်းပုံကြောင့် မယုံကြည်မှုများပေါ်ပေါက်ကာ တစ်ဦးချင်း ပြဿနာမဖြေရှင်းနိုင်မှုလည်း ပေါ်ပေါက်စေသည်။ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်၏ အရေးကြီးသော အရာမှာ ယုံကြည်မှု တည်ဆောက်ခြင်းနှင့် ပြည်သူ့ဝန်ထမ်းများကို အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုတွင် ပါဝင်ရန် တွန်းအားပေးခြင်းဖြစ်သည်။

လုပ်ရမည့်က ခက်ခဲပါသည်။ သို့သော် အောင်မြင်နိုင်ချေရှိပါသည်။ ပြီးခဲ့သည့်လများအတွက် အစိုးရသည် ကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှုများအတွက် အခြေခံများ ချမှတ်လျက် လမ်းကြောင်းမှန်တွင် ခြေလှမ်းစလှမ်းနေ ပါသည်။

## ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အလေ့အထများ၏ နေရာရှိပါသည်။

မြန်မာနိုင်ငံတွင် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုများကို ဖွံ့ ဖြိုးတိုးတက်အောင် လုပ်ခြင်းသည် များပြားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် လမ်းဖွင့်ပေးခြင်းနှင့် အားကောင်းသော ငွေကြေးအရင်းအနှီးဈေးကွက် ဖော်ဆောင်ခြင်းအတွက် အရေးပါပါလိမ့်မည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများမှာ ပွင့်လင်းမြင်သာမှုရှိသော၊ စုစည်းမှုရှိသော၊ တာဝန်ယူမှုရှိရှိ ဆောင်ရွက်သော ကုမ္ပဏီများနှင့် လက်တွဲလုပ်ရန် ဒေသခံ မိတ်ဖက်များကို ရှာဖွေနေပါသည်။ တာဝန်ယူမှုရှိသော၊ အကျိုးရှိသော လုပ်ငန်းစီမံခန့်ခွဲမှုကို မြှင့်တင်ရန် မကြာသေးခင်က Myanmar Institute of Directors အဖွဲ့ကို တည်ထောင်ခဲ့ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှာ အရှိန်ရလာသည်။

ထို့အပြင် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်၊ ရန်ကုန်စတော့အိတ်ချိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ ညွှန်ကြားမှု ဦးစီးဌာန၊ နိုင်ငံတကာ ငွေကြေးပူးပေါင်းဆောင်ရွက်မှု (IFC) တို့ ပူးပေါင်းလျက် ရန်ကုန်မြို့တွင် ဇန်နဝါရီလက ပြုလုပ်ခဲ့သော Corporate Governance Assessment အလုပ်ရုံဆွေးနွေးပွဲကဲ့သို့သော ပွဲများဖြင့် လေ့ကျင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဆက်လက်လုပ်ဆောင်နေပါသည်။

သို့သော် ကုမ္ပဏီများတွင် လုပ်ငန်းစီမံအုပ်ချုပ်မှု အလေ့အထကောင်းများကို ကျင့်သုံးမှုမှာ အစောပိုင်းအဆင့်တွင်သာ ရှိပါသေးသည်။ စီးပွားရေးလုပ်ငန်းများစွာမှာ ရှင်းလင်းပြီး အသေးစိတ် လုပ်ထားသော လုပ်ငန်းဖွဲ့စည်းပုံမရှိခြင်း၊ ဥပဒေ လိုက်နာရေး ယန္တယားများ မရှိခြင်း၊ ရှယ်ယာရှင်များကို လုံလောက်သော ကာကွယ်မှု မရှိခြင်း၊ ထိရောက်မှုရှိသော လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်း အားနည်းခြင်း၊ ပွင့်လင်းမြင်သာမှုရှိသော မူဝါဒနှင့် ကျင့်သုံးမှု အားနည်းခြင်းတို့ကြောင့် ကော်ပိုရိတ် စံနှုန်းများနှင့် မမီဘဲ ဖြစ်နေသည်။

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) က မကြာသေးခင်က ထုတ်ပြန်ခဲ့သော မြန်မာ စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုဆိုင်ရာ အစီရင်ခံစာတွင် International Finance Corporation က ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု ပျမ်းမျှ ရမှတ်သည် ၅၄ ရာခိုင်နှုန်းရှိပြီး ပြည်တွင်း ကုမ္ပဏီများ၏ ပျမ်းမျှ ရမှတ်မှာမူ ၇ ရာခိုင်နှုန်းသာ ရှိကြောင်း တွေ့ရှိခဲ့ရသည်။

အဆိုပါ တွေ့ရှိချက်မှာ ပိုမိုကောင်းမွန်သော စီမံအုပ်ချုပ်မှုများက ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားဖက်များကို ဆွဲဆောင်ပေး သည်ကို ဖော်ပြနေသည်။

မြန်မာနိုင်ငံရှိ ပြည်တွင်း စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အားနည်းချက်များသည် များစွာ နှောင့်နှေးကြန့်ကြာစေနိုင်သည်ကို ထည့်သွင်းစဉ်းစားရန် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို အကြံပြုပါသည်။

## အကြံပြုချက်များ

အစိုးရအနေဖြင့် အားကောင်းသော ကော်ပိုရိတ် စီမံအုပ်ချုပ်မှု၏ အရေးပါပုံနှင့် စီးပွားရေးလုပ်ငန်းများကို အကျိုးပြုပုံအား အသိပညာပေးခြင်းများ လုပ်နိုင်သည်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများအနေဖြင့် ပွင့်လင်းမြင်သာမှု ရှိရှိ၊ တာဝန်ယူမှုရှိရှိ ဆောင်ရွက်ခြင်းအောင် အားပေးမည့် မက်လုံးပေးသည့် စနစ်များကျင့်သုံးနိုင်သည်။

တွေ့ရှိချက်များအရ မြန်မာကုမ္ပဏီတော်တော်များများမှာ မိမိတို့၏ စီမံအုပ်ချုပ်မှုနှင့် ထုတ်ဖော်ပြသခြင်းတို့ကို တိုးတက်အောင် လုပ်လိုနေကြကြောင်း တွေ့ရှိရပါသည်။ သို့သော် ပြုပြင်ပြောင်းလဲမှုများကို မည်သို့ အကောင်းဆုံး လုပ်ဆောင်ရမည်ကို လမ်းညွှန်ချက် လိုအပ်ပါသည်။ မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှာ အစိုးရနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများထံမှ အထောက်အကူနှင့် ရင်းမြစ်များ လိုအပ်နေသော်လည်း အဆိုပါ လုပ်ငန်းကို လုပ်ဆောင်ရန် သင့်တော်သည်။

စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် စက်မှုလုပ်ငန်းတစ်ခုနှင့် ဆီလျော်မှုရှိသော ဥပဒေများကို ဥပမာအားဖြင့် အလုပ်ရှင် လမ်းညွှန် စာအုပ် သို့မဟုတ် လုပ်ငန်းလည်ပတ်မှု လုပ်ထုံးလုပ်နည်း လမ်းညွှန်များအဖြင့် ပြောင်းလဲဖော်ထုတ်နိုင်သည်။ ထိုကဲ့သို့ လုပ်လိုက်ခြင်းမှာ ဥပဒေစည်းမျဉ်းများကို လက်တွေ့အခြေအနေနှင့် ကိုက်အောင် လုပ်သည့် နည်းလမ်းတစ်ခုဖြစ်သည်။

စွမ်းရည်တည်ဆောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရန်အတွက် ဘက်စုံဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ကောင်းမွန်သော ကော်ပိုရိတ် စီမံအုပ်ချုပ်မှုကို မြှင့်တင်နိုင်မည့် နည်းလမ်းတစ်ခုလည်း ဖြစ်သည်။ ဥပမာအနေဖြင့် UMFCCI နှင့် ပူးပေါင်းလုပ်ဆောင်သော IFC ၏ ဆောင်ရွက်မှုဖြစ်သည်။

၂၀၁၆ အစောပိုင်းတွင် အဖွဲ့အစည်းစုံနှင့် UMFCCI တို့သည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် အခက်ကြုံနေသော ပြည်တွင်း ကုမ္ပဏီများစွာကို လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်များ ဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ အဆိုပါ အစီအစဉ်ထဲတွင် မကြာမီ ဆယ်စုနှစ်များအတွင်း ပုဂ္ဂလိက ကဏ္ဍကို ဦးဆောင်မည့် လူငယ်ပညာရှင်များတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အလေ့အကျင့်ကောင်းများ ရှိစေရေးရည်ရွယ်လျက် မြန်မာနိုင်ငံတွင် စီးပွားရေး ကျင့်ဝတ် သင်ကြားပေးနေသူများအတွက် အလုပ်ရုံဆွေးနွေးပွဲ ပါဝင်သည်။

## ဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေ မပြဋ္ဌာန်းရသေး

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အကဲခတ်နေသော ဥရောပ ရင်းနှီးမြှုပ်နှံသူများအတွက် စိုးရိမ်စရာအကောင်းဆုံး ကိစ္စမှာ ခိုင်မာသော ဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေမရှိခြင်းဖြစ်သည်။ တိုးတက်မှုနှေးသော်လည်း NLD အစိုးရအနေဖြင့် ဉာဏ်ပညာပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စများကို ကိုင်တွယ်ရန်အတွက် သင့်လျော်သော ဥပဒေများ ပေါ်ထွက်ရေး လုပ်ဆောင်နေသည်ကို တွေ့ရသည်မှာ အားတက်ဖွယ်ဖြစ်ပါသည်။

အစိုးရသစ်လက်ထက် ဉာဏ်ပစ္စည်းဆိုင်ရာ ကဏ္ဍတွင် တိုးတက်မှုအနေဖြင့် ၂၀၁၇ တတိယသုံးလပတ်တွင် အစိုးရသည် စာပေအနုပညာ မူပိုင်ခွင့် ဥပဒေကြမ်း၊ ကုန်ပစ္စည်းအမှတ်တံဆိပ်မူကြမ်း၊ စက်မှုလက်မှုဒီဇိုင်း ဥပဒေကြမ်း၊ တီထွင်မှုမူပိုင်ခွင့် ဥပဒေကြမ်း တို့ကို ချပြခဲ့သည်။ အဆိုပါ ဥပဒေများကို ၂၀၁၈ ဇန်နဝါရီလတွင် လွှတ်တော်၌ ပညာရေးဝန်ကြီးဌာနက တင်ပြထားပြီးဖြစ်သည်။ အဆိုပါ ဥပဒေများ အတည်ပြုရေးအတွက် ဆွေးနွေးမှုများ မကြာခင်စတင်နိုင်မည်ဟု ခန့်မှန်းထားသည်။

ပြင်ပ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရအတွက် အစိုးရအနေဖြင့် အသစ်မိတ်ဆက်၊ ပြဋ္ဌာန်းလိုက်သော မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများကို ပိုမိုအသက်ဝင်အောင်ခြင်း၊ ယင်းဥပဒေများ၏ လွှမ်းခြုံမှုအတိုင်းအတာကို ချဲ့ထွင်ခြင်းတို့ လုပ်ဆောင်သင့်သည်။

### အကြံပြုချက်များ

ဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေများ အတည်ပြုပြီးသည်နှင့် အဆိုပါ ဥပဒေများကို အသက်ဝင်အောင်လုပ်ရန်မှာ အစိုးရ၏ တာဝန်ဟု ဥရောပ ရင်းနှီးမြှုပ်နှံသူများက ယူဆကြသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော ဉာဏ်ပစ္စည်းဥပဒေ များကို အတည်ပြုလိုက်ခြင်းအပေါ် ကြိုဆိုမည်ဖြစ်သော်လည်း ထိုဥပဒေမပေါ်ပေါက်ခင်တွင် ဉာဏ်ပစ္စည်း ချိုးဖောက်မှုများကို ကိုင်တွယ်ရန်အတွက် စနစ်တစ်ရပ် ထူထောင်ထား သင့်ပါသည်။

## အခြေခံအဆောက်အအုံ လိုအပ်ချက်များ

အခြေခံ အဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလိုအပ်နေသည်မှာ ရှင်းလင်းပါသည်။ တိုင်းပြည်၏ အခြေခံ အဆောက်အအုံ ကွာဟချက်များကို ဖြေရှင်းရန်အတွက် ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံခန့် လိုအပ်မည်ဟု ကမ္ဘာ့ဘဏ်က ၂၀၁၄ ခုနှစ်တွင် ခန့်မှန်းထားသည်။

သို့သော် ၂၀၁၈ ခုနှစ် အစောပိုင်းအထိ တွေ့ရှိရသော အနေအထားများအရ ထင်သာမြင်သာသော တိုးတက်မှုအချို့ရှိခဲ့ပါသည်။

စိန်ခေါ်မှုများမှာ လွန်စွာ ကြီးမားပါသည်။ အစိုးရအနေဖြင့် အရေးပါသော လုပ်ဆောင်မှုများ ထပ်မံ လုပ်ဆောင်ရန် လိုအပ်ပါသည်။ စီမံကိန်းကြီးများကို ဆောင်ရွက်နိုင်သော နည်းပညာကျွမ်းကျင်မှုရှိ စွမ်းရည်ပြည့်ဝသော အလုပ်သမားများ လိုအပ်ပါသည်။ ထို့အတူပင် အစိုးရဘက်ကလည်း ကြီးမားသော စီမံကိန်းကြီးများအတွက် ငွေကြေးအထောက်အပံ့ပေးရန် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများကို ခွင့်ပြုပေးလိုစိတ်ရှိရမည်ဖြစ်ပါသည်။

ပိုမိုယုံကြည်ရသော စွမ်းအင်အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းဖြစ်စေ နိုင်ငံတကာအဆင့်မီ အဝေးပြေးလမ်းများနှင့် ရထားလမ်းများ ဖောက်လုပ်ခြင်းဖြစ်စေ တိုးတက်လာသော အခြေခံအဆောက်အအုံများ သည် မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်ရေး ကုန်ကျစရိတ်များကို လျှော့ချပေးပြီး စီးပွားရေးလုပ်ရန် လွယ်ကူမှုကို တိုးမြှင့်ပေးပါသည်။

အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးထည့်ဝင်ငွေ အများအပြားလိုအပ်ပါသည်။ ဆက်လက်လုပ်ဆောင်နေသော ပြုပြင်ပြောင်းလဲရေးများသည် ဥရောပနှင့် အခြားနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုကို တိုးတက်လာအောင် အထောက်အကူဖြစ်စေပါလိမ့်မည်။

## အကြံပြုချက်များ

အခြေခံ အဆောက်အအုံများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစီအစဉ်ချမှတ်ခြင်းများကို ခြုံငုံမိစေမည့် ဒေသဆိုင်ရာ မဟာဗျူဟာ အစီအမံများ ချမှတ်နိုင်ပါသည်။

အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများအတွက် တိကျသော မူဘောင်များသည် အခြေခံအဆောက်အအုံ ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများအတွက် ပေါင်းကူးအဖြစ် ဆောင်ရွက်ပေးပါလိမ့်မည်။ ပုဂ္ဂလိက ကဏ္ဍကိုလည်း ကြီးမားလွန်းသော မြန်မာနိုင်ငံ၏ အခြေခံ အဆောက်အအုံ ကွာဟမှုကို လျှော့ချပေးမည့် စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံရန် မက်လုံးပေး ဆွဲဆောင်နိုင်သည်။

မြန်မာနိုင်ငံရှိ အခြေခံအဆောက်အအုံ ကဏ္ဍတွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ များစွာ လိုအပ်နေပါသည်။ အစိုးရအနေဖြင့် စီမံကိန်းကြီးများကို လုပ်ကိုင်ရာတွင် ဆုံးရှုံးနိုင်သည့် အန္တရာယ်ကို စိုးရိမ်နေသော နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများကို အားပေးရန်၊ ယင်းတို့နှင့်ပူးပေါင်းဆောင်ရွက်ရန် နည်းလမ်းဆောင်ရွက်ရန် နည်းလမ်းရှာရမည်ဖြစ်ပါသည်။

ဆုံးရှုံးနိုင်ချေများကို လျှော့ချခြင်း၊ စီမံကိန်းများကို တရားဥပဒေနှင့် အညီပြုလုပ်ခြင်းတို့ လုပ်ဆောင်လျက် အဖွဲ့စုံငွေကြေးအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖြစ် ဆောင်ရွက်ခြင်းသည်လည်း အခြေခံ အဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နိုင်ပါသည်။ IFC ကျောထောက်နောက်ခံ ပြုပေးထားသော သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံနှင့် မကြာမီဆောင်ရွက်မည့် ရန်ကုန်မိုးပျံလမ်းတို့မှာ ဥပမာကောင်းများဖြစ်ပါသည်။ [၂]

## လူသားအရင်းအမြစ်ကို လေ့ကျင့်ပေးခြင်း

အထက်တွင် ဖော်ပြထားသည်များနှင့် အပြိုင် ဖြေရှင်းဆောင်ရွက်သင့်သည့် အခြားသော အဓိက ပြဿနာမှာ အလုပ်သမား အင်အားစု ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ ကျွမ်းကျင်လုပ်သား ရှားပါးမှုမှာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် အဟန့်အတားတစ်ရပ်ဟု အစိုးရက လက်ခံထားပြီးသက်မွေးသင်တန်းအစီအမံများဖော်ဆောင်ရန် အတွက်ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်ပိုမိုပူးပေါင်းဆောင်ရွက်နေသည်။ သို့သော် နည်းပညာနှင့် သက်မွေးပညာ သင်တန်းကျောင်းများသို့ တက်ရောက်နိုင်မှုမှာလည်း အကန့်အသတ်နှင့်သာ ရှိနေသည်။ အလယ်တန်းကျောင်းပြီးသော ကျောင်းသားများ၏ ၀ ဒသမ ၅ ရာခိုင်နှုန်းသာ အဆိုပါ သင်တန်းများသို့ တက်ရောက်ကြသည်။

## အကြံပြုချက်

အသက်မွေးသင်တန်းများသို့ ပိုမိုတက်ရောက်နိုင်အောင် ပြုလုပ်ပေးခြင်းသည် အဆင့်မြင့်ပညာများကို မသင်ယူနိုင်သော လူငယ်များကို တိုးတက်အောင် ပြုလုပ်ပေးပြီး စက်မှုလုပ်ငန်းနှင့် အခြေခံ အဆောက်အအုံ စီမံကိန်းများအတွက် လိုအပ်သော ကျွမ်းကျင်လုပ်သားများကို ထုတ်လုပ်ပေးလျက် ရေရှည်တွင် လူသားရင်းမြစ်ဖွံ့ဖြိုးရေးအတွက် အဖြေတစ်ခု ဖြစ်နိုင်သည်။

2. *Multi-dimensional Review of Myanmar: Volume 2. In-depth Analysis and Recommendations, OECD Development Pathways, 2014.*

# အကျဉ်းချုပ်

၄

မြန်မာနိုင်ငံသည် နယ်ပယ်တော်တော်များများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် စိန်ခေါ်မှုများ ရှိနေသေးသော်လည်း အကျိုးမြတ်ရှိသော ရလဒ်များအတွက်အခွင့်အလမ်းများစွာ ပေးနေပါသည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုနေသော အလားအလာရှိ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံရန်သင့်လျော်သော စီးပွားရေး ဝန်းကျင်ဖန်တီးပေးနိုင်ရန် အဆိုပါ အဟန့်အတား/အကျဉ်းအကြပ်များကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် လိုပါသည်။ ကဏ္ဍအားလုံးနှင့် ပတ်သက်သော အထွေထွေစိန်ခေါ်မှုများရှိနေသကဲ့သို့ ကဏ္ဍအလိုက် စိန်ခေါ်မှုများလည်း ဆက်လက် ကျန်ရှိနေဆဲဖြစ်သည်။

ဤစာတမ်းများမှတစ်ဆင့် EuroChamအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပေါ်ပေါက်နေသော အတားအဆီးများကို အလေးပေးဖော်ပြရန် ရည်ရွယ်ပြီး အဆိုပါကဏ္ဍများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ရန် ရည်ရွယ်လျက် အစိုးရကို အကြံပြုချက်များ ပေးထားပါသည်။ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ဝင်များသည် သက်ဆိုင်ရာကဏ္ဍအလိုက် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေကြသည်ဖြစ်ရာ ၎င်းတို့ အသိပညာဗဟုသုတများ၊ နိုင်ငံတကာ ကျွမ်းကျင်မှုများ၊ လက်တွေ့ အတွေ့အကြုံများက အဆိုပါ ကဏ္ဍများတွင် အပေါင်းလက္ခဏာဆောင်သော ပြောင်းလဲမှုများ ဖန်တီးရာတွင် များစွာ အထောက်အကူပြုနိုင်ပါသည်။

အကြံပြုချက်တော်တော်များများမှာ လက်ရှိတည်ရှိနေသော လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့ရေး၊ ပိုမိုထိရောက်ရေးအတွက် ရည်ရွယ်သော်လည်း EuroCham နှင့် အဖွဲ့ဝင်ကုမ္ပဏီများအနေဖြင့် ထဲထဲဝင်ဝင် ပါဝင်ရန် အသင့်ပြင်ဆင်ထားပါသည်။

အောက်တွင် ဖော်ပြထားသော မူဝါဒဆိုင်ရာ အကြံပြုချက်များမှာ ၂၀၁၈ ခုနှစ်အတွက် **Advocacy Groups** ၏ အကြံပြုချက် အနှစ်ချုပ် ဖြစ်ပါသည်။

## စိုက်ပျိုးရေး အခြေပြု စီးပွားရေး

- အမျိုးသား အစားအသောက်ဥပဒေ ပြင်ဆင်ရေး လုပ်ငန်းစဉ်ကို အပြီးသတ်ရန်
- ပြည်တွင်း အသိအမှတ်ပြု စံနှုန်းများနှင့်အညီ စိုက်ပျိုးရေးအလေ့အထကောင်းများ (GAP) ဆိုင်ရာ လမ်းညွှန်ချက်များကို အပြီးသတ် ချမှတ်ရေး တွန်းအားပေးရန်
- မြေယာဝယ်ယူခြင်းနှင့်ပတ်သက်၍ ဒေသန္တရအဆင့်၊ တိုင်းဒေသကြီး ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရများ၏ တာဝန်များကို ရှင်းလင်းစွာ သတ်မှတ်ရန်
- တစ်နိုင်တစ်ပိုင် လယ်သမားများအတွက် အတိုးငွေချေးသည့် အစီအမံများ ဖော်ဆောင်ရေး အားပေးရန်
- မြန်မာ့လယ်သမားများအတွက် ငွေကြေးဝန်ဆောင်မှုကို မည်သို့တိုးတက်အောင် လုပ်ရမည်ဆိုသည့် အပေါ်အဓိက သက်ဆိုင်သူများနှင့်ညှိနှိုင်းဆွေးနွေးပွဲတစ်ခု ပြုလုပ်ရန်

## တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး

- တရားမဝင်ကုန်သွယ်မှု၏ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးသက်ရောက်မှု ဆိုင်ရာ စစ်ဆေးအကဲဖြတ်မှုကို ဆောင်ရွက်ရန်
- တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အဆင့်အစိုးရချင်းချိတ်ဆက်ကာ တရားဥပဒေဖော်ဆောင်ရေးကော်မတီတစ်ရပ်ထူထောင်ရန်
- တရားဥပဒေဖော်ဆောင်ရေးအေဂျင်စီများအကြား ဘုံသဘောဖြစ်သော တာဝန်တစ်ခု ပေါ်ပေါက်အောင် လုပ်ရန်
- ဆိပ်ကမ်းများ၊ နယ်စပ်ဒေသများတွင် လူ့စွမ်းအားကို တိုးမြှင့်ရန်
- တရားမဝင် ကုန်သွယ်မှုကို ဖော်ထုတ်ကိုင်တွယ်ရန်အတွက် အခွန်စနစ်ကို ပြန်လည် သုံးသပ်ရန်
- ဥပဒေမဲ့ ကုန်ပစ္စည်းများနှင့်အတူ လက်ပူးလက်ကြပ်ဖမ်းခံရသူများအပေါ် ဒဏ်ကြေးတိုးမြှင့်ရန်၊ ပြစ်ဒဏ်တိုးမြှင့်ရန်

## မော်တော်ယာဉ်

- ၂၀၀၀CC အောက် ကားများအတွက် လမ်းမှတ်ပုံတင်အခွန်ကို လျှော့ချရန်
- မြို့တိုင်းတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန (ကညန) ရုံး အနည်းဆုံး တစ်ခု ဖွင့်လှစ်ရန်
- ဥပဒေ ပိုမိုလိုက်နာစေရေးအတွက် ပိုင်ရှင်လွှဲပြောင်းခကို လျှော့ချရန်
- CBU၊ SKDနှင့် CKDစနစ်များအကြား မူဝါဒနှင့် စည်းမျဉ်းများကို ရှင်းရှင်းလင်းလင်း သတ်မှတ်ရန်
- CBU၊ SKDနှင့် CKDစနစ်များအကြား အခွန်စနစ်ကို ချိန်ညှိရန်
- SKDစနစ်ဖြင့် ဆောင်ရွက်သည့် ပမာဏနှင့် မှတ်ပုံတင်ခြင်းကို ကန့်သတ်ရန်
- စာချုပ်ချုပ်ဆိုထားသော စက်ရုံ၊ အလုပ်ရုံများတွင် လိုင်စင်ချထားသော ကုန်ပစ္စည်း များကို သိုလှောင်ခွင့်ပြုရန်အတွက်
- စည်းကမ်း သတ်မှတ်ချက်များကို ပြောင်းလဲရန်
- ယာဉ်အဟောင်း သုံးစွဲမှုကို ကန့်သတ်ရန်
- အခြေခံ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မော်တော်ယာဉ်စစ်ဆေးမှုကို အသေးစိတ် ဆောင်ရွက်ရန် (ဥပမာ။ တာယာ၊ ဘရိတ်၊ မီး၊ ရေသုတ်တံ)
- Euro 4နှင့် Euro 5 အကောင်အထည်ဖော်ရေး လမ်းပြမြေပုံ ရေးဆွဲရန်
- လောင်စာဆီ စံနှုန်းများ အကောင်အထည်ဖော်ရန်နှင့် လောင်စာဆီအရည်အသွေး တိုးတက်အောင် လုပ်ရန်
- မော်တော်ဆိုင်ကယ် ဦးထုပ်များအပေါ် အခွန်ကောက်ခံခြင်းအားလုံးကို ပယ်ဖျက်ရန်
- ဆိုင်ကယ်ဦးထုပ်များအနေဖြင့် ECE R22-05 စံနှုန်းများနှင့် ကိုက်ညီစေရေး ဆောင်ရွက်ရန်

## ဆောက်လုပ်ရေး

- ဒီဇိုင်းနှင့် ပစ္စည်းစံနှုန်းများနှင့် ပတ်သက်သော သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို အဆုံးသတ်ရေးဆွဲရန်။ အသေးစိတ် ရှင်းပြရန်
- ပြည်သူလူထု ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ခိုင်မာသော မူဝါဒများ အကောင်အထည်ဖော်ရန်၊ ထိရောက်သော ကြီးကြပ် ထိန်းချုပ်ရေး နည်းလမ်းများကို ကျင့်သုံးရန်
- ဆောက်လုပ်ရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအကြား ချိန်ခွင်လျှာညှိပေးရန်

## Corporate Social Responsibility

- သက်ဆိုင်သူများအားလုံး ပါဝင်လျက် မြန်မာနိုင်ငံတွင် CSR လုပ်ငန်းများမှန်မှန်ကန်ကန် ကျင့်သုံးရေး လမ်းညွှန်ရန်အတွက် ရှင်းလင်းသော လမ်းပြမြေပုံတစ်ခု ရေးဆွဲ အကောင်အထည်ဖော်ရန်
- CSR အတွက် မဖြစ်မနေ ငွေကြေးသုံးစွဲရမည်ဟူသော စည်းကမ်း သတ်မှတ်ချက်များကို ရှောင်ရှားလျက် ရေရှည်တည်တံ့သော အားလုံးလက်ခံသည့် တန်ဖိုးတစ်ခု ပေါ်ပေါက်စေသည့် အပြုသဘောအယူအဆအပြောင်းအလဲများ ဖြစ်စေမည့် လုပ်ဆောင်မှု မှန်သမျှ ကို တိုက်တွန်း အားပေးရန်

- စီးပွားရေး အခြေပြု CSRဆိုင်ရာ အသိပညာများ မြှင့်တင်ရန်
- CSR ဆီသို့ ကနဦးခြေလှမ်းအနေဖြင့် ကောင်းမွန်သော ကော်ပိုရိတ် စီမံအုပ်ချုပ်မှုကို အားပေးမြှင့်တင်ရန်
- နစ်စဉ် တိုးတက်မှုနှင့် ရလဒ်များကို တင်ပြခြင်းဖြင့် မြန်မာစီးပွားရေး ခေါင်းဆောင်များ နှင့် မူဝါဒ ချမှတ်သူများနှင့် အတွေ့အကြုံ မျှဝေရန်
- အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍအကြား အဆက်အသွယ်များနှင့် ထပ်ဆင့် အင်အားများ ဖန်တီးရန်အတွက် အစိုးရ ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရန်။

## ဒီဂျစ်တယ် နည်းပညာ ဆန်းသစ်မှု

- စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်လျက် အချက်အလက်ကာကွယ်ရေးဥပဒေ၊ ပုဂ္ဂလိက အချက် အလက် လုံခြုံရေး ဥပဒေ၊ e-commerce ဥပဒေတို့နှင့်အတူ ဒီဂျစ်တယ်ဥပဒေကို အချိန်မဆိုင်းဘဲ ပြဋ္ဌာန်းရန်
- ပြည်တွင်း လုပ်ငန်းငယ်များ၊ စတင်စလုပ်ငန်းများနှင့် ငွေကြေးဝန်ဆောင်မှု ပလက်ဖောင်းများအတွက် အကူအညီပေးမည့် ဒီဂျစ်တယ် ဝန်းကျင်၊ • ဒီဂျစ်တယ် အခြေခံအဆောက်အအုံများ ဖော်ဆောင်ရန်
- ဒီဂျစ်တယ်နည်းပညာ ဆန်းသစ်မှု ဗဟိုဌာန ထူထောင်ရန်၊ ဒီဂျစ်တယ် အိုင်ဒီကို မိတ်ဆက်နိုင်မည့် အလားအလာများကို စဉ်းစား သုံးသပ်ရန်
- e-commerce အပါအဝင် ဒေတာဝန်ဆောင်မှု သုံးစွဲခြင်း၊ ယူဆောင်ခြင်းကို အားပေးသည့် အခွန်စနစ်တစ်ရပ် ချမှတ်ရန် ပြည်သူ့ဝန်ထမ်းများ၊ ကျောင်းသားများနှင့် ပြည်သူများအကြား ဒီဂျစ်တယ် နည်းပညာ ယဉ်ပါးမှုအဆင့်ကို မြှင့်တင်ရန်

## စွမ်းအင်

- စီမံကိန်းအကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်၊ အကျိုးရှိစေရန်အတွက် စည်းမျဉ်းစည်းကမ်းများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ရန်
- ESIA အတည်ပြုမှုများနှင့်အတူ လောင်စာဆီထုတ်ယူ သန့်စင်ခြင်းဆိုင်ရာ ရှင်းလင်းသော၊ ခေတ်မီသော မူဘောင်တစ်ရပ် ဖော် ဆောင်ရန်
- ရေတို၊ ရေရှည် ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရေးအတွက် စွမ်းအင်နှင့် ဓာတ်ငွေ့ဆိုင်ရာ အခြေခံ အဆောက်အအုံများအပေါ် အာရုံစိုက်မှုကို မြှင့်တင်ရန်
- ဈေးသက်သော စွမ်းအင်ဈေးနှုန်းအတွက် တင်သွင်းခွန် ပြုပြင်ပြောင်းလဲရန်နှင့် အစိုးရက ပံ့ပိုးကူညီရန် လိုအပ်ပုံကို ဖော်ထုတ်ရန်
- ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်တွင် ပိုမိုရင်းနှီးမြှုပ်နှံရန်၊ တိကျသော ဥပဒေမူဘောင် ချမှတ်ရန်

## အထည်ချုပ်

- ညှိနှိုင်းရေး အဖွဲ့အစည်းများအနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်ရမည်ဆိုသည့် ပိုမိုကောင်းမွန်သော လမ်းညွှန်ချက်ပေးရန် အလုပ် သမားအဖွဲ့အစည်း ဥပဒေတွင် စက်မှုလုပ်ငန်းဆိုင်ရာ ဆွေးနွေးခြင်းနှင့် ပူးပေါင်းတောင်းဆိုခြင်းအတွက် ထိတွေ့ညှိနှိုင်းမှုစည်းမျဉ်း များနှင့် ပတ်သက်၍ ပိုမိုရှင်းလင်တိကျရန် လိုသည်။
- တင်သွင်းလာသောဖိုက်ဘာမျှင်များကိုအခွန်ကင်းလွတ်ခွင့်ပေးသကဲ့သို့ပြည်တွင်းတွင်ဝယ်ယူသောကုန်ကြမ်းများအတွက်လည်း အခွင့်ကင်းလွတ်ခွင့်ပေးသင့်သည်။

- ပိုမိုပြုလွယ်ပြောင်းလွယ်ရှိစေရန်၊ ပြည်ပမှ ရယူထားသည့်ကျွမ်းကျင်မှုများကို အသုံးချရန်၊ အထည်ချုပ်ကဏ္ဍဖွံ့ဖြိုးရေးအတွက်ပမာဏအများအပြားတင်သွင်းခြင်း၏အကျိုးကိုအသုံးချရန်အတွက်နိုင်ငံခြားကုမ္ပဏီများကိုလည်းဖိုင်ဘာမျှင်များတင်သွင်းရောင်းချခွင့်ပြုသင့်ပါသည်။

- အထည်အလိပ်ကဏ္ဍကို ဒေသအသွင်ပြုခြင်း၊ မကောင်းသော အကျိုးဆက်များကို လျော့ပါးစေရန် လိုအပ်သည့် လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးပွဲတစ်ခု လုပ်ဆောင်ရန်။

- အထည်ချုပ်ကဏ္ဍတွင် စွမ်းရည်တိုးတက်ရေးအတွက် ရေရှည် အစီအစဉ်တစ်ခုကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်များအကြား ပူးပေါင်းချမှတ်ရန် လိုအပ်သည်။

## ကျန်းမာရေး

- နိုင်ငံခြား ဆေးဝါး ကုမ္ပဏီများအား ဆေးဝါးတင်သွင်းခွင့် ပိတ်ထားသည်ကို ဖွင့်ပေးရန်၊ No Objection Certificate မူဝါဒများကို ပယ်ဖျက်ရန်

- နှစ်စဉ် လိုအပ်ချက်အတိုင်း ကုန်ပစ္စည်းများကို ရောင်းချနိုင်သည့် အမှတ်အခြေပြု နိုင်ငံတော်အဆင့် တင်ဒါစနစ်ကို တည်ထောင်ရန်

- ဆေးဝါးများ၏အရည်အသွေး ကောင်းမွန်စေရေးအတွက် ဆေးဝါးအတု တင်သွင်းခြင်းနှင့် ဆေးဝါး တရားမဝင်တင်သွင်းခြင်းများကို ဆက်လက်တိုက်ဖျက်ရန်

- ဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေအတွက် မူကြမ်းရေးဆွဲခြင်းကို အလျင်အမြန် ဆောင်ရွက်ရန်

- လွတ်လပ်သော ဥပဒေဖော်ဆောင်ရေးအဖွဲ့နှင့်အတူ ကျင့်ဝတ်စည်းကမ်းများကို အသစ်ပြင်ဆင်ရန်။

## ဥပဒေရေးရာ

- ရင်းနှီးမြုပ်နှံသူများ မြေယာငှားရမ်းခွင့်ကို ဖော်ထုတ်သည့်အနေဖြင့် ငှားရမ်းစာချုပ်များ မှတ်ပုံတင်ခြင်းကို လက်ခံရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဦးစီးဌာနအနေဖြင့် ဌာနများအတွက် အသိပေးကြေညာစာများ၊ ဌာနတွင်း လမ်းညွှန်ချက်များ ထုတ်သင့်ပါသည်။

- ပြည်ထောင်စုရှေ့နေချုပ် ရုံးအနေဖြင့်လည်း မှတ်ပုံတင်ဥပဒေအရ သတ်မှတ်ထားသော အချိန်အကန့်အသတ်ကို ကျော်လွန်သွားသော ငှားရမ်းရေး စာချုပ်များ မှတ်ပုံတင်ခြင်းကို ခွင့်ပြုပေးသော ညွှန်ကြားချက်များကို ထုတ်သင့်ပါသည်။

- လက်ရှိ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ကုန်ပစ္စည်းများကို မူပိုင်ခွင့်တင်ပြီး ခြောက်လအတွင်း ယာယီကာကွယ်ပေးရေးအတွက် ကုန်ပစ္စည်းအမှတ်တံဆိပ် ဥပဒေကြမ်းကို ပြင်ဆင်ရန်

- မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် ခွင့်ပြုချက် ထုတ်မပေးမီအတွင်း ၂၀၁၆ ခုနှစ်၊ မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် ၂၀၁၇ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတို့အရ အမှန်တကယ် လိုအပ်သော စာရွက်စာတမ်းများနှင့် အချက်အလက်များကိုသာ တောင်းခံသင့်ပါသည်။

- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် လျှောက်ထားခြင်းနှင့် စိစစ်ခြင်း လုပ်ငန်းစဉ်ဆိုင်ရာ လမ်းညွှန်ချက်များကို ထုတ်ဝေသင့်ပြီး အွန်လိုင်းတွင်လည်း တင်ထားသင့်ပါသည်။ ထို့အပြင် စိစစ်ရေးလုပ်ငန်းစဉ်ကိုလည်း ပွင့်လင်းမြင်သာမှု မရှိအောင် လုပ်ပေးကာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မိမိ၏ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများ မည်သည့်အချိန်တွင် အတည်ပြုခံရမည်ကို ခန့်မှန်း၍ရအောင် ဆောင်ရွက်ပေးသင့်ပါသည်။



## သယ်ယူပို့ဆောင်ရေး

- အမျိုးသား သယ်ယူပို့ဆောင်ရေး မဟာဗျူဟာ စီမံကိန်းနှင့် ရှေ့ဆက်ရန်၊ ပြည်တွင်း ပြည်ပ ကုမ္ပဏီများ ပါဝင်ရန်

- သဘော်လိုင်းများအနေဖြင့် စာချုပ်ချုပ်ထားသည့် ပမာဏအတိုင်း (မြန်မာ့ ဆိပ်ကမ်း အာဏာပိုင်က ချမှတ်ထားသော တင်သွင်းခွန် အဆင့်မဟုတ်) ဂိတ်သို့ တိုက်ရိုက် ပေးချေခွင့်ပေးရန်။

- သဘော်လိုင်းများအနေကို ကိုယ်စားလှယ်ဌာနကြေးပေးသွင်းခြင်းအား ကိုယ်စားလှယ်ဌာနသို့ တိုက်ရိုက် ပေးသွင်းခွင့် ပြုရန်

- မဟာဗျူဟာကျသော နေရာများသို့ Bonded and CFS လိုင်စင်များကို လျင်မြန်စွာ လုပ်ဆောင် ထုတ်ပေးရန်

- ရင်းနှီးမြှုပ်နှံမှုကော်မရှင်/အကောက်ခွန်ဌာနတို့အား တွန်းအားပေးရန်

- ဆိပ်ကမ်းများတွင် ၂၄ နာရီ အချိန်ပြည့် ပစ္စည်းအချအတင်လုပ်နိုင်အောင် ဆောင်ရွက်ရန်

- ဝင်လာသော ကုန်များ၊ ထွက်သွားသော ကုန်များ (CFS/Bonded)များအတွက် အကောက်ခွန်ရှင်းလင်းရေးကို ဗဟိုချုပ်ကိုင်မှု လျှော့ချရန်

- CFS/Bonded ဂိုထောင်များအသစ်များအတွက် အကောက်ခွန် အရာရှိများကို လုံလုံလောက်လောက် ခန့်ထားရန်နှင့် လေ့ကျင့် သင်ကြားပေးရန်

- (အထူးသဖြင့် ထိုင်းနှင့် တရုတ်နယ်စပ်တွင်) အကြီးတန်းအရာရှိများကို သွင်းကုန် သို့မဟုတ် ထုတ်ကုန်အတွက် စာရွက်စာတမ်း များအားလက်မှတ်ထိုးခွင့် ပေးထားရန်

- အကောက်ခွန်
    - လူ့စွမ်းအား မြှင့်တင်ရန်
    - ပွင့်လင်းမြင်သာမှုရှိသော လမ်းညွှန်ချက်များ တည်ထောင်ရန်
    - အကောက်အခွန် အရာရှိများကို ကောင်းစွာ လေ့ကျင့်ပေးရန်
    - PCA (အကောက်အခွန်လုပ်ငန်းနောက်ပိုင်း စာရင်းစစ်ခြင်း) အပေါ်ဦးစားပေးမှုကို မြှင့်တင်ရန်
    - ပိုမိုထိရောက်စေရန်၊ အရာရှိများနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံရမှုကို လျှော့ရန်အတွက် MACCSအသုံးပြုခြင်းကို တိုးချဲ့ရန်
    - ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အတည်ပြုမှုနှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် လုပ်ငန်းစဉ်အတွက် များအတွက် စနစ်ကျသော၊ထိရောက်မှုရှိသောလုပ်ငန်းစဉ် (သဘောတရားအားဖြင့် one-stop ဝန်ဆောင်မှု) ကို မိတ်ဆက်ကျင့် သုံးရန်၊

## ဝိုင်နှင့် အရက်

- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၃ ကို ပြင်ဆင်ခြင်းအားဖြင့် နိုင်ငံခြားဖြစ် အရက်များ တင်သွင်းမှု ပိတ်ပင်ထားခြင်းကို ဖယ်ရှားရန်

- နိုင်ငံခြားဖြစ် အရက်များ တင်သွင်း၊ ဖြန့်ဖြူး၊ လက်လီရောင်းချ၊ သောက်သုံးခြင်းအတွက် ဥပဒေဖြင့် ခွင့်ပြုထားသော အခြေအနေ တစ်ရပ် ဖန်တီးရန်

- နိုင်ငံခြားဖြစ် အရက်များ တင်သွင်းကာ လက်လီရောင်းချခွင့်ပြုထားသည့်အပေါ် အစိုးရက ကောက်ခံသော အခွန်ကို သိသိသာသာ တိုးမြှင့်ရန်

- အစိုးရအတွက် အခွန်ဆုံးရှုံးစေပြီး သောက်သုံးသူများအတွက် ကျန်းမာရေး အန္တရာယ်ရှိသော အရက်အတု ပြုလုပ်မှုနှင့် တရားမဝင် ကုန်သွယ်မှုကို ကိုင်တွယ်ရန်အတွက် ဈေးကွက်စနစ်နှင့်အတူ ဥပဒေဖော်ဆောင်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ရန်

- နိုင်ငံခြားဖြစ်အရက် ကုမ္ပဏီများကို ဈေးကွက်ဝင်ခွင့်ပြုရန်နှင့် အရက်သောက်ပြီး ကားမောင်းခြင်း၊ အသက်မပြည့်သေးဘဲ အရက် သောက်ခြင်း၊အရက်အလွန်အကျွံသောက်သုံးခြင်းများကို တိုက်ဖျက်ရန်အတွက် အရက်ကို အတိုင်းအဆနှင့် သောက်သုံးရေး လှုပ်ရှားမှုများကို အစိုးရ၊ သက်ဆိုင်ရာ ကဏ္ဍ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် ဆောင်ရွက်ခွင့်ပြုရန်

- ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူချက်များကို မြန်မာနိုင်ငံလည်း လိုက်နာဆောင်ရွက်စေရန်။

# ပြုစုရေးသားပုံနည်းများ

# ၅

မြန်မာနိုင်ငံတွင် EuroCham ၏ ဒုတိယမြောက် White Book စာအုပ်ကို အောက်ပါ ကဏ္ဍများရှိ သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ၎င်းတို့မှာ စိုက်ပျိုးရေးအခြေပြုစီးပွားရေးကဏ္ဍ၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ကဏ္ဍ၊ မော်တော်ယာဉ် ကဏ္ဍ၊ ဆောက်လုပ်ရေး ကဏ္ဍ၊ စီးပွားရေးဆိုင်ရာ လူမှုရေးတာဝန်ယူမှု(CSR) ကဏ္ဍ၊ ဒီဂျစ်တယ် နည်းပညာဆန်းသစ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ အထည်ချုပ်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဥပဒေ ကဏ္ဍ၊ ဝိုင်နှင့် အရက်ကဏ္ဍတို့ဖြစ်ပါသည်။

စာတမ်းတစ်ခုချင်းစီကို ကဏ္ဍအလိုက် သက်ဆိုင်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြီး ရေးသားခဲ့ခြင်းဖြစ်ပါသည်။

စီးပွားရေးဝန်းကျင်ကဏ္ဍတွင် မြန်မာနိုင်ငံ၏ စီးပွားရေးလောကအခြေအနေများကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်သည့် အခါ ကြုံတွေ့ရနိုင်သည့် အဟန့်အတားများ ဖြစ်စေနိုင်ဖွယ်ရှိသည့် စိန်ခေါ်မှုများကို ထောက်ပြသကဲ့သို့ နိုင်ငံအတွင်း ရှိနေသော အလားအလာများကို စာဖတ်သူများသိရှိစေရန် ရည်ရွယ်ချက်ဖြစ်အဆိုပါ ကဏ္ဍကို ရေးသားခဲ့ခြင်းဖြစ်သည်။

စာတမ်းတစ်ခုချင်းစီတွင် ကဏ္ဍအလိုက် ကိစ္စများ၊ အခက်အခဲများကို ဖော်ပြထားသကဲ့သို့ စီးပွားရေးလုပ်ရာတွင် အဟန့်အတားဖြစ်စေမည့် အထွေထွေ စိန်ခေါ်မှုများကိုလည်း ဖော်ပြထားသည်။

ဤ White Book ၏ အဓိက ရည်ရွယ်ချက်မှာ အဆိုပါ ပြဿနာများကို ကိုင်တွယ် ဖြေရှင်းရေးနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် သင့်လျော်သော စီးပွားရေးဝန်းကျင်ဖန်တီးရေးတို့ လုပ်ဆောင်ရာတွင် အစိုးရကို အထောက်အကူဖြစ်စေရန်ဖြစ်သည်။ အဆိုပါ ရည်ရွယ်ချက်အတွက် စာတမ်းများသည် ကဏ္ဍတစ်ခုချင်းစီတွင် ရှိနေသော ကိစ္စများကို ဖော်ပြထားပြီး သက်ဆိုင်ရာ အစိုးရဌာနများအတွက် အကျိုးရှိသော အကြံပြုချက်များ ပေးထားပါသည်။

စီးပွားရေးစာတမ်း၏ ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ပြဿနာဖော်ပြချက်

အဆိုပါ ကဏ္ဍတွင် သက်ဆိုင်ရာကဏ္ဍ၌ ပေါ်ပေါက်နေသော ဆိုးဝါးသည့် ကိစ္စများနှင့် ၎င်းတို့၏ အကျိုးဆက်များကို အသေးစိတ်ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံအတွက် ရနိုင်သော အကျိုးကျေးဇူးများ

စီးပွားရေးလောက၊ စီးပွားရေးနှင့် တိုင်းပြည်တစ်ခုလုံးအတွက် အလားအလာရှိသော အကျိုးကျေးဇူးများကို ဖော်ပြထားပါသည်။

## အကြံပြုချက်များ

ပေါ်ပေါက်လာသော ကိစ္စရပ်များကို ထိရောက်စွာ ဖြေရှင်းရန်အတွက် တိုင်းတာအကဲဖြတ်၍ ရနိုင်သော၊ ပေါက်မြောက် အောင်မြင်နိုင်သော လုပ်ငန်းများကို ဖော်ပြချက်။

EuroCham အနေဖြင့် ဤစာအုပ်တွင် ဖော်ပြထားသော အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် အစိုးရနှင့် တက်ကြွစွာ ထိတွေ့ဆောင်ရွက်လိုကြောင်း၊ ဆောင်ရွက်ရွက်ရန် ဆုံးဖြတ်ထားကြောင်းကို ဖော်ပြလိုပါသည်။ အဆိုပါ အကြံပြုချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းသည် မြန်မာနိုင်ငံ၏ အလားအလာများစွာရှိသော စီးပွားရေးဝန်းကျင်ကို အကျိုးဖြစ်ထွန်းစေမည်ဟု EuroCham က ခိုင်ခိုင်မာမာ ယုံကြည်ထားပါသည်။

# စိုက်ပျိုးရေးအခြေပြု စီးပွားရေးလုပ်ငန်း

# မိတ်ဆက်

မြန်မာနိုင်ငံမှာ ယခင်ကဆိုလျှင် စိုက်ပျိုးရေး နည်းပညာ၊ ရိတ်သိမ်းသည့် ပမာဏနှင့်အရည်အသွေး၊ စိုက်ပျိုးရေးကို အစုလိုက်အဖွဲ့လိုက်ဆောင်ရွက်ရာတွင် ဒေသတွင်း၌ ရှေ့တန်းတွင် ရှိခဲ့ဖူးသည်။ ယနေ့ခေတ်တွင်တော့ စိုက်ပျိုးရေး ကဏ္ဍတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမျှ လုပ်ကိုင်နေပြီး အဆိုပါ ကဏ္ဍသည် နိုင်ငံ ဂျီဒီပီ၏ ၂၅ ရာခိုင်နှုန်းမျှ[1] ရှိနေသော်လည်း စိုက်ပျိုးရေးတွင် သုံးစွဲသည့်ပမာဏမှာ ဂျီဒီပီ၏ ၂၅ ရာခိုင်နှုန်းသာရှိသည်။ ပြီးခဲ့သည့် ဆယ်နှစ်အတွင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်သည့် ပမာဏ၏ ၁ဒသမ ၂ ရာခိုင်နှုန်းသာ စိုက်ပျိုးရေးကဏ္ဍသို့ ဝင်ရောက်ခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍမှာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးရှုထောင့်မှကြည့်သည်ဖြစ်စေ၊လူတိုင်းအစားရေစာရရှိစေရေး လူမှုရေးရှုထောင့်မှ ကြည့်သည်ဖြစ်စေ မြန်မာနိုင်ငံအတွက် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ အဆိုပါ အကြောင်းရင်းများကြောင့်လည်း EuroCham Agrobusiness Advocacy Group ကို မကြာမီက ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ EuroCham Agrobusiness Advocacy Group ၏ ရည်ရွယ်ချက်မှာ နှစ်မျိုးရှိပါသည်။ ၎င်းတို့မှာ ထုတ်လုပ်သူမှ စားသုံးသူအထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်နိုင်မည့် ဝန်းကျင်တစ်ခုတည်ဆောက်ရေးနှင့် နိုင်ငံတကာ အဆင့် အခွင့်အလမ်း များ ဖန်တီးရေးဖြစ်ပါသည်။

ပြီးခဲ့သည့်နှစ်များအတွင်းက မြန်မာနိုင်ငံတွင်း မြို့ပြဒေသများတွင် အစားအသောက် လိုအပ်ချက် သိသာစွာ မြင့်တက်လာပါသည်။ တစ်ဖက်တွင်လည်း မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိပြည်သူများအတွက်မလုံလောက်သော်လည်းအာဟာရပြည့်ဝစွာ စားသုံးရေးများ စတင်လုပ်ဆောင်ခဲ့ပါသည်။

ဆန်စပါးဦးစားပေး မူဝါဒများ ချမှတ်ထားသော်လည်း လယ်သမားများအနေဖြင့် လယ်ယာမြေများကို (မြန်မာနိုင်ငံရှိ ၆၀ ရာခိုင်နှုန်းသော လယ်ယာမြေများကို) ဆန်စပါးမဟုတ်သော သီးနှံများ၊ စက်မှုကုန်ကြမ်းသီးနှံများအဖြစ် ပြောင်းလဲစိုက်ပျိုးလာသကဲ့သို့ ရေလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများအတွက်လည်း ပြောင်းလဲသုံးစွဲလာကြပါသည်။ ထို့အပြင် ကျေးလက်ဒေသတွင် လုပ်သားရှားပါးလာခြင်း၊ စိုက်ပျိုးမြေရှားပါးလာခြင်းတို့ကြောင့် စိုက်ပျိုးရေးဖွံ့ ဖြိုးတိုးတက်မှုအပေါ် ထိခိုက်နိုင်သည်။ စိုက်ပျိုးရေးစားသောက်ကုန်များကို နိုင်ငံတကာ ကုန်သွယ်ရေးနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုများအား ဟန့်တားပိတ်ပင်ထားပါသည်။ ကုန်သွယ်မှုတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာညှိနှိုင်းမှုများနည်းပါးခြင်းသည် လယ်သမားများကို ဝင်ငွေနည်းစေပြီး စားနပ်ရိက္ခာလုံခြုံရေးကို ထိခိုက်စေခြင်း၊ လူမှုရေးဆိုင်ရာ ထိခိုက်ကုန်ကျမှုများ ဖြစ်ပေါ်စေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မဝင်ရောက်စေခြင်းများ ဖြစ်ပေါ်စေပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် ချေးငွေ ရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍအတွင်းက ချေးငွေဈေးကွက်မှာ အလုပ်မဖြစ်ပါ။ ငွေချေးခြင်းလုပ်ငန်း၏ ၁ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းလောက်ကိုသာ စိုက်ပျိုးရေးကဏ္ဍသို့ ချေးပေးနေပါသည်။ သို့သော်လည်း စိုက်ပျိုးရေး ကဏ္ဍအတွက် ငွေကြေးဝန်ဆောင်မှုများမှာ ဖွံ့ဖြိုးလာနေသည်ဟု ဆိုပါသည်။

စိန်ခေါ်မှုများရှိနေသော်လည်း မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးကဏ္ဍအတွက် အလားအလာကြီးကြီးမားမား ရှိနေပါသည်။ နိုင်ငံအတွင်းတွင် စိုက်ပျိုး၍ ရနိုင်သော မြေဟက်တာပေါင်း ၁၂ဒသမ၂၅ သန်းရှိနေပြီး ထိုအထဲမှ ၅ဒသမ ၇ သန်း (၄၆ဒသမ၅ ရာခိုင်နှုန်း) မှာ စိုက်ပျိုးမြေဖြစ်အောင် ဆောင်ရွက်ရန် လိုအပ်ပါသေးသည်။ အချို့ဒေသရှိ လယ်ယာမြေများမှာ ရေသွင်းစိုက်ပျိုးခြင်း၊ မျိုးကောင်း မျိုးသန့်များစိုက်ပျိုးခြင်း၊ မြေသြဇာ အသုံးပြုကာ စိုက်ပျိုးခြင်း၊ လုပ်သားသုံးစရာမလိုသော ပေါင်းသတ်ဆေးများ အသုံးပြုစိုက်ပျိုးခြင်း၊ အသေးစား စက်ကိရိယာများ အသုံးပြုစိုက်ပျိုးခြင်းတို့ကြောင့် အထွက်နှုန်းတိုးလာခဲ့သည်။ အချို့သော ပို့ကုန်ကွင်းဆက်များ၊ မြို့ပြ–ကျေးလက် အစားအသောက် ထုတ်လုပ်ပံ့ပိုးမှုများ စတင်တိုးတက်လာခဲ့သည်။ ပြည်တွင်းပြည်ပအဖွဲ့အစည်းများသည် သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး၊ လက်ကားရောင်းချရေး၊ ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေးဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံလာကြသည်။ မြို့ကြီးများ၊ အလယ်အလတ်မြို့များနှင့် နယ်မြို့များတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ခေတ်မီ လက်လီဆိုင်များ ပေါ်ပေါက်လာရာ ဖွံ့ဖြိုးမှု အလားအလာ ကြီးမားပါသည်။

## ပြဿနာဖော်ပြချက် ၁။ အမျိုးသား အစားအသောက် ဥပဒေ ပြင်ဆင် ဆန်းသစ်ခြင်း

လက်ရှိ အမျိုးသား အစားအသောက်ဥပဒေမှာ ၁၉၉၇ ခုနှစ်က နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက်က ထုတ်ပြန်ပြဋ္ဌာန်းထားသော ဥပဒေမှ ထွက်လာခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ဥပဒေကိုပြင်ဆင်ခဲ့သော်လည်း အများစုမှာ အသုံးအနှုန်းကိုသာ ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး ဥပဒေပါ အကြောင်းအရာများ၊ ဥပဒေအကောင်အထည်ဖော်ရေးနှင့် ဥပဒေစိုးမိုးရေးတို့နှင့် ပတ်သက်သည်များကို ပြင်ဆင်ခဲ့ခြင်း မရှိပေ။

လက်ရှိတွင် အစားအသောက် ဥပဒေကြမ်း ရေးဆွဲနေပြီး အဆုံး မသတ်ရသေးပေ။ ဥပဒေ၏ ရည်ရွယ်ချက်များမှာ (က) အရည်အသွေးရှိ အန္တရာယ်ကင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များကို ပြည်သူများ စားသောက်ခွင့်ရရှိစေရေး၊ (ခ)အန္တရာယ်ရှိသော အစားအသောက်များ၊ ကျန်းမာရေးနှင့် မညီညွတ်သော အစားအသောက်များ စားသောက်ခြင်းမှ ကာကွယ်ရေး။ (ဂ) ဘေးကင်းသော

1. *Percentage (25%), obtained from World Bank, Myanmar Economic Monitor (2017). However, according to FAO, Myanmar at a Glance (n.d.), the agriculture sector contributes 37.8% to the GDP http://www.fao.org/myanmar/fao-in-myanmar/myanmar/en/.*

အစားအသောက်များ စနစ်တကျ ထုတ်လုပ်နိုင်ရေး ကြီးကြပ်ရန်၊ (ယ) အစားအသောက်များ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်းများကို ဥပဒေဖြင့် ထိန်းကျောင်းပေးနိုင်ရေးတို့ ဖြစ်သည်။ အဆိုပါ ရည်ရွယ်ချက်များမှာ စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်ခြင်းမှ စားသုံးခြင်းအထိ လုပ်ငန်းစဉ်အဆင့်တိုင်းအပေါ် သက်ရောက်မှု ရှိသည်။

## ရနိုင်သော အကျိုးကျေးဇူးများ

အမျိုးသားအစားအသောက် ဥပဒေသည် အစားအသောက် ဘေးကင်းရေးနှင့် ပတ်သက်၍ ထုတ်လုပ်ရေး၊ သိုလှောင်ရေး၊ ဖြန့်ချိရေး၊ ရောင်းချရေးနှင့် သက်ဆိုင်သော မူဝါဒများ ချခြင်း၊ ထုတ်လုပ်မှု အလေ့အထကောင်းများ ဖော်ဆောင်ခြင်း၊ အစားအသောက်များအတွက် လိုအပ်ချက်နှင့် စံနှုန်းအသေးစိတ်ချမှတ်ခြင်း၊ အရည်အသွေးအာမခံခြင်း (ထုတ်လုပ်မှုမှ စားသုံးမှုအထိ)၊ အမှတ်တံဆိပ်ကပ်ခြင်း၊ ကြော်ငြာများ၊ စံနှုန်းများကို ထိန်းကျောင်းရန် ဓာတ်ခွဲခန်းနှင့် ကော်မတီများ ဖော်ဆောင်ခြင်း စသော ရှုထောင့်များစွာမှ သက်ရောက်မှုရှိပါသည်။ အမျိုးသား အစားအသောက်ဥပဒေကိုမြန်မာနိုင်ငံ၏လက်ရှိအခြေအနေများနှင့် လျော်ညီအောင် အသစ်ပြင်ဆင်၊အကောင်အထည်ဖော်ခြင်းမရှိသေးသ၍ လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် မူဝါဒများ၊ စံနှုန်းများနှင့် အညီ လုပ်ဆောင်ရန် ခက်ခဲမည်ဖြစ်ပါသည်။ ထို့အပြင် နောက်ဆုံး စားသုံးသူလက်ထဲရောက်သွားသော အစားအသောက်များ ဘေးကင်းသော အစားအသောက်မဟုတ်ကြောင်း အာမခံ ပေးနိုင်ခြင်း မရှိပေ။

## အကြံပြုချက်များ

မြန်မာနိုင်ငံမှာ မိမိ၏ နိုင်ငံသားများအတွက် အစားအသောက် ထုတ်လုပ်ပေးပြီး နိုင်ငံတကာသို့လည်း အစားအသောက်များ တင်ပို့နေသော နိုင်ငံဖြစ်ရာ အမျိုးအသားအစားအသောက်ဥပဒေကို နိုင်ငံအခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်သည့် လုပ်ငန်းစဉ်ကို ပြီးစီးအောင် ဆောင်ရွက်သင့်ပါသည်။ ဥပဒေမှာ ပြည်တွင်း၊ ပြည်ပ အစားအသောက် ကုန်သွယ်ရေးအတွက် ခိုင်မာသော ဥပဒေစည်းမျဉ်းများ ချပေးလျက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် အထောက်အပံ့ဖြစ်စေပြီး ပြည်တွင်း စားသုံးသူများကို အကာအကွယ်ပေးသင့်ပါသည်။ ဆုံးရှုံးနိုင်ခြေကို အစပြုထားသော ဥပဒေ မူဘောင်ကို ချမှတ်ရာတွင် အခြားနိုင်ငံများ၏ အတွေ့အကြုံများနှင့် အစားအသောက်ထုတ်လုပ်ရေး စံဖြစ်သော Codex စံနှုန်းများမှ အားသာချက်များရယူလျက် လုပ်ဆောင်နိုင်သည်။ အဆိုပါ မူဘောင်သည်လည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ၏ SPS သဘောတူညီချက်ကို ထည့်သွင်းစဉ်းစားလျက် အဓိက ကုန်သွယ်ဖက်များ၏ တောင်းဆိုချက်များနှင့် ပြည်တွင်းလိုအပ်ချက် နှစ်မျိုးလုံးကို ဖြည့်ဆည်းပေးနိုင်ရမည်ဖြစ်သည်။ ထို့အပြင်အဆိုပါ ဥပဒေကို အင်္ဂလိပ်လိုလည်း ထုတ်ပြန်သင့်ပြီး နောက်ဆုံး မှတ်ချက်ပြုစေခြင်းနှင့် မြန်မာနိုင်ငံမှာ စိုက်ပျိုးရေး အခြေပြုစီးပွားရေးလုပ်ငန်းများ၏ မှတ်ချက်များလည်း ထည့်သွင်းသင့်သည်။

ခေတ်နှင့် လျော်ညီသော အမျိုးသား အစားအသောက် ဥပဒေသည် အစားအသောက် ထုတ်လုပ်ဖြန့်ချိခြင်း လုပ်ငန်းစဉ် အဆင့်တိုင်းအတွက် အစားအသောက် ဘေးကင်းရေးကို ထိန်းချုပ် လုပ်ဆောင်နိုင်ရန်အတွက် မူဘောင်ကို ချမှတ်ပေးပြီး ဘေးကင်းသော အစားအသောက်များကို ပြည်တွင်း ပြည်ပ ရောင်းချရာတွင် ပတ်သက်ဆက်နွယ်နေသူများကို အထောက်အကူပြုပါသည်။

# ပြဿနာဖော်ပြချက် ၂။ လက်တွေ့ကျသော GAP လမ်းညွှန်ချက်များကို အပြီးသတ်ချမှတ်ခြင်း

အမျိုးသား အစားအသောက် ဥပဒေနှင့် ဆက်စပ်နေသော်လည်း ထုတ်လုပ်ရေးကို ပို၍ ဦးစားပေးသည့်အရာမှာ မြန်မာနိုင်ငံတွင် GAP (စိုက်ပျိုးရေးအလေ့အထကောင်းများ) လမ်းညွှန်ချက်ကို ရေးဆွဲ အပြီး သတ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၀၄ - ၂၀၀၅ မှ စတင်ကာ အာဆီယံ GAP ကို အကောင်အထည်ဖော်ခဲ့ပါသည်။ လတ်ဆတ်သော အစားအသောက် ထုတ်လုပ်ခြင်းဆိုင်ရာ GAP လမ်းညွှန်ချက်များဖြစ်သော မြန်မာနိုင်ငံ၏ လက်စွဲစာအုပ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေပေးဝေရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာနက ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ တွင် ထုတ်ပြန်ခဲ့ပြီး ထိုစာအုပ်ထဲတွင် GAP လမ်းညွှန်ချက်များ၏ အထွေထွေ မူဘောင်ချမှတ်ပေးခဲ့ပါသည်။ ခါတိုင်းကဲ့သို့ပင် အဆိုပါ လက်စွဲ စာအုပ်ထဲတွင် အကြောင်းအရာ ၁၆ ခုပါဝင်ပြီး ၎င်းတို့မှာ နေရာရွေးချယ်ခြင်း၊ ရေ၊ မျိုးစေ့ရွေးချယ်ခြင်း၊ ဓာတ်မြေဩဇာနှင့် မြေဆီလွှာကောင်းမွန်ရေး ထည့်သွင်းရမည့်အရာများ၊ စိုက်ပျိုးရေးနှင့် အခြား ဓာတုပစ္စည်းများ၊ အပင်ကို ပြုစုစောင့်ရှောက်ခြင်း၊ စိုက်ပျိုးရေးနည်းများ၊ ပေါင်းသင်ခြင်း၊ ရေသွင်းခြင်း၊ ဓာတ်မြေဩဇာအသုံးပြုခြင်း၊ စိုက်ပျိုးရေး ကိရိယာနှင့် ဆက်စပ်သော ပစ္စည်းကိရိယာများ၊ ရိတ်သိမ်းခြင်းနှင့်ရိတ်သိမ်းအပြီးလုပ်ဆောင်ဖွယ်ရာများ၊ သိုလှောင်ခြင်းနှင့် သယ်ယူခြင်း၊ဂိုထောင်တည်ဆောက်ခြင်း၊တိရစ္ဆာန်နှင့်ပိုးမွှားများကို ထိန်းချုပ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ နောက်ကြောင်း စုံစမ်းခြင်း၊ လေ့ကျင့်သင်ကြားခြင်း၊ အကဲဖြတ်မှုလုပ်ထုံးလုပ်နည်း၊ အလုပ်သမားများ၏ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် အသက်မွေးမှု တို့ဖြစ်သည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် သီးနှံ ၁၅ မျိုးအတွက် GAP လမ်းညွှန်များကို ထုတ်ပြန်ခဲ့သည်။ သို့သော် ခရမ်းချဉ်နှင့် သရက်သီး နှစ်မျိုးအတွက်သာ GAP လမ်းညွှန်များ ထုတ်ပေးနိုင်ခဲ့သည်။ လမ်းညွှန်ချက်များ ပိုမိုထိ

ရောက်စေရန် အတွက် လက်တွေ့ပိုကျရန်လိုပြီး ထုတ်လုပ်သူများနှင့် ဆီလျော်မှုရှိရမည်ဖြစ်သည်။ ထို့အပြင် လမ်းညွှန်ချက်များနှင့် ပတ်သက်၍ ထုတ်လုပ်သူများ အသိပေးရန် လိုအပ်ပြီး လေ့ကျင့်သင်ကြားပေးခြင်း၊ ထောက်ပံ့ကူညီပေးခြင်း၊ စစ်ဆေးခြင်းများ ပြုလုပ်သင့်သည်။ ထိုကဲ့သို့ လုပ်ရန်အတွက်လည်းလူသားအရင်းအမြစ်များရှိရန် လိုအပ်သည်။ ထို့အပြင်အဆိုပါလမ်းညွှန်ချက်များသည်နိုင်ငံကအသိအမှတ်ပြုထားသော စံနှုန်းများနှင့် ဆက်စပ်နေရမည်။

## အလားအလာများ

ထုတ်လုပ်သူများ နားလည်နိုင်သည့် GAP လမ်းညွှန်ချက်များရှိခြင်း၊ GAP လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ရာတွင် လယ်သမားများကို ပံ့ပိုး ကူညီရန်အတွက် လုံလောက်သော အရင်းအမြစ်ရှိခြင်းတို့မှာ အစီအစဉ်အတွက် အရေးပါသည်။ ထိုအရာများကနေတစ်ဆင့် ပိုမိုကောင်းမွန်သော မြေစီမံခန့်ခွဲမှု၊ ပိုးသတ်ဆေး/ပေါင်းသတ်ဆေး သုံးစွဲမှု လျော့နည်းလာခြင်း၊ ဓာတ်မြေဩဇာကို ထိရောက်စွာ သုံးစွဲလာနိုင်ခြင်း၊ သက်ဆိုင်ရာသီးနှံများ၏ အရည်အသွေးနှင့် ပမာဏပိုမိုလာစေနိုင်သော ရိတ်သိမ်းမှု အလေ့အထကောင်းများ ပေါ်ပေါက်လာနိုင်သည်။ တစ်ချိန်တည်းတွင်လည်း ဒေသတွင်းနှင့် နိုင်ငံတကာမှ GAP စံနှုန်းများနှင့်လိုက်လျောညီထွေဖြစ်စေခြင်း၊ စံထိုးခြင်းတို့သည် မြန်မာနိုင်ငံ၏ GAP ကို အသိအမှတ်ပြုခံရစေရန် အထောက်အပံ့ ဖြစ်စေမည်ဖြစ်သည်။ ထိုမှ တစ်ဆင့် စံနှုန်း၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ဆွဲဆောင်နိုင်စွမ်းတို့ တိုးမြင့်လာနိုင်ပါသည်။

## အကြံပြုချက်များ

သက်ဆိုင်ရာ ထုတ်လုပ်သူများအတွက် လက်ရှိ GAP လမ်းညွှန်ချက်များကို လက်တွေ့ကျသော နည်းလမ်းဖြင့် ထုတ်ပြန်ရန်။ သက်ဆိုင်ရာ အသိအမှတ် ပြုလက်မှတ်ထုတ်ပေးရန်။ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေး စီမံကိန်းများကို အသိအမှတ်ပြုရန်။ ပြည်တွင်းအသိအမှတ်ပြုထားသော စံနှုန်းများဖြင့် ယင်းတို့ကို ဖော်ဆောင်ရန်။ ဆီလျော်အောင်ပြုပြင်ခြင်း၊ စံနှုန်းပြုခြင်းဖြင့် မြန်မာနိုင်ငံ၏ GAP လမ်းညွှန်ချက်များကို ဒေသတွင်းနှင့် နိုင်ငံတကာ အသိအမှတ်ပြု ခံရရေး ဆောင်ရွက်နေစဉ်မှာပင် ယင်းအကြံပြုချက်များကို အကောင်အထည်ဖော်သင့်ပါသည်။

GAP လမ်းညွှန်ချက်များ ချမှတ်နိုင်ခြင်းသည် ကြီးမားသော ပထမဆုံး ခြေလှမ်းဖြစ်ပါသည်။ ၎င်းတို့ကို ပိုမို လက်တွေ့ကျအောင် လုပ်ခြင်း၊ ထုတ်လုပ်သူများကို လေ့ကျင့်ပေးခြင်း၊ ထောက်ပံ့ပေးခြင်း၊ စစ်ဆေးခြင်းသည် ပြီးပြည့်စုံသော နောက်ခြေလှမ်းတစ်ခုဖြစ်သည်။ ဒေသတွင်း/နိုင်ငံတကာ အသိအမှတ်ပြုမှုအတွက် ဆက်သွယ်ဆောင်ရွက်ရင်း သက်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်။

# ပြဿနာဖော်ပြချက် ၃။ အမျိုးသား အစားအသောက် ဥပဒေနှင့် GAP လမ်းညွှန်ချက်များ ထိရောက်စွာ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

အမျိုးသား အစားအသောက်ဥပဒေတွင် သက်ဆိုင်ရာ ဥပဒေတွင် ပါဝင်သော အစားအသောက်နှင့် ဆက်စပ်သည့် ဆောင်ရွက်မှုများ လုပ်ဆောင်ရန် အာဏာပိုင်ဘုတ်အဖွဲ့ ဖွဲ့ရမည်ဟု ဆိုထားသည်။ ဘုတ်အဖွဲ့၏ လုပ်ငန်း၊ ဝတ္တရား (စုစုပေါင်း ၁၀ခု) တွင် အစားအသောက် ထုတ်လုပ်ရေး၊ သိုလှောင်ရေး၊ ဖြန့်ချိရေး၊ စစ်ဆေးရေး၊ ထိန်းချုပ်ရေး၊ ဓာတ်ခွဲစမ်းသပ်ခွဲခြမ်းစိတ်ဖြာရေးနှင့်ဆိုင်သောမူဝါဒများ ချမှတ်ခြင်းမှသည် ကျွမ်းကျင်မှုအလိုက် ကော်မတီများဖွဲ့စည်းခြင်း၊ ထိုကော်မတီများ၏ တာဝန်၊ ဝတ္တရားများအထိ ကွဲပြားနိုင်သည်။ ယခုအချိန်အထိ ဖွဲ့စည်းပြီးသည့် တစ်ခုတည်းသော ကော်မတီမှာ မြန်မာ အစားအသောက် စံနှုန်းဖော်ဆောင်ရေးအတွက် အမျိုးသားစံနှုန်းကော်မတီ (ပညာရေးဝန်ကြီးဌာန အောက်တွင် ဖွဲ့စည်းထား) အောက်က အစားအသောက် စံနှုန်းဆိုင်ရာ နည်းပညာကော်မတီဖြစ်သည်။ မြန်မာနိုင်ငံတွင် National Codex Committee မဖွဲ့စည်းရသေးသော်လည်း Codex Alimentarius Commission နှင့် ကျယ်ပြန့်စွာ ဆက်ဆံမှုရှိသည်။

## အလားအလာ

ရေ့တွင် ဖော်ပြထားသည့်အတိုင်းပင် ဥပဒေဖော်ဆောင်ခြင်း၊ စံနှုန်းသတ်မှတ်ခြင်းသည် ထုတ်လုပ်သူများ ၏ ထုတ်လုပ်နိုင်စွမ်းကို တိုးတက်အောင် ပြုလုပ်ပေးသည်။ စားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်ပေးသည်။ တစ်ချိန်တည်းမှာပင် စံနှုန်းများသည် ကုန်ပစ္စည်းလဲလှယ်ခြင်းတွင် မျှတမှုရှိသော အလေ့အထများ ပေါ်ပေါက်စေကာ ကုန်သွယ်ရေး အတားအဆီးများကို ဖယ်ရှားပေးသည်။

### အကြံပြုချက်များ

ဥပဒေ၊ စံနှုန်းများနှင့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ခြင်း၊ ထိန်းချုပ်ခြင်း၊ ဖော်ဆောင်ခြင်း တို့အတွက် တာဝန်ရှိသော လုပ်ငန်းအဖွဲ့ ဖွဲ့စည်းပါ။ အဆိုပါ လုပ်ငန်းအဖွဲ့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအားလုံး၏ပူးပေါင်းပါဝင်မှုဖြင့် ဖွဲ့စည်းသင့်သည်။

> ဥပဒေများကို အကောင်အထည်ဖော်ခြင်း၊ ထိန်းချုပ်ခြင်း၊ အသက်ဝင်အောင်ဖော်ဆောင်ခြင်းတို့မှ တစ်ဆင့်သာ ဥပဒေများကို ထိရောက်အောင် ကျင့်သုံးနိုင်သည်။ အဆိုပါ လုပ်ငန်းများကို ဆောင်ရွက် ရန်တာဝန်ရှိသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအားလုံး ပူးပေါင်းပါဝင်ထားသော လုပ်ငန်းအဖွဲ့တစ်ရပ်ဖွဲ့စည်းထားမှသာ ယင်းသို့ ထိထိရောက်ရောက်ကျင့်သုံးနိုင်မည်ဖြစ်ပါသည်။

## ပြဿနာ ဖော်ပြချက် ၄။ မြေယာ ပြဿနာ

မြေယာရယူခြင်း၊ ငှားရမ်းခြင်းသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသော နိုင်ငံခြား ကုမ္ပဏီများ၊ အထူးသဖြင့် စက်မှုအတွက် မဟုတ်သော မြေနေရာ လိုအပ်သော နိုင်ငံခြား ကုမ္ပဏီများအတွက် လက်တွေ့ကြုံတွေ့နေရသည့် ပြဿနာတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မြေယာအမျိုးအစားများစွာ ရှိသည်။ အမျိုးအစားတစ်ခုချင်းစီအတွက် တိကျရှင်းလင်းသော ဥပဒေမရှိသေးပေ။ မြေယာပိုင်ဆိုင်ခွင့် သည်လည်း မရှင်းလင်းလှပေ။ တစ်ခါတရံတွင် မြေရှင်မည်သူ ဖြစ်သည်ကို ရှာဖွေဖော်ထုတ်ရန် ခက်ခဲ သကဲ့သို့ တရားဝင်စာရွက်စာတမ်းများကို ပြသ၍ မြေယာပိုင်ဆိုင်ကြောင်း ကြေညာလာသူ တစ်ဦးဦး ပေါ်ထွက်လာနိုင်သည်ကလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ အသုံးပြုမည့် မြေယာအမျိုးအစားကို အခြားအမျိုးအစားတစ်ရပ်ဖြစ်အောင် ပြောင်းလဲရာတွင်လည်း ရှည်လျားလွန်းသော၊ အကုန်အကျများသော၊ ပွင့်လင်းမြင်သာမှုမရှိသော၊ ရှုပ်ထွေးသော လုပ်ထုံးလုပ်နည်းများနှင့် ကြုံရတတ်ပါသည်။ နောက်ဆုံး အနေဖြင့် (အခြားအခက်အခဲများလည်း ရှိပါသေးသည်) မြေယာဝယ်ယူခြင်းနှင့် ပတ်သက်၍ အစိုးရ ယန္တယားအဆင့်ဆင့်တွင်ပင် လုပ်ပိုင်ခွင့် အာဏာရှိနေသည်။ သို့သော် ကိစ္စတော်တော်များများတွင် မည်သည့်အဆင့် (မြို့နယ်အဆင့်၊ တိုင်းအဆင့်၊ နိုင်ငံတော်အဆင့်) တွင် မည်သည့်အတိုင်းအတာအထိ အခွင့်အာဏာရှိသည်နှင့်ပတ်သက်၍မူ ရှင်းလင်းခြင်း မရှိလှပေ။

### ရနိုင်သော အကျိုးကျေးဇူးများ

နိုင်ငံခြားကုမ္ပဏီများအနေဖြင့် မြေယာကို ယခုထက်ပိုမိုလွယ်ကူချောမွေ့စွာ ရရှိနိုင်မည်ဖြစ်ပါက မရေရာမှု များ၊ ကုန်ကျစရိတ်များနှင့် အချိန်များကိုလည်း လျှော့နည်းစေမည်ဖြစ်ပါသည်။ နိုင်ငံခြား ကုမ္ပဏီများ အတွက် စီးပွားရေး လုပ်ကိုင်ရန်ကောင်းမွန်သော အခြေအနေကို တိုးတက်စေမည်ဖြစ်ပါသည်။ နောက်ဆုံး အနေဖြင့် နိုင်ငံခြား ကုမ္ပဏီများအတွက် ဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းကို ဖန်တီး ပေးနိုင်မည်ဖြစ်သည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးပါသည်။ ထိုတွင်ဆန်းသစ်မှုများ၊ ယှဉ်ပြိုင်မှုများနှင့် အလုပ်အကိုင်ရရှိရေး မြင့်မားမှုတို့ ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

### အကြံပြုချက်များ

မြန်မာနိုင်ငံတွင် မြေနေရာရရှိရန် ရှာဖွေနေသော နိုင်ငံခြားကုမ္ပဏီများအတွက် ရှင်းလင်းသော လမ်းညွှန်ချက်တစ်စုံ ဖော်ဆောင်ရန်ဖြစ်ပါသည်။ အဆင့်တိုင်းတွင် ဆက်သွယ်ရန် အချက်အလက်များ၊ အဆင့်တစ်ခုစီအတွက် ကြာချိန်၊ မည်သည့်အဆင့်တွင် မည်သို့သော သွင်းအားစုလိုအပ် သည်တို့ အပါအဝင် လိုက်နာဆောင်ရွက်မည့် အဆင့်ဆင့်ကို ဖော်ပြထားသော လမ်းညွှန်ချက်တစ်မျိုး ဖြစ်နိုင် ပါသည်။ မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိသော ဥပဒေတစ်ခု ဖန်တီးနိုင် ပါသည်။ နောက်ဆုံးအနေဖြင့် မြေယာရယူရေးကိစ္စနှင့်ပတ်သက်၍ ဒေသအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရများအကြား ရှင်းလင်းသော တာဝန်လုပ်ပိုင်ခွင့်ကို သတ်မှတ်ရန်ဖြစ်ပါသည်။ သို့မှသာ မည်သည့်လုပ်ငန်းစဉ်အတွက် မည်သည့် အစိုးရအဆင့်က တာဝန်ရှိသည်ဆိုသည်ကို ကောင်းစွာ သိရှိနိုင်ကြမည်ဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ အလွန်အရေးကြီးသော်လည်း မြေယာကိစ္စသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံတွင် အသစ်စတင်ရန်၊ သို့မဟုတ်၊ ဆက်လက်ဆောင်ရွက်ရန် အဟန့်အတားဖြစ်နေသော အရာဖြစ်ပါသည်။ မြေယာရယူလိုသော နိုင်ငံခြားကုမ္ပဏီများအတွက် ရှင်းလင်းသော လမ်းညွှန်ချက်တစ်စုံ ဖန်တီးခြင်းဖြင့် မြေယာရယူခြင်းကို တိုးတက်အောင် ဆောင်ရွက်နိုင်ပါသည်။

# ပြဿနာဖော်ပြချက် ၅။ ကုန်သွယ်ရေး

မြန်မာနိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေရာ နယ်စပ်ကုန်သွယ်မှု သည်လည်း ကဏ္ဍစုံရှိ ပြည်တွင်း ထုတ်လုပ်သူများအပေါ် သက်ရောက်မှုရှိပါသည်။ နယ်စပ်ဒေသ ဥပဒေစိုးမိုးမှု အားနည်းခြင်း၊ တရားမဝင်လုပ်ငန်းများကို မကိုင်တွယ် မနိုင်ကွပ်နိုင်ခြင်းကြောင့် တစ်နှစ်လျှင် ဝင်ငွေ အမေရိကန်ဒေါ်လာ ထရီလီယံဝက်ခန့် ဆုံးရှုံးနိုင်သော တရားမဝင်ကုန်သွယ်မှု အကြီးအကျယ် ပေါ်ပေါက်စေသည်။ ထိုပမာဏမှာ  မြန်မာနိုင်ငံ၏ တရားဝင်စုစုပေါင်း ကုန်သွယ်မှု၏ အဆနှစ်ဆယ်ခန့်နှင့် ညီမျှသည်။ အစိုးရအနေဖြင့် နယ်စပ်ဒေသကုန်သွယ်မှုများကို မထိန်းချုပ်နိုင်ပေ။ အကောက်ခွန်ဆိုင်ရာတာဝန်ရှိသူများတွင်လည်း အရည်အချင်းရှိလူ့စွမ်းအားအရင်းအမြစ်များမှာ အကန့်အသတ်နှင့်သာရှိနေသည်။ စိုက်ပျိုးရေး ထွက်ကုန်များအပါအဝင် ကုန်ပစ္စည်းတော်တော်များများကို နိုင်ငံ၏ ရှည်လျားသော နယ်စပ်တစ်လျှောက် တရားမဝင် ကုန်သွယ်နေကြသည်။ ကုန်ပစ္စည်းများ (ဥပမာအားဖြင့် အန္တရာယ်ရှိနိုင်သည့် ကုန်ပစ္စည်းများ) မှာ မှတ်ပုံတင်ထားခြင်းမရှိသကဲ့သို့ အကောက်အခွန်ထိန်းချုပ်ခြင်းမရှိသောကြောင့် ကုန်ပစ္စည်း အရည်အသွေးအပေါ် ထိန်းချုပ်မှုမရှိပေ။ အခွန်အကောက်လည်း ပေးဆောင်ခြင်းမရှိကြပေ။ ထို့ကြောင့် မြန်မာ့စီးပွားရေးကို ထိခိုက်ကာ အခွန်ပေးသူများနှင့် မမျှတသော ယှဉ်ပြိုင်မှုကို ဖြစ်ပေါ်စေသည်။ ရာသီအလိုက် စိုက်ပျိုးရေးထွက်ကုန်များကို နယ်စပ်များမှ တင်သွင်းလာရာ ဈေးများထိုးကျကုန်သည်။ တစ်ဖက်တွင်လည်း တိုင်းပြည်အတွင်း၌ ကုန်ပစ္စည်းထုတ်လုပ်မှု ကုန်ကျ စရိတ်မှာ မြင့်မားသည်။ ပြည်တွင်းတွင် ထုတ်လုပ်သော၊ စိုက်ပျိုးသော ကုန်ပစ္စည်းများ တင်သွင်း လာသော ကုန်ပစ္စည်းများနှင့် ဈေးမယှဉ်နိုင်ဘဲ ဆုံးရှုံးမှုများ ကြုံတွေ့နေရသည်။

## ရနိုင်သော အကျိုးကျေးဇူးများ

နယ်စပ်ဒေသ ကုန်သွယ်မှုများကို ကောင်းစွာ စစ်ဆေးခြင်းသည် တရားမဝင်ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများကဲ့သို့ စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ၏ အရည်အသွေး စစ်ဆေးမှုကို တိုးတက်လာစေမည်ဖြစ်သည်။ တင်သွင်းလာသော ကုန်စည်များနှင့် ပတ်သက်သော ရောဂါပြဿနာများကို လျှော့ချပေးပါလိမ့်မည်။ ထိုအပြင် သင့်လျော်သော အခွန်စနစ်ကို ကျင့်သုံးခြင်းဖြင့် မညီမျှသော ကုန်သွယ်မှု လွတ်လပ်စွာ စီးဆင်းနေခြင်းကို ထိန်းချုပ်နိုင်မည်ဖြစ်ကာ ပြည်တွင်း ကုန်ထုတ်လုပ်သူများကို ကာကွယ်နိုင်မည့် ဈေးနှုန်းများကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်သည်။

## အကြံပြုချက်များ

နယ်စပ်ဒေသကုန်သွယ်မှုပြဿနာများကို ထိန်းချုပ်နိုင်သည့် အထူးကော်မတီတစ်ရပ် စတင် ထူထောင်ရန်ဖြစ်ပါသည်။ နယ်စပ်ဒေသကုန်သွယ်မှုနှင့်ပတ်သက်၍လုပ်ဆောင်နေသောဌာနများရှိသော်လည်းပူးပေါင်းဆောင်ရွက်မှုနည်းနေခြင်းကသင့်လျော်သောဥပဒေများဖော်ဆောင်ရေး အတွက် အဟန့်အတားများ ဖြစ်စေသည်။

# ပြဿနာဖော်ပြချက် ၆။ ငွေကြေးအရင်းအနှီးရရှိနိုင်မှု

တရားမဝင် နယ်စပ်ကုန်သွယ်မှုသည် စီးပွားရေးနှင့် ပြည်တွင်း ကုန်ထုတ်လုပ်သူများကို ထိခိုက်နေပါသည်။ နယ်စပ်ဒေသ ကုန်သွယ်ရေးများကို ထိန်းချုပ်နိုင်သည့် အထူးကော်မတီသည် သင့်လျော်သော အခွန်စနစ်ကို ကျင့်သုံးလျက် နယ်စပ်ဒေသများတွင် ထိန်းချုပ်ထားသော စစ်ဆေးရေးစနစ် ဖော်ဆောင်သင့်ပါသည်။

လယ်သမားများမှာ ငွေကြေးအရင်းအနှီး အကန့်အသတ်နှင့်သာရှိပါသည်။ မြန်မာနိုင်ငံရှိချေးငွေများမှာ အပေါင်ပစ္စည်းအပေါ် အခြေခံသော ချေးငွေများဖြစ်နေရာ မြန်မာနိုင်ငံရှိ လယ်သမားများ (မွေးမြူရေးနှင့် စိုက်ပျိုးရေး နှစ်ခုလုံး)အတွက် ကြီးမားသော စိန်ခေါ်မှုဖြစ်နေပါသည်။ အထူးသဖြင့် မြန်မာ့စီးပွားရေး၏ ကြီးမားသော အစိတ်အပိုင်းဖြစ်သည့် တစ်နိုင်တပိုင် လယ်ယာများကို လုပ်ကိုင်နေသည့် လယ်သမားများမှာ အပေါင်တင်ရန်အတွက် ပိုင်ဆိုင်မှု လုံလုံလောက်လောက်မရှိပေ။ ဥပမာအားဖြင့် ဘဏ်များသည် ချေးငွေအတွက် အပေါင်ပစ္စည်းလက်ခံရာတွင် မွေးမြူထားသော ကြက်၊ ဝက်၊ ကျွဲ၊ နွား စသော တိရစ္ဆာန်များကို အပေါင်ပစ္စည်းအဖြစ် လက်မခံသကဲ့သို့ အဆိုပါသတ္တဝါများအတွက် ဆောက်လုပ်ထားသော အဆောက်အအုံများကိုလည်း အပေါင်ပစ္စည်းအဖြစ် လက်မခံပေ။ ဘဏ်များသည် သတ်မှတ်ထားသော မြေယာအမျိုးအစားများကိုသာ အပေါင်အဖြစ် လက်ခံသည်။ ထို့ကြောင့် လယ်သမားများသည် မိမိတို့၏ လုပ်ငန်းတိုးချဲ့ရေး အစီအမံများကို ဆက်လက်လုပ်ဆောင်နိုင်ခြင်းမရှိဘဲ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းသည်လည်း နောက်ထပ် တိုးတက်လာနိုင်ခြင်းမရှိဖြစ်နေရာ ကုန်ကျစရိတ်ကြီးမြင့်ခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းတို့ဖြစ်စေတော့သည်။ ထို့ကြောင့် စီးပွားရေးအောင်မြင်မှုလည်းရရန်ခက်သွားသည်။ လယ်ယာများ၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ရန် လိုအပ်သည့် ထည့်သွင်းရမည့် ပမာဏမှာ အသေးစားချေးငွေ အစီအမံများမှ တစ်ဆင့်လွှမ်းခြုံမိစေရန် ခက်ခဲနေသည်။

## ရနိုင်သော အကျိုးကျေးဇူးများ

ငွေကြေးအရင်းအနှီး ရနိုင်သော လယ်သမားများသည် မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို တိုးချဲ့နိုင်ကာ အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ ပြည်သူစားသုံးရန် စိုက်ပျိုးရေး ထုတ်ကုန်များ ထုတ်ပေးခြင်း၊ လူမှုရေး၊ စီးပွားရေး ကောင်းလာစေခြင်းဖြင့် နိုင်ငံတစ်နိုင်ငံလုံး၏ အထွေထွေ ဖွံ့ဖြိုးမှုကိုလည်း အထောက်အပံ့ဖြစ်စေပါသည်။ ကုန်ဈေးနှုန်းကျသွားသောကြောင့် မြန်မာလယ်သမားများက အခြားနိုင်ငံ များမှ ကုန်ပစ္စည်းများထက် ဈေးသက်သာစွာ ထုတ်လုပ်နိုင်လျှင် စိုက်ပျိုးရေးထုတ်ကုန်များ တင်သွင်း လာမည့် အန္တရာယ်လျော့သွားပါလိမ့်မည်။ ငွေကြေးအရင်းအနှီး ရရှိခြင်းကြောင့် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေး နှင့် မွေးမြူရေးကဏ္ဍတွင် ကျွမ်းကျင်တတ်မြောက်မှုများကို မြှင့်တင်ပေးပါလိမ့်မည်။

## အကြံပြုချက်များ

တစ်နိုင်တစ်ပိုင်း လယ်သမားများအတွက် ငွေကြေးထောက်ပံ့သည့် အထူးအစီအမံများ ဖော်ဆောင်ရန် ဘဏ်များကို တိုက်တွန်းရန်ဖြစ်ပါသည်။ ငွေချေးသူ၏ ဝင်ငွေဇယားကို သုံးသပ်ကြည့်ရှု၍ ချေးငွေများ (တစ်စိတ်တစ်ပိုင်းကို ထောက်ပံ့ငွေအဖြစ် ထည့်ဝင်ပံ့ပိုးပေးသင့်ပါသည်) ပိုမိုထုတ်ပေးသွားရေး ဘဏ်များကို တိုက်တွန်းအားပေးမည့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ အကောင်အထည်ဖော် သင့်ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်သူအားလုံးကို ဖိတ်ခေါ်လျက် မြန်မာနိုင်ငံလယ်ယာ စိုက်ပျိုးရေးလုပ်ကိုင်သူများအတွက် ငွေကြေးအရင်းအနှီးရရှိမှု တိုးတက်လာရေးနည်းလမ်းများနှင့် ပတ်သက်သည့် ညီလာခံတစ်ရပ် စီစဉ်ကျင်းပသင့်ပါသည်။

ချေးငွေများမှာ အပေါင်ပစ္စည်းကို အခြေခံ၍ ထုတ်ပေးခြင်းဖြစ်သောကြောင့် လယ်သမားများသည် ငွေကြေးအရင်းအနှီး ရရှိရန် အခက်အခဲများကြုံတွေ့ရပါသည်။ အထူးသဖြင့် တစ်နိုင်တစ်ပိုင် လယ်သမားများအတွက် ငွေကြေးဝန်ဆောင်မှုအစီအစဉ်များကို ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းဖြင့် လူဦးရေအများအပြားအတွက် ငွေကြေးအရင်းအနှီးရယူနိုင်မှု တိုးတက်လာပါလိမ့်မည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၏ ဖွံ့ဖြိုးမှုနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းကို မြှင့်တင်နိုင်ပါလိမ့်မည်။



*2.Information in this paragraph is largely derived from the National Economic and Social Advisory Council (NESAC), 2016, White Paper: A new vision for Myanmar's Agricultural Development; From Rice bowl to Food basket: Three pillars for modernising Myanmar's Agricultural and Food Sector.*

# တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး

# ၇

# မိတ်ဆက်

တရားမဝင်ကုန်သွယ်မှုမှာ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းအတွက် မလိုလားအပ်သော အကျိုးဆက်များ ဖြစ်စေသည့် ကမ္ဘာတစ်ဝှမ်းလုံး ကြုံတွေ့နေရသော အရာဖြစ်သည်။

တရားမဝင် ကုန်သွယ်မှုထဲတွင် လူကုန်ကူးခြင်း၊ တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်မှု၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကုန်သွယ်မှု၊ ဆေးလိပ်၊ အရက်နှင့် ဆေးဝါးအပါအဝင် ကုန်ပစ္စည်းအတုများ၊ အီလက်ထရောနစ်နှင့်ဖက်ရှင် ကုန်သွယ်မှုများ ပါဝင်သည်။ ထိုကဲ့သို့ တရားမဝင်လုပ်ရပ်များသည် စီမံအုပ်ချုပ်မှု၊ တရားဥပဒေစိုးမိုးမှု၊ ပြည်သူလူထု၏ ယုံကြည်မှုတို့ ကို ထိခိုက်စေသကဲ့သို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုကို လည်း အဟန့်အတား ဖြစ်စေပါသည်။

တရားမဝင်ကုန်သွယ်မှုသည် စားသုံးသူများ၊ သဘာဝပတ်ဝန်းကျင်၊ အခွန်နှင့် အလုပ်အကိုင်များအပေါ် ဆိုးရွားစွာ ထိခိုက်စေနိုင်ပါသည်။

မြန်မာနိုင်ငံတွင် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယတို့နှင့် နယ်စပ်များ၊ ရှည်လျားသော ကမ်းရိုးတန်းတစ်လျှောက် ပင်လယ်ဘက် ကုန်သွယ်မှုများတွင်နယ်စပ်ကုန်သွယ်ဂိတ်၁၇ဂိတ်ရှိနေရာ ကုန်သွယ်ရေးအတွက်ဥပဒေစိုးမိုးရေးလုပ်ဆောင်ရာတွင်များစွာစိန်ခေါ်မှုရှိပါသည်။ အထူးသဖြင့် နယ်စပ်တော်တော်များများမှာ တိုင်းရင်းသား ပဋိပက္ခများ၏ သက်ရောက်မှုရှိနေပြီး အစိုးရ၏ တိုက်ရိုက်ထိန်းချုပ်မှု မရှိပေ။

မကြာမီနှစ်များအတွင်းက အစိုးရသည် သွင်းကုန်၊ ပို့ကုန် လုပ်ငန်းစဉ်များ လုံခြုံမြန်ဆန်လာရေးအတွက် Myanmar Automated Cargo Clearance System (MACCS) နှင့် Accredited Economic Operator Program (AEOP)တို့ကဲ့သို့သော အစီအမံများ ချမှတ်အကောင်အထည်ဖော်ခဲ့သော်လည်း အဆိုပါ အစီအမံများမှာ ဆက်လက် တိုးတက်ရန် လိုနေသေးသည်။ အဆိုပါ မူဝါဒများ အောင်မြင်ရေးအတွက် အဓိကအရာမှာ စီးပွားရေးဆိုင်ရာ မြှင့်တင်မှုများနှင့် ဥပဒေလိုက်နာခြင်းများအကြား ချိန်ညှိပေးရေးဖြစ်သည်။ ထို့အပြင် လွတ်လပ်စွာ ကုန်သွယ်ရေး ဇုန်များကို ကြီးကြပ်ခြင်း၊ လုံလောက်သော ဝန်ထမ်းအရေအတွက်ဖြင့် နယ်စပ်များကို လုံခြုံအောင် ဆောင်ရွက်ခြင်းနှင့် နယ်စပ်ဂိတ်များတွင် ဥပဒေစိုးမိုးအောင် ဆောင်ရွက်ခြင်းတို့အတွက် နောက်ထပ် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သေးသည်။

မြန်မာနိုင်ငံတွင် ပေါ်ပေါက်နေသော တရားမဝင်ကုန်သွယ်မှုများမှာ တရားဝင်လမ်းကြောင်းမှ ဝင်ရောက်လာသည် မဟုတ်သောကြောင့် မြို့ကြီးများ၊ ကုန်သွယ်ရေးမြို့များအပါအဝင် အဝင်အထွက် ဂိတ်များအလွန်တွင် ဥပဒေသက်ရောက်အောင် ဆောင်ရွက်ခြင်းကိုလည်း မျက်ကွယ်ပြုထား၍မရပေ။ ထို့အတူ (သွင်းကုန်လုပ်ငန်းရှင်များ၊ ဖြန့်ချိသူများ၊ ရောင်းချသူများ) စသော ထုတ်လုပ် ဖြန့်ချိ ရောင်းချခြင်း ကွင်းဆက်တစ်ခုလုံးမှ အဆင့်တိုင်းကို စိစစ်ကိုင်တွယ်သည့် ဘက်စုံပေါင်းစပ်ချဉ်းကပ်ဆောင်ရွက်မှုကို အသုံးပြုခြင်းသည် တရားမဝင် ကုန်သွယ်မှုကို တိုက်ဖျက်ရေး အထိရောက်ဆုံးနည်းလမ်းဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

တရားမဝင်ကုန်သွယ်မှု၏ သဘောလက္ခဏာများ၏ အဓိပ္ပာယ်ကို အသေးစိတ်ရှင်းလင်းဖွင့်ဆိုခြင်း၊ ထိုတရားမဝင် ကုန်သွယ်မှုကို တိုးပွားစေသော စီးပွားရေးအခင်းအကျင်းများကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် တရားမဝင် ကုန်သွယ်မှု များ လျှော့ချရေးအတွက် သုံးစွဲနိုင်သော မူဝါဒများ ရွေးချယ်ချမှတ်နိုင်ရန်အတွက် အထောက်အပံ့ဖြစ်စေပါသည်။ ထို့ပြင် တရားမဝင်ကုန်ကူးနေသည့် ကွန်ရက်များကို နှိမ်နင်းရန် နည်းဗျူဟာအစီအစဉ်များ အကောင်အထည်ဖော် နိုင်ရေး ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများကို သတ်မှတ်ရာတွင်လည်း ပံ့ပိုးပေးပါသည်။

တရားမဝင်ကုန်သွယ်မှုများကို နှိမ်နင်းခြင်းသည် စားသုံးသူများ၏ ဘေးကင်းစေပြီး အခွန်များပိုမိုကောက်ခံရရှိကာ၊ အခြားသော ဥပဒေမဲ့လုပ်ရပ်များကို ကာကွယ်ပေးမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းဈေးကွက်ကို ကောင်းစွာ စီမံခန့်ခွဲ ကာကွယ်နိုင်ပြီဟု နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများထံ သတင်းစကား ပါးရာရောက်သည်ဟု မိမိတို့ EuroCham နှင့် Anti-Illicit Trade Advocay Group (တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာ အကြံပြု စည်းရုံးတိုက်တွန်းရေးအဖွဲ့) မှ မိတ်ဖက်သက်ဆိုင်သူများက ယုံကြည်ပါသည်။

ဤအခန်းတွင် ထုတ်နုတ်တင်ပြထားသော ပြဿနာဖော်ပြချက်များနှင့် အကြံပြုချက်များမှာ တရားဥပဒေစိုးမိုးရေး အားကောင်းအောင် ဆောင်ရွက်ရေး၊ တရားမဝင်ကုန်သွယ်မှု ပြဿနာများကို ပစ်မှတ်ထား နှိမ်နင်းရေး ကြိုးပမ်း ဆောင်ရွက်မှုများကို တိုက်တွန်းအားပေးရေးနှင့်ပတ်သက်သည့် အနာဂတ်ဆွေးနွေးပွဲများကို နိုင်ငံတော်အစိုးရနှင့် ယင်း၏အကြံပေးအဖွဲ့များနှင့်အတူ ကျင်းပရာတွင် ထည့်သွင်းကိုးကားသုံးစွဲနိုင်ရန် နိုင်ငံတကာပုဂ္ဂလိက လုပ်ငန်းများ ၏ ရှုထောင့်မှနေ၍ ပြုစုထားခြင်းဖြစ်ပါသည်။

# ပြဿနာဖော်ပြချက် ၁။ အကာအကွယ်မဲ့သော နယ်စပ်များ

ပထဝီအနေအထားကြောင့်မြန်မာနိုင်ငံ၏နယ်စပ်ဒေသများမှာရှည်လျားပြီးအကာအကွယ်မဲ့နေသည်။ကောင်းမွန်စွာထိန်းချုပ်ရန် ခက်ခဲသည်။ ထိုနေရာများတွင် လုံလောက်အောင် မထိန်းချုပ်နိုင်ခြင်း၊ သို့မဟုတ် ထိန်းချုပ်မှု မရှိခြင်းတို့ကြောင့် မှောင်ခိုသမားများအနေဖြင့် တရားမဝင် ကုန်ပစ္စည်းပမာဏအမြောက်အများကို ခိုးသွင်း၍ရနေသည်။ နယ်စပ်ဒေသတော်တော်များများကို အစိုးရက မထိန်းချုပ်နိုင်ခြင်းကလည်း မူလကတည်းက ဆိုးရွားနေသော အခြေအနေကို ပိုမိုဆိုးဝါးစေသည်။

နောက် ပြဿနာတစ်ခုမှာ နယ်စပ်ဒေသ ကုန်သွယ်မှုများမှ တစ်ဆင့်ဝင်လာသော ခွင့်ပြုချက်မဲ့ ကုန်ပစ္စည်းများဖြစ်သည်။ အဆိုပါ ကုန်ပစ္စည်းများမှာ နာမည်ကြီး ဆေးဝါးကုမ္ပဏီများ၊ လူသုံးကုန် ပစ္စည်း ထုတ်လုပ်ရေး ကုမ္ပဏီများမှ ထုတ်လုပ်ထားသော ကုန်ပစ္စည်းအစစ်များဖြစ်သော်လည်း ထုတ်လုပ်သူမသိအောင် တရားမဝင် ခိုးသွင်းလာသော ပစ္စည်းများ ဖြစ်သည်။ နယ်စပ်ဒေသ ထိန်းချုပ်ရေးမှာ ဖြေရှင်းရန် ရှုပ်ထွေးလှသော ပြဿနာတစ်ရပ်အဖြစ် ကျွန်ုပ်တို့ အသိအမှတ်ပြုသော်လည်း နယ်စပ်ဒေသကို ကောင်းစွာ မထိန်းချုပ်နိုင်ခြင်းသည် တရားမဝင် ကုန်သွယ်မှုများ ပေါ်ပေါက်စေသော အဓိက အကြောင်းရင်းများထဲမှ တစ်ခုဖြစ်နေပါသည်။

## ရနိုင်သော အကျိုးကျေးဇူးများ

နိုင်ငံအတွင်းသို့ ကုန်စည်များ ဝင်လာသည့် အဓိက လမ်းကြောင်းများတွင် စောင့်ကြည့်ထိန်းချုပ်ရေးကို ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် အများစုမှာ အတုများဖြစ်နေသော တရားမဝင် ကုန်စည်များ ကုန်သွယ်မှုကို နှိမ်နင်းနိုင်ပြီး ကျန်းမာရေး အန္တရာယ်များကို လျှော့ချနိုင်သည့်အပြင် လူကုန်ကူးခြင်း၊ လက်နက် မှောင်ခိုကူးခြင်း၊ အကြမ်းဖက်လုပ်ရပ်များအပါအဝင် ဂိုဏ်းဖွဲ့လုပ်ဆောင်သော ရာဇဝတ်မှုများကိုပါ များစွာလျှော့ချ နိုင်မည်ဖြစ်သည်။

တရားဝင် ကုန်သွယ်မှုများမှတစ်ဆင့် အစိုးရ၏ အခွန်ဝင်ငွေသည်လည်း သိသိသာသာ တိုးတက်လာပါလိမ့်မည်။ ဈေးကွက်အတွင်းတွင် ဘေးမကင်းသော၊ အရည်အသွေးမပြည့်မီသော ကုန်ပစ္စည်းများ ရှိနေမှုသည်လည်း အကန့်အသတ်နှင့် ဖြစ်လာနိုင်ပြီး စားသုံးသူ အခွင့်အရေးနှင့် ကာကွယ်ရေးသည်လည်း ပွင့်လင်းမြင်သာသော စည်းကမ်းလိုက်နာသော ဆက်သွယ်ဆောင်ရွက်မှုများမှ တစ်ဆင့် တိုးတက်လာပါလိမ့်မည်။

## အကြံပြုချက်များ

တရားမဝင်ကုန်သွယ်မှု၏ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးအပေါ် သက်ရောက်မှု အကဲဖြတ်ခြင်း စနစ်ကို ထူထောင်ရန်

တတိယအေဂျင်စီ၊ အဖွဲ့အစည်းများက လုပ်ဆောင်သောစနစ်တကျစီစဉ်ထားသည့်အကဲဖြတ်မှုများမှတစ်ဆင့် တရားမဝင်ကုန်သွယ်မှုဝန်းကျင်တစ်ခုလုံး၏ ပမာဏ၊ အရွယ်အစားကို တိုင်းတာခြင်း။ UNODC ၏ Cross Border Trading Zones and Gates၊ CSO မှ Trade Volumes & Statistics များ၊ UN Comtrade၊ IMF ၏ Direction of Trade Statistics (DOTS) နှင့် WTO ၏ Trademap တို့ကို ကိုးကားနိုင်သည်။

Industry Advisory Group မှတစ်ဆင့် အပါအဝင် WCO၊ WTO၊ Europol၊ OECD၊ ICC၊ OLAF တို့နှင့် ထိတွေ့ဆောင်ရွက်ခြင်းသည် အဆိုပါပြဿနာများကို ကိုင်တွယ် ဖြေရှင်းရန်အတွက်ဖွဲ့စည်းထားသည့် ကမ္ဘာတစ်ဝန်း ရှိလုပ်ငန်းအဖွဲ့များ၏ ကွန်ရက်ကို ပိုမိုကောင်းမွန်စေမည် ဖြစ်သည်။

ဆိပ်ကမ်းများနှင့် နယ်စပ်များတွင် လူ့စွမ်းအားကို တိုးမြှင့်ရန်

များပြားသော ကုန်စည် စီးဆင်းမှုကို စီမံခန့်ခွဲရန်အတွက် ဆိပ်ကမ်းများနှင့် နယ်စပ် စစ်ဆေးရေးဂိတ်များရှိ လူ့စွမ်းအားအရင်းအမြစ်များကို တိုးမြှင့်ရန်ဖြစ်ပါသည်။ မိမိကိုယ်ကို ကျေနပ်လျက် ကြိုးစားမှုလျော့သွားခြင်း၊ အဂတိလိုက်စားခြင်းတို့ကို လျှော့ချရန်အတွက် အချိန်အလိုက် လူစားထိုးလဲလှယ်တာဝန်ပေးမှုများကိုလည်း ဆောင်ရွက်သင့်သည်။

အစိုးရချင်း ချိတ်ဆက် ဆောင်ရွက်ခြင်းကို တိုးမြှင့်ရန်



နယ်စပ်မှ မှောင်ခိုသွင်းလာခြင်းကို နှိမ်နင်းရန်၊ တရားမဝင် ကုန်ပစ္စည်းများ ဝင်လာခြင်းကို သိရှိနိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ နှင့် ထိုင်းနိုင်ငံတို့ကဲ့သို့သော အိမ်နီးချင်းနိုင်ငံများနှင့် အစိုးရချင်း ပူးပေါင်း ဆောင်ရွက်မှုများ၊ ကွန်ရက်များကို တည်ဆောက်သင့်ပါသည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံဆိုလျှင် တင်သွင်းခွင့် မရှိသော ကုန်ပစ္စည်းများ လွှဲပြောင်းခြင်းများကို ပို့ကုန်အဖြစ် စာရင်းသွင်းမှုကို တက်ကြွစွာ ဆောင်ရွက်နေသည်။ အဆိုပါ ကုန်စည်များနှင့်ပတ်သက်ပြီး နှစ်နိုင်ငံနယ်စပ်ဂိတ်များတွင် ပညာပေးအစီအစဉ်ဆောင်ရွက်ခြင်းသည် များစွာ အကျိုးသက်ရောက်မှုရှိနိုင်ပါသည်။

တရားမဝင် ကုန်သွယ်မှု၏ အရွယ်အစားနှင့် သက်ရောက်မှုကို အကဲဖြတ်ခြင်း၊ ဆိပ်ကမ်းများနှင့် နယ်စပ်များတွင် လူအင်အား တိုးချဲ့ခြင်း၊ အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်းဖြင့် အဓိက ဝင်ပေါက်များကို စောင့်ကြည့်၊ ထိန်းချုပ်မှုအား တိုးတက်အောင် ဆောင်ရွက်ခြင်း

## ပြဿနာဖော်ပြချက် ၂။ မထိရောက်သော ဥပဒေဖော်ဆောင်မှု

တရားမဝင် ကုန်သွယ်မှုများကို နှိမ်နင်းခြင်းရာတွင် တရားမဝင်ကုန်ပစ္စည်းများ အလွယ်တကူ ဝယ်ယူရရှိနေပြီး၊ လက်လီအဆင့်အထိ ရောင်းချနေသော ပြည်တွင်း ဈေးကွက်အတွင်းရှိ ကုန်စည်စီးဆင်းမှု ကွင်းဆက် တစ်ခုလုံးအပေါ် ဥပဒေသက်ရောက်မှုရှိရေး အချိန်ပြည့် စဉ်ဆက်မပြတ် ဆောင်ရွက်နေရန် လိုအပ်ပါသည်။

ထို့အပြင် ဥပဒေများ ဖော်ဆောင်ခြင်းကို အနှောင့်အယှက်ဖြစ်စေသော အဂတိလိုက်စားမှုများကို ဖယ်ရှားရန်အတွက် ကာကွယ်တားဆီးရေးကို ဥပဒေဖြင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။

တရားမဝင်ကုန်သွယ်မှုများကို နှိမ်နင်းခွင့်ရှိသော ဥပဒေဖော်ဆောင်ရေးအဖွဲ့များက ဆောင်ရွက်သည့် ဆောင်ရွက်မှု များနှင့် ပတ်သက်၍ တိုင်းတာမှုပြုနိုင်သည့် ပန်းတိုင်များ၊ ရလဒ်များချမှတ်ထားသင့်သည်။

### ရနိုင်သော အကျိုးကျေးဇူးများ

အကောက်အခွန်၊ အခွန်ကောက်ခံခြင်းနှင့် အခြားသော ဘဏ္ဍာရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်းများသည် စီးပွားရေးကဏ္ဍတွင် စီးပွားရေး လုပ်ဆောင်မှုများကို ပိုမိုတွန်းအားပေးပြီး တရားဝင်စီးပွားရေးလုပ်ငန်းများ၏ စီးပွားရေး အကျိုးအမြတ်ကို တိုးတက်စေပါသည်။

မြန်မာနိုင်ငံလူ့အသိုင်းအဝိုင်းအတွင်း အဓိကနေရာတွင်ပါဝင်သော တရားဝင်လက်လီလုပ်ငန်းများ၏ အခြေအနေအလည်း ကောင်းမွန်လာပေလိမ့်မည်။ စစ်မှန်သော ပစ္စည်းများကို တရားဝင်လမ်းကြောင်းမှ ဖြန့်ချိခြင်း ပိုမိုကောင်းမွန်လာပြီး မှောင်ခိုသွင်းခြင်းသည် အကျိုးအမြတ်နည်းလာကာ အဂတိလိုက်စားမှုကိုလည်း ပိတ်ပင်ရာ ရောက်ပေလိမ့်မည်။

### အကြံပြုချက်များ

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ကော်မတီ ထူထောင်ရန်

ထိရောက်စွာ စဉ်ဆက်မပြတ် လုပ်ငန်းဆောင်ရွက်မှုကို ဖော်ဆောင်ပေးမည့် စောင့်ကြည့်ကြီးကြပ်ရေးလုပ်ငန်း များကို အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်ရန် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အစိုးရတွင်းချိတ်ဆက် ဆောင်ရွက်မှု ကော်မတီကို ထူထောင်ရန်ဖြစ်ပါသည်။ တိုင်းဒေသကြီးရ/ပြည်နယ်ကော်မတီများအားလုံးသည် ပြည်ထောင်စု အစိုးရရုံးက ကွပ်ကဲသော ပြည်ထောင်စုအဆင့် ဦးဆောင်ကော်မတီထံ အစီရင်ခံရမည် ဖြစ်ပါသည်။

ဥပဒေဖော်ဆောင်ရေး ပူးပေါင်းအေဂျင်စီများ၏ လုပ်ပိုင်ခွင့်ကို သတ်မှတ်ပါ

တရားမဝင် ကုန်သွယ်မှုများကို တိုက်ဖျက်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဌာန၊ ရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ဥပဒေဖော်ဆောင်ရေးအေဂျင်စီများ၏ လုပ်ပိုင်ခွင့်ကို သတ်မှတ်ခြင်းသည် ၎င်းတို့၏ ဥပဒေဖော်ဆောင်ရေး လုပ်ငန်းများ ပိုမိုထိရောက်လာစေပါလိမ့်မည်။ လူအင်အား သို့မဟုတ် ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း၊ လုံလောက်သော ဘတ်ဂျက်ချပေးခြင်းများကို ဦးစားပေး လုပ်ဆောင်ရန် လိုအပ်ပါသည်။



နိုင်ငံတကာမှ အကောင်းဆုံးအလေ့အထများ ကျင့်သုံးခြင်း

နိုင်ငံများစွာတွင် ဖမ်းဆီးဖျက်ဆီးခြင်း လုပ်ထုံးလုပ်နည်းကဲ့သို့ပင် ထိရောက်သော ဥပဒေဖော်ဆောင်ရေး လုပ်ထုံးလုပ်နည်းများ ရှိသည်။ ၎င်းတို့ကို မြန်မာနိုင်ငံတွင် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဥပဒေဖော်ဆောင်မှုအတွက် ကိုးကားစရာများအဖြစ် အသုံးပြုနိုင်ပါသည်။ သို့သော် အဆိုပါ အလေ့အထ ကျင့်ထုံးများသည် ရှုပ်ထွေးလွန်းမနေရန်၊ မဖြစ်မနေ ဆောင်ရွက်ရမည့် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်မနေစေရန် အရေးကြီးပါသည်။

အစိုးရအတွင်း ပူးပေါင်းဆောင်ရွက်ထားသည့် ဥပဒေဖော်ဆောင်ရေးအဖွဲ့ကို ဖွဲ့စည်းခြင်းဖြင့် ကုန်စည်စီးဆင်းမှု ကွင်းဆက် တစ်ခုလုံးအတွင်း တရားမဝင် ကုန်သွယ်မှုနှင့် ဆိုင်သော ဥပဒေဖော်ဆောင်ရေးကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ အကောင်အထည်ဖော်ခြင်း။ ဥပဒေဖော်ဆောင်ရေးအဖွဲ့များအကြား ပူးတွဲလုပ်ဆောင်ရမည့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း

## ပြဿနာဖော်ပြချက် ၃။ ဈေးကွာဟမှု

မြန်မာနိုင်ငံသည် ဈေးနှုန်းကို အလွန်ကြည့်သော ဈေးကွက်ဖြစ်သည်။ ဝယ်ယူသူအများစုမှာ ဈေးကို ကြည့်၍ ဝယ်မဝယ် ဆုံးဖြတ်ကြသည်။ ထို့ကြောင့် တရားမဝင် ကုန်သွယ်မှုက သက်ဆိုးရှည်နေခြင်းဖြစ်သည်။ တရားမဝင် ကုန်ပစ္စည်းများမှာ အခွန်ဆောင်စရာမလိုသောကြောင့် ပြည်တွင်းထုတ်ကုန်များကို နောက်ကောက်ချထားနိုင်သည်။ ဥပမာအားဖြင့် တရားမဝင် တင်သွင်းလာသော ဘီယာများသည် ပြည်တွင်းထုတ် ဘီယာများထက် ၃၅ ရာခိုင်နှုန်း ဈေးသက်သာသည်။

အစိုးရဝင်ငွေ၊ ဘတ်ဂျက်လိုငွေပြမှုများနှင့် တိုင်းပြည်တိုးတက်ရေးအတွက် အခြားသော အရာများကို ကိုင်တွယ်ရန်အတွက် အခွန်ကောက်ခံရာတွင် အစိုးရသည် လျင်မြန်စွာ တိုးတက်နေသော လူသုံးကုန်ပစ္စည်းများနှင့် အထူးကုန်စည်များကဲ့သို့သော တရားဝင် အခွန်ဆောင်နေသည့် လုပ်ငန်းများအပေါ်အခွန်တိုးမြှင့်ရန် ပထမစဉ်းစားသည်။ ထိုကဲ့သို့ တိုးမြှင့်လိုက်သောကြောင့် အခွန်ငွေပိုရလာမည်ဟု ကောက်ချက်ချ၍ မရပေ။ အခွန်တိုးမြှင့်လိုက်ခြင်းကြောင့် တရားဝင်ထုတ်လုပ်နေသော၊ အခွန်ဆောင်သော ကုန်စည်ပမာဏမှာ လျော့ကျသွားနိုင်ပြီး ဝင်ငွေပင်လျော့သွားနိုင်သည်။ သို့ဖြစ်ရာ ကြားထဲက အမြတ်ထွက်သွားသည်မှာ တရားမဝင် ကုန်သွယ်မှုလုပ်နေသူများသာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ ကုန်စည်များမှာ ဈေးသက်သာ သောကြောင့်ဖြစ်သည်။

မှောင်ခိုလုပ်ငန်းများ၏ အန္တရာယ်၊ ပြည်တွင်းစားသုံးသူများ၏ ဝယ်ယူမှု၊ အိမ်နီးချင်း ဈေးကွက်များ၏ အခွန်နှုန်းထား များ၊ အခွန်အမျိုးအစားများနှင့် လိုက်နာမှုကို ဖြန့်ကျက်နိုင်သည့် အခွန်အာဏာပိုင်များ၏ စွမ်းရည်နှင့် စွမ်းဆောင်မှု တို့မှာ သက်ဆိုင်ရာ အခွန်အမျိုးအစားနှင့် အခွန်နှုန်းထားများကို အကောင်အထည်ဖော်ရာတွင် ထည့်သွင်းစဉ်းစားရန် အလွန်အရေးပါသော အရာများဖြစ်သည်။ ထိုကဲ့သို့ မဆောင်ရွက်နိုင်ပါက တရားမဝင် ကုန်သွယ်မှု မြင့်တက်လာနိုင်ပြီး တရားဝင်ထုတ်ကုန်များ၏ ပမာဏ လျော့ကျလာနိုင်ပါသည်။

### ရနိုင်သော အကျိုးကျေးဇူးများ

(ဆေးဝါးများမှသည် ရေနံ၊ လျှပ်စစ်ပစ္စည်း၊ မော်တော်ယာဉ်များ၊ ဝိုင်နှင့် အရက်များ၊ မိုဘိုင်းဖုန်းများ၊ ရေမွှေးများ၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ ဟင်းခတ်အမွှေးအကြိုင်များအလယ်၊ ကလေးအညစ်အကြေးခံများအထိ) အမျိုးမျိုးသော ကုန်စည်များ၏ ဈေးကွာဟမှုကို ကိုင်တွယ်ခြင်းအားဖြင့် တရားမဝင် ကုန်သွယ်မှု အလျင်အမြန် တိုးတက်လာခြင်း ကဲ့သို့ မလိုလားအပ်သော အကျိုးဆက်များကို လျှော့ချနိုင်သည်။

### အကြံပြုချက်များ

မြန်မာနိုင်ငံရှိ တရားမဝင် ကုန်သွယ်မှုများကို ကိုင်တွယ်ရေးကို ထည့်သွင်းစဉ်းစားလျက် အစိုးရအနေဖြင့် နှစ်စဉ် အခွန်ကောက်ခံမှုကိုပြည့်စုံစွာ ချဉ်းကပ် လုပ်ဆောင်သင့်သည်။ ဤတရားမဝင်လုပ်ငန်းများကို နှိပ်ကွပ်ရေးအတွက် ကျွန်ုပ်တို့အနေဖြင့် လိုအပ်သော ရင်းမြစ်နှင့် အကူအညီများ ပေးသွားရန် အဆင်သင့်ရှိနေပါသည်။

အခွန်ကောက်ခံမှု မဟာဗျူဟာများနှင့် ပြည့်စုံသော ချဉ်းကပ်မှုများကို ပြန်လည်သုံးသပ်ရန်အတွက် ငွေကြေး ဖောင်းပွမှု၊ အိမ်ထောင်စုဝင်ငွေနှင့် အခွန်ဝင်ငွေလျာထားချက်နှင့် ဘတ်ဂျက်စီမံကိန်းများကဲ့သို့သော အရေးကြီး ကဏ္ဍများကို ထည့်သွင်းစဉ်းစားရန် တိုက်တွန်းပါသည်။

မှောင်ခိုလုပ်ငန်းများ၏ အန္တရာယ်များ၊ ပြည်တွင်း စားသုံးသူများ၏ ဝယ်လိုအား၊ အိမ်နီးချင်းနိုင်ငံများ၏ ဈေး ကွက်များအတွင်းမှ အခွန်နှုန်းထားများ၊ အခွန်အမျိုးအစားများနှင့် လိုက်နာမှုများကို ဖြန့်ကျက်ရန် အာဏာပိုင် များ၏ စွမ်းရည်နှင့် ထိထိရောက်ရောက်ဆောင်ရွက်မှုတို့ကဲ့သို့သော ကိစ္စရပ်များကို ထည့်သွင်းသုံးသပ် လျက် အခွန်ကောက်ခံမှုကို ဖြန့်ကျက်ချဉ်းကပ်ဆောင်ရွက်ခြင်း

# ပြဿနာဖော်ပြချက် ၄။ လျော့ပေါ့နည်းပါးသော ပြစ်ဒဏ်များ

ပိတ်ပင်ခြင်း၏ အဓိပ္ပါယ်၊ တရားမဝင် ကုန်စည်များအပေါ် ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများနှင့် ပြစ်ဒဏ်များ၏ ပြင်းထန်မှု၊ ပြစ်ဒဏ်နှင့် အရေးယူပိတ်ဆို့မှုကျင့်သုံးသည့်ဒီဂရီတို့မှာတရားမဝင် ကုန်သွယ်မှုများနှင့်ပတ်သက်၍ကျွန်ုပ်တို့ စည်းရုံးတိုက်တွန်းအားပေးလိုသောအရာများ ဖြစ်ပါသည်။

တရားဝင်မဟုတ်သော ကုန်စည်များကို လုပ်ဆောင်နေသူများကို မပြင်းထန်၊ မပြည့်ဝ၊ လျော့ပေါ့နည်းပါးသော ပြစ်ဒဏ်များနှင့် ထိန်းချုပ်၍ မရပေ။

## ရနိုင်သော အကျိုးကျေးဇူးများ

ရှင်းလင်းသော ပြစ်ဒဏ်များ ဖော်ဆောင်ခြင်းသည် တရားမဝင်လုပ်ဆောင်နေသူများ၏ အရင်းအမြစ်ကို ထုတ်ဖော်ရာတွင် အထောက်အကူဖြစ်ပါသည်။ ထို့မှတစ်ဆင့်တရားမဝင်လုပ်ရပ်များကျူးလွန်လိုစိတ်နည်းသွားစေမည်ဖြစ်ပြီးတစ်ဖက်တွင်းလည်းအကောက်ခွန်ဝန်ထမ်းများအကြား ပွင့်လင်းမြင်သာမှုကို တိုးတက်စေမည်ဖြစ်ပါသည်။

## အကြံပြုချက်များ

တရားမဝင်ကုန်သွယ်မှု၏ အဓိပ္ပါယ်များအပေါ် အသိပညာပေးခြင်း

တရားမဝင် ကုန်စည်များ၏ အဓိပ္ပါယ်နှင့်ပတ်သက်ပြီး ပြည်သူများနှင့် အစိုးရဝန်ထမ်းများအနေဖြင့် ဂရုပြုမိခြင်း နည်းပါးမှုကြောင့် တရားမဝင် ကုန်သွယ်ထားသည့် ကုန်ပစ္စည်းများအတွက် ဝယ်ယူသူများရှိရာ အရှေ့တောင်အာရှရှိအကြီးဆုံးနေရာများထဲမှတစ်နေရာသည်မြန်မာနိုင်ငံတွင် တည်ရှိနေသည်။ တရားမဝင်ကုန်သွယ်မှုများနှင့် ယင်း၏ အကျိုးဆက်များအပေါ် အစိုးရက လုပ်ဆောင်သော လူထုလှုပ်ရှားမှုသည် ထိရောက်မှု ရှိနိုင်သည်။

ဒဏ်ကြေးများ/ပြစ်ဒဏ်များ သို့မဟုတ် တရားရုံးတွင် စွဲချက်များကို တိုးမြှင့်ရန်

တရားမဝင် ကုန်စည်များနှင့် အတုဖမ်းမိလျှင် တရားခံများအပေါ် တိုးမြှင့် ဒဏ်ကြေး သို့မဟုတ် ပြစ်ဒဏ်များ ချမှတ်ပါ။ တရားရုံးတွင် တရားစွဲဆိုပြစ်ဒဏ်ချမှတ်ခြင်းသည် အလုပ်ပိုသော်လည်း ထိုကဲ့သို့ တရားစွဲ ပြစ်ဒဏ်ချခြင်းသည် တရားမဝင် စီးပွားရေးများအပေါ် အဟန့်အတားများ ဖြစ်စေသည်။

စီးပွားရေးလိုင်စင်များ ပယ်ဖျက်ခြင်း

တရားမဝင် ကုန်သွယ်မှုတွင် ပါဝင်သော လက်လီဆိုင်များ၊ ထုတ်လုပ်သူများ၊ ဖြန့်ချိသူများထံမှ စီးပွားရေး လိုင်စင်များကို ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

> တစ်ဖက်တွင် တရားမဝင် ကုန်သွယ်မှုများနှင့် ယင်းတို့၏ အကျိုးဆက်များအကြောင်း အသိပညာပေးရင်း တစ်ဖက်က စီးပွားရေးလိုင်စင်များ ရုပ်သိမ်းခြင်း သို့မဟုတ် တရားစွဲခြင်းကဲ့သို့သော ရှင်းလင်းသည့် ပြစ်ဒဏ်များ ချမှတ်ခြင်းအားဖြင့် တရားမဝင် ကုန်သွယ်မှုများကို လျှော့ချခြင်း၊

# မော်တော်ယာဉ်ကဏ္ဍ

# ၅

## မိတ်ဆက်

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွဲ့စည်းခဲ့သော EuroCham Automotive Advocacy Group (EAAG) သည် ဥရောပတွင် ရုံးချုပ်များရှိသော မော်တော်ယာဉ်အမှတ်တံဆိပ်များကို တရားဝင်တင်သွင်း၊ ဖြန့်ဖြူးခွင့်ရသူများထဲတွင် ပါဝင်ပါသည်။ အဆိုပါ အဖွဲ့သည်အဖွဲ့ဝင်များ၏ နိုင်ငံတကာအတွေ့အကြုံများ၊ အသိပညာများကို အခြေခံကာ အကျိုးဖြစ်ထွန်းမှုရှိသော မူဝါဒဆိုင်ရာ အကြံပြုချက်များဖြင့် မြန်မာအစိုးရကို အထောက်အပံ့ပေးရန် ဆောင်ရွက်နေပါသည်။ မကြာသေးခင်က ထွက်ပေါ်ခဲ့သောမော်တော်ယာဉ်ဥပဒေကဲ့သို့သော ၂၀၁၇ ခုနှစ်အတွင်း မြန်မာအစိုးရ ဆောင်ရွက်ခဲ့သော အပြုသဘော ဆောင်သည့် ပြုပြင်ပြောင်းလဲမှုများကို EAAG က ကြိုဆိုပါသည်။ နိုင်ငံသားများအား အရည်အသွေးမြင့်၊ ဘေးကင်းလုံခြုံပြီး သဘာဝပတ်ဝန်းကျင်မထိခိုက်စေသော မော်တော်ယာဉ်များ မောင်းနှင်ခွင့်ရအောင် ဆောင်ရွက်ရင်းဘေးအန္တရာယ်နှင့် ဓာတ်ငွေ့ထုတ်လွှတ်မှုဆိုင်ရာ စံနှုန်းများ တိုးတက်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းသင့်ပါသည်။

ဘေးကင်းရေးနှင့် ဓာတ်ငွေ့ထုတ်လုပ်မှုတို့နှင့် ပတ်သက်လာလျှင် မြန်မာနိုင်ငံမှာ အိမ်နီးချင်းနိုင်ငံများ၏ အခြေအနေများထက်ကောင်းမွန်နေသော်လည်း အနာဂတ်တွင် ရှောင်ရှား၍ ရနိုင်သော ပြဿနာများကို ရှောင်ရှားနိုင်ရန်အတွက် ထိရောက်သော ဆောင်ရွက်မှုများကို ဦးစားပေးအဖြစ် ဆောင်ရွက်သင့်ပါသည်။ မကြာသေးခင်က ထုတ်ပြန်သော အချက်အလက်များအရ မော်တော်ယာဉ်တိုက်မှုကြောင့် ဖြစ်ပွားသောအသေအပျောက်နှုန်းမှာ ၂၀၁၆ ခုနှစ် တွင် ၄၆၈၈ ခုရှိနေရာမှ လက်ရှိမော်တော်ယာဉ်တိုးပွားမှုနှုန်း[1]အရ ၂၀၂၅ ခုနှစ်တွင် ၁၅၀၀၀အထိရှိလာမည်ဖြစ်သည်။

လေထုညစ်ညမ်းမှုသည် ရန်ကုန်ကဲ့သို့ မြို့ကြီးများ ရင်ဆိုင်နေရသော အကြီးမားဆုံး ပြဿနာများထဲမှ တစ်ခုဖြစ်သည်။ယာဉ်ကြောကြပ်တည်းမှုနှင့် နိမ့်ပါးသော ဓာတ်ငွေ့ထုတ်လုပ်မှုဆိုင်ရာ စံနှုန်းများမှာ လေထုညစ်ညမ်းမှု၏ အဓိက အကြောင်းရင်းများထဲတွင် ပါဝင်သည်ဟု ကျွမ်းကျင်သူများက ဆိုသည်။ လေထုညစ်ညမ်းခြင်းသည်[2] စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စတေးပေးရမည့် အရာတစ်ခုမဖြစ်သင့်ဟု EAAG က ခိုင်မာစွာ ယုံကြည်ပါသည်။

အောက်ဖော်ပြပါ အကြံပြုချက်များမှာ လာမည့်နှစ်များအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်အောင် ဆောင်ရွက်ရင်း၊ အထူးသဖြင့် ရန်ကုန်မြို့ကဲ့သို့သော မြို့ကြီးများရှိမြန်မာနိုင်ငံသားများ၏လူမှုဘဝ အရည်အသွေးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် အကြံပြုထားခြင်းဖြစ်ပါသည်။ ထို့အပြင် ယင်းအကြံပြုချက်များမှာ ၂၀၁၇ အောက်တိုဘာလက ထုတ်ပြန်ခဲ့သော EU-ASEAN Business Council အစီရင်ခံစာ 'Automotive Industry ASEAN: Towards and increased global role and enhanced safety'နှင့် အညီဖြစ်သည်။[3]

## ပြဿနာဖော်ပြချက် ၁။ အခွန်ကောက်ခံခြင်း (၂၀၀၀ စီစီအောက်)

မြန်မာနိုင်ငံသားများသည် မော်တော်ယာဉ်ဈေးကွက်အတွင်း နောက်ဆုံးပေါ် မော်ဒယ်များကို စီးနင်းလိုကြသည်။ စီးနင်းခွင့်လည်း ထိုက်ထိုက်တန်တန်ရသင့်ပါသည်။ သို့သော် တင်သွင်းခွန်များ မြင့်မားခြင်း၊ အကောက်အခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ လမ်းတံတားခွန် မြင့်မားခြင်းတို့ကြောင့် မြန်မာနိုင်ငံရှိ မော်တော်ယာဉ်တစ်စီးမှာ ဥရောပ ဈေးကွက်အတွင်းက မော်တော်ယာဉ် တစ်စီး၏ တန်ဖိုးထက် ၁၅၀ ရာခိုင်နှုန်း ပိုများပါသည်။ ထို့ကြောင့်ပင် ဝယ်သူတော်တော်များများမှာ နောက်ဆုံးထွက် မော်ဒယ်များကို အသုံးပြုခွင့်မရကြဘဲ အရည်အသွေးနိမ့် မော်တော်ယာဉ်များကိုသာ ရွေးချယ်နေရပါသည်။ ထိုအခြေအနေက လူ့အဖွဲ့အစည်းအတွင်းတွင် ပြင်းထန်ပြီး ရေရှည်တွင် ဆိုးဝါးသော စီးပွားရေး အကျိုးဆက်ကို ပေါ်ပေါက်စေနိုင်ပါသည်။ အရည်အသွေးနိမ့်သော မော်တော်ယာဉ်များမှာ ဓာတ်ငွေ့ထုတ်လုပ်မှုဆိုင်ရာ စံနှုန်းပြည့်မီလေ့မရှိပေ။ ဘေးကင်းရေးနှင့် ပတ်သက်လာလျှင်လည်း ခေတ်မမီတော့ပေ။



1 ADB. (2016). *Myanmar Transport Sector Policy Note: Road Safety. Mandaluyong City, Asian Development Bank. Available on https://www.adb.org/publications/myanmar-transport-sector-policy-note-summary-decision-maker*

2 *https://frontiermyanmar.net/en/alarm-sounded-on-yangon-air-pollution*

3 *EU-ASEAN Business Council. (October 2017). Automotive Industry in ASEAN: Towards an increased global role & enhanced safety. Available on https://docs.wixstatic.com/ugd/63371b_eaf099dad3774a749e7dde16e6413392.pdf*

အောက်တွင် ဖော်ပြထားသော ဇယားမှာ မြန်မာနိုင်ငံသို့ တင်သွင်းလာသော မော်တော်ယာဉ်များ၏ ဈေးနှုန်းအပေါ် အခွန်များနှင့် ပေးဆောင်ရသည့် သတ်မှတ်ကြေးများ ၏ သက်ရောက်မှုကို အင်္ဂလိပ်အက္ခရာ အလိုက် ဖော်ပြထားပါသည်။

| | | အစီးလိုက်တင်သွင်းခြင်း (CBU) |
|---|---|---|
| အကောက်အခွန်<br>(CFI တန်ဖိုးအပေါ် အခြေခံ) | ၂၀၀၀ စီစီ အောက် | ၃၀% |
| | ၂၀၀၀ စီစီအထက် | ၄၀% |
| အထူးကုန်စည်ခွန်<br>(CFI နှင့် CD တို့အပေါ် အခြေခံ) | ၁၅၀၀ စီစီအောက် | ၀% |
| | ၁၅၀၁ - ၂၀၀၀ စီစီ | ၂၀% (၁၀% ဧပြီလ ၁ရက်နေ့မှစ၍) |
| | ၂၀၀၁ - ၄၀၀၀ စီစီ | ၃၀% |
| | ၄၀၀၁ စီစီ အထက် | ၅၀% |
| ကုန်သွယ်လုပ်ငန်းခွန် | မည်သည့် အမျိုးအစားမဆို | ၅% |
| လမ်းတံတား မှတ်ပုံတင်အခွန် | ၁၃၅၀ စီစီ အောက် | ၃၀% |
| ( ၈၃.၃၃ % * CIF ကို အခြေခံသည်) | ၁၃၅၁ - ၂၀၀၀ စီစီ | ၅၀% |
| | ၂၀၀၁ -၅၀၀၀ စီစီ | ၈၀% |
| | ၅၀၀၁ စီစီ အထက် | ၁၂၀% |

ကြီးမားကျယ်ပြန့်သော ပြည်တွင်းမော်တော်ယာဉ်ဈေးကွက် ဖန်တီးခြင်းသည် ဤကဏ္ဍအတွင်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန်အတွက် ပမာဏအဆင့် ဖြစ်သည်။ ဥရောပ မော်တော်ယာဉ် အမှတ်တံဆိပ်များသည် R&D၊ နည်းပညာလွှဲပြောင်းမှု အလုပ်သမားအင်အားစုကို တိုးတက်စေခြင်းတို့နှင့် ပတ်သက်လျှင် ဤကဏ္ဍတွင် ထိပ်ဆုံးနေရာတွင် ရှိသည်။

ရနိုင်သော အကျိုးကျေးဇူးများ

- သဘာဝပတ်ဝန်းကျင် ထိခိုက်မှု –
  ဓာတ်ငွေ့ထုတ်လုပ်မှုနှင့်ပတ်သက်လျှင် မော်ဒယ်အသစ်များက ပိုမိုကောင်းမွန်သည်။
- ဘေးအန္တရာယ်ကင်းရှင်းမှု –
  နောက်ဆုံးပေါ် မော်ဒယ်များသည် ဘေးအန္တရာယ်ကင်းရှင်းရေး စနစ်များ ပိုပါပြီး National Highway Traffic Safety Administration (NHTSA) ၏ စမ်းသပ်ချက်တွင်လည်း ရလဒ်ကောင်းကောင်း ထွက်သည်။
- လူနေမှုဘဝတိုးတက်မှု –
  လမ်းပေါ်တွင် ကားပျက်နှုန်းနည်းခြင်းက ယာဉ်ကြောပိတ်ဆို့မှုကို ကောင်းမွန်စေသည်။
- လောင်စာဆီသုံးစွဲမှုနှုန်း
  နောက်ဆုံးပေါ် မော်တော်ယာဉ်များသည် ယခင်မော်တော်ယာဉ်များထက် ဆီစားနှုန်းသက်သာသည်။
- ပြည်တွင်းဈေးကွက် / နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု –
  အင်ဂျင်ပါဝါ ၂၀၀၀ စီစီအောက် မော်တော်ယာဉ်များအတွက် အခွန်လျှော့ပေးခြင်းဖြင့် သာမန်ဝင်ငွေရှိသော ပြည်သူများနိုင်ငံတကာ အရည်အသွေးရှိ ထိပ်တန်းမော်တော်ယာဉ် အမှတ်တံဆိပ်ကို စီးနင်းခွင့်ရရှိစေမည်ဖြစ်သည်။ ထို့အပြင်မော်တော်ယာဉ် ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်သည်။

## အကြံပြုချက်များ

| | | |
|---|---|---|
| လမ်းတံတားမှတ်ပုံတင်အခွန် (၈၃.၃၃% * CIF ကိုအခြေခံသည်) | ၁၃၅၀ စီစီအောက် | ၂၀% |
| | ၁၃၅၁ – ၂၀၀၀စီစီ | ၄၀% |
| | ၂၀၀၁ – ၅၀၀၀ စီစီ | ၈၀% |
| | ၅၀၀၁ စီစီအထက် | ၁၂၀% |

- ၂၀၀၀ စီစီအောက် မော်တော်ယာဉ်များအတွက် လမ်းတံတားမှတ်ပုံတင်အခွန်ကို လျှော့ချရန်
- မော်တော်ယာဉ်များအပေါ် သတ်မှတ်သော အခွန်နှုန်းထားများကို သတ်မှတ်ရာတွင် အင်ဂျင်ပါဝါအပေါ် အခြေမခံဘဲ သဘာဝပတ်ဝန်းကျင်အပေါ်ထိခိုက်စေသော ဓာတ်ငွေ့ထုတ်လွှတ်မှုအပေါ်အခြေခံသင့်သည်။ ထိုသို့လုပ်ဆောင်လိုက်ပါက လောင်စာဆီအရည်အသွေး တိုးတက်စေနိုင်သည်။ ပိုမိုသိရှိလိုပါက ပြဿနာ ဖော်ပြချက် ၆ တွင် ကြည့်ပါ။

၂၀၀၀ စီစီအောက် မော်တော်ယာဉ်များအတွက် လမ်းတံတားအခွန်ကို အနည်းဆုံး ၁၀ ရာခိုင်နှုန်း လျှော့ချရန်

## ပြဿနာဖော်ပြချက် ၂။ မှတ်ပုံတင်လုပ်ငန်းစဉ်

မှတ်ပုံတင်လုပ်ငန်းစဉ်အတွင်းကြုံတွေ့ရသောအခက်အခဲများကြောင့်မြန်မာနိုင်ငံသားများသည်မိမိတို့၏မော်တော်ယာဉ်များကိုမှန်မှန်ကန်ကန်မှတ်ပုံတင်လိုခြင်း၊ မော်တော်ယာဉ်ပိုင်ဆိုင်မှု လွှဲပြောင်းလဲခြင်း မရှိပေ။ မှတ်ပုံတင်လုပ်ငန်းစဉ်တွင် အချက်အလက်စာရွက်စာတမ်း အမြောက်အမြား ရယူရခြင်း၊ အစိုးရရုံးများစွာသို့ သွားရောက်ရခြင်းတို့ ပါဝင်သည်။

အကျိုးဆက်အနေဖြင့် မှတ်ပုံတင်လုပ်ငန်းစဉ်သည် နှစ်ပတ်မှ သုံးပတ်အထိ ကြာသွားနိုင်သည်။

လက်ရှိတွင် အောက်ပါ စာရွက်စာတမ်းများနှင့် လုပ်ငန်းစဉ်များလိုအပ်ပြီး ယင်းတို့ကို ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင်သာ ရယူနိုင်သည်။ (မြို့ပြလမ်းမဟုတ်သည့်နေရာတွင် လမ်းအသုံးပြုမည့်သူများအတွက် များစွာ အဟန့်အတားဖြစ်စေသည်)

- သက်တမ်း ၂၀ ရှိသော မော်တော်ယာဉ် အဟောင်း ဝယ်ယူမှု
- ပိုင်ရှင်အသစ်ထံ လွှဲပြောင်းမှု
- သက်တမ်း ၂၀ ရှိ မော်တော်ယာဉ်များအတွက် သံရည်ကျိုလက်မှတ် (ရန်ကုန် လိုင်စင်)
- ပြည်တွင်းအကောက်အခွန်ဌာနမှ ထုတ်ပေးသော ဝင်ငွေခွန် အတည်ပြုချက်
- အင်ဂျင်ပါဝါအလိုက် မှတ်ပုံတင်ထားရှိမှု
- အုံနာဘုတ်

သင့်လျော်သော မှတ်ပုံတင် လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်ကို လိုက်နာခြင်းဖြင့် ရနိုင်မည့် အကျိုးများ

- အာဏာပိုင်များအနေဖြင့် ပိုင်ရှင်အစစ်ကို သိရှိနိုင်သည်။
- ဘဏ်များအနေဖြင့် မော်တော်ယာဉ်ပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်ကို အစိုးရဌာန သို့မဟုတ် အစိုးရဝက်ဆိုဒ်တွင် စစ်ကြည့်နိုင်သည်။
- ယာဉ်စည်းကမ်းချိုးဖောက်မှုနှင့်ပတ်သက်၍ မူလပိုင်ရှင်ကို ခြေရာခံနိုင်မှုကို တိုးတက်စေသည်။
- ယာဉ်စည်းကမ်းချိုးဖေါက်သူများကို ကြီးကြပ်ကွပ်ကဲရန် မြန်နှုန်းမြင့် စစ်ဆေးရေး ကင်မရာများကို သုံးစွဲရာတွင် အထောက်အကူဖြစ်စေသည်။
- မတော်တဆမှုဖြစ်ပွားချိန်တွင် ပြောဆိုမှုများကို ကောင်းမွန်စွာ စုံစမ်းနိုင်သည်။
- ရဲတပ်ဖွဲ့အနေဖြင့် အခိုးခံရသော မော်တော်ယာဉ်များကို ပိုင်ရှင်အစစ်ထံပြန်ပေးရာတွင် အထောက်အကူဖြစ်စေသည်။

## အကြံပြုချက်များ

- မော်တော်ယာဉ်အသစ်မှတ်ပုံတင်ခြင်းအတွက် one-stop ဝန်ဆောင်မှုများ ပေးရန်
- ပိုင်ရှင်လွှဲပြောင်းသည့် လုပ်ငန်းစဉ်ကို ရိုးရှင်းအောင် ပြုရန်
- မှတ်ပုံတင်လာစေရန်အတွက် ပိုင်ရှင်လွှဲပြောင်းကြေးများကို လျှော့ချရန်
- ပိုင်ရှင်လွှဲပြောင်းမှုကို အခြားအစိုးရဌာနက ဆောင်ရွက်ရန်
- အွန်လိုင်းတွင်ရှင်းလင်းသောလက်ရှိသတင်းအချက်အလက်များထားရှိပေးပါ။ သက်ဆိုင်ရာစာရွက်စာတမ်းများကိုဒေါင်းလုတ်ရယူနိုင်အောင် ပြုလုပ်ပေးရန်
- တိုင်းဒေသကြီး ပြည်နယ်မြို့တော်များတွင် ကညနရုံးများ ဖွင့်လှစ်ရန်
- မှတ်ပုံတင်ရန်အတွက် မော်တော်ယာဉ်အသစ်များကို ကညနရုံးတွင် လာရောက်ပြသရန် လိုအပ်ချက်များ ဖယ်ရှားရန် (လက်ရှိတွင် အသုံးပြုပြီး သားကားများ သို့မဟုတ် ပြန်လည် မှတ်ပုံတင်သည့် ကားများအတွက် ထိုသို့ ယူလာပြရန် မလိုပါ)

ပိုင်ရှင်လွှဲပြောင်းမှု လုပ်ငန်းစဉ်။ မြို့တော်တိုင်းတွင် ကညန ရုံးများ ဖွင့်လှစ်ပါ။

## ပြဿနာဖော်ပြချက် ၃။ CBU၊ SKD နှင့် CKD

မြန်မာနိုင်ငံတွင် မော်တော်ယာဉ်အသစ်များကို CBU (Complete Build-Up) (အစီးလိုက် တင်သွင်းသည့်စနစ်)နှင့် SKD (Semi Knocked-Down) (တစ်ဝက်တစ်ပျက် တင်သွင်းသည့်စနစ်)တို့ဖြင့် တင်သွင်းလာသည်။ CBU စနစ်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်များမှာမူလကတည်းကပင် အပြီးတပ်ဆင်ထားပြီးသောမော်တော်ယာဉ်များဖြစ်ပြီး SKD စနစ်ဖြင့်တင်သွင်းသောမော်တော်ယာဉ်များသည် မြန်မာနိုင်ငံရောက်သည့်အခါတွင်မှ ပြန်လည် တပ်ဆင်ခြင်းဖြစ်သည်။

လက်ရှိတွင်မြန်မာနိုင်ငံတွင် ကျင့်သုံးသော SKD စနစ်တွင် အမျိုးအစားနှစ်ခုရှိသည်။ SKD1 (အစိတ်အပိုင်း၉ခုပြင်လည်တပ်ဆင်သည့်စနစ်) နှင့် SKD2 (အစိတ်အပိုင်း ၁၀ ခု ပြန်လည် တပ်ဆင်သည့် စနစ်) တို့ဖြစ်သည်။

သို့သော် အချို့သော အမှတ်တံဆိပ်များသည်SKD1ဖြင့် လည်ပတ်နေသော်လည်း အစိုးရသည် အသစ်လျှောက်ထားမှုများအတွက် SKD 2 ကိုသာ ခွင့်ပြုသည်။ အခြားသော တင်သွင်းမှုပုံစံကို CKD (အစီးလိုက်တင်သွင်းသည့်စနစ်) ဟုခေါ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးအများဆုံးအဖြစ် ယူဆထားကြသည်။[၄]

အခွန်ကောက်ခံခြင်း

CBU အခွန်ကောက်ခံမှု နှုန်းသည် SKD စနစ်ထက် (၁၀၀ ရာခိုင်နှုန်းနီးပါး သို့မဟုတ် ထိုထက်မက) များပြားသည်။ သို့သော် SKD နှင့် CKD စနစ်အကြား အခွန်သတ်မှတ်ချက်ကို ရှင်းရှင်းလင်းလင်း သတ်မှတ်ထားခြင်းမရှိပေ။

CKD စနစ်လုပ်ငန်းဆောင်ရွက်ရာတွင် SKD စနစ်ထက် ရင်းနှီးမြှုပ်နှံမှု ပိုလိုသဖြင့် CKD စနစ် မော်တော်ယာဉ်များသည် အခွန်နှင့် ပတ်သက်လျှင် အကျိုးခံစားခွင့် ပိုရသင့်သည်။

SKD စနစ်ကို အခွန်နည်းပါးစွာ ကောက်ခြင်းဖြင့် အစိုးရသည် CBU သို့မဟုတ် CKD စနစ်တို့နှင့် ယှဉ်လိုက်လျှင် အကျိုးအမြတ်အများအပြား မထွက်သည့် လုပ်ငန်းများမှ ရရှိမည့် အခွန်အခများ ဆုံးရှုံးနေသည်။

အကျိုးအမြတ် မထွက်မှု

SKD စနစ်မှာ မူလက အလုံးစုံ တပ်ဆင်ထုတ်လုပ်ထားသော မော်တော်ယာဉ်များဖြစ်ပြီး သက်ဆိုင်ရာ နိုင်ငံတွင် ပြန်လည် တပ်ဆင်ရန်အတွက် ပြန်ဖြုတ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် SKD စနစ်သည် ကုန်ကျစရိတ်ပိုများသည်။

အလုံးအရင်း ရင်းနှီးမြှုပ်နှံမှု

SKD စက်ရုံတစ်ခု တည်ဆောက်ခြင်းနှင့် နိုင်ငံတကာ အသိအမှတ်ပြု ၄ ကား showroom တစ်ခုဖွင့်ခြင်းအကြား ငွေကြေးမတည်မြှုပ်နှံမှု ကွာခြားခြင်းမရှိပေ။ CKD စက်ရုံသည် CBU တင်သွင်းမှုများနှင့် SKD စနစ်များထက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုလိုသည်။

4 *Tomiyama, E. (2014) A study of semi knock down (SKD) production and sales and marketing strategy in the Russian Far East. The Northeast Asian Economic Review, 2(2). pp. 39-50. Available on https://ideas.repec.org/a/eri/review/2239-50.html*

အသိပညာ လွှဲပြောင်းပေးမှု မရှိခြင်း

SKD စနစ်ဖြင့် မော်တော်ယာဉ်တစ်စီးကို ပြန်လည်တပ်ဆင်ခြင်းသည် အလုပ်သမားများအား မည်သည့် နည်းပညာ သို့မဟုတ် မည်သည့် ကျွမ်းကျင်မှုကိုမျှ မျှဝေပေးခြင်းမရှိပေ။ ထိုစနစ်မှာ မော်တော်ယာဉ်ကဏ္ဍအတွင်း အရိုးရှင်းဆုံးသော လုပ်ငန်းလည်ပတ်မှုတစ်ခုမျှသာဖြစ်သည်။

မျှတမှုမရှိသော အလေ့အထများ/ယှဉ်ပြိုင်မှုများ

SKD စနစ်အတွက် ပမာဏ အကန့်အသတ်မရှိရုံမက တစ်ဦးအနေဖြင့်လည်း SKD စနစ် မော်တော်ယာဉ်များကို မိမိတို့ စိတ်ကြိုက် ပမာဏကို ဝယ်ယူနိုင်သည်။ ထိုအထဲတွင် ရန်ကုန်လိုင်စင် ချထားပေးမှုလည်း ပါဝင်သည်။ CBU စနစ်တွင်တော့ ထိုကဲ့သို့သော အကျိုးခံစားခွင့်မရှိသော်ငြားလည်း အခွန်ပိုရသည်။

လိုင်စင်ချထားပေးမှုအနေအထားကြောင့် ရန်ကုန်တွင် နေထိုင်သူများမှာ ကားဝယ်လျှင် ရွေးချယ်စရာ အကန့်အသတ်နှင့်သာရှိသည်။ မကြာသေးမီက ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် လမ်းဘေးတွင် ရပ်နားထားသော ကားအရေအတွက်ကို လျှော့ချရန်နှင့် ယာဉ်ကြောကြပ်တည်းမှုကို လျှော့ချရန်အတွက် မဟာဗျူဟာများ ချမှတ်ရန် ကြိုးစားခဲ့သည်။

သို့သော် SKD စနစ်အား အခမဲ့ ရန်ကုန်လိုင်စင်အပါအဝင် အခွန်လျှော့ချထားပေးပြီး ပမာဏအကန့်အသတ် မထားသည့် လက်ရှိ စနစ်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ရပ်ထားသောမော်တော်ယာဉ်အစီးရေလျှော့ချရေး မဟာဗျူဟာ၏ အားနည်းချက်ကို လှစ်ဟပြနေသည်။

## ရနိုင်သော အကျိုးကျေးဇူးများ

CKD လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုရလာကာ စက်ရုံဆောက်လုပ်ရန် လိုအပ်လာမည်။ CKD စနစ်သည် SKD စနစ်ထက် ရှုပ်ထွေးသောကြောင့် ပြည်တွင်း လုပ်သားအင်အားစုထံသို့ အဆင့်မြင့်နည်းပညာများနှင့် ကျွမ်းကျင်မှုများ လွှဲပြောင်းပေးနိုင်မည်ဖြစ်သည်။ CKD စနစ် လည်ပတ်ရန်အတွက် အလုပ်သမား ပိုလိုမည်ဖြစ်သည်။

## အကြံပြုချက်များ

- CBU၊ SKD နှင့် CKD စနစ်များအတွက် တိကျသော မူဝါဒနှင့် ဥပဒေများ ချမှတ်ရန်
- CBU၊ SKD နှင့် CKD စနစ်များအတွက် ရှင်းလင်းပြီး လက်တွေ့ကျသော အခွန်ကောက်ခံမှု စနစ်များ ဖော်ဆောင်ရန်
- SKD စနစ်ဖြင့် တင်သွင်းလာမှုကို ကန့်သတ်ရန်၊ လိုင်စင်ထုတ်ယူသည့် လုပ်ထုံးလုပ်နည်းကို ကိုင်တွယ်ရန်
- မျှတသော ယှဉ်ပြိုင်မှုကို အားပေး မြှင့်တင်ရန်

CBU၊ SKD နှင့် CKD စနစ်များအကြား ရှင်းရှင်းလင်းလင်းသတ်မှတ်ရန်၊ အဆိုပါစနစ်များအကြား မျှတသော အခွန်ကောက်ခံမှုစနစ်ဖော်ဆောင်ရန်။

## ပြဿနာဖော်ပြချက် ၄။ အငှားဂိုထောင်စနစ်

အငှားဂိုထောင်များသည် အကောက်အခွန်ဌာန၏ ထိမ်းချုပ်မှုအောက်တွင် ကုမ္ပဏီများအနေဖြင့် မိမိတို့၏ ကုန်ပစ္စည်းများကို ဘေးကင်းစွာ ဥပဒေနှင့်အညီ သိုလှောင်နိုင်မည်ဖြစ်ပါသည်။ ပစ္စည်းမထုတ်မချင်း ပေးသွင်းရမည့် သတ်မှတ်နှုန်းထားများနှင့် အခွန်များကို ဆိုင်းငံ့ထားပေးပါသည်။

မြန်မာနိုင်ငံတွင် ထိုကဲ့သို့သော အဆောက်အအုံမျိုးကို လိုင်စင်မလိုသော ပစ္စည်းများ (ဥပမာ - အစားထိုး အစိတ်အပိုင်းများ) သိုလှောင်ရန် အတွက် မော်တော်ယာဉ်လုပ်ငန်းများက အသုံးပြုနိုင်ပါသည်။ ဖောက်သည်ထံ ပေးပို့ချိန်နောက်ကျစေနိုင်မှုရှိသော လိုင်စင်လိုသော ပစ္စည်းများ (ဥပမာ တင်သွင်းလာသော မော်တော်ယာဉ်များ)အတွက် သုံးနိုင်ပါသည်။

## ရနိုင်သော အကျိုးကျေးဇူးများ

စီးပွားရေးလုပ်ငန်းများအပါအဝင် မော်တော်ယာဉ်ဝယ်ယူသူများသည် ကားအသစ်များ၊ ကုန်တင်ကားအသစ်များ သုံးစွဲနိုင်ခွင့်ရလာမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသည် အခြား တတိယနိုင်ငံတစ်ခုခုမှ သို့မဟုတ် စက်ရုံတစ်ခုခုမှ ပစ္စည်းရောက်လာမည်ကို စောင့်စရာမလိုတော့ဘဲ အဆိုပါဂိုထောင်များမှ ကားအသစ်များကို ရယူနိုင်သည်။

ထိုသို့လုပ်ဆောင်ခြင်းကစီးပွားရေးလျှင်မြန်စွာတိုးချဲ့စေနိုင်သကဲ့သို့အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုကိုလည်းလျှင်မြန်လာစေနိုင်သည့်အပြင် နိုင်ငံအတွက်လည်း အခွန်အကောက်ပိုမိုရရှိစေကာ စီးပွားရေးတိုးတက်မှု လျှင်မြန်လာစေနိုင်သည်။

တင်သွင်းသူများသည်လည်း သုံးစွဲသူအနီးတွင် ကုန်ပစ္စည်းများကို သိုလှောင်နိုင်ခြင်းမှအကျိုးကျေးဇူးရရှိနိုင်ပါသည်။ ထိုကဲ့သို့ သိုလှောင်နိုင်ခြင်းသည် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များကို လျှော့ချပေးပြီး ပြည်တွင်းအခြေပြု သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက်လည်း ငွေကြေးပိုရစေနိုင်မည်ဖြစ်ပါသည်။

အကျိုးဆက်အနေဖြင့်လည်း သုံးစွဲသူများအနေဖြင့် ဈေးသက်သာစွာ သုံးစွဲနိုင်မည်ဖြစ်သည်။ တင်သွင်းသူများသည်လည်း ကုန်ပစ္စည်းအမျိုးမျိုးကို သိုလှောင်ထားနိုင်မည်ဖြစ်ကာ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဝယ်ယူသူများအတွက် ရွေးချယ်စရာ ပိုပေးလာနိုင်မည်ဖြစ်ပါသည်။

အကောက်အခွန်ဌာနအနေဖြင့်လည်း သိုလှောင်ထားသည့် မော်တော်ယာဉ်များကို စုံစမ်း စောင့်ကြည့်နိုင်သကဲ့သို့ ခွင့်ပြုပေးထားသော ပစ္စည်းများကိုသာ တင်သွင်း၊ သိုလှောင်လာစေနိုင်သည်။ ထိုသို့လုပ်နိုင်ခြင်းကြောင့် အကောက်အခွန်ဌာန၏ ထိန်းချုပ်မှုနှင့် လုံခြုံမှုသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး တင်သွင်းသူများနှင့် သုံးစွဲသူများအတွက် ပိုမိုကောင်းမွန်သော အာမခံချက်များကို ပေးနိုင်မည်ဖြစ်သည်။

## အကြံပြုချက်များ

လက်ရှိတွင် အထူးစီးပွားရေးဇုန် အခြေခံအဆောက်အအုံများရှိနေရာ ဥပဒေအပြောင်းအလဲများကြောင့် လိုင်စင်ရ ကုန်ပစ္စည်းများကို အငှားဂိုထောင်များတွင် သိုလှောင်ခွင့်ရစေနိုင်သည်။

စားသုံးသူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများအတွက် ကုန်ပစ္စည်းများ ဝန်ဆောင်မှုပေးနေသည့် အခြားကဏ္ဍများတွင်လည်း ထိုကဲ့သို့သော သက်ရောက်မှု ရှိလာမည်ဖြစ်သည်။

အကောက်အခွန်ဌာနအနေဖြင့်လည်း အငှားဂိုထောင်များကို အပြည့်အဝ ကြီးကြပ်နိုင်စွမ်းရှိမည်ဖြစ်ရာ လက်ရှိရှိနေသော ထိန်းချုပ်နိုင်မှုနှင့် သယ်ယူပို့ဆောင်နိုင်မှုသည် ယင်းသို့ လုပ်ဆောင်မှုအတွက် အထစ်အငေါ့မရှိ ပြောင်းလဲစေမည်ဖြစ်သည်။ သွင်းကုန်လုပ်ငန်းစဉ်ကို ပိုမိုချောမွေ့စေပြီး ကုန်ပစ္စည်းများကိုလည်း ချက်ချင်း ဝယ်ယူ၍ရစေနိုင်သည်ဖြစ်ရာ စီးပွားရေးကို တိုးတက်စေပြီး ပိုမိုလိုအပ်လာသော အခြေခံ အဆောက်အအုံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံကို နိုင်ငံတကာ အလေ့အထများအနှင့် အညီဖြစ်စေရန် လိုင်စင်မရသေးသော ပစ္စည်းများသာမက လိုင်စင်ရပစ္စည်းများကို သိုလှောင်စေနိုင်မည့် လုပ်ဆောင်မှုကို ကျွန်ုပ်တို့ တွန်းအားပေးပါသည်။

## ပြဿနာဖော်ပြချက် ၅။ လမ်း/ယာဉ် ဘေးအန္တရာယ် ကင်းရှင်းမှု

မြန်မာနိုင်ငံ၏ မြို့တော် ရန်ကုန်မြို့ရှိ တစ်နေ့တခြား ဆိုးရွားလာသော ယာဉ်ကြောကြပ်တည်းမှုသည် နိုင်ငံ၏ အခြေခံ အဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံမှုများ အရေးတကြီးလိုအပ်မှုကို နမူနာပြလိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံရှိ မတော်တဆမှုများမှာ အဆင်ခြင်မဲ့ မောင်းနှင်မှု၊ လမ်းသွားလမ်းလာများ၏ အန္တရာယ်ရှိသော အပြုအမူ အလေ့အထများ၊ ယာဉ်မောင်းသူများ၏ ယာဉ်စည်းကမ်း မလိုက်နာမှုများကြောင့် ဖြစ်ရခြင်းဖြစ်သည်။ ယာဉ်အိုယာဉ်ဟောင်းများ သုံးစွဲမှုသည်လည်း မတော်တဆမှုများစွာကိုဖြစ်စေသော အကြောင်းရင်း တစ်ရပ်ဖြစ်ပါသည်။ ထိုမော်တော်ယာဉ်များမှာ ဘေးအန္တရာယ်ကင်းရှင်းရေး လိုအပ်ချက်များ (ဥပမာ - တော်တော်များများမှာ လေအိတ်များ မပါဝင်ပေ) မပြည့်စုံပေ။ နှစ်စဉ်မော်တော်ယာဉ်စစ်ဆေးခြင်းတွင်လည်း အာဏာပိုင်များအနေဖြင့် ကောင်းမွန်စွာ စစ်ဆေးခြင်းမရှိပေ။

## ရနိုင်သော အကျိုးကျေးဇူးများ

မတော်တဆမှုများလျော့ကျခြင်း၊ ဘေးကင်းရေးအစီအမံများ ကောင်းမွန်လာခြင်းကြောင့် ယာဉ်မတော်တဆမှုနှင့် ပတ်သက်သော အသေအပျောက်နှုန်းကို လျှော့ချနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် ထိုင်ခုံ ခါးပတ်ပတ်ခြင်းသည် ရှေ့ခန်းတွင် ထိုင်သူများ၏ အသေအပျောက်နှုန်းကို ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးသည်။ နောက်ခန်းတွင် ထိုင်သူများ၏ အသေအပျောက်နှုန်းကို ၂၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအထိ လျှော့ချပေးသည်။[၅]

ကမ္ဘာ့ဘဏ်၏ အဆိုအရ ရေရှည်တွင် ဝင်ငွေနည်း နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ် နိုင်ငံများအကြား မော်တော်ယာဉ် မတော်တဆမှုကို လျှော့ချခြင်းဖြင့် ၂၄ နှစ်အတွင်း ဂျီဒီပီ ၏ ၁၅ ရာခိုင်နှုန်းမှ ၂၂ ရာခိုင်နှုန်းအထိ အကျိုးများနိုင်သည်ဟု ဆိုသည်။[၆]

## အကြံပြုချက်များ

- မော်တော်ယာဉ်အသစ်များကို သုံးစွဲခွင့်ရအောင် ဆောင်ရွက်ပေးခြင်းဖြင့် မော်တော်ယာဉ်အဟောင်းများ သုံးစွဲမှုကို လျှော့ချရန်
- နှစ်စဉ် မော်တော်ယာဉ် စစ်ဆေးမှုများ တာဝန်များကို ပိုမိုဖော်ဆောင်ရန် (တာယာ၊ မီး၊ ရှေ့မှန်၊ ဘရိတ်၊ ဆီယိုမှု အနေအထား စသည် တို့ကို စစ်ဆေးခြင်း)
- အသိအမှတ်ပြု ကားပြုပြင်သည့်အလုပ်ရုံများကို ဘေးကင်းရေးထောက်ခံစာများ ထုတ်ပေးခြင်းနှင့် စစ်ဆေးခြင်းများခွင့်ပြုပေးရန်
- ကျောင်းများ၊ အများပြည်သူလှုပ်ရှားမှုများဖြင့် လမ်းနှင့် မော်တော်ယာဉ်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ပညာပေးအစီအစဉ်များ ဆောင်ရွက်ရန်
- အသိပညာပေးလှုပ်ရှားမှုများ၊ မြို့နယ်အဆင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို အားပေးရန်

ယာဉ်အိုယာဉ်ဟောင်းတိုင်းတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေး ပစ္စည်းကိရိယာများ တပ်ဆင်ခိုင်းရန်မှာ မဖြစ်နိုင်ခြင်း၊ လက်တွေ့မကျခြင်းကြောင့် နှစ်စဉ် အခြေခံ ဘေးကင်းရေးအစီအမံ စစ်ဆေးမှုများကို ခွင့်ပြုချက်ရ ဝပ်ရှော့များက ဆောင်ရွက်သင့်သည်။

## ပြဿနာဖော်ပြချက် ၆၊ ဓာတ်ငွေ့ထုတ်လွှတ်မှု စံနှုန်းများ (Euro 4 နှင့် Euro5)

အများအပြားတင်သွင်းလာသော အရည်အသွေးနိမ့် မော်တော်ယာဉ်များသည် ရန်ကုန်မြို့တွင်းတွင် မော်တော်ယာဉ်အစီးရေကို အဆမတန် များပြားလာစေသည်။

ကာလရှည်ဖြစ်ပေါ်နေသော ယာဉ်ကြောပိတ်ဆို့မှုသည် လေထုအရည်အသွေးကို ယိုယွင်းစေကာ နိုင်ငံသားများ အတွက် သတိထားစရာအကျိုးဆက်များ ပေါ်ပေါက်လာစေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များအရ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသနှင့် မြို့ပြဒေသနှစ်ခုပေါင်းတွင် လေညစ်ညမ်းစေသော အမှုန့်များ ပါဝင်မှုမှာ ပျမ်းမျှ ၅၁ ရှိပြီး ၃၂ မှ ၈၀ အထိ ရှိနိုင်သည်ဟုခန့်မှန်းထားသည်။ လေညစ်ညမ်းစေသော အမှုန့်ပါဝင်မှု ပျမ်းမျှ ၅၄ နှင့် ၆၂ သာရှိသော တရုတ်နှင့် အိန္ဒိယဆိုလျှင် လေထုညစ်ညမ်းမှု အန္တရာယ်ရှိအဆင့်ရောက်နေသည်ဟု မကြာခဏ ထောက်ပြခံရသည်။[၇]

သို့သော် မြန်မာနိုင်ငံတွင်တော့ ဓာတ်ငွေ့ထုတ်လွှတ်မှု ဆိုင်ရာ Euro 4 နှင့် Euro ၅ အကောင်အထည် ဖော်ရေးအတွက် ရှင်းလင်းသော လမ်းပြမြေပုံ မရှိပေ။

သဘာဝပတ်ဝန်းကျင်မထိခိုက်စေသော အင်ဂျင်အသစ်များ ထိထိရောက်ရောက် အသုံးပြုနိုင်ရေးအတွက် ကျေးလက်ဒေသနှင့် မြို့ပြဒေသနှစ်ခု လုံးတွင်ပင် လောင်စာဆီများ၏ အရည်အသွေးကို တိုးတက်အောင် လုပ်ရန်လိုအပ်နေသည်။



## ရနိုင်သော အကျိုးကျေးဇူးများ

ဒီဇယ်မော်တော်ယာဉ်များအတွက် ပိုမိုမြင့်မားသော ဓာတ်ငွေ့ထုတ်လွှတ်မှုဆိုင်ရာ စံနှုန်းများ ပေါ်ပေါက်ရေးအတွက် လေထုထဲတွင် နိုက်ထရိုဂျင်အောက်ဆိုဒ် (NOx) လျှော့ချရေး လိုအပ်သည်။

*5 Bloomberg Philanthropies. (2012). Leading the worldwide movement to improve road safety. Available on https://www.bbhub.io/dotorg/sites/2/2014/04/Bloomberg_Road_Safety_Midway_Report_Final.pdf*
*6 The World Bank. (2017). The high toll of traffic injuries: unacceptable and preventable. The Macro-Economic and Welfare Benefits of reducing road traffic injuries in low-middle – income countries. Available on http://www.worldbank.org/en/programs/global-road-safety-facility/publication/the-high-toll-of-traffic-injuries-unacceptable-and-preventable*

Euro ၃ စံနှုန်း (၅၀၀mg၊km of NOx) နှင့် ယှဉ်ကြည့်လိုက်လျှင် Euro ၄ သည် NOx ကို ၂၅၀mg/km အထိ လျှော့ချလိုက်ရာ ၅၀ ရာခိုင်နှုန်းမျှ လျှော့ချလိုက်ခြင်းဖြစ်သည်။ NOx အမှုန်များသည် ပြည်သူများ (အထူးသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ပန်းနာရင်ကြပ်ရှိသူများ)အတွက် အန္တရာယ်ရှိပြီး အိုဇုန်းလွှာကို ယိုယွင်းပျက်ဆီးစေသည်။ [၈]

နိုင်ငံသားများ၏ ဘဝတိုးတက်စေသည့် သိသာထင်ရှားသော အကျိုးကျေးဇူးများအပြင် ဓာတ်ငွေ့ထုတ်လွှတ်မှု စံနှုန်းများသည် လမ်းပေါ်တွင်ရှိနေသော ကားအရေအတွက်ကို ထိန်းချုပ်ရေးအတွက် ကောင်းမွန်ထူးခြားသော ကိရိယာတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုဘေးများကို ကိုင်တွယ်ရန်အတွက် နိုင်ငံတကာသို့ ပေးထားသော ကတိများကို အကောင်အထည်ဖော် အသုံးချနိုင်သည့် အခွင့်အလမ်းများ ရှိနေပါသည်။

## အကြံပြုချက်များ

- Euro ၄ နှင့် Euro ၅ အကောင်အထည်ဖော်ရေးအတွက် ရှင်းလင်းသော လမ်းပြမြေပုံ ချမှတ်ရန်
- လက်လီရောင်းချသူများက ရောင်းချနေသော လောင်စာဆီများ၏ အရည်အသွေးကို ပုံမှန်စစ်ဆေးရန်
- လောင်စာဆီစံနှုန်းများ တိုးတက်ရေး ကြိုးပမ်းရန်

လောင်စာဆီအရည်အသွေးတိုးတက်အောင် ဆောင်ရွက်လျက် Euro ၄ နှင့် Euro ၅ အကောင်အထည်ဖော်ရေးအတွက် လမ်းပြမြေပုံ။

## ပြဿနာဖော်ပြချက် ၇။ ဆိုင်ကယ် ဦးထုပ်များ

ယာဉ်မတော်တဆမှုနှင့် ဆက်စပ်သေဆုံးမှုများတွင် မြန်မာနိုင်ငံမှာ ၂၀၁၃ ခုနှစ်၌ လူတစ်သောင်းလျှင် သေဆုံးမှု ၂၀ဒသမ၃ ရှိခဲ့သဖြင့် အရှေ့တောင်အာရှတွင် ဒုတိယမြောက် သေဆုံးမှုအများဆုံးဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ အစီရင်ခံစာအရ သိရသည်။ (Maurizo၊ ရက်စွဲမရှိ) [၉]

အသေအပျောက်ရှိသော ယာဉ်တိုက်မှုများမှာ မော်တော်ဆိုင်ကယ် မတော်တဆမှုများဖြစ်သည်။ အသေအပျောက်နှုန်း တက်လာဦးမည်ဟု စိုးရိမ်စွာပင် ခန့်မှန်းထားသည်။ ၂၀၁၃ ခုနှစ်တွင် ယာဉ်မတော်တဆမှုကြောင့် ဆုံးရှုံးရမှုမှာ အမေရိကန်ဒေါ်လာ သန်း ၈၀၀ သို့မဟုတ် နိုင်ငံ ဂျီဒီပီ၏ ၁ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ [၁၀]

ယာဉ်မောင်းသူ၏ အမူအကျင့်နှင့် လမ်းအခြေအနေများက မတော်တဆမှုများကို ဖြစ်ပေါ်စေသည်ဆိုသော်လည်း မတော်တဆမှုတော်တော်များများတွင် မော်တော်ဆိုင်ကယ်မောင်းနှင်သူများ ဆိုင်ကယ် ဦးထုပ်မဆောင်းခြင်းက မတော်တဆမှုကို ဆိုးဝါးစေသည့် ယေဘုယျအကြောင်းတရား ဖြစ်နေသည်။ မြန်မာနိုင်ငံရှိ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရသွားသူ ဆိုင်ကယ်သမားများ၏ ၈၉ ရာခိုင်နှုန်းမှာ ဆိုင်ကယ်ဦးထုပ်ဆောင်းထားခြင်းမရှိပေ။ မော်တော်ဆိုင်ကယ် ဦးထုပ်ဆိုသည်မှာ ဈေးကြီးသော အရာမဟုတ်ပါ။ အစိုးရအနေဖြင့် မော်တော်ဆိုင်ကယ်စီးနင်းသူများကို ဆိုင်ကယ်ဦးထုပ် မဖြစ်မနေဆောင်းအောင် လုပ်ဆောင်သင့်ပါသည်။

## ရနိုင်သော အကျိုးကျေးဇူးများ

မော်တော်ဆိုင်ကယ် စီးနင်းသူများအကြား ဆိုင်ကယ်ဦးထုပ်ဆောင်းလာအောင် လုပ်ဆောင်ခြင်းဖြင့် လမ်းမတော်တဆမှုများနှင့် ဆေးဝါးဆိုင်ရာ ကုန်ကျစရိတ်များကို လျှော့ချနိုင်သည်။ ပို၍အရေးကြီးသည်မှာ လူ့အသက်များကို ကယ်တင်နိုင်မည်ဖြစ်သည်။

*7 WHO. (2016). Ambient air pollution: A global assessment of exposure and burden of disease. Available on http://apps.who.int/iris/bitstream/handle/10665/250141/9789241511353-eng.pdf?sequence=1*
*8 Emission Standards Reference Guide for On-road and Nonroad Vehicles and Engines (2017) https://www.epa.gov/emission-standards-reference-guide*
*9 Maurizio, F. (no date) Road safety in Myanmar: data collection begins on the Yangon-Mandalay highway. World Health Organization Myanmar. Available on http://www.searo.who.int/myanmar/areas/roadsafety_datacollection/en/*
*10 ADB. (2016). Myanmar transport sector policy note - road safety. Available on https://www.adb.org/sites/default/files/publication/189080/mya-road-safety.pdf*

## အကြံပြုချက်များ

- မော်တော်ဆိုင်ကယ် ဦးထုပ်များအပေါ် အခွန်ကောက်ခံခြင်းကို ရပ်ဆိုင်းရန်
- မော်တော်ဆိုင်ကယ် ဦးထုပ်များ အသုံးပြုရေး အသိပညာပေးလှုပ်ရှားမှုများ ဖော်ဆောင်ရန်
- မော်တော်ဆိုင်ကယ် ဦးထုပ်များ အသုံးပြုရေးကို တစ်နိုင်ငံလုံး တင်းကြပ်စွာ လိုက်နာစေရန်
- ECER ၂၂ - ၀၅စံနှုန်းများနှင့် ကိုက်ညီသောဆိုင်ကယ်ဦးထုပ်များကိုသာ အသုံးပြုစေရန်၊ ထိုစံနှုန်းနှင့်ကိုက်ညီသော မော်တော်ဆိုင်ကယ် ဦးထုပ်များကိုသာ တင်သွင်းခွင့်ပြုရန် (ECER ၂၂ - ၀၅ မှာ ကမ္ဘာတစ်ဝှမ်း နိုင်ငံပေါင်းများစွာ ကျင့်သုံးနေပြီး နိုင်ငံတကာက အသိအမှတ်ပြုထားသော စံနှုန်းလည်းဖြစ်သည်)

မော်တော်ဆိုင်ကယ် ဦးထပ်များ၏ အရေးကြီးပုံကို ထည့်သွင်းစဉ်းစားလျက် ၎င်းတို့အပေါ် အခွန်မကောက်ခံသင့်ပေ။ နိုင်ငံတကာ စံနှုန်းများကိုလည်း ဦးစားပေးအဖြစ်ကျင့်သုံးသင့်ပါသည်။

# ဆောက်လုပ်ရေး

## မိတ်ဆက်

EuroCham Myanmar Construction and Infrastructure Advocacy Group ကို ၂၀၁၆ ခုနှစ်စက်တင်ဘာလကစတင်ဖွဲ့စည်းပြီး နောက် ဒုတိယမြောက် အကြံပြုချက်စာတမ်းကို ပြုစုတင်ပြခြင်းဖြစ်ပါသည်။

ဆောက်လုပ်ရေးကဏ္ဍမှာ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စီးပွားရေး၊ လူမှုရေးတိုးတက်မှု၊ ချမ်းသာကြွယ်ဝမှုအတွက် တွန်းအားများထဲမှ တစ်ခုဖြစ်ပါသည်။

EuroCham Construction and Infrastucture Advocacy Group သည် မြန်မာနိုင်ငံကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်မှုရှိရာ နေရာတစ်ခုအဖြစ် ဖန်တီးရင်း ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ ဖြိုးရေးအတွက် မြန်မာအစိုးရ၊ ပြည်တွင်း လုပ်ငန်းအဖွဲ့အစည်းများနှင့် အနီးကပ်ပူးပေါင်းလိုသော ဥရောပ ထိပ်သီးကုမ္ပဏီများကို ကိုယ်စားပြုပါသည်။

မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဘေးကင်းပြီး ရလဒ်ထွက်သော သဘာဝပတ်ဝန်းကျင် မထိခိုက်သော နည်းလမ်းဖြင့် ဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိပါသည်။ အဆိုပါ ရလဒ်များ ထွက်ပေါ်ရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရကဏ္ဍအကြား အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများ မဖြစ်မနေ လိုအပ်ပါသည်။ EuroCham သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအ အထောက်အပံ့ပေးရန် မြန်မာအစိုးရနှင့် ဆက်ဆံရေးကို တိုးမြှင့်ပေးရန် ကြိုးပမ်းနေပါသည်။

EuroCham Construction Advocacy Group ၏ မစ်ရှင်မှာ ဆောက်လုပ်ရေးကဏ္ဍအတွက် ကောင်းမွန် စနစ်ကျသော အနာဂတ် ဖန်တီးရန်အတွက် ဆောက်လုပ်ရေးကဏ္ဍအတွင်း ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ခြုံငုံ၍ ဖော်ပြကာ အဆိုပါ စိန်ခေါ်မှုများကို မည်ကဲ့သို့ ကျော်လွှားရမည်ဆိုသည့်အပေါ် မြန်မာအစိုးရနှင့် သက်ဆိုင်သူများကို အကြံပြုချက်များ ပေးရန်ဖြစ်ပါသည်။

ပြီးခဲ့သည့်နှစ်က ပြုစုခဲ့သော အကြံပြုစာတမ်းထုတ်ဝေပြီးကတည်းက မြန်မာအစိုးရအပါအဝင် ဆောက်လုပ်ရေးကဏ္ဍ အတွင်းမှ သက်ဆိုင်သူများက ဆောက်လုပ်ရေးကဏ္ဍ တိုးတက်ရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်ခဲ့ကြပြီး ဖြစ်သည်။ သို့သော် အဆိုပါ ကဏ္ဍ၏ ကြီးမားမှု၊ ရှုပ်ထွေးမှုတို့ကြောင့် အဆိုပါ အပြောင်းအလဲများကို ချမှတ် ဖော်ဆောင်ရန် ခက်ခဲနေခဲ့သည်။

## ပြဿနာဖော်ပြချက် ၁။ ဒီဇိုင်း စံနှုန်းများ

ဆောက်လုပ်ရေးကဏ္ဍမှာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အရေးပါသော ကဏ္ဍဖြစ်သည်။ ပုဂ္ဂလိကနှင့် အစိုးရအဆောက်အအုံများ၊ အခြေခံအဆောက်အအုံ လိုအပ်ချက်ကို လူမှုပတ်ဝန်းကျင်မထိခိုက်သော ရေရှည်တည်တံ့မှုကို ထည့်သွင်းစဉ်းစား၍ ချိန်ညှိယူရမည် ဖြစ်သည်။

ဒီဇိုင်းစံနှုန်းများသည် မြန်မာနိုင်ငံအနေဖြင့် နောင်အနာဂတ်တွင် မိမိ၏ ဆောက်လုပ်ရေးအလာအလာ ကောင်းများကို မည်သို့ ရရှိအောင် ဆောင်ရွက်မည်ဆိုသည့်အပေါ် ကြီးမားစွာ သက်ရောက်မှု ရှိပါလိမ့်မည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍအား ရှင်းလင်းသော စံနှုန်းများ၊ ထိရောက်သော ဥပဒေကြပ်မတ်မှုများကို အလိုအလျောက် မဖြစ်စေသော ဥပဒေ၊ နည်းဥပဒေများဖြင့် စီမံနေသည်။ ထို့အပြင် ဥပဒေပြုအဖွဲ့နှင့် ဥပဒေဖော်ဆောင်သည့် အဖွဲ့အစည်းအကြား ချိတ်ဆက်ပူးပေါင်းမှု နည်းပါးခြင်းသည် ဆောက်လုပ်ရေးကဏ္ဍ၏ အလားအလာများကို ထိခိုက်စေသည်။

မကြာသေးခင်က ချမှတ်လိုက်သော ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ ကုတ်များနှင့် စံနှုန်းများကို ဖွံ့ဖြိုးအောင်လုပ်ရေး၊ ချဲ့တွင်ရေးနှင့် ပတ်သက်သည့် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးနွေးပြီးနောက်တွင် အရေးပါသည့်ကနဦးခြေလှမ်း စတင်အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်သော်လည်း ဆက်လက်လုပ်ဆောင်ရန် လုပ်ငန်းများ ကျန်ရှိနေသေးကြောင်း ရှင်းလင်းလာပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းစဉ်အတွင် စံနှုန်းများကို ကြီးကြပ်ရေးမှာ ဆောက်လုပ်ရေးကဏ္ဍအတွက် အဓိက စိန်ခေါ်မှုကြီးအဖြစ် အားလုံးက သဘောတူခဲ့ကြပါသည်။

## ရရှိနိုင်သော အကျိုးကျေးဇူးများ

စနစ်တကျချမှတ်ထားသော စံနှုန်းများနှင့် ဥပဒေစည်းမျဉ်းများသည် မြန်မာနိုင်ငံ၏ ပြည်သူများနှင့် ဆောက်လုပ်ရေးအလုပ်သမားများ၏ ဘေးကင်းရေးနှင့် ဘဝအရည်အသွေးကို တိုးတက်စေသင့်ပါသည်။

စံနှုန်းများကို ကြီးကြပ်ခြင်းနှင့် ရှင်းလင်းသော လမ်းပြမြေပုံကို အကောင်အထည်ဖော်ခြင်းသည် ဆောက်လုပ်ရေး ကဏ္ဍ နောက်ထပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများကို လုပ်ဆောင်နိုင်စွမ်းရှိလာစေသင့်သည်။

ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အင်ဂျင်နီယာများ၊ တတိယအဖွဲ့အစည်းများကို ဗဟိုဌာနဖြင့် ထိန်းချုပ်ထားခြင်းသည် အလွန်အရေးကြီးပါသည်။

လုပ်ငန်းခွင်လေ့ကျင့်ရေးများပေးခြင်း၊ ရှင်းလင်းပြီး ဖော်ဆောင်နိုင်သော စံနှုန်းများ ချမှတ်ခြင်းသည် ကဏ္ဍတစ်ခုလုံး ကို အကျိုးရှိစေနိုင်ပါသည်။

## အကြံပြုချက်များ

ဆောက်လုပ်ရေး ကဏ္ဍအတွက် ပစ်မှတ်များ၊ ရည်ရွယ်ချက်များကို ဖော်ပြထားသော ရှင်းလင်းသည့် လမ်းပြမြေပုံကို ဖော်ဆောင်သင့်သည်။ လက်ရှိအချိန်တွင်ဆောက်လုပ်ရေးကဏ္ဍ မည်သည့်အခြေအနေတွင် ရှိနေသည်ကို ဖော်ထုတ်ခြင်းအားဖြင့် အနာဂတ်အတွက် လက်တွေ့ကျသော၊ ဆောင်ရွက်နိုင်သော ဖွံ့ဖြိုးရေး မူဘောင်တစ်ရပ် ချမှတ်စေနိုင်မည်ဖြစ်ပါသည်။

သက်ဆိုင်သူများအတွက် တာဝန်များနှင့် လုပ်ပိုင်ခွင့်များကို တိတိကျကျ သတ်မှတ်မှုများနှင့်အတူ ဆောက်လုပ်ရေး အသိအမှတ်ပြု စီမံကိန်းများလည်း အရေးတကြီး လိုအပ်နေပါသည်။ ထိုသို့ဆောင်ရွက်ခြင်းက လိုက်နာမှု အားကောင်းစေပြီး ကဏ္ဍအတွင်းမှ လုပ်ငန်းများ၏ တာဝန်များကိုလည်း ရှင်းလင်း သတ်မှတ်ပေးမည်ဖြစ်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းများကို မှတ်ပုံတင်ပေးခြင်းပြုလုပ်သင့်ပြီး မှတ်တမ်းအဖြစ် မှတ်ယူသင့်ပါသည်။ ထိုမှတ်ပုံတင်သည်လည်း ရှင်းလင်းလင်းရှိရန် လိုအပ်ပြီး အချိန်နှင့် အညီအသစ်စစ်ဆေးပေးလျက် စနစ်တကျ ထိန်းသိမ်းထားရမည်။

စည်းမျဉ်းဥပဒေများကို ကြီးကြပ်အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း နားလည်ခြင်းသည် အစိုးရအတွက် အလွန်အရေးကြီးပါသည်။

အစိုးရအပေါ် ဝန်ထုပ်ဝန်ပိုးကို လျှော့ချရန်အတွက် ဆောက်လုပ်ရေးကဏ္ဍအတွင်း ကိုယ်တိုင်စည်းမျဉ်းချမှတ် လိုက်နာသည့် အလေ့အထများ ဖော်ဆောင်ရန် လိုအပ်ပါသည်။ အစိုးရက တစ်စိတ်တပိုင်း ဝင်ပါခြင်းအစား ကုမ္ပဏီများအနေဖြင့် ကိုယ်တိုင်တာဝန်ယူစနစ်အောင်မြင်နေသော အခြားနိုင်ငံများကဲ့သို့ပင် မိမိတို့၏ စီမံကိန်းများကို ကိုယ်တိုင် တာဝန်ယူလျှင် ပိုမိုထိရောက်ပါလိမ့်မည်။ အစိုးရဝန်ကြီးဌာနများအနေဖြင့် အသေးစိတ်ဝင်မပါဘဲ ဆောက်လုပ်ရေးကဏ္ဍကိုသာ အပေါ်စီးက ကြီးကြပ်သည့် တာဝန်ကို ယူသင့်ပါသည်။

ကုတ်များနှင့် စည်းမျဉ်းများကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် ရှင်းလင်းနေရန်လိုအပ်ပြီး ထပ်မံရှဲ့တွင် အဓိပ္ပာယ်ဖွင့်ဆိုစရာ မလိုအောင် ဆောင်ရွက်ရန် အကြံပြုပါသည်။

> ဆောက်လုပ်ရေးကဏ္ဍနှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေး စီမံကိန်းအတွက် ရှင်းလင်းသော လမ်းပြမြေပုံ ဖန်တီးခြင်း၊ လုံလောက်သော အစီအမံများကျင့်သုံးခြင်း၊ ကြီးကြပ်ခြင်း၊ အစိုးရ၏ဝန်ထုပ်ဝန်ပိုးကို လျှော့ချရန် စည်းမျဉ်းများကိုယ်တိုင်ချမှတ်ကျင်သုံးသည့် စနစ်ကို ဖော်ဆောင်ကျင့်သုံးခြင်း

## ပြဿနာဖော်ပြချက် ၂။ ပစ္စည်းစံနှုန်းများ

ဆောက်လုပ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရှင်းလင်းသော ဆောက်လုပ်ရေး ဆိုင်ရာ ဥပဒေများ၊ စံနှုန်းများကို ကြီးကြပ်ကျင့်သုံးရန်မှာ အစိုးရ၏ တာဝန်ဖြစ်ပါသည်။ ဆောက်လုပ်ရေးကဏ္ဍအတွက် ဥပဒေ၊ စည်းမျဉ်းများ ချမှတ်ထားပြီးဖြစ်သော်လည်း အဆိုပါဥပဒေများကို ကောင်းစွာနားလည်ခြင်းမရှိသကဲ့သို့ ကောင်းစွာကျင့်သုံးအကောင်အထည်ဖော်ခြင်းလည်း မရှိပေ။

စည်းမျဉ်းများနှင့် ကြီးကြပ်ရေးအားနည်းမှုသည် ငွေကြေးလိုအပ်ချက်နှင့် ဂရုမစိုက်မသိနားမလည်မှုနှင့် ပေါင်းစပ်လျက် ဘေးအန္တရာယ်ကြီးလှသော စံချိန်မမီသော ဆောက်လုပ်ရေးပစ္စည်းများ သို့မဟုတ် အတုများအတွက် ဈေးကွက်ဖွင့်ပေးလိုက်သည်။ ဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့် ကောင်းကောင်းမွန်မွန် မရှိခြင်း၊ ဥပဒေဖော်ဆောင်မှု အားနည်းခြင်းတို့ကြောင့် မြန်မာဈေးကွက်အတွင်းသို့ ပြည်ပမှ ကုမ္ပဏီကြီးများ မဝင်ရောက်နိုင်အောင် ဟန့်တားသလိုဖြစ်နေသည်။

## ရရှိနိုင်သော အကျိုးကျေးဇူးများ

ဆောက်လုပ်ရေးကဏ္ဍတွင် တင်းကြပ်သော ထိန်းချုပ်မှုများနှင့် အစီအမံများအတွက် ဥပဒေများနှင့် စံနှုန်းများကို ဖော်ဆောင်ခြင်းသည် အလုပ်သမားများနှင့် ပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အထောက်အပံ့ဖြစ်စေပါသည်။ ရှင်းလင်းသော လမ်းပြမြေပုံသည် ဆောက်လုပ်ရေးကဏ္ဍအတွက် ချမှတ်ထားသော ရည်ရွယ်ချက်များ ပေါက်မြောက်ရေးအတွက် တာဝန်ရှိသူများကို မလွယ်မသွေး ကူညီပေးပါလိမ့်မည်။

ဥပဒေများနှင့် စံနှုန်းများကို အတည်ပြုထားသည့်အခါ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုသည်လည်း တိုးတက်လာပါလိမ့်မည်။ စံနှုန်းများကို လိုက်နာခြင်းသည် အဆောက်အအုံ၏ ရေရှည်တည်တံ့ခိုင်မာမှုကို တိုးတက်စေပြီး စွမ်းအင်အလွန်အကျွံသုံးစွဲခြင်းကို လျော့ကျစေပါသည်။ အစိုးရသည် စစ်ဆေးတိုင်းတာရေး ဓာတ်ခွဲခန်းများ တည်ဆောက်လျက် ဆောက်လုပ်ရေးကဏ္ဍစံနှုန်းများ တိုးတက်စေရေး သန္နိဋ္ဌာန်ချလျက် စိတ်ဝင်စားကြောင်း ပြသထားပါသည်။ ထိုကဲ့သို့ ဆောင်ရွက်မှုမှာ အားတက်ဖွယ်ကောင်းသော ပထမခြေလှမ်းဟု မြင်ပါသည်။

## အကြံပြုချက်များ

ဥပဒေ၊ စည်းမျဉ်းများကို ဖော်ဆောင်ခြင်း၏ အရေးကြီးပုံကို နားလည်ခြင်းသည် ထိရောက်သော ထိန်းချုပ်ရေးအစီအမံ များလုပ်ဆောင်နိုင်စွမ်းရှိသည့် အစိုးရအတွက် အရေးကြီးပါသည်။ ဆောက်လုပ်ရေး ပစ္စည်းများကို မြန်မာအမျိုးသားစံနှုန်းနှင့်အညီ စစ်ဆေး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့် ဌာနတစ်ရပ် ထူထောင်ရန် ကျွန်ုပ်တို့ အကြံပြုပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် ဆောက်လုပ်ရေးတွင် စံချိန်မမီသော ပစ္စည်းများအသုံးပြုစေခြင်းမှ ရှောင်ရှားရာတွင် ကူညီပေးပါသည်။ စံချိန်မမီသော ပစ္စည်းများ မြန်မာနိုင်ငံထဲသို့ ဝင်လာမှုကို ကာကွယ်ရန်အတွက် တင်းကြပ်သော အကောက်အခွန် မူဝါဒများ ချမှတ်ရန် တိုက်တွန်းပါသည်။

ဆောက်လုပ်ရေးပစ္စည်းများကို စိစစ်အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်း၊ ဥပဒေစည်းမျဉ်း များအကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်မည့် နိုင်ငံတော်အဆင့်အဖွဲ့အစည်းတစ်ရပ် ထူထောင်ရန်၊

# ပြဿနာဖော်ပြချက် ၃။ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းညှိခြင်း

ဖွံ့ဖြိုးတိုးတက်မှုသည် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှု အမြဲရှိပါသည်။ အဆောက်အအုံနှင့် အခြေခံအဆောက်အအုံများ၏ ဒီဇိုင်းများ၊ အသုံးပြုသော ပစ္စည်းများ၊ ဆောက်လုပ်ရေးနည်းပညာများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုအား အမြဲအလေးထားသည်တော့ မဟုတ်ပေ။

ပြီးခဲ့သည့်နှစ်များအတွင်း ဆောက်လုပ်ရေးကဏ္ဍ လျှင်မြန်စွာ တိုးတက်လာရာ သဘာဝပတ်ဝန်းကျင်ကိစ္စအပေါ်များစွာ အလေးမထားခြင်းကြောင့် ရန်ကုန်မြို့မှာ ဆောက်လုပ်ရေး တိုးတက်မှုများကြောင့် အန္တရာယ်ရှိနိုင်ချေရှိသော သက်ရောက်မှုများ ခံစားနေရပြီဖြစ်သည်။ အကယ်၍ ထိရောက်စွာ မဆောင်ရွက်ခဲ့ပါက ကြီးမားသော ပြဿနာများ အဖြစ် ပြောင်းလဲသွားနိုင်ချေရှိပေသည်။ ဆောက်လုပ်ရေးစီမံကိန်းများ၏ လုပ်ငန်းစဉ်အတွင်း လေထုညစ်ညမ်းခြင်းနှင့် စွမ်းအင် ဖြုန်းတီးမှုသည် ပုံမှန်တွေ့နေကျ ကိစ္စတစ်ခုမျှသာ ဖြစ်နေသည်။

သဘာဝပတ်ဝန်းကျင် မထိခိုက်စေသော ဆောက်လုပ်ရေးများဖြစ်ပေါ်စေရေးအတွက် မြန်မာနိုင်ငံအဆောက်အအုံ ဆိုင်ရာစည်းမျဉ်းတွင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်များ ချမှတ်ခြင်းကဲ့သို့သော ကြိုးပမ်းမှုများ လုပ်ဆောင်ထားသည်။ ထိုစည်းမျဉ်းများဖော်ဆောင်ခြင်းမှာ နောက်ထပ်ကိစ္စတစ်ခုသာဖြစ်သည်။ အပေါင်းလက္ခဏာ ဆောင်သော တိုးတက်မှုတစ်ခုအဖြစ် ကျွန်ုပ်တို့အဖွဲ့က အသိအမှတ်ပြုလိုသည်မှာ ရန်ကုန်မြို့တွင် အတွင်းရေးမှူးထား ရှိထားသော ASEAN Institute for Green Economy (AIGE) နှင့် ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။

## ရရှိနိုင်သော အကျိုးကျေးဇူးများ

ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးများကြောင့် ထိခိုက်ခံစားရနိုင်သော နိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အခြေခံအဆောက်အအုံများနှင့် ဆောက်လုပ်ရေးဖွံ့ဖြိုးမှုများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍကို အလေးအနက်ထားရန် တိုက်တွန်းလိုပါသည်။ လေညစ်ညမ်းမှု၊ စွမ်းအင်နှင့် ရေစွန့်ပစ်ပစ္စည်းများကဲ့သို့သော ဆောက်လုပ်ရေးနှင့် ဆက်စပ်၍ ဖြစ်ပေါ်သည့် ပြဿနာများကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေသော လုပ်ငန်းဆောင်ရွက်မှုများဆီသို့ ရွေ့ရှုခြင်းဖြင့် ဖြေရှင်းနိုင်သည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီးသားဖြစ်သွားသည့် အကျိုးကို ခံစားရမည်ဖြစ်သည်။

## အကြံပြုချက်များ

အစိုးရအနေဖြင့် တိုးတက်ရန် လိုအပ်ချက်နှင့် သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးကို ထိန်းညှိရန်လိုအပ်ပါသည်။ အသုံးပြုမည့် ပစ္စည်းများအပါအဝင် အဆောက်အအုံတစ်ခု၏ အလားအလာရှိသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များကို ခွင့်ပြုသည့်အဆင့်မှာပင် EIA အစီရင်ခံစာထဲတွင် ထည့်သွင်းကိုင်တွယ်နိုင်သည်။

အစိုးရအနေဖြင့် ရည်မှန်းချက်ကြီးကြီးဖြင့် အစီအမံများချမှတ်နေရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်ကို မျက်ကွယ်မပြုစေရန်အတွက် အသုံးပြုသည့် ပစ္စည်းများနှင့် နည်းပညာများအပေါ်ကိုလည်း သတ်မှတ်ချက်များ ချမှတ်ရန် အရေးကြီးပါသည်။

သတ်မှတ်ချက်များကို လိုက်နာမှုရှိပါကလည်း အသိအမှတ်ပြုပေးသင့်သည်။ လုပ်ဆောင်သင့်သည့်အရာတစ်ခုမှာ သဘာဝပတ်ဝန်းကျင်မထိခိုက်စေသော အဆောက်အအုံ စည်းမျဉ်းများကို ရှင်းလင်းဖော်ပြလျက် ယင်းတို့ကို နိုင်ငံတကာစံနှုန်းများနှင့် ချိတ်ဆက်ရန်ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ဆောက်လုပ်ရေး ကဏ္ဍအတွင်းရှိ ပြည်တွင်း ပြည်ပ စီမံကိန်းများ အသိအမှတ်ပြုခံရလာနိုင်ပါသည်။

ပါမစ်ချပေးသည့်အဆင့်တွင် EIA အစီရင်ခံစာများအပါအဝင် အသုံးပြုသော ပစ္စည်းများကို စစ်ဆေးခြင်း၊ သဘာဝပတ်ဝန်းကျင်မထိခိုက်စေသော အဆောက်အအုံ စည်းမျဉ်းများကို နိုင်ငံတကာ စံနှုန်းနှင့် အညီဖြစ်စေခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်အတွက် အစီအမံများ မိတ်ဆက်ပေးပါ။

## ပြဿနာဖော်ပြချက် ၄။ အမွေအနှစ်များကို ထိန်းသိမ်းခြင်း

မြို့ကြီးများ၏ အလျင်အမြန်ဖွံ့ဖြိုးမှုနှုန်းသည် အမွေအနှစ် အဆောက်အအုံများကို ခြိမ်းခြောက်နေပါသည်။ ရန်ကုန်မြို့ရှိ သမိုင်းဝင် အမွေအနှစ်အဆောက်အအုံများကို ထိန်းသိမ်းရေး ဆောင်ရွက်နေသော Yangon Heritage Trust ကဲ့သို့သော အဖွဲ့အစည်းများရှိသော်လည်း Construction Advocacy Group အနေဖြင့် သဘာဝနေရာများ၊ ဘာသာရေး၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့်ပတ်သက်၍ စိုးရိမ်ကြောင်း ပြောလိုပါသည်။

အမွေအနှစ်အဆောက်အအုံများကို ပြုပြင်ခြင်းမှာ စီးပွားရေးအရ တွက်ခြေကိုက်ခဲပါသည်။ ထို့ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များသည် အဆောက်အအုံအသစ်များကိုသာ ဆောက်လုပ်လိုကြပါသည်။ ဤသို့ဖြင့် ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများ တဖြည်းဖြည်း ဝါးမြိုခြင်းခံလိုက်ရသည်။

## ရရှိနိုင်သော အကျိုးကျေးဇူးများ

အမွေအနှစ်များကို ထိန်းသိမ်းရန် ပိုမိုကြိုးပမ်းလာလျှင် မြို့နေပြည်သူများနှင့် ဧည့်သည်များကို ပိုမို ဆွဲဆောင်နိုင် လိမ့်မည်။ ရှေးဟောင်းအမွေအနှစ်များအား ထိန်းသိမ်းလာအောင် ပြည်သူများကို တွန်းအားပေးမည့် လုံလောက်သော စနစ်ရှိလျှင် အားလုံးပါဝင်နိုင်သော လုပ်ငန်းစဉ်ဖြစ်လာလိမ့်မည်။ အမွေအနှစ် အဆောက်အအုံများမှာ အခြားသော တိုးတက်မှုကဏ္ဍဖြစ်သည့် ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်ရာနေရာများဖြစ်သည်။

## အကြံပြုချက်များ

မြန်မာ့မြို့ကြီးများ၏ အသည်းနှလုံးကို ထိန်းသိမ်းရန် အစိုးရ၏ကြိုးပမ်းမှုကို ပိုမိုလုပ်ဆောင်ရန် လိုအပ်ပါသည်။

ထို့အပြင် တတိယအဖွဲ့အစည်းများ ပိုမိုပါဝင်လာသင့်ပါသည်။ အစိုးရအနေဖြင့် အမွေအနှစ်နေရာများ ထိန်းသိမ်းရေးတွင် လူထုပါဝင်လာရန် တိုက်တွန်းဆောင်ရွက်သည့် အစီအစဉ်များ၊ ထိုသို့ ဆောင်ရွက်မှုမှ အကျိုးအမြတ်ရစေမည့် အစီအမံများ ဆောင်ရွက်သင့်ပါသည်။ အောက်တွင် ဖော်ပြထားသည်တို့မှာ အစိုးရအနေဖြင့်လုပ်ဆောင်သင့်သော အဆိုပြု အစီအမံများ ဖြစ်ပါသည်။

- အမွေအနှစ်များနှင့် ပတ်သက်၍ အများပြည်သူနှင့် ဆွေးနွေးနိုင်သော အစိုးရအဖွဲ့အစည်း ဖွဲ့စည်းခြင်း။ ထိုအစိုးရအဖွဲ့အစည်းသည် အမွေအနှစ်နေရာများထိန်းသိမ်းရေးအတွက် မည်သို့ဆောင်ရွက်သင့်သည်ကို အများပြည်သူထံ အကြံဉာဏ်ပေးသည့် အဓိကအဖွဲ့ ဖြစ်သင့်ပါသည်။
- နှစ်ပေါင်း ၁၀၀ ကျော်အဆောက်အအုံများကိုထိန်းသိမ်းခြင်းအတွက် အခွန်သက်သာခွင့်ပေးခြင်းကဲ့သို့သော ရှေးဟောင်းအဆောက် အအုံများ ထိန်းသိမ်းမှုကို အားပေးသည့် အစီအမံများ အကောင်အထည်ဖော်ရန်

ပညာပေးအစီအမံများ၊ အခွန်သက်သာခွင့်များ၊ ဗိသုကာဆိုင်ရာ၊ အဆောက်အအုံဖွဲ့စည်းပုံဆိုင်ရာ၊ ယဉ်ကျေးမှု ဆိုင်ရာ အမွေအနှစ်များအတွက် သီးသန့်အစိုးရအဖွဲ့တစ်ဖွဲ့ ထူထောင်ခြင်းများဖြင့် သမိုင်းဝင်အဆောက်အအုံ များ ထိန်းသိမ်းခြင်းတွင် အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍပါဝင်လာအောင် တိုက်တွန်းအားပေး ဆောင်ရွက်ရန်

## ပြဿနာဖော်ပြချက် ၅။ ဆောက်လုပ်ရေးဘေးကင်းမှုများကို ကြီးကြပ်ခြင်း

ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှာ ပို၍ကြီးမားလာပြီး ပို၍ရှုပ်ထွေးလာကာ အလုပ်သမားများ၊ ဒေသနေပြည်သူများ အတွက် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အန္တရာယ်များ ပေါ်ပေါက်စေသည်။

ကောင်းမွန်သော ဘေးလျှော့ချရေးအစီအမံများမှာ မိမိ လုပ်လိုမှ လုပ်၍ ရနိုင်သော၊ အကုန်အကျများသော၊ အချိန်ပိုကုန်သော အရာအဖြစ် ဆောက်လုပ်ရေးလုပ်ငန်းများက မြင်နေကြသည်။ ထိုကဲ့သို့ မလိုက်နာသော အလေ့အထများ လျော့ကျစေရေးအတွက် အစိုးရအဆင့်မှ ဝင်ရောက် ကြီးကြပ်ရန် လိုအပ်ပါသည်။

အစိုးရသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ ဥပဒေကြမ်း ရေးဆွဲထား ပြီးဖြစ်သည်။ အဆိုပါ ဥပဒေမည်မျှ ထိရောက်မှုရှိသလဲဆိုသည်ကိုတော့ စောင့်ကြည့်ရဦးမည်ဖြစ်သည်။

အရည်အသွေးပြည့်မီသော အရာရှိများမရှိခြင်းအပါအဝင် ပညာရေးနှင့် အသိအမှတ်ပြုရေး အစီအစဉ်များတွင် လုံလောက်သော စံနှုန်းများမရှိ ခြင်းက ဥပဒေဖော်ဆောင်ကြပ်မတ်ရေးကို ထိခိုက်နိုင်ပါသည်။ ထို့အတွက်လည်း အစိုးရဘက်မှ ပါဝင်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

### ရရှိနိုင်သော အကျိုးကျေးဇူးများ

ဆောက်လုပ်ရေး ဘေးအန္တရာယ်ကင်းရှင်းစေရေး လိုအပ်သော အစီအမံများကို အကောင်အထည်ဖော်ခြင်းသည် ဆောက်လုပ်ရေးကဏ္ဍ အတွင်းရှိ ကုမ္ပဏီများ၏ ပုံရိပ်ကောင်းကို ပေါ်ပေါက်စေနိုင်ပါသည်။ နိုင်ငံတကာ စံနှုန်းများကို လိုက်နာခြင်းသည် ပြည်တွင်းအဖွဲ့အစည်းများနှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးပါသည်။

### အကြံပြုချက်များ

ဥပဒေအသစ်ကိုအကောင်အထည်ဖော်နေစဉ်အစိုးရအနေဖြင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအရာရှိများကိုလေ့ကျင့်ရေးနှင့်အသိအမှတ် ပြုလက်မှတ်များထုတ်ပေးရေးအတွက် သင်တန်းကျောင်းတစ်ခု ထူထောင်ရန် ကြိုးပမ်းသင့်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အစိုးရ၏ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချရေးအတွက် အရေးပါသော ကိရိယာတစ်ခုဖြစ်သည့် စည်းမျဉ်းစည်းကမ်းကို ကိုယ်တိုင်ချမှတ်လိုက်နာခြင်းများ ပေါ်ပေါက်စေပါလိမ့်မည်။ ပထမအဆင့်အနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေးပညာရှင်များ လေ့ကျင့်သင်ကြားပေးရေးအစီအစဉ်ကို တစ်နိုင်ငံ လုံးအတိုင်းအတာဖြင့် ဆောင်ရွက်သင့်ပါသည်။



ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းများပေးခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းကျောင်း အင်စတီ ကျူတစ်ခု ထူထောင်ခြင်း

# စီးပွားရေးဆိုင်ရာ လူမှုရေးတာဝန်ယူမှု(CSR)

# ၁၀

# မိတ်ဆက်

မြန်မာနိုင်ငံသည် မကြာသေးမီကပင် စီးပွားရေးတံခါးဖွင့်ပေးလိုက်သည့်အတွက် အချိန်တိုအတွင်း နေရာအမျိုးမျိုးတွင် တိုးတက်ဖွံ့ဖြိုးမှုများရှိလာသကဲ့သို့ ကိုင်တွယ်ဖြေရှင်းရန်လိုအပ်ချက်များမှာလည်း အများအပြားရှိလာပါသည်။ မိတ်ဖက်အဖွဲ့အစည်းများ၊ အခြားသော ပုဂ္ဂိုလ်များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်း အားဖြင့် အစိုးရအနေဖြင့် အဆိုပါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ပါလိမ့်မည်။

နှစ်ပေါင်းများစွာအတွင်း စီးပွားရေးဆိုင်ရာလူမှုရေးတာဝန်ယူမှု (Corporate Social Responsibility, CSR) သဘော တရားကို လက်ခံလာသော Advocacy Groups အရေအတွက်များ များပြားလာသည်။ အများစုသည်သည် သဘာဝနှင့် လူမှုအသိုင်းအဝိုင်း မထိခိုက်ရေးနှင့် တာဝန်ယူမှုတို့အပေါ်အလေးထားကာ CSR ကို မိမိတို့၏ စီးပွားရေး စံနှုန်း တန်ဖိုးများထဲသို့ ထည့်သွင်း လာကြသည်။

CSR မှာ ခေတ်စားပြီး ခက်ခဲသည့် ဘာသာရပ် ဖြစ်ပါသည် ။လွန်ခဲ့သော နှစ်ပေါင်း ၂၀ အတွင်း CSR အပေါ် စီးပွားရေး လုပ်ငန်းများ၏ အမြင်သည် သိသိသာသာ ပြောင်းလဲလာခဲ့ပါသည်။ (အောက်တွင် ကြည့်ပါ။) CSR သဘောတရားများ သည် စီးပွားရေးလုပ်ငန်းများ ထင်ပေါ်ကျော်ကြားလာခြင်းမှ စတင်မြစ်ဖျားခံပေါ်ပေါက်လာပြီး ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်းအဖြစ် အဓိပ္ပာယ်ဖွင့်ခဲ့ကြသည်။ ယင်းသို့ သတ်မှတ်သည့်အခါ စီးပွားရေးလုပ်ငန်းများမှ လက်ခံ ကျင့်သုံးမှုများလည်း ပေါ်ပေါက်လာသည်။

ရင်းနှီးမြှုပ်နှံသူများနှင့် မူဝါဒချမှတ်သူများအဖို့ စီးပွားရေးတွင် ပွင့်လင်းများသာမှုရှိခြင်းသည် ဆုံးရှုံးနိုင်မှုကို ထိန်းချုပ် ကိုင်တွယ်ရာတွင် ပိုမိုကောင်းမွန်စေပြီး တာဝန်ယူမှုပိုမိုရှိလာစေသည့် အကျိုးကျေးဇူးများကို မျက်ဝါးထင်ထင် တွေ့မြင် ခဲ့ရပြီဖြစ်သည်။ CSR မှာ ဆိုးကျိုးများ / အနုတ်သဘောဆောင်သော အကျိုးသက်ရောက်မှုများ လျှော့ချရေး နည်းလမ်းတစ်ခု အဖြစ်မြင်ခဲ့ကြပါသည်။

လူများ၊ ကမ္ဘာကြီးနှင့် အကျိုးအမြတ်များအပေါ် စီးပွားရေး စိတ်အားထက်သန်မှုက အထိန်းအကွပ်နှင့် ဖြစ်လာသည်။ စွမ်းအင်ကို ချွေတာခြင်းသည် ကမ္ဘာကြီး၏ ရေရှည်တည်တံ့မှုနှင့် စီးပွားရေးလုပ်ငန်းများ၏ အကျိုးအမြတ်ရရှိမှုအတွက် အရေးပါလာသည်။ အကျိုးတူမိတ်ဖက်လုပ်ငန်းများ အတွင်း ဆုံးရှုံးနိုင်မှု အန္တရာယ်များကို စိစစ်အကဲဖြတ်ခြင်းဖြင့် လုပ်ငန်းအမှတ်တံဆိပ် သို့မဟုတ် ကုမ္ပဏီ၏ ဂုဏ်သတင်းကို ထိခိုက်စေနိုင်ချေမြင့်မားသော လူမှုအသိုင်းအဝိုင်းနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုတို့အား ပိုမိုကောင်းမွန်စွာကိုင်တွယ်မှုပြုနိုင်ရန် အထောက်အကူပြုသည်။ CSR ကို ဆန်းသစ်ခြင်း လုပ်ငန်းစဉ်တွင် ပေါင်းစပ်ထည့်သွင်းခြင်းနှင့် အကျိုးသက်ဆိုင်သူများ နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းသည် ရေရှည်တွင် အကျိုးအမြတ်ဝင်ငွေများ ရရှိစေမည့် ကုန်ပစ္စည်းအသစ်ဒီဇိုင်းနှင့် ဝန်ဆောင်မှုများ ကို ရရှိစေပါသည်။ CSR မှာ အလားအလာရှိသော တန်ဖိုးများကို ဖွင့်ပေးသည့် ပလက်ဖောင်းတစ်ခု အဖြစ်၊ ပိုမို ရေရှည်တည်တံ့နိုင်သောနည်းဖြင့် မျှဝေကျင့်သုံးစေရေး အစိုးရ၏ ရည်ရွယ်ချက်တစ်ခုအဖြစ် စီးပွားရေး အသိုင်းအဝိုင်းက ရှုမြင်ကြပါသည်။

**CSR DRIVERS' EVOLUTION**



အလေ့အကျင့်ကောင်းများမှာ ယင်းတို့၏အကျိုးဆက်နှင့် ထိရောက်မှုတို့အပေါ် မူတည်၍သာ အခြားနေရာများသို့ ဆက်လက်ပျံ့နှံ့နိုင်သည်ဟု ကျွန်ုပ်တို့ကယူဆထားပါသည်။ တာဝန်ရှိသူများအနေဖြင့် CSRကိုအမြဲငွေကြေးအကုန်အကျခံကာဆောင်ရွက်ရသည့်ပရဟိတလုပ်ငန်းတစ်ခု အဖြစ်ထက် စီးပွားရေးအကျိုးအမြတ် ဖော်ဆောင်ပေး သည့် မောင်းနှင်အားတစ်ခုအဖြစ် အရှိကို အရှိအတိုင်း ရှုမြင်လျက် လိုက်နာကျင့်သုံးရန် တိုက်တွန်းပေးနိုင်ပါက စီးပွားရေး လုပ်ငန်းများမှ CSR ကို လိုက်လံကျင့်သုံးမှုနှုန်း မြင့်မားလာစေမည်ဖြစ်ပြီး နိုင်ငံအတွင်းရှိ စီးပွားရေး အဆောက်အအုံ ဟန်ချက်ညီညီ တိုးတက်ကောင်းမွန်လာရေးအတွက် ဆက်စပ်ဆောင်ရွက်သွားနိုင်မည့် အခင်းအကျင်းတစ်ရပ်ကို ဖန်တီးပေး လိမ့်မည်ဖြစ်ပါသည်။

၂၀၁၁ခုနှစ်က Harvard Business Reviewတွင်ဖော်ပြခဲ့သော Porter နှင့် Kramer တို့၏ဆောင်းပါးထဲတွင်မျှဝေကျင့်သုံးသောစံတန်ဖိုး ဆိုသည်မှာ "မိမိ လုပ်ငန်းဆောင်ရွက်သော အသိုင်းအဝိုင်းရှိ စီးပွားရေး၊ လူမှုရေး အခြေ အနေများကို စဉ်ဆက်မပြတ်တိုးတက်စေသော ကုမ္ပဏီတစ်ခု၏ ယှဉ်ပြိုင်နိုင်စွမ်းကို ကောင်းမွန်စေသော မူဝါဒများ၊ လုပ်ငန်းလည်ပတ်ရေး အလေ့အကျင့်များဟု သတ်မှတ်နိုင်ပါသည်။ မျှဝေကျင့်သုံးသောစံတန်ဖိုးသည် လူမှုရေးနှင့် စီးပွားရေးတိုးတက်မှုတို့အကြား ဆက်နွယ်မှုကို ဖော်ထုတ်ခြင်း၊ ဖြန့်ကျက်ခြင်းကို ဦးစားပေးပါသည်" ဟု ရေးထား သည်။ မျှဝေကျင့်သုံးသောစံတန်ဖိုးကို ဖန်တီးခြင်းသည် စီးပွားရေးလုပ်ငန်းတိုင်း၏ အန္တိမရည်မှန်းချက် ဖြစ်ပါသည်။ European Commission က သတ်မှတ်သော CSR အဓိပ္ပာယ်ဖွင့်ဆိုချက်၏ အဓိကအစိတ်အပိုင်းများထဲမှ တစ်ခု ဖြစ်ပါ သည်။ (Box 1 ကိုရှုပါ)

EuroCham CSR Advocacy Group သည် အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုမှုကို အပြည့်အဝ လက်ခံပါသည်။ ဥရောပ ကုမ္ပဏီများအနေဖြင့် အကြောင်းအရာများစွာပါဝင်သော အမျိုးမျိုးသော ဥပဒေများ၊ ပုံစံနှင့် စံနှုန်းများကို လက်ခံကျင့်သုံးရမည်ဖြစ်ပါသည်။ မကြာသေးမီကလည်း ဥရောပ ကုမ္ပဏီကြီးများအတွက် ပွင့်လင်းမြင်သာမှု သတ်မှတ်ချက်များကို အသက်ဝင်စေရန်အတွက် ညွှန်ကြားချက်အသစ်ကို ထုတ်ဝေထား ပါသည်။ (Box ၂ ကိုရှုပါ)။ ပွင့်လင်းမြင်သာမှု၊ လုပ်ငန်းဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှု နှင့် ခိုင်မာသော စီးပွားရေးအဝန်းအဝိုင်းတစ်ခု ဖြစ်လာစေရန် ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အကျင့်များသည် မြန်မာနိုင်ငံတွင် စီးပွားရေး လုပ်ငန်းတစ်ခုလုပ်ကိုင်နိုင်ရန် အရေးပါသော လိုအပ်ချက်များဖြစ်သည်။

ဥရောပကုမ္ပဏီများသည် ယင်းတို့၏ မိခင်နိုင်ငံများမှ စုလင်သည့် ယဉ်ကျေးမှုနောက်ခံများကို ပိုင်ဆိုင်ထားပြီးဖြစ်ခြင်း အဖွဲ့ဝင်နိုင်ငံများအကြား ငြိမ်းချမ်းသော၊ တည်ငြိမ်သော၊ အကျိုးရှိသော ဆက်ဆံရေးကို တည်ဆောက်ရာတွင် တွန်းအားတစ်ရပ် ဖြစ်လာခြင်းတို့ကြောင့် ဥရောပတိုက်တွင် အပြောင်းအလဲကောင်းတစ်ရပ်ဖြစ်ထွန်းလာရေးအတွက် အထောက်အကူဖြစ်လာခဲ့ကြပါသည်။ အဆိုပါ ကုမ္ပဏီများသည် ယင်းသို့အောင်မြင်မှုကို အစပိုင်းကတည်းက ရရှိခြင်းမဟုတ်ပေ။ လက်တွေ့စမ်းသပ်ရင်း အမှားပြုပြင်သည့် နည်းလမ်းများကို ကျင့်သုံးခဲ့သည့် အတွက် လက်ရှိ အချိန်တွင် ပိုမိုတိုးတက်ခိုင်မာလာခြင်းဖြစ်ပါသည်။

လက်ရှိ မြန်မာနိုင်ငံတွင် စီးပွားရေး လုပ်ငန်းဆောင်ရွက်နေသော ဥရောပ ကုမ္ပဏီများသည် ၎င်းတို့၏ CSR စီမံကိန်းများ ကို စီမံခန့်ခွဲရာတွင် လက်တွေ့ကျသော အတွေ့အကြုံ အသိပညာများကို ဝမ်းမြောက်ဝမ်းသာမျှဝေ၊ လွှဲပြောင်းပေးလို ကြပါသည်။ ထို့ကြောင့် ပုဂ္ဂလိက ကဏ္ဍရှိ ဒေသခံစီးပွားရေးလုပ်ငန်းများအနေဖြင့် အမှားအယွင်းများကို ရှောင်ရှား လျက် နိုင်ငံတကာမှ အကောင်းဆုံး အလေ့အထများကို ကဏ္ဍမျိုးစုံတွင် ကျင့်သုံးခြင်းအားဖြင့် ချက်ချင်း အကျိုးခံစား နိုင်ပါသည်။

European Commission ၏ ၂၀၁၁ CSR အဓိပ္ပာယ်ဖွင့်ဆိုချက် ၁

"ကော်မရှင်သည် CSR ၏ အဓိပ္ပာယ်အသစ်ကို စီးပွားရေးလုပ်ငန်းများမှ ၎င်းတို့၏လူမှုဝန်းကျင်သို့ အကျိုးသက်ရောက်မှုများအား တာဝန်ယူနိုင်မှုဟု အဓိပ္ပာယ်ဖွင့်ပါသည်။ ဥပဒေများကို လေးစားလိုက်နာခြင်း၊ လူမှုမိတ်ဖက်များအကြား သဘောတူညီချက်များကို လေးစားလိုက်နာခြင်းများသည် အဆိုပါ တာဝန်ယူမှုများကို ဖြည့်ဆည်းရန်အတွက် လိုက်နာရမည့် အရာများဖြစ်သည်။

CSR တာဝန်များကို အပြည့်အဝ လိုက်နာရန်အတွက် စီးပွားရေးလုပ်ငန်းများအနေဖြင့် သက်ဆိုင်သူများနှင့် ပူးပေါင်းလျက် လူမှုရေးဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ကျင့်ဝတ်ဆိုင်ရာ၊ လူ့အခွင့်အရေးဆိုင်ရာ၊ စားသုံးသူဆိုင်ရာ ကိစ္စရပ်များကို မိမိတို့၏ စီးပွားရေးလုပ်ဆောင်မှုများ၊ မဟာဗျူဟာထဲတွင် ပေါင်းစပ်ပါဝင် စေနိုင် မည့် လုပ်ငန်းစဉ်တစ်ခုကို အောက်ပါ ရည်ရွယ်ချက်များနှင့် အတူ ဖော်ဆောင်ထားရမည်။

- ပိုင်ရှင်များ/ရှယ်ယာရှင်များ၊ သက်ဆိုင်သူများနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံး အတွက် မျှဝေကျင့်သုံးသောစံတန်ဖိုးများကို အကောင်းဆုံးဖန်တီးပေးခြင်း
- ဖြစ်နိုင်ချေရှိသော ဆိုးရွားသည့် အကျိုးသက်ရောက်မှုများကို ရှာဖွေဖော်ထုတ်ခြင်း၊ ဖြစ်ပေါ်လာခြင်းမရှိအောင် တားဆီးကာကွယ်ခြင်းနှင့် လျှော့ချခြင်း

မျှဝေကျင့်သုံးသောစံတန်ဖိုးများကို အကောင်းဆုံးဖန်တီးနိုင်ရန် CSR လုပ်ငန်းများကို ရေရှည်အတွက် မဟာဗျူဟာကျသောနည်းလမ်းဖြင့် ချဉ်းကပ်လျက် လူမှုအသိုင်းအဝိုင်း အကျိုးရှိစေပြီး အရည်အသွေး ကောင်းမွန်သော ရလဒ်ကောင်းသော အလုပ်များရရှိစေမည့် ဆန်းသစ်သော ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ စီးပွားရေးမော်ဒယ်များ ဖော်ဆောင်ခြင်းအတွက် အခွင့်အလမ်းများ ရှာဖွေရန် စီးပွားရေးလုပ်ငန်းများကို တိုက်တွန်းပါသည်။

ဖြစ်ပေါ်လာနိုင်သော ဆိုးရွားသည့် အကျိုးဆက်များကို ရှာဖွေဖော်ထုတ်ရန် ၊ ဖြစ်ပေါ်လာခြင်းမရှိအောင် တားဆီးကာကွယ်ရန်နှင့် လျှော့ချနိုင်ရန်အတွက် စီးပွားရေး လုပ်ငန်းကြီးများနှင့် ထိုကဲ့သို့သော အကျိုးဆက်မျိုး ကြုံနိုင်ချေရှိနေသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းအတွင်း လည်ပတ်ဆောင်ရွက်မှု အထောက်အကူပြုကွင်းဆက် (supply chain) တစ်ခုလုံး အပါအဝင် ပျက်စီးဆုံးရှုံးနိုင်သည့် အလားအလာများကို အခြေပြုလေ့လာသည့် လုပ်ငန်းနောက်ခံအချက်အလက်ဆိုင်ရာ အသေးစိတ်စစ်တမ်းတစ်ရပ် ပြုလုပ်ရန် တိုက်တွန်းပါသည်။

## ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အစီရင်ခံစာတင်ပြမှုညွှန်ကြားချက်ကို ဦးစားပေးခြင်း

၂၀၁၆ ခုနှစ်မှ စတင်ကာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အချို့သော ကုမ္ပဏီများသည် မိမိတို့၏ စီမံခန့်ခွဲရေး အစီရင်ခံစာထဲတွင် ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အချက်အလက်များ ထည့်သွင်း အစီရင်ခံစာတင်ပြရန် လိုအပ်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အချက်အလက်များ ထုတ်ပြန်ကြေညာခြင်း ဆိုင်ရာ ၂၀၁၄။ ၉၅ EU Directive[2] ကို ဥရောပ သမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အတွက် ဒေသဆိုင်ရာ ဥပဒေအဖြစ် ပြောင်းလဲ ပြဋ္ဌာန်းမည်ဖြစ်သည်။ ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အချက်အလက်များ ထုတ်ပြန်အစီရင်ခံခြင်းဆိုင်ရာအဆိုပါညွှန်ကြားချက် (NFR Directive) မှာ Accounting Directive ၂၀၁၃။ ၃၄၊ EU ကိုပြင်ဆင်လိုက်ခြင်းလည်း ဖြစ်ပြီး သက်ဆိုင်ရာ ကုမ္ပဏီကြီးများအနေဖြင့် အောက်ပါ ကိစ္စများနှင့် ပတ်သက်၍ အချက်အလက်များကို ထုတ်ပြန်ရမည်ဖြစ်သည်။

- ဆောင်ရွက်ကျင့်သုံးနေသော စီးပွားရေးစံပုံစံ အကြောင်း အကျဉ်းချုပ်
- သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများ၊ လူမှုရေးနှင့် အလုပ်သမားဆိုင်ရာများ၊ လူ့အခွင့်အရေး လေးစား လိုက်နာမှုများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လာဘ်ပေးလာဘ်ယူမှုဆိုင်ရာ ကိစ္စများ၊ ဒါရိုက်တာ အဖွဲ့၏ မတူကွဲပြားမှုများနှင့် ပတ်သက်သော မူဝါဒများ၊ ဆုံးရှုံးနိုင်ချေများနှင့် ရလဒ်များ အကြောင်း ဖော်ပြချက်များ
- အဆိုပါ မူဝါဒများ၏ ရလဒ်များ
- သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းအလိုက် ဘဏ္ဍာရေးနှင့် မသက်ဆိုင်သောလုပ်ငန်း၏ လည်ပတ်မှု အခြေအနေ တိုင်းတာချက်များ

ဤ NFR ညွှန်ကြားချက်သည် ဥရောပကုမ္ပဏီများ၏ ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အစီရင်ခံခြင်းများကို ဖော်ဆောင်စေမည်ဖြစ်ပြီး အထူးသဖြင့် မြန်မာနိုင်ငံတွင် ယုံကြည်မှု တည်ဆောက်ရာတွင် အထောက်အပံ့ ဖြစ်စေ မည်ဖြစ်သည်။

## ၂၀၁၇ ခုနှစ်က White Book ထုတ်ပြီးနောက် ဖွံ့ဖြိုးတိုးတက်မှုများ

ကမ္ဘာတစ်ဝန်းတွင်ပင် CSR နှင့် ပတ်သက်သော သဘောထားများမှာ တိုးတက်ပြောင်းလဲလာနေပြီး CSR ဆိုင်ရာ အယူအဆများမှာလည်း ခေတ်စားလာသည်။ ၂၀၁၇ ခုနှစ်တွင် သိသာသော အပြောင်းအလဲ ရှိခဲ့ပါသည်။

• ရင်းနှီးမြှုပ်နှံသူများသည် ရလဒ်များဖန်တီးနိုင်ပြီး စွမ်းဆောင်မှုကို အာမခံနိုင်သော ကုမ္ပဏီများကို ရှာဖွေခဲ့ကြ သည်။ Black Rock ၏ CEO ဖြစ်သူ Larry Fink က CEO များထံသို့ ဤသို့ စာရေးသား ပေးပို့ခဲ့သည်။ ထိုအထဲတွင် သူက "ကုမ္ပဏီတွေအနေနဲ့ ကိုယ့်ကိုကိုယ် ဒီလို ပြန်မေးသင့်တယ်။ လူ့အသိုင်းအဝိုင်းမှာ တို့က ဘယ်ကဏ္ဍက ပါနေတာလဲ။ သဘာဝပတ်ဝန်းကျင်အပေါ် ကျွန်တော်တို့လုပ်ငန်းရဲ့ သက်ရောက်မှုကို ဘယ်လို ကိုင်တွယ်နေလဲ။ မတူကွဲပြားမှုတွေပါဝင်တဲ့ အလုပ်သမားအင်အားစုကို ဖန်တီးဖို့ ကျွန်တော်တို့ လုပ်သလား။ နည်းပညာအပြောင်းအလဲနဲ့ လိုက်လျောညီထွေ ဖြစ်အောင် လုပ်နေကြသလား။ ကျွန်တော်တို့ရဲ့ အလုပ်သမားတွေနဲ့ လုပ်ငန်းတွေကို အလိုအလျောက်စက်တွေ ပိုသုံးလာတဲ့ ကမ္ဘာကြီးမှာ အံဝင်ခွင်ကျဖြစ်ဖို့ အခွင့်အလမ်းတွေ၊ ပြန်လည် လေ့ကျင့်ပေးမှုတွေ ကျွန်တော်တို့ လုပ်ပေးနေသလား ဆိုတာတွေပဲ။ မိတ်ဆွေတို့ ကုမ္ပဏီရဲ့ မဟာဗျူဟာက ငွေကြေးအခြေအနေ တိုးတက်လာစေရေး လမ်းကြောင်းကို ဖော်ပေးနိုင်ရမယ်။ အဲဒီအခြေအနေကောင်းကို ဆက်ထိန်းထားဖို့အတွက် ကိုယ့်လုပ်ငန်းရဲ့ လူမှုရေးဆိုင်ရာ သက်ရောက်မှုကို ကောင်းကောင်း သိထားရမယ်။ လုပ်ခလစာတိုးတက်မှု နှေးကွေးတာက အစ အလိုအလျောက်စက်ပစ္စည်းတွေပိုသုံးလာတာ အလယ်ရာသီဥတုအပြောင်းအလဲ အဆုံး ကျယ်ပြန့်တဲ့ဖွဲ့စည်းပုံတွေအပြောင်းအလဲတွေရဲ့ကိုယ့်လုပ်ငန်းတိုးတက်မှုအပေါ်သက်ရောက်မှုတွေအားလုံးကိုလည်း သိရှိနားလည်ထား ရမယ်" ဟု ရေးသားခဲ့ပါသည်။ ဤသည်မှာ World Economic Forum က ထုတ်ဝေခဲ့သော ၂၀၁၈ Global Risk ထဲတွင် ဖော်ပြထားသည် လာမည့် ဆယ်နှစ်အတွင်း စီးပွားရေးလုပ်ငန်းများ၏ ရေရှည်တည်တံ့မှုအပေါ် အများဆုံးသက်ရောက်နိုင်သည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များ ကို ထင်ဟပ်နေပါသည်။

• ကမ္ဘာတစ်ဝှမ်းရှိ မူဝါဒချမှတ်သူများသည် စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုကို ပိုမိုပြဋ္ဌာန်းသော ဥပဒေသစ်များအား လက်ခံကျင့်သုံး လာကြပြီဖြစ်သည်။ ဥပမာအားဖြင့် ဥရောပသမဂ္ဂ၏ဥပဒေတွင် ကုမ္ပဏီကြီး များ (ယင်းတို့ထဲမှ အချို့သည် မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက် နေကြသည်) အနေဖြင့် ၂၀၁၈ ခုနှစ်မှစတင်ကာမိမိတို့၏နှစ်ပတ်လည်အစီရင်ခံစာများတွင် ငွေကြေးဆိုင်ရာမဟုတ်သောအချက်အလက်များကို ထည့်သွင်းထုတ်ပြန်ရမည်ဖြစ်သည်။ (Box ၂ ကိုရှုပါ။) ပြင်သစ်နိုင်ငံတွင် ၂၀၁၇ ခုနှစ် French devoir de vigilance Law (Duty of Care of Parent Companies and Ordering Companies) က ကုမ္ပဏီများ အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ကြိုတင် စစ်ဆေး အကဲဖြတ်မှုဆောင်ရွက်ရန် ပြဋ္ဌာန်းထားပြီး ပြင်သစ်နိုင်ငံ တွင် မှတ်ပုံတင်ထားသော ကုမ္ပဏီများအနေဖြင့် နှစ်ပတ်လည် သတိထားစောင့်ကြည့် ရေး အစီအမံများ ချမှတ်အကောင်အထည်ဖော်စေပါသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီမှစကာ ဟောင်ကောင်ရှိ စတော့အိတ်ချိန်း စာရင်းဝင်အများပိုင် ကုမ္ပဏီများသည် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီမံအုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များကို ဖော်ပြကြေညာရပြီး "လိုက်နာ ရေး သို့မဟုတ် ရှင်းပြရေး" နည်းလမ်းကို ရွေးချယ် ရသည်။ ၂၀၁၇ ဇွန်လတွင် Chittagong Stock Exchange Limited (CSE) သည် စင်္ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့ရှိ ဒေသတွင်း စတော့အိတ်ချိန်းများထဲတွင် ပါဝင်ချိတ်ဆက်လျက် Sustainable Stock Exchange (SSE) အစီအမံထဲတွင် ပါဝင်ရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာနိုင်ငံရှိ အဖွဲ့အစည်းတော်တော်များများသည် CSR ကို ပရဟိတအလုပ်၊ ပြည်သူ့အကျိုးပြုအလုပ်ဟု မြင်နေကြ သော်လည်း အချို့သော စွန့်ဦးအဖွဲ့အစည်းများကတော့ မိမိတို့၏ စီးပွားရေး မော်ဒယ်များတွင် CSR များ ထည့်သွင်း ဆောင်ရွက်နေပြီဖြစ်ကာ လူထုအသိုင်းအဝိုင်းအပေါ် ၎င်းတို့၏ သက်ရောက်မှုအတွက် ကောင်းမွန်စွာ အသိအမှတ်ပြုခံရသည်အထိ ပေါက်မြောက်အောင်မြင်ခဲ့ပြီး ဖြစ်သည်။ ပြီးခဲ့သည့် ၁၂ လမှာ အတန်ပင် စိတ်ဝင်စားဖွယ်ကောင်းပြီး CSR လုပ်ငန်းများသည် မြန်မာနိုင်ငံတွင် လျင်မြန်စွာ ပျံ့နှံ့လာသည်။ ယင်းတို့ကို ဖော်ပြ ရသော်

- သက်ဆိုင်သူပေါင်းစုံပါဝင်သော စီမံကိန်းများ ရလဒ်ထွက်လာသည်။
- ဥပမာ မြန်မာနိုင်ငံအစိုးရ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့သည် IFC နှင့် ပူးပေါင်းလျက် ၂၀၁၈ ခုနှစ် မတ်လအတွင်းက ရေအားလျှပ်စစ်ကဏ္ဍအတွင်း Strategic Environmental Assessment (SEA) သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှု မဟာဗျူဟာစစ်ဆေးအကဲဖြတ်ချက် အစီရင်ခံစာ တွေ့ရှိချက် များကို ချပြခဲ့သည်။
- မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေးကော်မရှင် (SECM)၊ ရန်ကုန် စတော့ အိတ်ချိန်း (YSX)၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) နှင့် IFC တို့သည် မြန်မာနိုင်ငံတွင် ကော်ပိုရိတ် စီမံခန့်ခွဲမှုဆိုင်ရာ အလေ့အထများ တိုးတက်ရေး ဆောင်ရွက် ခဲ့ကြသည်။
- မြန်မာ့ စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန၏ စတုတ္ထအကြိမ်မြောက် အစီရင်ခံစာ ဖြစ်သော ပွင့်သစ်စ အစီရင်ခံစာတွင် နည်းလမ်းအသစ်ပါရှိပြီး ယခုအခါတွင် ကော်ပိုရိတ် စီမံအုပ်ချုပ်မှု၊ ရေရှည်တည်တံ့မှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စွမ်းဆောင်မှုများကို ဦးစားပေး ဖော်ပြထားသည်။ ဤအစီရင်ခံစာ၏ ဒုတိယပိုင်းတွင် မြန်မာနိုင်ငံရှိ တိုးတက်မှုများနှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြထား သည်။ အခြားသော NGO များ၊ CSO များသည် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် သတင်းအချက်အလက်အနေဖြင့် အသုံးပြုနိုင်သော အစီရင်ခံစာများ ထုတ်ပြန်နေပြီး၊ အချက်အလက်များကို ပိုမို ထုတ်ပြန်လာကြသည်။

*1 Cf. Communication From The Commission To The European Parliament, The Council, The European Economic And Social Committee And The Committee Of The Regions A Renewed Eu Strategy 2011-14 For Corporate Social Responsibility http://eur-lex.europa.eu/legal-content/EN/TXT/?uri=CELEX:52011DC0681*
*2 Cf.Directive 2014/95/Eu Of The European Parliament And Of The Council (2014) http://eur-lex.europa.eu/legal-content/ENG/TXT/?uri=CELEX%3A32014L0095*

- အချို့သော စွန့်ဦး စီးပွားရေးလုပ်ငန်းများသည် မိမိတို့၏ CSR လုပ်ငန်းများကို စီမံခန့်ခွဲမှုအား သိသိသာသာ ပြောင်းလဲရန် ကြိုးပမ်းလာကြသည်။ လက်လီလုပ်ငန်းကြီးတစ်ခုဆိုလျှင် ယင်း၏ စီးပွားရေး ရည်ရွယ်ချက်များ နှင့် အပြည့်အဝ ညီညွတ်မှုရှိသော ရေရှည်တည်တံ့ရေး မဟာဗျူဟာကို ထုတ်ပြန်ထားသည်။ အခြားသော မြန်မာကုမ္ပဏီကြီးတစ်ခုသည်လည်း အငြင်းပွားဖွယ်ဘီလပ်မြေစက်ရုံအကြောင်းကိုငင်း၏သက်ဆိုင်သူများနှင့်ပွင့်လင်းမြင်သာစွာထိတွေ့ရန် ဆုံးဖြတ်ခဲ့ပြီးအစည်းအဝေးမှတ်တမ်းများကိုလည်း ဝက်ဘ်ဆိုဒ်တွင် တင်ရန် ဆုံးဖြတ်ခဲ့ပါသည်။

## ပြဿနာဖော်ပြချက် ၁

- လက်ရှိတွင်မြန်မာနိုင်ငံ၌CSRဆိုင်ရာတရားဝင်အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသေးပေ။အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုချမှတ်လိုက်ခြင်းက ယူဆချက်များအပေါ် သက်ရောက်မှုရှိနိုင်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းစေ ပါသည်။ လုပ်ငန်းဆိုင်ရာ စံအလေ့အထအခြေခံများ ပေါ်ပေါက်စေမည်ဖြစ်ပါသည်။ပရဟိတအလုပ်၊ပြည်သူ့အကျိုးပြုအလုပ်ဟုရောထွေးစွာထင်မြင်ယူဆလျက်ရှိပြီးစီးပွားရေးလုပ်ငန်း ပုံစံ၏ တစ်စိတ်တစ်ပိုင်း အဖြစ် မမြင်ကြပါ။ လူမှုရေးနှင့် စီးပွားရေးအပေါ် သက်ရောက်မှု ရှိရန် သက်ဆိုင်သူအားလုံးအတွက် ပြည့်စုံသော CSR ကျင့်သုံး နည်းလမ်းနှင့် ရှင်းလင်းသော လမ်းပြမြေပုံလိုအပ်ပါသည်။

## ရရှိနိုင်သော အကျိုးကျေးဇူးများ

- ရှင်းလင်း တိကျသော အဓိပ္ပာယ်ဖွင့်ဆိုချက် ဖော်ထုတ်ခြင်းသည် CSR ၏ အဓိက ကဏ္ဍနှင့် အညီဖြစ်စေရေး ပထမ ခြေလှမ်းဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းက အစိုးရနှင့် ပုဂ္ဂလိက နှစ်ဖက်လုံးကို အကူအညီ ဖြစ်စေမည်ဖြစ်ပါသည်။ အစိုးရကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍ နှစ်ရပ်လုံးသည် CSR ကြောင့် မည်သည့် အကျိုးကျေးဇူးရနိုင်သည်၊ မည်သို့ရနိုင်သည်ကို သိရှိလာမည်ဖြစ်ပါသည်။ ထိုအပေါ် အခြေခံကာ မြန်မာနိုင်ငံ တွင် အောင်မြင်သော CSR အလေ့အထများပေါ်ပေါက်ရေးနှင့် ရေတို၊ ရေရှည်နှစ်မျိုးလုံးတွင် ပေါက်မြောက်အောင်မြင်ရေးအတွက် ရှင်းလင်းသော လမ်းပြမြေပုံ ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ကိုယ်ပိုင် CSR အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ချမှတ်ရာတွင် European Commission ၏ အဓိပ္ပာယ်ကို ကိုးကားစရာ၊ နမူနာယူစရာအဖြစ် အသုံးပြုနိုင်ပါသည်။

## ရှုထောင့်

CSR ၏ ရည်ရွယ်ချက်များ၊ ပါဝင်သည့်အကြောင်းအရာ၊ လုပ်ငန်းလည်ပတ်မှုပုံစံ ချိန်ညှိခြင်းသည် နောင်အနာဂတ်၌ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့မှုရှိသော တာဝန်ယူမှုရှိသော စီးပွားရေး မော်ဒယ်၏ အောင်မြင်ရေးအတွက် စဉ်းစားရမည့် ပထမဆုံးအရာ ဖြစ်ပါသည်။ ဥရောပ ကုမ္ပဏီများအနေဖြင့်

- ဤဆွေးနွေးမှု ခိုင်မာ ရင့်သန်ရေးအတွက် ၎င်းတို့၏ အသိပညာနှင့် အကောင်းဆုံး အလေ့အထများကို မိမိတို့ စီးပွားရေး လုပ်ဆောင်ဖက်များနှင့် မြန်မာအာဏာပိုင်များထံ မျှဝေပေးလိုနေကြပါသည်။

- CSR လုပ်ငန်းများအတွက် လက်တွေ့ကျသော ချဉ်းကပ်ဆောင်ရွက်မှုများကို အသေးစိတ်ဖော်ပြပေးမည့်၊ စီးပွားရေးလုပ်ငန်းများ အတွက် လက်တွေ့ကျသော လမ်းညွှန်ချက်များ ပေးမည့် မြန်မာနိုင်ငံအတွက် တိကျသော လမ်းညွှန်ချက် ချမှတ်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက် လိုကြပါသည်။

မြန်မာစီးပွားရေး လုပ်ငန်းများအတွက် သီးသန့် ရေးဆွဲထားသော လမ်းပြမြေပုံ ချမှတ်ရေးအပြင် CSRဆိုင်ရာ အသိညာများကို မြန်မာကုမ္ပဏီများနှင့် အာဏာပိုင်များထံ မျှဝေပေးခြင်း

## ပြဿနာ ဖော်ပြချက် ၂

ယနေ့အခါတွင် မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံ ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများ တင်သွင်းသော ကုမ္ပဏီများအား မိမိတို့၏ လုပ်ငန်းသုံးစွဲမှုအထဲမှ ရာခိုင်နှုန်း အချို့ကို CSR အတွက် သုံးစွဲရန် တိုက်တွန်းပါသည်။ လက်ရှိအချိန်တွင် ဥပဒေအရ မလုပ်မနေရ မဟုတ်သေးသော်လည်း EU Advocacy Group အနေဖြင့် နောင်တွင် ဥပဒေဖြင့် ဆောင်ရွက်လာစေသည့်အနေအထား ဖြစ်လာနိုင်ကြောင်း ပြောလိုပါသည်။ ထိုကဲ့သို့ မဖြစ်မနေ လုပ်ဆောင်ရခြင်းသည် အခွန်ဝန်ထုပ်ဝန်ပိုးတစ်ခုသဖွယ် အကျိုးမဖြစ်ထွန်းစေသော ရလဒ်ထွက်နိုင် ပါသည်။ CSR ၏ အဓိက ရှည်ရှည်ချက်ဖြစ်သော အပြုသဘောဆောင်သည့် အပြောင်းအလဲကို အငြင်းပွားဖွယ်မရှိ ဖျက်ဆီး ပစ်လိုက်နိုင်ပါသည်။

## ရရှိနိုင်သော အကျိုးကျေးဇူးများ

- CSR အလုပ်ဖြစ်စေရန်အတွက် ကဏ္ဍအလိုက်၊ စီးပွားရေး မော်ဒယ်အလိုက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယေဘုယျသဘောမျိုးမဟုတ်ဘဲ တိတိကျကျဖြစ်ရန် လိုပြီး လူမှုအသိုင်းအဝိုင်း၏ လိုအပ်ချက်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုပါသည်။ CSR အတွက် မဖြစ်မနေ ငွေကြေးသုံးစွဲစေခြင်းက CSR ကို ယင်း၏ မူလ သဘောတရားမှ လုံးဝ သွေဖယ်သွားစေပါလိမ့်မည်။ ထို့ပြင် CSR ကို လိုအပ်သကဲ့သို့ ချိန်ညှိပြုပြင်ကျင့်သုံးမှု မရှိဘဲ သဘောတရားအတိုင်း တိုက်ရိုက်ယူငင်ကျင့်သုံးပါကလည်း လုပ်ငန်း၏ဖွဲ့စည်းလည်ပတ်မှုပုံစံကို ထိခိုက်စေသည်သာမက ဆက်လက်ကျင့်သုံးရန် ဆန္ဒမရှိတော့ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်းများ ဖြစ်ပေါ်လာစေ နိုင်သည်။

## ရှုထောင့်

- Advocacy Group သည် လုပ်ငန်းသုံးစွဲမှုထဲမှ ရာခိုင်နှုန်းအလိုက်သော်လည်းကောင်း၊ အသားတင် အမြတ် ထဲမှ ရာခိုင်နှုန်းအလိုက်သော်လည်းကောင်း၊ အခြားသော ငွေကြေးများထဲမှ သော်လည်းကောင်း CSR အတွက် သီးသန့် မဖြစ်မနေ သုံးစွဲစေခြင်းမည့် ဥပဒေများကို ရှောင်ရှားနိုင်ရန် ကြိုးပမ်းမည်ဖြစ်ပါသည်။

> အပြုသဘော ဆောင်သော အပြောင်းအလဲများနှင့် ရေရှည်ကျင့်သုံးနိုင်မှုရှိသည့် မျှဝေစံတန်ဖိုးကို ဖန်တီးရာတွင် CSR ကို ထည့်သွင်းပုံဖော်ခြင်း

## အထွေထွေ ရှုထောင့်များ

- အစိုးရသည်လည်း စီးပွားရေးလုပ်ငန်းများအနေဖြင့် CSR လုပ်ငန်းများ ပိုမိုလုပ်ဆောင်လာရေး အားပေးခြင်းအားဖြင့် လုပ်ငန်းစဉ်တွင် ပါဝင်သင့်ပါသည်။ စီးပွားရေးကို ဦးတည်လျက် လုပ်ဆောင်သော CSR အကြောင်း အသိပညာနှင့် ဗဟုသုတမြှင့်တင်ခြင်းကို အသိပညာပေး လှုပ်ရှားမှုများမှ တစ်ဆင့် လုပ်ဆောင်နိုင်ပါသည်။ အကြံပြုဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများသည်လည်း စီးပွားရေးလုပ်ငန်းများကို CSR ဆိုင်ရာ အလေ့အထများနှင့် သဘောတရားအကြောင်းလက်တွေ့ကျသော အချက်အလက်များပေးနိုင်ပါသည်။ အစိုးရတွင်လည်း (သက်ဆိုင်ရာဝန်ကြီးဌာန လက်အောက်တွင်) ယင်းအတွက် ရည်ရွယ်သော သီးသန့်အဖွဲ့အစည်း ဖွဲ့စည်းခြင်းအားဖြင့် တစ်ဖက်တွင် အလေ့အထကောင်းများကို လွယ်ကူစွာ မျှဝေပေးပြီး တစ်ဖက်တွင် တာဝန်ယူမှု၊ တာဝန်ခံမှုပုံစံတစ်မျိုးကို ပေါ်ပေါက်စေနိုင်ပါသည်။ CSR အစီအမံများ ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းများကို ထောက်လှမ်းစိစစ်ရာတွင်လည်း အထောက်အကူဖြစ်စေပါသည်။

- ကောင်းမွန်သော ကော်ပိုရိတ် စီမံအုပ်ချုပ်မှုကို မြှင့်တင်ခြင်းသည် CSR ၏သက်ရောက်မှုအတိုင်းအတာကို တိုးတက်စေပါသည်။ ယင်းသို့မြှင့်တင်ရာတွင် လိုက်နာမှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် ထိရောက်သော ဆုံးဖြတ်ချက်ချရေး လုပ်ငန်းစဉ်များ ပါဝင်ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို အောင်အောင်မြင်မြင် အဆင့်မြှင့်တင်ရေးအတွက် လိုအပ်သည့် အဓိကလုပ်ငန်းရပ်များကို အကောင် အထည်ဖော်ရန် အစိုးရအနေဖြင့် လမ်းပြမြေပုံတစ်ခု ရေးဆွဲရန် ဆန္ဒရှိနေနိုင်ပါသည်။ အဆိုပါ အဆင့်မြှင့် လုပ်ငန်းစဉ်တွင် ကုမ္ပဏီများပါဝင်လာအောင် CSR က ကူညီပေးနိုင်ပါသည်။ CSR အနေဖြင့် ပထမအဆင့် တွင် လိုက်လံကျင့်သုံး ဆောင်ရွက်လိုစိတ် ဖြစ်ပေါ်လာအောင် ပြုလုပ်ပါသည်။ ထို့နောက် ဒုတိယအဆင့်တွင် အမှန်တကယ်လိုက်နာ ကျင့်သုံးလာစေရန် တွန်းအားပေးပါသည်။

> စီးပွားရေးအတွက် မရှိမဖြစ် လိုအပ်သော အစိတ်အပိုင်း တစ်ရပ်အဖြစ် CSR ကို ချမှတ် လက်ခံရေး ကြိုးပမ်းရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကအကြား ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပါသည်။

- Advocacy Group အနေဖြင့် အဖွဲ့ဝင် မြန်မာနိုင်ငံရှိ CSR လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်နေသော အဖွဲ့ဝင် ဥရောပ နိုင်ငံများအား မိမိတို့၏တိုးတက်မှုနှင့် ရလဒ်များကို နှစ်စဉ် အစီရင်ခံစာရေးကြရန် တိုက်တွန်းပါသည်။ မြန်မာစီးပွားရေး ခေါင်းဆောင်များနှင့် မူဝါဒချမှတ်သူများကို အတွေ့အကြုံများ မျှဝေပေးရန် တက်ကြွစွာ ထိတွေ့လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

- အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍအကြား အနီးကပ်ပူးပေါင်းခြင်းသည် အစိုးရနှင့်ပုဂ္ဂလိကအကြား အဆက်အသွယ်များရရှိစေကာ၊ အချင်းချင်းအကြား ထပ်ဆင့် စွမ်းအင်များ ပေါ်ပေါက်စေသောကြောင့် ထိုကဲ့သို့ ပူးပေါင်းမှုသည် CSR လုပ်ငန်းများက မျှော်လင့်ထားသည့်အတိုင်း သက်ဆိုင်သူအားလုံးထံသို့ တန်ဖိုးစံများ ရရှိစေရေး ကြိုတင်လုပ်ဆောင်ရမည့် အရာဖြစ်ပါသည်။ ထို့မှတစ်ဆင့် မြန်မာအာဏာပိုင်များနှင့် ဥရောပ ကုမ္ပဏီများအကြား ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေကာ ရလဒ်ထွက်သော လုပ်ငန်းခွင် အခြေအနေကို ပေါ်ပေါက်စေသည့် ဆွေးနွေးပွဲတစ်ရပ် ပေါ်ထွက်လာစေမည်ဖြစ်ပါသည်။

Advocacy Group အနေဖြင့် ဦးစားပေးနယ်ပယ်များကို စာရင်းထုတ်ပြန်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် အထိရောက်ဆုံး ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားပါသည်။ အဆိုပါအဖွဲ့ထဲတွင် ကျွမ်းကျင်မှု အသီးသီးရှိကြသော ကဏ္ဍမျိုးစုံမှ ကုမ္ပဏီများ ပါဝင်ပါသည်။ ထိုရည်ရွယ်ချက်ဖြင့် ရွေးချယ်ထားသည့် နယ်ပယ်တိုင်းတွင် စွမ်းအားများကို ချိန်ညှိကာ အစိုးရအဖွဲ့များနှင့် ရင်းနှီးစွာ ပူးပေါင်းလုပ်ကိုင်သွားမည်ဖြစ်ပါသည်။

# ဒီဂျစ်တယ်နည်းပညာ ဆန်းသစ်မှု

# ၁၁

## မိတ်ဆက် – မြန်မာနိုင်ငံ၏ဒီဂျစ်တယ်စနစ်သို့ကူးပြောင်းမှု

၂၀၁၂ခုနှစ်တွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများထံလမ်းဖွင့်ပေးခဲ့ပြီးနောက်မြန်မာနိုင်ငံတွင်ထူးခြားသောအဖြစ်အပျက်များစွာတွေမြင်ခဲ့ရပါသည်။ ထိုအထဲမှ အထူးခြားဆုံးပြောင်းလဲမှုမှာ အင်တာနက်နှင့် စမတ်ဖုန်း အသုံးပြုနိုင်သော နိုင်ငံသားအရေအတွက်များစွာ တိုးလာခြင်းဖြစ်သည်။ ယခင်က "မိုဘိုင်းဖုန်း၊ အင်တာနက် ချိတ်ဆက်မှုမရှိသော အနေအထား" မှ "အပြည့်အဝ ချိတ်ဆက်ပေးနိုင်သော အနေအထား" သို့ ခုန်ပျံ၍ တိုးတက် လာခဲ့ပါသည်။

ထိုဒီဂျစ်တယ်စနစ်သို့ကူးပြောင်းမှုကို အပြည့်အဝခံစားနိုင်ရန်အတွက် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ဒီဂျစ်တယ်နည်းလမ်းများကို လူမှုအသိုင်းအဝိုင်းတစ်ခုလုံး ကျင့်သုံးရန်လိုအပ်ပါသည်။ ထိုကဲ့သို့ကျင့်သုံးခြင်းသည် ဆီလျော်မှုရှိသော လူမှုရေးအကျိုးရှိသောဒီဂျစ်တယ်ဝန်ဆောင်မှုများမှတစ်ဆင့် နေ့စဉ်ဘဝတွင် တိုးတက်မှုများပေါ်ပေါက်စေမည်ဖြစ်ပါသည်။ ဒီဂျစ်တယ်နည်းပညာအပြည့်အဝချိတ်ဆက်ထားသော လူ့အဖွဲ့အစည်း၏ အကျိုးကျေးဇူးကို ခံစားနိုင်ရန်၊ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ကန့်သတ်နိုင်ရန်အတွက် ဆက်လက်၍ လုပ်ဆောင်စရာများစွာ ရှိနေပါသေးသည်။ ဒီဂျစ်တယ်စနစ်သို့ပြောင်းလဲခြင်းသည် အစိုးရအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ အကျိုးအမြတ်မယူသည့်အဖွဲ့အစည်းများ၊ အကျိုးအမြတ်ယူသည့် ပုဂ္ဂလိကအဖွဲ့အစည်းများမှသည့် မြန်မာနိုင်ငံသားအားလုံးအတွက် အခွင့်အလမ်းများ ရရှိစေသင့်ပါသည်။ ပြောင်းလဲမှုလျင်မြန်သည်မှာ အားလုံးအသိဖြစ်ပါသည်။ ဒီဂျစ်တယ်စနစ်ဖော်ဆောင်ခြင်း လမ်းကြောင်းမှန်ဆီ ရောက်စေရန်အတွက် အဖွဲ့အားလုံးပူးပေါင်း ပါဝင်ရန် လိုအပ်ပါသည်။ နေ့စဉ်ဖွံ့ဖြိုးတိုးတက်မှုများ၏ နမူနာများမှာ လက်ရှိအခြေအနေများထက် ပိုမိုသက်သာစွာဖြင့် သတင်းအချက်အလက်များရရှိခြင်း၊ ပညာရေးပိုမိုရရှိလာခြင်း၊ ပိုမိုကောင်းမွန်သည့် ဈေးကွက်ရလာခြင်းတို့ဖြစ်သည်။

ဒီဂျစ်တယ်နည်းပညာများကို ကျင့်သုံးခြင်းဖြင့် အစိုးရ၏ ဒီဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ညွှန်ပြ အကြံပြုမှုဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် အချက် ၁၂ ချက်ပါ စီးပွားရေးမူဝါဒတွင် ရည်မှန်းထားသည့်အတိုင်း ပြည်နယ်နှင့်တိုင်းဒေသကြီး အားလုံးတွင် အားလုံးပါဝင်မှုရှိသော ရေရှည်တည်တံ့သည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ပေါ်ထွန်းလာစေမည်ဖြစ်ပါသည်။

သို့သော် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းလုံးတွင် ကြုံတွေ့နေရသော စိန်ခေါ်မှုကြီးများရှိပါသည်။ သတင်း အမှားများ၊ အမှားစွက်သော သတင်းများနှင့် အချက်အလက်များ၊ (လူမှုမီဒီယာ) စွဲလမ်းလွန်းခြင်း၊ အင်တာနက် သုံးစွဲခွင့် မျှမျှတတမရခြင်း (သို့မဟုတ်) လုံးဝမရရှိခြင်းတို့မှာ နိုင်ငံတကာတွင် ပေါ်ပေါက်ဖြစ်ပွားလျက်ရှိကြပါသည်။

မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်း၊ အင်တာနက် လုံးဝမသုံးရသည့်အနေအထားမှာ အားလုံးသုံးနိုင်သည့်အနေအထားသို့ ပြောင်းရခြင်းကြောင့် အခြားသော ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲ နိုင်ငံများထက် ပိုမိုမြန်ဆန်သောနှုန်းဖြင့် ဒီဂျစ်တယ်ကမ္ဘာနှင့် အသားကျအောင် ဆောင်ရွက်ရန်လိုသည်။

## ပြဿနာဖော်ပြချက် ၁။ ဒီဂျစ်တယ် မူဘောင်များ– –ဖောင်ဒေးရှင်းများ

ကမ္ဘာကြီးမှာ နည်းပညာသစ်များဖြင့် ပြောင်းလဲနေပြီး အဆိုပါ နည်းပညာသစ်များသည် ဝယ်ယူသုံးစွဲသူများအတွက် အသစ်အသစ်သောလိုအင်များကို ဖြစ်ပေါ်စေပြီး အဆိုပါလိုအပ်ချက်အသစ်များကို ဖြည့်ဆည်းပေးသွားရန် စီးပွားရေးလုပ်ငန်းများကို အားပေးလျက်ရှိပါသည်။ ယင်းတို့သည် လူများ၏ နေထိုင်ပုံ၊ အလုပ်လုပ်ပုံများကိုလည်း ပြောင်းလဲပေးလျက်ရှိပါသည်။ အသုံးပြုသူများ၏ ဘဝကို တိုးတက်စေရန်၊ စီးပွားရေးလုပ်ငန်းများအတွက် တန်ဖိုးစံများ ဖန်တီးပေးရန်၊ လူမှုရေးအကျိုးကျေးဇူးများ ချဲ့ထွင်ရန်အတွက် ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းမှုတွင် အလားအလာများရှိနေသည်။ ထိုဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းမှုပေါ်ပေါက်စေရန်အတွက် အားလုံးခြုံငုံမှုရှိသော မူဘောင်နှင့် ကူညီထောက်ပံ့မှုပေးသော အခြေခံအဆောက်အအုံများ လိုအပ်သည်။

စနစ်တကျဒီဇိုင်းဆွဲထားသော ဒီဂျစ်တယ်မူဘောင်သည် ဒီဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးပါသော အခြေခံအုတ်မြစ်ဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် တွန်းအားတစ်ရပ်ဖြစ်သည်။ ဒီဂျစ်တယ် စီးပွားရေးစနစ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာရန် ဒီဂျစ်တယ်စီးပွားရေး စနစ်ဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ခြင်းနှင့် နောက်ဆက်တွဲအားဖြင့် အစိုးရဌာနဆိုင်ရာ အဆင့်ဆင့်၏ အားသွန်ခွန်စိုက် ဆောင်ရွက်မှုတို့ဖြင့်သာ ဆောင်ရွက်နိုင်သည်။ တရားဥပဒေနှင့်အညီ မျှတပွင့်လင်းမြင်သာစွာ ဖော်ဆောင်သည့် ဥပဒေများ၊ နည်းဥပဒေများဖြင့် အဆိုပါ မဟာဗျူဟာစီမံကိန်းကို အကောင်အထည် ဖော်ရမည်ဖြစ်သည်။



တရားဥပဒေစိုးမိုးရေး ဖော်ဆောင်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းတို့မှာ နိုင်ငံတော်အစိုးရ၏ ဦးစားပေး လုပ်ငန်းရပ်များ ဖြစ်ကြပါသည်။ သို့ဖြစ်ရာ ဒီဂျစ်တယ်စီးပွားရေးစနစ်ဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်းမှာ စီးပွားရေး လုပ်ကိုင်ရလွယ်ကူမှုအဆင့်သတ်မှတ်ချက်တွင် အဆင့် ၁၇၁ တွင် ရှိနေသောမြန်မာနိုင်ငံ၏အဆင့် တိုးတက်လာရေးအတွက်မဟာအခွင့်အရေးဖြစ်ပါသည်။ ထိုကဲ့သို့တိုးတက်လာခြင်းဖြင့်အလွန်လိုအပ်နေသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများနှင့် နည်းပညာများကို နိုင်ငံ၏ ဒီဂျစ်တယ် စီးပွားရေးစနစ်ထဲသို့ ခေါ်ဆောင်လာနိုင်မည်ဖြစ်သည်။ ဥပဒေစိုးမိုးမှုဖြစ်ထွန်းရမည့်အစား အစိုးရအဖွဲ့အစည်းများအကြားတွင် ရှေ့နောက်မညီသော ပုဂ္ဂလဓိဋ္ဌာန်ကျသော ဆုံးဖြတ်ချက်များကိုသာ ဆက်လက်ချမှတ်

နေပါက ပွင့်လင်းမြင်သာမှုကင်းမဲ့သည့် အခြေအနေမှာ ယခင်အတိုင်းပင် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။ သို့ဖြစ်လျှင် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် အဆင့်ကောင်းအောင် ကြိုးစား နေသော မြန်မာနိုင်ငံ၏ ကြိုးစားမှုများသည်လည်း သဲထဲရေသွန် ဖြစ်သွားနိုင်သည်။

ဒီဂျစ်တယ် စီးပွားရေးစနစ်ကိုအားပေးသော ဥပဒေများ ပြဋ္ဌာန်းခြင်းသည် ဒီဂျစ်တယ်လောက၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပေသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့လုစ စီးပွားရေးအတွက် နိုင်ငံတကာမှ အတွေ့အကြုံများ၊ နှင့် ကျွမ်းကျင်သူများထံမှ အကြံဉာဏ်ယူခြင်းအားဖြင့် အကျိုးရှိနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံသားများ၏ အခွင့်အရေးများကို ကာကွယ်ပေးသည့်အနေဖြင့် မူကြမ်းရေးဆွဲထားပြီး ကြန့်ကြာနေသော Cyber Crime and Electronic Evidence Act ကဲ့သို့သော ဥပဒေများကို အချက်အလက်ကာကွယ်ရေး၊ ပုဂ္ဂလိကအချက်အလက် ကာကွယ်ရေး၊ ဉာဏ်ပစ္စည်း မူပိုင်ခွင့်၊ e-commerce ဥပဒေကဲ့သို့သော ဥပဒေများနှင့်အတူ အချိန်မဆိုင်းဘဲ ပြဋ္ဌာန်းရန် Digital Innovation Advocacy အဖွဲ့က အကြံပြုအပ်ပါသည်။ ဥပဒေရေးဆွဲရေးကို ဆောင်ရွက်စဉ်တွင် မတူညီသော ရှုထောင့်များနှင့် ကမ္ဘာလုံးဆိုင်ရာ အသိပညာအတတ်ပညာများကို ကောင်းစွာအသုံးချနိုင်ရေးအတွက် ပြည်ပမှ ဒီဂျစ်တယ်ကဏ္ဍဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများအား ဖိတ်ခေါ်ဆွေးနွေးရန် Digital Innovation Advoacy အဖွဲ့အနေဖြင့် တိုက်တွန်းပါသည်။

ဥပဒေများနှင့် နည်းဥပဒေများကို နိုင်ငံတကာသဘောတူစာချုပ်များနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုကာ ကျင့်သုံး ဆောင်ရွက်သင့်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းကြောင့် ဒီဂျစ်တယ်စီးပွားရေးစနစ်ကို ဖွံ့ဖြိုးစေရုံသာမက အခြားသော ကဏ္ဍများတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည်ဖြစ်ပြီး ကမ္ဘာ့ဘဏ် သတ်မှတ်ချက် ဖြစ်သော စီးပွားရေး လုပ်ကိုင်ရလွယ်ကူမှု အဆင့်ကိုလည်း အလိုအလျောက် တိုးတက်စေမည်ဖြစ်ပါသည်။ ဒီဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ စီမံကိန်းတစ်ခုလုံးကို နိုင်ငံတကာ အကူအညီများ၊ ပြည်တွင်းမှ အကြံဉာဏ် များဖြင့် ဖန်တီးသင့်ပါသည်။

မြန်မာနိုင်ငံတွင် အစိုးရသည် ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေကို ပြဋ္ဌာန်းကာ ယူနီကုတ်စနစ်ကို အစိုးရဌာန ဆိုင်ရာများနှင့် ဆက်သွယ်မှုများ ပြုလုပ်ရာတွင် အသုံးပြုသွားရန် တစ်ပြေးညီ စံပုံစံသတ်မှတ်ရေး ကနဦးခြေလှမ်း တစ်ရပ်အကောင်အထည်ဖော်သည့်အနေဖြင့် သတ်မှတ်ခဲ့ သော်လည်း မိုဘိုင်းကိရိယာထုတ်လုပ်သူများ၊ ဆော့ဖ်ဝဲ ထုတ်လုပ်သူများကိုမူ ယင်းယူနီကုတ်စနစ်ကို ပြောင်းလဲသုံးစွဲရန် ဥပဒေအရ ဖိအားပေးခြင်းမရှိပေ။

ဥရောပတွင်လည်း ဒီဂျစ်တယ် မှုခင်း အကြမ်းရေးဆွဲထားသည့် ဥပမာများရှိပါသည်။ Council of Europe onf Cybercrime and Electronic Evidence Act ကို မူကြမ်းရေးထားသော်လည်း ယခုအချိန်အထိ ပြဋ္ဌာန်းခြင်း မရှိသေးပေ။

အထက်ဖော်ပြပါ မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရကဏ္ဍမှ အချိန်ပြည့် ဝန်ထမ်းများကို တာဝန်နှင့် အကျိုးခံစားခွင့်များ သတ်မှတ်ပေးလျက် လက်ရှိဖွဲ့စည်းထားသည့် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အင်အားဖြည့်ခန့်ထားသင့်ပါသည်။ ပူးပေါင်းဆောင်ရွက်ရန်၊ ညှိနှိုင်းပေးရန်၊ လိုအပ်ပါက မဟာဗျူဟာစီမံကိန်းမှ ချမှတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ရေး ဝန်ကြီး ဌာနများကို ညွှန်ကြားမှုပေးနိုင်သည့် သြဇာကြီးသော အစိုးရတာဝန်ရှိသူများကိုလည်း ခန့်ထားနိုင်ပါသည်။ ထို့အပြင် ကော်မတီကို အစိုးရနှင့် နိုင်ငံစုံအဖွဲ့အစည်းများမှ နည်းပညာနှင့် ငွေကြေးထောက်ပံ့မှုများဖြင့် အထောက်အပံ့ပေးနိုင် ပါသည်။ အစိုးရအနေဖြင့်လည်း ရေရှည်တွင် မြန်မာနိုင်ငံကို အာဆီယံ ဒီဂျစ်တယ်ဗဟိုဌာနတစ်ခုအဖြစ် ဖော်ဆောင် နိုင်သည်အထိ ရည်ရွယ်နိုင်ပါသည်။

## ရရှိနိုင်သော အကျိုးကျေးဇူး

မြန်မာနိုင်ငံရှိ စတင်စ ဒီဂျစ်တယ်လုပ်ငန်းငယ်များအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်အတွက် ဒီဂျစ်တယ်စီးပွားရေး ရင်းနှီးမြှုပ်နှံမှု ပေါ်လစီကို ရေးဆွဲသင့်သည်။ ၂၀၁၀ ခုနှစ်က ဖောင့် (စာလုံးပုံစံ) ပြဿနာကို ဖြေရှင်းရေးအတွက် ကမ္ဘောဒီးယားအစိုးရလုပ်ဆောင်ခဲ့သကဲ့သို့ ကိရိယာများနှင့် ဒီဂျစ်တယ် ဝန်ဆောင်မှုများအားလုံး တွင် မြန်မာဖောင့်အမျိုးအစားတစ်ခုတည်းကို စံအဖြစ် ထားရှိရေး ဖော်ဆောင်သင့်ပါသည်။

## အကြံပြုချက်များ

စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံသားများ၏ အခွင့်အရေးများကို ကာကွယ်ပေးသည့်အနေဖြင့် မူကြမ်းရေးဆွဲထားပြီး ကြန့်ကြာနေသော Cyber Crime and Electronic Evidence Act ကဲ့သို့သော ဥပဒေများကို အချက်အလက်ကာကွယ်ရေး၊ ပုဂ္ဂလိကအချက်အလက်ကာကွယ်ရေး၊ ဉာဏ်ပစ္စည်းမူပိုင်ခွင့်၊ e-commerce ဥပဒေကဲ့သို့သော ဥပဒေများနှင့်အတူ အချိန်မဆိုင်းဘဲ ပြဋ္ဌာန်းသင့်ပါသည်။ ဥပဒေရေးဆွဲရေးကို ဆောင်ရွက်စဉ်တွင် မတူညီသော ရှုထောင့်များနှင့် ကမ္ဘာလုံးဆိုင်ရာ အသိပညာအတတ်ပညာများကို ကောင်းစွာအသုံးချနိုင်ရေးအတွက် ပြည်ပမှ ဒီဂျစ်တယ်ကဏ္ဍဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများအား ဖိတ်ခေါ်ဆွေးနွေးရန် Digital Innovation Advocacy အဖွဲ့အနေဖြင့် တိုက်တွန်းပါသည်။

လက်တွေ့ဖြစ်ရပ်လေ့လာမှု ၂ ။ ဒီဂျစ်တယ်နည်းပညာယဉ်ပါးမှု မူဘောင် – နိုင်ငံသားများ၏ ဒီဂျစ်တယ်နည်းပညာ ယဉ်ပါးမှုကို တိုးမြှင့်ခြင်း[1]

ပြည်သူများ၏ European Digital Competence Framework သည် နိုင်ငံသားများ၏ ဒီဂျစ်တယ် နည်းပညာယဉ်ပါးမှုကို တိုးတက်အောင် ပြုလုပ်ပေးသော ကိရိယာတစ်ခုဖြစ်သည်။ ဒီဂျစ်တယ်နည်းပညာ ယဉ်ပါးမှုထဲတွင် ပညာသင်ကြားရေး၊ အလုပ်ကိစ္စနှင့် လူ့အသိုင်းအဝိုင်းတွင် ပါဝင်ရေးအတွက် ဒီဂျစ်တယ်နည်းပညာ များကို ယုံကြည်မှုရှိရှိ ဝေဖန်သုံးသပ်နိုင်စွမ်းရှိရှိ၊ တာဝန်ရှိရှိ ထိတွေ့အသုံးပြုမှု တို့ပါဝင်သည်။ အဆိုပါ မူဘောင်သည် နိုင်ငံသားများ ကိုယ်တိုင်အကဲဖြတ်ခြင်း၊ သင်ကြားရေးရည်မှန်းချက်များ ချမှတ်ခြင်း၊ သင်ကြားရေး အခွင့်အလမ်း များဖော်ထုတ်ခြင်းနှင့် အလုပ်အကိုင်ရှာဖွေရေးတို့တွင် အကူအညီပေးပါသည်။

အဆိုပါ မူဘောင်ကို ၂၀၁၃ ခုနှစ်တွင် ပထမဆုံးအကြိမ် ပုံနှိပ်ခဲ့ပြီး ဥရောပတွင် ဒီဂျစ်တယ်နည်းပညာယဉ်ပါးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မဟာဗျူဟာ စီမံကိန်းများအတွက် ကိုးကားစရာတစ်ခုဖြစ်လာခဲ့ပါသည်။

ထိုအထဲတွင် (၁) သတင်းနှင့် အချက်အလက် နားလည်သဘောပေါက်ယဉ်ပါးမှု၊ (၂) ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး (၃) ဒီဂျစ်တယ် အကြောင်းအရာများ ဖန်တီးခြင်း (ပရိုဂရမ်ဖန်တီးခြင်းအပါအဝင်) (၄) ဘေးကင်းရေး (ဆိုင်ဘာလုံခြုံရေးနှင့် ပတ်သက်သော ဒီဂျစ်တယ်စနစ်ခိုင်မှု၊ ဒီဂျစ်တယ်နည်းပညာနှင့် ယဉ်ပါးမှု အပါအဝင်) နှင့် (၅) ပြဿနာဖြေရှင်းခြင်းတို့ ပါဝင်သည်။ အဆိုပါ မူဘောင်၏ ရည်ရွယ်ချက်မှာ ဒီဂျစ်တယ် နည်းပညာများ၏ အလားအလာများကို ကိုင်တွယ်ရန်၊ ပညာရေးနှင့် လေ့ကျင့်ရေး အလေ့အထများကို ဆန်းသစ်ရန်၊ ဘဝတစ်သက်တာ ပညာလေ့လာသင်ကြားနိုင်မှုကို မြှင့်တင်ရန်၊ အလုပ်အကိုင်ခန့်ထားရေး၊ ကိုယ်ရည်ကိုယ်သွေး တိုးတက်ရေးနှင့် လူမှုရေးဆက်ဆံရေးတို့အတွက် လိုအပ်သည့် ကျွမ်းကျင်မှုနှင့် တတ်မြောက်မှုအသစ်များ ထပ်မံ ထွက်ပေါ်လာသည်ကို ဖြေရှင်းဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

ထိုကဲ့သို့သော မူဘောင်သည်လည်း မြန်မာနိုင်ငံ၏ အခင်းအကျင်းအတွက် တန်ဖိုးရှိပါလိမ့်မည်။ ထို့အပြင် ဒီဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီ မကြာသေးမီက ဖွဲ့စည်းခဲ့ပြီးဖြစ်ရာ အစိုးရက ဆောင်ရွက်ရန် လျာထားသည့် အစီအစဉ်များနှင့်လည်း အလွန်ကိုက်ညီမှုရှိပါသည်။ အဆိုပါ ကော်မတီက မြန်မာနိုင်ငံ၏ ဒီဂျစ်တယ် စီးပွားရေးကို ၂၀၂၀ ခုနှစ်တွင် ပုံဖော်၊ တိုးတက်အောင် ဆောင်ရွက်ရန် အချက်ကိုးချက်ပါ အစီအစဉ်တစ်ခု ရေးဆွဲထားပါသည်။ Digital Innovation Advocacy အဖွဲ့အနေဖြင့် အဆိုပါ ဆွေးနွေးညှိနှိုင်းမှုတွင် အကြံပြုသဘော ပါဝင်ဆောင်ရွက် ပေးနိုင်ပါသည်။

## ပြဿနာဖော်ပြချက် ၂။ ဒီဂျစ်တယ်ကွန်ရက်ချိတ်ဆက်မှုများနှင့် အခြေခံ အဆောက်အအုံများ – – ဒီဂျစ်တယ် စီးပွားရေးကို ဖော်ဆောင်ခြင်း

ရေရှည်တွင် အာဆီယံ ဒီဂျစ်တယ် ဗဟိုဌာန ဖြစ်လာရေးအတွက် ကြီးမားကျယ်ပြန့်သော ဒီဂျစ်တယ် ကွန်ရက် ချိတ်ဆက်မှုနှင့် အထောက်အပံ့ကောင်းသော အခြေခံအဆောက်အအုံများလိုအပ်ပါသည်။ ယင်းတို့မှာ ဂျီဒီပီ တိုးတက်မှုကို တိုက်ရိုက်အကျိုးပြုနိုင်သော ရင်းနှီးမြှုပ်နှံမှု အလွယ်တကူလုပ်နိုင်သည့် ဒီဂျစ်တယ်စီးပွားရေး တစ်ရပ်ကို အစိုးရ၏ စီးပွားရေးမူဝါဒနှင့်အညီ ထူထောင်ရေးအတွက် အရေးပါပါသည်။ ဤတိုးတက်မှုကို ဖော်ဆောင်ခြင်းတွင် ဒီဂျစ်တယ် စွန့်ဦးတီထွင်လုပ်ငန်းများ၊ ဒီဂျစ်တယ်ငွေကြေးဝန်ဆောင်မှုများ၊ ဒီဂျစ်တယ်စနစ်ဖြင့် စိစစ်အတည်ပြုခြင်းများကို အားပေးသော လုပ်ငန်းရပ်များ ပါဝင်ပါသည်။ ယင်းလုပ်ငန်းများမှာ အစိုးရ၊ စီးပွားရေး လုပ်ငန်းများနှင့် အသုံးပြုသူ(သို့မဟုတ်) စားသုံးသူများအတွက် ဒီဂျစ်တယ်ဝန်ဆောင်မှုဆိုင်ရာ အခြေခံများကို ဖန်တီး ပေးပါသည်။

စတင်စ ဒီဂျစ်တယ်လုပ်ငန်းငယ်များသည် ဒီဂျစ်တယ်စီးပွားရေးတွင် တီထွင်ဆန်းသစ်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ကို ဖန်တီးကာ ယနေ့ခေတ်တည်ရှိနေသော အရွေ့များကို စိန်ခေါ်လျက်ရှိပါသည်။ ထိုလုပ်ငန်းများတိုးတက်ရန် အတွက် မြေတောင်မြှောက် အထောက်အပံ့ပေးသည့် ကွန်ရက်များ၊ အတိုးနှုန်းသက်သာသော ငွေကြေးဝန်ဆောင်မှုများ၊ နိုင်ငံတကာ ဝန်ဆောင်မှုနှင့် ငွေပေးချေမှုစနစ်၊ သင့်တော်သော အခွန်အကောက်များ၊ တီထွင်ဆန်းသစ်မှုကို အားပေးသော ဥပဒေဝန်းကျင်များအပါအဝင် အခြေအနေကောင်းများ လိုအပ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ Phandeeyar၊ Impact Hub နှင့် Social Impact Myanmar ကဲ့သို့ ဆန်းသစ်တီထွင်မှုကို ကူညီပေးသော ဌာနများတည်ရှိနေပြီး မြန်မာနိုင်ငံတွင် ဒီဂျစ်တယ်စွန့်ဦးတီထွင် လုပ်ငန်းများအတွက် ဝန်းကျင်ကောင်းဖန်တီးရန် အခွင့်အလမ်းရှိနေပါသည်။ အသိပညာများ၊ ကျွမ်းကျင်မှုများနှင့် ရင်းမြစ်များကို ထိတွေ့ ရယူနိုင်အောင် ဆောင်ရွက်ပေးရေး အဖွဲ့အစည်းများစွာကို စုစည်းပေးလိုက်ခြင်းက ဒီဂျစ်တယ် စီးပွားရေးနှင့် လူ့အသိုင်းအဝိုင်းအတွက်များစွာ အကျိုးဖြစ်ထွန်းစေပါသည်။ Digital Innovation Advocacy အဖွဲ့အနေဖြင့် နိုင်ငံ အဆင့်၊ ဒေသတွင်းအဆင့်၊ ကမ္ဘာ့အဆင့်တွင် ယုံကြည်စိတ်ချခံရမှုမြင့်မားရေးကို ဆောင်ရွက်လျက်ရှိပြီး ဒီဂျစ်တယ် ဝန်းကျင်အတွင်း စွမ်းရည်တည်ဆောက်ရေးအတွက် အကူအညီပေး ပါဝင်ဆောင်ရွက်နိုင်ပါသည်။

ရေရှည်တည်တံ့သော တိုးတက်မှုရှိသည့် ဒီဂျစ်တယ် စီးပွားရေးဖြစ်လာရန်အတွက် ငွေပေးလွှယ်မှုနှင့် ငွေကြေးဝန်ဆောင်မှုတို့ ပိုမိုခံစားခွင့်ရရှိရန် လိုအပ်ပြီး အတိုးနှုန်းသက်သာသော ချေးငွေများ၊ ငွေပေးချေရေး နည်းလမ်းများလည်း လိုအပ်သည်။ အစိုးရ၏ အချက် ၁၂ ချက်ပါ စီးပွားရေး

1 Source: *Being digitally competent – a task for the 21st century citizen* (2017) https://ec.europa.eu/jrc/en/digcomp

မူဝါဒတွင် ဒီဂျစ်တယ်အိုင်ဒီအတွက် လိုအပ်မှုကိုလည်း ဖော်ပြထားသည်။ လက်ရှိတွင် ၎င်းကို အကောင်အထည်ဖော်ရန် ကြိုးစားမှုများရှိနေရာ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယ၏ အာဒ်ဟာစနစ်ကဲ့သို့သော အောင်မြင်မှုများထံမှ သင်ယူစရာ အခွင့်များစွာရှိသည်။ အာဒ်ဟာသည် ဒီဂျစ်တယ်နည်းပညာကို အားလုံးသုံးနိုင်မှု၊ ငွေကြေးဝန်ဆောင်မှုများကို အားလုံးအပေါ် လွှမ်းခြုံမှု၊ အစိုးရနှင့် ပုဂ္ဂလိကဝန်ဆောင်မှုများကို ရယူမှုတို့ကို တိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ ကျေးလက်ဒေသများတွင် လိပ်စာများသတ်မှတ်ခြင်းကိုလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်သည်။ အထူးသဖြင့် နယ်ဘက် ဒေသရှိ အိမ်များ သို့မဟုတ် အခန်းများကို ခွဲခြားသတ်မှတ်ရန် ခက်ခဲသည်။ ထို့ကြောင့် လိပ်စာ သတ်မှတ်မှုကို ကောင်းမွန်အောင် လုပ်ထားခြင်းက ရေရှည်တွင် အွန်လိုင်းဈေးဝယ်ခြင်းကဲ့သို့သော အိမ်တိုင်ရာရောက် ပို့ပေးရန် လိုအပ်သည့် ဒီဂျစ်တယ် ဝန်ဆောင်မှုများ တိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးကြီးသည်။

## ရရှိနိုင်သော အကျိုးကျေးဇူး

အစိုးရအနေဖြင့် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ ကွန်ရက်အဆင်သင့်ဖြစ်မှု အညွှန်းကိန်းတွင် ထိပ်တန်း ၁၀၀ အတွင်းဝင်အောင် ကြိုးစားသင့်သည်။ အဆိုပါရမှတ်များနှင့်အဆင့်များမှာဒီဂျစ်တယ်နည်းပညာဆန်းသစ်မှုများအတွက်ကြိုးပမ်းဆောင်ရွက်မှုများအပေါ်အခြေခံ၍ပေးခြင်းဖြစ်သည်။ ဒီဂျစ်တယ်စနစ်မှာ အင်တာနက်နှင့် ဒီဂျစ်တယ် ဝန်ဆောင်မှုများကို လွတ်လပ်မျှတစွာ အသုံးပြုခွင့်ရှိမှသာလျှင် တိုးတက်နိုင်သောကြောင့် နိုင်ငံသားများ ကိုလည်း ဒီဂျစ်တယ်ဝန်ဆောင်မှုများ အသုံးပြုရေးတိုက်တွန်းသင့်ပါသည်။ အစိုးရအနေဖြင့် ဒီဂျစ်တယ်နည်းပညာဖြင့် ငွေလွှဲပြောင်းမှုများကို မြှင့်တင်သင့်သည်။ ပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်သင့်သည်။ လက်ရှိရှိနေသော စွမ်းရည်တည်ဆောက်သူများ၊ နောက်ထပ်ပေါ်ထွက်လာမည့်စွမ်းရည်တည်ဆောက်သူများကိုဒီဂျစ်တယ်ကွန်ရက်အတွင်းပူးပေါင်းဆောင်ရွက်ကြရန်တိုက်တွန်းသင့်ပါသည်။

## အကြံပြုချက်များ

အစိုးရဘက်မှ ငွေကြေးစိုက်ထုတ်ပေးခြင်းအပါအဝင် ပြုစုပျိုးထောင်ရေးနှင့် ငွေကြေးထောက်ပံ့ရေး ပလက်ဖောင်းများ နှင့် ဒီဂျစ်တယ်နည်းပညာ တီထွင်ဆန်းသစ်မှုဆိုင်ရာ စင်တာများမှတစ်ဆင့် ပြည်တွင်းရှိ စတင်စလုပ်ငန်းများကို အကူအညီပေးနိုင်သည်။ ငွေကြေးမတည်ရင်းနှီးမှုလိုအပ်ချက်များ၊ မှတ်ပုံတင်ကြေးများနှင့် စာရွက်စာတမ်း လိုအပ်ချက် များ လျှော့ချခြင်းဖြင့် ဒီဂျစ်တယ် စီးပွားရေးလုပ်ငန်းများအတွက်မှတ်ပုံတင်ခြင်းကိုလျင်မြန်အောင်ဆောင်ရွက်နိုင် သည်။ နိုင်ငံတော်အဆင့်၊ ဒေသတွင်းအဆင့်တွင်ပြသနိုင်မည့် တီထွင်ဆန်းသစ်မှုများလုပ်ထားသည့် အိုင်စီတီ လုပ်ငန်းများအတွက် အခွန်သက်သာခွင့်များလည်း ပေးနိုင်သည်။

အစိုးရအနေဖြင့် ဒီဂျစ်တယ် အိုင်ဒီမိတ်ဆက်ခြင်းကို စုံစမ်းစစ်ဆေးဆောင်ရွက်သင့်ပါသည်။ အိန္ဒိယနိုင်ငံ၏ အာဒ်ဟာ စနစ်ကဲ့သို့သော အလွန်အမြန်တိုးတက်လာသည့် စံနမူနာများမှ သင်ယူလေ့လာနိုင်သည်။ လုံခြုံရေးနှင့် ကုန်ကျစရိတ် လျှော့ချရေးအတွက် ဒူဘိုင်း၊ ကနေဒါ၊ ဂျပန်တို့တွင် အသုံးပြုနေသော ဘလော့ချိန်းအခြေပြု အိုင်ဒီများကဲ့သို့သော ရှေ့ပြေးနည်းပညာများကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

အခွန်စနစ်သည်လည်း e-commerce အပါအဝင် ဒေတာဝန်ဆောင်မှုများကို အသုံးပြုမှုကိုအားပေးသည့် ပုံစံမျိုးဖြစ် သင့်ပါသည်။ စီးပွားရေး လုပ်ငန်းများနှင့် အသုံးပြုသူများကို တွန်းအားပေးရန်အတွက် အခြေခံ အိုင်စီတီ ကိရိယာများ (ကွန်ပျူတာ၊ တက်ဘလက်၊ ဖုန်း) များအတွက် အခွန်များကို အခွန်လျှော့ချခြင်း သို့မဟုတ် အခွန် ပယ်ဖျက်ခြင်းပြုလုပ် သင့်ပါသည်။ အခွန်များကိုလည်း လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော စက်မှုလုပ်ငန်းများ အတွက် သက်သာခွင့်များနှင့်အတူ ကဏ္ဍတစ်ခုလုံးတွင် မျှတစွာစည်းကြပ်သင့်ပါသည်။

လက်တွေ့ဖြစ်ရပ် လေ့လာမှု။ တီထွင်ဆန်းသစ်မှုများနှင့် စွန့်ဦးတည်ထွင်မှုများအတွက် ဝန်းကျင်ကောင်း ဖော်ဆောင်ခြင်း[၂]

DigitalEurope စီမံကိန်းမှာကမ္ဘာ့စီးပွားရေးဖိုရမ်၏ဒီဂျစ်တယ်စီးပွားရေးနှင့်ဒီဂျစ်တယ်လူမှုအဖွဲ့အစည်း၏အနာဂတ်ကိုပုံဖော်ရေးအစီအမံ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အဆိုပါစီမံကိန်းများ၏ရည်ရွယ်ချက်မှာ ဥရောပ၏စက်မှုကဏ္ဍကိုဒီဂျစ်တယ်စနစ်ဖော်ဆောင်ရေးအတွက် ဥရောပ ရှိ တိုးတက်သော ဒီဂျစ်တယ်တီထွင်ဆန်းသစ်မှု ဇဟိုဌာနများကွန်ရက်ကို အခြေခံထားသည့် Pan-European Ecosystem for Innovation and Entrepreneurship ကို တည်ထောင်ရန်ဖြစ်သည်။ အဆိုပါ စီမံကိန်းသည် လူမှုအသိုင်းအဝိုင်းကို တိုးတက်စေပြီး တီထွင်ဆန်းသစ်မှုရှိသော စီးပွားရေး မော်ဒယ်များကို အလုပ်ဖြစ်စေကာ၊ တရားရေးမူဝါဒဆိုင်ရာများကို ကိုင်တွယ်ရာတွင် အစိုးရကို အထောက်အပံ့ဖြစ်စေသော စတုတ္ထမြောက်စက်မှုတော်လှန်ရေး အနေအထားတွင် ဥရောပ၏ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးတက်စေသည်။

အဆိုပါစနစ်အစီအမံသည်ဒီဂျစ်တယ်စနစ်ဖွံ့ဖြိုးလာသောလူမှုအသိုင်းအဝိုင်းတွင် တိုးတက်သောစီမံအုပ်ချုပ်မှုနှင့်မူဝါဒချမှတ်ခြင်းများမှတစ်ဆင့် ပြဿနာအသစ်များကို ပူးပေါင်းဖြေရှင်းခြင်း၊ အွန်လိုင်းယုံကြည်မှုကို ဖွံ့ဖြိုးစေကာ၊ အွန်လိုင်းအသုံးပြုခွင့်၊ အသုံးပြုမှု တိုးတက်အောင်လုပ်လျက် အလျင်အမြန်တိုးတက်လာအောင် အောင်မြင်မှုများနှင့် ပူးပေါင်းခြင်းဖြင့် ဒီဂျစ်တယ်စနစ်သုံးသော စီးပွားရေးနှင့် လူ့အသိုင်းအဝိုင်း၏ ရေရှည် ခိုင်မာမှုနှင့် တည်ငြိမ်မှု ဖြစ်စေသော ကွန်ရက်များဖန်တီးရန် ရည်ရွယ်သည်။

*2 source: How civil society must adapt to survive its greatest challenges (2018) https://www.weforum.org/*

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အားလုံးပါဝင်နိုင်မှု၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်စေနိုင် သော ယုံကြည်ရသည့်မျှဝေမှုရှိသော ဒီဂျစ်တယ် ဝန်းကျင်တစ်ခု ဖော်ဆောင်ရေးအတွက် အစီအမံများမှ သင်ယူနိုင် သည့် အခွင့်အလမ်းရှိပါသည်။ DIA အဖွဲ့အနေဖြင့်စွမ်းရည်တည်ဆောက်သူများနှင့်ဆက်သွယ်ရန်၊ပူးပေါင်းရန်အတွက်လမ်းကြောင်းတစ်ခုအဖြစ်ဆောင်ရွက်လိုပါသည်။ပြည်တွင်းကွန်ရက်အတွက် ကမ္ဘာ့အသိပညာများကို ဆက်လက်မြှင့်တင်သွားလိုပါသည်။ မြန်မာနိုင်ငံရှိ ဒီဂျစ်တယ်စနစ်သို့ ငွေအရင်းအနှီး ဝင်ရောက်မှုကို မြှင့်တင်သွားရန် စိတ်အားထက်သန်လျက်ရှိပါသည်။

## ပြဿနာဖော်ပြချက် ၃။ ဒီဂျစ်တယ် ကျွမ်းကျင်မှု - ဒီဂျစ်တယ်စီးပွားရေး၏ ကျောရိုး

ဒီဂျစ်တယ်ဝန်ဆောင်မှုများဆောင်ရွက်နေသည့် ဒီဂျစ်တယ်ကျွမ်းကျင်မှုရှိသော၊ တီထွင်ဆန်းသစ်မှုရှိသော ဒီဂျစ်တယ် ဝန်ဆောင်မှုအလုပ်သမားများနှင့်ဒီဂျစ်တယ်ဝန်ဆောင်မှုအများအပြားကို သုံးစွဲနေသောနိုင်ငံသားများ သည်ဒီဂျစ်တယ် စီးပွားရေးစနစ်၏အဓိက အစိတ်အပိုင်းများလည်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာပြည်သူများသည် ဒီဂျစ်တယ်နည်းပညာကို ပိုမိုသိရှိလိုလာသည်ကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရသကဲ့သို့ စမတ်ဖုန်းထိုးဖောက်မှုနှုန်းဝ၀ရာခိုင်နှုန်းမှာလည်းကမ္ဘာ့အမြန်ဆုံးနှုန်းဖြစ်သည်ကိုလည်းမြင်တွေ့ခဲ့ရပါသည်။ဒေတာအသုံးပြုမှုအချက်အလက်များကို ကြည့်သည့်အခါတွင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုး တိုးတက်မှုများအတွက်ထက် လူမှုမီဒီယာ၊ ဆက်သွယ်ပြောဆိုရေးနှင့် ဖျော်ဖြေရေးတို့အတွက် ပိုသုံးကြောင်း တွေ့ရှိခဲ့ရပါသည်။ ထိုအခြေအနေမှာ ကျေးလက်ဒေသရှိ လူမှုစီးပွားရေး နိမ့်ပါးသော အုပ်စုများတွင် ပိုတွေ့ရပါသည်။ ထိုအနေအထားများကို ပိုမိုသိရှိရန်အတွက် ဒီဂျစ်တယ် စီးပွားရေးစနစ်၏ ကျောရိုးဖြစ်သော ဒီဂျစ်တယ်နည်းပညာ ကျွမ်းကျင်မှု လိုအပ်ချက်နှင့် ပံ့ပိုးမှုကို နားလည်ရန် လိုအပ်ပေသည်။

ပံ့ပိုးသည့်အပိုင်းတွင် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်ဝန်ဆောင်မှုအလုပ်သမားများ၏ နည်းပညာမကျွမ်းကျင်မှုသည် ပြည်တွင်း၊ ပြည်ပအလုပ်ရှင်နှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် စိန်ခေါ်မှုများပေါ်ပေါက်စေသည်။ အချိန်များစွာပေး၍ အလုပ်ခွင်အတွင်း လုပ်သားထည့်သွင်းကာ လေ့ကျင့်မွေးမြူရခြင်းနှင့် ကွန်ပျူတာသိပ္ပံနှင့် အင်ဂျင်နီယာပညာရှင်များ ကို ကုန်ကျစရိတ်များစွာပေးကာ ခန့်အပ်အသုံးပြုရခြင်းတို့ ပေါ်ပေါက်စေသည်။ ထိုလိုအပ်ချက်မှာ အခြားနိုင်ငံများရှိ အလားတူဘွဲ့ရများအတွက် လေ့ကျင့်ပေးရသည်ထက်များစွာ ပိုသည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ဒီဂျစ်တယ် ဝန်ဆောင်မှု ဆိုင်ရာ အလုပ်သမားများ၏ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်နည်းလျော့နည်းစေပြီး အလုပ်သမားများကို ပြင်ပမှ အလုပ်သမားများကို တင်သွင်းလာရစေသည်။ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရကဏ္ဍနှစ်ခုလုံးရှိ ဒီဂျစ်တယ်ဝန်ဆောင်မှု၏ တိုးတက်မှုနှုန်းသည်လည်း အကျိုးဆက်အနေဖြင့် နှေးကွေးလာသည်။ ထို့အတူ ပြည်တွင်းက ထုတ်လုပ်သော ဝန်ဆောင်မှုများ၏ အရည်အသွေးမှာလည်း နိုင်ငံတကာ စံနှုန်းများအောက်ကို ရောက်ရှိနေသည်။

လိုအပ်ချက်အပိုင်းတွင် ၇၈ ရာခိုင်နှုန်းသော အင်တာနက်အသုံးပြုသူများမှာ ဒီဂျစ်တယ် နည်းပညာ ယဉ်ပါးမှု နည်းပါးသည်။ ဘရောက်ဇာခေါ် အင်တာနက် ရှာဖွေရေးကိရိယာများကို အသုံးမပြုဖူးသလို app store ကိုလည်း အသုံးပြုဖူးခြင်းမရှိပေ။ အကျိုးဆက်အနေဖြင့် ဒီဂျစ်တယ်ဝန်ဆောင်မှုများမှာ လူပေါင်းများစွာ မသုံးစွဲနိုင်ဘဲ စီးပွားရေးအရ သုံးနိုင်စွဲနိုင်ရှိသော မြို့နေလူတန်းစား အလယ်အလတ်တန်းစားများကိုသာ ပစ်မှတ်ထားနေသည်။ ထို့အပြင် ကလေးသူငယ် ၁၁ ရာခိုင်နှုန်းနှင့် အရွယ်ရောက်ပြီးသူ ၁၇ ရာခိုင်နှုန်းသည် အွန်လိုင်းအနိုင်ကျင့်မှု ခံခဲ့ရပြီး လူမှုမီဒီယာသုံးသူများမှာ အမုန်းစကားဖန်တီးခြင်း၊ မျှဝေခြင်းနှင့် သတင်းအမှား ဖန်တီးခြင်း၊ မျှဝေခြင်းများ လုပ်နိုင်ချေများစွာရှိသည်ကို တွေ့ရသည်။ ၎င်းတို့အားလုံးမှာ ဒီဂျစ်တယ်နည်းပညာ ယဉ်ပါးမှုနိမ့်ကျခြင်း၏ လက္ခဏာများ ဖြစ်သည်။

### ရရှိနိုင်သော အကျိုးကျေးဇူးများ

ပညာရေး မူဝါဒတွင် ဒီဂျစ်တယ် ကျွမ်းကျင်မှုများ ထည့်သွင်းခြင်း၊ အိုင်စီတီ ပြဋ္ဌာန်းစာရေးဆွဲခြင်း၊ ပညာရေး မူဝါဒချမှတ်သူများ၊ ဆရာများနှင့် နည်းပြဆရာများ၏ ဒီဂျစ်တယ် စွမ်းရည်ကို မြှင့်တင်ခြင်းဖြင့် ဒီဂျစ်တယ် စီးပွားရေး၏ ကျောရိုးများကို တောင့်တင်းအောင် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းရှိပါသည်။

ပံ့ပိုးမှုနှင့် လိုအပ်ချက်တွင် ကျွမ်းကျင်မှုပြဿနာနှစ်ခုလုံးကို ဒီဂျစ်တယ်နည်းပညာ ယဉ်ပါးမှုအဆင့်ကို မြှင့်တင်ခြင်းဖြင့် ဖြေရှင်းနိုင်သည်။ ထို့ကြောင့် ဒီဂျစ်တယ်နည်းပညာကျွမ်းကျင်မှုအဆင့်ကို မြှင့်တင်ခြင်း၊ အလွတ်ကျက်စနစ်ကို ဖောက်ထွက်တွေးတောသင်ယူခြင်းစနစ်ဖြင့် အစားထိုးခြင်း၊ စာတွေ့သင်ကြားခြင်းကို လက်တွေ့ ကိုယ်တိုင် သင်ယူခြင်းဖြင့် အစားထိုးခြင်း၊ ကျောင်းများနှင့် တက္ကသိုလ်များတွင် အသုံးပြု၍ရသော ခေတ်မီ အိုင်စီတီ ကိရိယာများ နှင့် တစ်နိုင်ငံလုံးရှိ ကွန်ရက်ဆက်သွယ်မှုများ၌ ရင်းနှီးမြှုပ်နှံခြင်းတို့အတွက် တက်ကြွစွာ ဆောင်ရွက်ရန် လိုအပ် ပါသည်။

## အကြံပြုချက်များ

အစိုးရယန္တရားတွင် ခေတ်မီ အိုင်စီတီနှင့် ပတ်သက်၍ ရင်းနှီးမှု ပိုမိုရရှိလာစေရေးအတွက် အဆင့်မြင့်အရာရှိများ အဆင့်မှစ၍ ပြည်သူ့ဝန်ထမ်းများအားလုံး ဒီဂျစ်တယ် သင်တန်းများ သင်ယူသင့်ပါသည်။ ဒီဂျစ်တယ်စနစ်ဖြစ်လာ သော မြန်မာနိုင်ငံတွင် ဒီဂျစ်တယ် လုပ်ငန်းဝန်ဆောင်မှုအလုပ်သမားအင်အားစုကို ဖွံ့ဖြိုးစေရန် ပညာရေးမူဝါဒ ချမှတ်သူများ၊ ကျောင်းဆရာများနှင့် တက္ကသိုလ်ဆရာများကို အဓိကထား လေ့ကျင့်သင်ကြားသင့်ပါသည်။

ကျောင်းများတွင် ကျောင်းသားဗဟိုပြု သင်ယူမှု၊ ဒီဂျစ်တယ်နည်းပညာနှင့်ယှဉ်ပါးမှု၊ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာ နှင့် သင်္ချာ (STEM) တို့သည် ၂၁ရာစု ပညာရေးမူဝါဒ၏ အခြေခံအယူအဆများဖြစ်သင့်သည်။ အလယ်တန်းနှင့် အထက်တန်းကျောင်း ပြဋ္ဌာန်းစာများတွင် ထည့်သွင်းပြဋ္ဌာန်းသင့်သည်။

ဒီဂျစ်တယ်နည်းပညာယှဉ်ပါးမှု ပြဋ္ဌာန်းစာများတွင် မိုဘိုင်းနှင့် ကွန်ပျူတာဒီဂျစ်တယ် ကျွမ်းကျင်မှုများကို ထည့်သွင်း နိုင်သည်။ ဒီဂျစ်တယ်နည်းပညာအခြေပြု ခံယူချက် (အင်တာနက်ကို အကျိုးရှိရှိအသုံးပြုခြင်း၊ အမုန်းပွားစေသော စကားများရှောင်ရှားခြင်း၊ သတင်းအတုများကို ထောက်လှမ်းခြင်း) တို့ကိုလည်း ထည့်သွင်းနိုင်သည်။ ဒီဂျစ်တယ် စီးပွားရေးအတွက် ပြင်ဆင်ရာတွင် ကျောင်းသားများကို ၂၁ ရာစု ဒီဂျစ်တယ် စီးပွားရေးအတွက် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ပျိုးထောင်သည့်အနေဖြင့် အထက်တန်းကျောင်းသားများကို ခမအေခ့ သို့မဟုတ် အလားတူ ပရိုဂရမ် ရေးဆွဲရေး ကိရိယာများအသုံးပြုလျက် ပရိုဂရမ်ရေးဆွဲရေး ပညာရပ်ကို သင်ကြားပေးသင့်သည်။ အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အကျိုးရှိသော အကောင်အထည်ဖော်မှုများ လုပ်ဆောင်လျက် သင့်လျော်သော အဖွဲ့များ နှင့် မိတ်ဖက်အဖြစ် ဆောင်ရွက်ရန် စဉ်းစားသင့်ပါသည်။

တက္ကသိုလ်များအားလုံးကို ကွန်ရက်ချိတ်ဆက်မှုလမ်းကြောင်းတစ်ခုအတွင်း ထည့်သွင်းချိတ်ဆက်လျက် မြန်နှုန်းမြင့်အင်တာနက်များဆက်သွယ် ရေးနှင့် အိုင်စီတီသင်ကြားသင်ယူမှုလက်တွေ့ခန်းများ တည်ဆောက်ပေးသင့်သည်။ ပြဋ္ဌာန်းသင်ခန်းစာများတွင်လည်း မိမိတို့၏ နောင်အလုပ် အကိုင်ရှာဖွေရေးအတွက် အချက်အလက်များ ရှာဖွေခြင်းကို ပြင်ဆင်ရန်အတွက် အွန်လိုင်းသုတေသနပြုလုပ်ခြင်းများ ထည့်သွင်းသင့်သည်။ ကွန်ပျူတာ တက္ကသိုလ်များအနေဖြင့် ကုတ်ရေးခြင်း၊ ဒီဇိုင်းစဉ်းစားမှု စွမ်းရည်များကို ဦးစားပေးလျက် ခေတ်မီ ဝက်ဘ်ဆိုဒ်နှင့် မိုဘိုင်းအပလီကေးရှင်း ကဲ့သို့သော ကွန်ပျူတာ သိပ္ပံပရိုဂရမ်များကို မြှင့်တင်အားပေးသင့်သည်။ ထို့အပြင် သင်ခန်းစာများ၏ အရည်အသွေးနှင့် ပါဝင်သည့်အကြောင်းအရာများကို အဆင့်မြှင့်တင်နိုင်ရန်အတွက် နိုင်ငံတကာတက္ကသိုလ်များ၊ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရန်စဉ်းစား သင့်သည်။ ထို့အပြင်လည်း ကျောင်းသားများကို အလုပ်အကိုင်အတွက် အဆင်သင့် ဖြစ်စေရန်အတွက် ကွန်ပျူတာဒီဂရီများတွင် ကွန်ပျူတာသိပ္ပံ အလုပ်သင်အစီအစဉ်နှင့် လုပ်ငန်းခွင်" intro "လုပ်ငန်းခွင် တွဲဖက်တာဝန်ချထားမှုအစီအစဉ်များ ပါဝင်သင့်ပါသည်။

ကျောင်းဆက်မတက်တော့သော၊ တက္ကသိုလ်မှထွက်ပြီးသော နိုင်ငံသားများအတွက် အသက်မွေးဝမ်းကြောင်း ဆိုင်ရာ ဒီဂျစ်တယ်နည်းပညာ ယှဉ်ပါးမှုကို နိုင်ငံတစ်ဝှမ်းရှိ ကျောင်းများ၊ လေ့ကျင့်သင်ကြားရေး စင်တာများတွင် ရရှိနိုင်အောင် လုပ်ဆောင်သင့်သည်။ အစိုးရအနေဖြင့် အထက်ပါ အသက်မွေးဝမ်းကျောင်း ပညာရပ်သင်တန်းများ ပေးနိုင်ရေးအတွက် ကွန်ပျူတာသင်တန်းများနှင့် ပူးပေါင်းရန် စဉ်းစားသင့်သည်။ တရားဝင်အသိအမှတ်ပြု လက်မှတ် ရရှိလိုသော နိုင်ငံသားများအတွက် အစိုးရအနေဖြင့် ဒီဂျစ်တယ်ကျွမ်းကျင်မှု သင်တန်းဌာနများကို အထောက်အပံ့ ပေးသင့်ပါသည်။[၃]



*3 Source: Telenor: Digital Myanmar, Leapfrogging to an Inclusive Digital Economy (http://bit.ly/DigitalMyanmar)*

# စွမ်းအင်

၁၂

## မိတ်ဆက်

စွမ်းအင် သုံးစွဲခွင့်သည် အားလုံးပါဝင်မှုရှိသော စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုဆီသို့ သွားရာလမ်းအတွက် အဓိကကျသော အင်အားတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကြီးမားသော ဓာတ်ငွေ့သိုက်ရှိပြီး များပြားသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ရင်းမြစ်များရှိသည်။ ထိုကဲ့သို့ ရှိခြင်းက နိုင်ငံအတွက် အာမခံချက်သော အနာဂတ်စွမ်းအင်အတွက် မျှော်လင့်စရာများပေးသည်။ သို့သော် မြန်မာနိုင်ငံ၏ စွမ်းအင်အလားအလာများကို ထုတ်ယူနိုင်ခြင်းမရှိပေ။ ယနေ့အချိန်ထိ မြန်မာနိုင်ငံမှာ ကမ္ဘာတွင် လျှပ်စစ်ဓာတ်အားရရှိမှု အနည်းဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်နေသေးသည်။ ယခုအခါတွင် အစိုးရသည် အဆိုပါကိစ္စကို ဖြေရှင်းရန်အတွက် တက်ကြွစွာ ကြိုးပမ်းလျက်ရှိသည်။ လျှပ်စစ်ဓာတ်အားရရှိရေးမှာ အစဉ်တိုးတက်နေသော လူသုံးနှင့် စက်မှုလုပ်ငန်းသုံး လျှပ်စစ်ဓာတ်အားလိုအပ်ချက်တို့အတွက် များစွာ အရေးကြီးသည်။ မြန်မာနိုင်ငံသည် "အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေး စီမံကိန်းမှ တစ်ဆင့် ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲနိုင်ရေး ရည်မှန်းချက်များ ချမှတ်ထားသည်။ ထိုရည်မှန်းချက် အောင်မြင့်ရန်အတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် ကျွမ်းကျင်မှုသည် အရေးပါသော ကဏ္ဍတွင်ရှိသည်ဟု ဆိုနိုင်ပါသည်။ ပြီးခဲ့သည့် လအနည်းငယ်မှစ၍ ပေါ်ပေါက်လာသော အပြုသဘောဆောင်သော အရှိန်အဟုန်များကို ဆက်ထိန်းထားရေးသည် နိုင်ငံအတွင်း လက်ရှိနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ထိန်းထားရန်နှင့် အနာဂတ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို အားပေးရန်အတွက် အရေးကြီးပါသည်။

၂၀၁၇ ခုနှစ်တွင် မြန်မာအစိုးရနှင့် ရလဒ်ရှိသော၊ အပြန်အလှန်အကျိုးရှိသော ဆွေးနွေးမှုများမှ တစ်ဆင့် EuroCham Energy Advocacy Group (EEAG) ကို ဖွဲ့စည်းခဲ့ပါသည်။ ကျွန်ုပ်တို့အနေဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ပတ်သက်၍ ပိုမိုပူးပေါင်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားပြီး မြန်မာပြည်သူများအနေဖြင့် မိမိတို့နှင့် ထိုက်တန်သော အကျိုးကျေးဇူးများ ခံစားခွင့်ရရှိရေးအတွက် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆက်လက် ကူညီသွားမည်ဖြစ်ပါသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် ၂၀၁၈ ခုနှစ်အတွက် အောက်ပါအကြောင်းအရာများကို သက်ဆိုင်သူများအားလုံး နှင့်အတူ ဖော်ထုတ်ဖြေရှင်းရန် မျှော်လင့်နေပါသည်။

## ပြဿနာဖော်ပြချက် ၁။ ဥပဒေပြုရေးနှင့် လုပ်ထုံးလုပ်နည်းများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ပွင့်လင်းမြင်သာမှု

စွမ်းအင်ကဏ္ဍတွင် လုပ်ငန်းဆောင်ရွက်နေသောပုဂ္ဂလိက ကုမ္ပဏီများအတွက် အဓိကပြဿနာမှာ သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သောလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှု နည်းပါးခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများအရ လုပ်ငန်းကြပ်မတ်ဆောင်ရွက်နေသည့် အစိုးရအဖွဲ့အစည်းများကြား ထိထိ ရောက်ရောက် ဆက်သွယ်ပြောဆိုမှု၊ ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းသည် လက်ရှိ စွမ်းအင်စီမံကိန်းများအတွက် အခက်အခဲ ပေါ်ပေါက်စေပြီး ဥပဒေမူဝါဒ မကြာခဏပြောင်းလဲခြင်းကြောင့် နောင်ဆောင်ရွက်မည့်လုပ်ငန်းများ အတွက်လည်း အဟန့်အတားဖြစ်စေသည်။ ထို့သို့ ဥပဒေမူဝါဒ မကြာခဏ ပြောင်းလဲခြင်းသည် ရင်းနှီးမြှုပ်နှံသူ၏ ဆုံးဖြတ်ချက်ကိုလည်း အန္တရာယ်ပေးသည်။ မတူညီသော ဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ဥပဒေများအကြား လုပ်ရကိုင်ရခြင်းသည် မြန်မာနိုင်ငံတွင် လက်ရှိ လုပ်ငန်းလုပ်ကိုင်နေသော၊ မြန်မာနိုင်ငံသို့ ဝင်ရောက်လာလိုသော ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံလိုမှုအပေါ် ဆိုးရွားစွာ သက်ရောက်မှု ရှိပါသည်။

စွမ်းအင်လုပ်ငန်းများအတွက် ကဏ္ဍစုံအခက်အခဲမှာ တင်ဒါခေါ်ယူရေး လုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် စီမံကိန်းများစွာမှ လိုအပ်ချက်များကို ပြည့်မီအောင် မဖြည့်ဆည်းနိုင်ခြင်းတို့ ဖြစ်သည်။ ဝန်ကြီးဌာနဘက်မှ တိုးတက်မှုကို များစွာလိုလားနေသော်လည်း တင်ဒါလုပ်ငန်းစဉ်က ရှည်လွန်းနေသေးသည်။ မရှင်းမလင်း ရှိနေသေးသည်။ လျင်မြန်စွာတိုးတက်နေသောကဏ္ဍ၏ လိုအပ်ချက်အသစ်များကို ဖြည့်ဆည်းရန် ကြိုးစားနေ ရသေးသည်။ သို့ဖြစ်ရာ စွမ်းအင်လုပ်ငန်းများအတွက် အကုန်အကျအလွန်များလာသည်။ သန္နိဋ္ဌာန် ခိုင်မာစွာဖြင့် ဖြေရှင်းခြင်းမရှိပါက ထိုပြဿနာသည် မြန်မာ့စွမ်းအင် အနာဂတ်အလားအလာကို မလွဲမသွေ ထိခိုက် နိုင်သည်။

### ရရှိနိုင်သော အကျိုးကျေးဇူးများ

- သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပူးပေါင်းမှုမြှင့်တင်ခြင်းသည် လက်ရှိ ဥပဒေမူဝါဒ လုပ်ငန်းစဉ်များအပေါ် နားလည်ရန် ပိုလွယ်လာစေနိုင်သည်။ ပိုမို ထိရောက်မြန်ဆန်သော စီမံကိန်းအကောင်အထည်ဖော်ခြင်း ဖြစ်စေနိုင်သည်။ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ရေးရာ စံနှုန်းများကို မြင့်မားစွာ ထိန်းထားလျက် စွမ်းအင်စီမံကိန်းကို ပိုမိုလျင်မြန်၊ ရိုးရှင်းသော နည်းလမ်းဖြင့် အကောင်အထည်ဖော်ခြင်းက မြန်မာနိုင်ငံ၏ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားပေးရေးကြိုးပမ်းမှုကို အကျိုးရှိစေနိုင်သည်။

- ပိုမို ပွင့်လင်းမြင်သာမှုရှိသော ခေတ်နှင့် လျော်ညီသော တင်ဒါလုပ်ငန်းစဉ်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုသည် သက်ဆိုင်သည့် အဖွဲ့အားလုံး၏ အကျိုးအတွက် လုပ်ထုံးလုပ်နည်းများကို အဆင်ပြေချောမွေ့စေလျက် ရင်းနှီးမြှုပ်နှံသူများအတွက် မည်သည့်ဝန်ကြီးဌာနက ဘာလုပ်ရမည်ဆိုသည် သိရှိလာစေသည်။

• တည်ငြိမ်မှုနှင့် ရှင်းလင်းသော မူဝါဒများသည် စီမံကိန်းများ၏ ကာလလတ်၊ ကာလရှည် အကောင်အထည်ဖော်မှုများအားအာမခံချက်ပေးသည့် တစ်ခုတည်းသော ထိရောက်သည့် နည်းလမ်းဖြစ်သည်။ မရေရာမှုများ သည် ရင်းနှီးမြှုပ်နှံသူများအား စိတ်ပျက်အားလျော့စေပြီး နိုင်ငံ၏ စီးပွားရေးယုံကြည်ရမှုအပေါ်လည်းများစွာ အန္တရာယ်ရှိစေသည်။

## အကြံပြုချက်များ

• တစ်ခုနှင့် တစ်ခု ဆန့်ကျင်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကိုင်တွယ်ရန်၊ အစိုးရဌာနအချင်းချင်း ဆက်သွယ်မှုအားကောင်းလာစေရန် အတွက် စွမ်းအင်ကဏ္ဍနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများ၊ ယင်းဝန်ကြီးဌာနများ၏ အဓိက ဦးစီးဌာနများအကြား ပုံမှန်အစည်းအဝေးများ ပြုလုပ်သင့်သည်။ အဆိုပါ အစည်းအဝေးများသည် ပုဂ္ဂလိကကဏ္ဍ၏ အခက်အခဲ အကြပ်အတည်းများကို ဖော်ထုတ်ရန် ရည်ရွယ်သင့်ပြီး နိုင်ငံအတွင်း လုပ်ငန်းလုပ်ကိုင်မှုကိုလည်း လွယ်ကူစေသင့်သည်။ ဥပဒေဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှု တိုးတက်စေရန်အတွက် အသစ်ပြင်ဆင်ထားသော ဌာနတွင်း စီမံအုပ်ချုပ်မှုလုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်သင့်သည်။

• ထို့အတူ စွမ်းအင် လုပ်ငန်းများနှင့် မြန်မာအစိုးရအကြား ဆက်ဆံရေး ပိုမိုကောင်းကောင်းမွန်လာစေရေး အတွက် ပုဂ္ဂလိက ကုမ္ပဏီများ၏ ကိုယ်စားလှယ်များကို အဆိုပါ အစည်းအဝေးများသို့ ပုံမှန်ဖိတ်ကြားသင့် သည်။

• တင်ဒါလုပ်ငန်းစဉ်တစ်ခုလုံးမှာ ထိရောက်မှုမရှိ ပိုမို အဆင်ပြေလွယ်ကူအောင် ဆောင်ရွက်သင့်သည်။ EuroCham အနေဖြင့် တင်ဒါလုပ်ထုံးလုပ်နည်းများကောင်းမွန်စေရေးရည်ရွယ်သော ကျွမ်းကျင်ပညာရှင် များပါဝင်သည့် အဖွဲ့တစ်ခု ဖွဲ့စည်းရန် တိုက်တွန်းပါသည်။ ထို့အပြင် အဆိုပါ အဖွဲ့အနေဖြင့် ပြဿနာ အခက်အခဲများကို ဆွေးနွေးရန်နှင့် သင့်လျော်ကောင်းမွန်သော လုပ်ထုံးလုပ်နည်း ပေါ်ပေါက်ရေး ဆောင်ရွက်ရန် ပုဂ္ဂလိက ကဏ္ဍနှင့် တွေ့ဆုံရေးအတွက် လမ်းဖွင့်ထားသင့်သည်။

• ထူထောင်လိုက်သော ပူးပေါင်းဆောင်ရွက်ရေးအစီအမံနှင့်အညီ ဝန်ကြီးဌာနများအကြား ဆက်ဆံရေး တိုးတက်လာစေရန်၊ အသစ်ဖွဲ့စည်းလိုက်သော အစိုးရကြီးကြပ်ရေး/စီမံခန့်ခွဲရေးအဖွဲ့၏ ထိရောက်အောင် လုပ်နိုင်စွမ်းကို တိုးတက်စေရန်အတွက် စွမ်းအင်နှင်ဆိုင်သော နည်းပညာ ပေးသင်တန်းများကို ဖွင့်လှစ်သင့် သည်။

> တစ်ခုနှင့် တစ်ခု ဆန့်ကျင်နေသော ဥပဒေလုပ်ထုံးလုပ်နည်းများကို ကိုင်တွယ်ရန်နှင့် ဝန်ကြီးဌာနများ၏ ထိရောက်စွာ လုပ်နိုင်စွမ်း တိုးတက်စေရန်အတွက် အစိုးရလုပ်ထုံးလုပ်နည်းများကို ခေတ်နှင့်အညီ အသစ်ပြင်ခြင်း။ တင်ဒါလုပ်ငန်းစဉ်ကို ပေါင်းစပ်ညှိနှိုင်းပေးရန်အတွက် အဖွဲ့အသစ်ဖွဲ့စည်းခြင်း၊ နည်းပညာ သင်တန်းများပေးခြင်း

## ပြဿနာ ဖော်ပြချက် ၂။ တူးဖော်ထုတ်လုပ်မှုလုပ်ငန်းစဉ် (ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်း)

ရှင်းလင်းသော ဥပဒေမူဘောင် လိုအပ်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သဘာဝသယံဇာတအားလုံး၏ ပိုင်ရှင်အစစ်ဖြစ်သည်။ နိုင်ငံတော်၏ အကျိုး စီးပွားအတွက် အဆိုပါ သယံဇာတအရင်းအမြစ်များကို ဖွံ့ဖြိုးအောင်လုပ်ခြင်း၊ ထုတ်ယူခြင်း၊ တူးဖော်ခြင်း၊ အသုံးပြုခြင်းတို့ ဆောင်ရွက်ခွင့်ရှိသည်။ ရင်းနှီးမြှုပ်နှံသူများမှာ ၁၉၈၉ ခုနှစ် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေအရ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း (MOGE)က ထုတ်ပေးသော ထုတ်လုပ်မှုမျှယူသည့် စာချုပ် (PSCs) များဖြင့် လုပ်ငန်းဆောင်ရွက်သည်။ အခြားသောဥပဒေများနှင့် မဆန့်ကျင်သ၍ တူးဖော်ခြင်းနှင့် ထုတ်ယူခြင်း များကို အဆိုပါ စာချုပ်ပါ သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်သည်။

ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) အမိန့်ကြေညာစာတို့ သည် ဤကိစ္စ များ၏ သတ်မှတ်ချက်များကို အတည်ပြုပေးသည်။ အခြားသော ကျင့်သုံးဆဲဥပဒေများဖြင့် မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကို စီမံခန့်ခွဲနေရာ စည်းမျဉ်းတစ်ခုနှင့် တစ်ခု ဆန့်ကျင်နေသည့် ဖြစ်ရပ်များ ဖြစ်ပေါ်နေသည်။

ရေနံဥပဒေကြမ်းကို မူကြမ်းရေးဆွဲထားပြီး ပြန်လည်သုံးသပ်နေသော်လည်း ပုဂ္ဂလိကဘက်မှ ကြည့်ရှုသုံးသပ်ခွင့် မရသေးသောကြောင့် ထိုဥပဒေ၏ သက်ရောက်မှုအပေါ် အကဲဖြတ်၍ မရနိုင်ခဲ့ပါ။

သဘာဝ အရင်းအမြစ်များကို ထုတ်ယူရန်အတွက် ရင်းနှီးမြှုပ်နှံမှုများကို အားပေးရန် **PSC** များနှင့် အခွန်များကို ပြန်လည်သုံးသပ်ခြင်း

မြန်မာနိုင်ငံတွင် ကမ္ဘာ့အတင်းကြပ်ဆုံးသော PSCs စာချုပ်များရှိသည်။ ငွေကြေးစံနှုန်း သတ်မှတ်ချက်အပေါ် ကမ္ဘာ့ဘဏ်၏ သုံးသပ်ချက်အရ ယေဘုယျ မြန်မာ့ PCS တစ်ခုတွင် အစိုးရက ယူထားသည့် ပမာဏမှာ ၈၀ ရာခိုင်နှုန်းကျော်ပြီး အခြားကဏ္ဍများတွင်လည်း အလားတူ အန္တရာယ်များနှင့် အကျိုးခံစားခွင့်များမှာလည်း သင့်လျော်သော နှုန်းထားမဟုတ်ပေ။ ထိုကဲ့သို့သော သတ်မှတ်ချက်များမှာ အသေးစားနှင့် အလတ်စား ရေနံနှင့် ဓာတ်ငွေ့သိုက်တွေ့ရှိမှု သို့မဟုတ် အသေးစားလုပ်ကွက်များအတွက် စီးပွားရေး အကျိုးအမြတ်အပေါ်များစွာ ထိခိုက်မှုရှိသည်။

ထို့အပြင် ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာနကလည်း မြန်မာနိုင်ငံတွင် ဓာတ်ငွေ့ရောင်းချမှုထဲမှ ကုန်သွယ် လုပ်ငန်းခွန် (ထုတ်နှုတ်ခံစားခွင့်ရှိသော ရောင်းချမှုထဲမှ ၅ ရာခိုင်နှုန်း) နှင့် အထူးကုန်စည်အခွန် (ထုတ်နှုတ်ခံစားခွင့် မရှိသော ရောင်းချမှုထဲမှ ၈ ရာခိုင်နှုန်း)ကို ထပ်မံကောက်ခံသေးသည်။ အကျိုးဆက်အနေဖြင့် ကြီးမားသော ဖွံ့ဖြိုးမှု အလားအလာထဲမှ အစိုးရက ယူသည့်ဝန်ထုပ်ဝန်ပိုးမှာ ၁၀၀ ရာခိုင်နှုန်းကို ကျော်သွားလိမ့်မည်။

သဘာဝဓာတ်ငွေ့ဆိုသည်မှာ တိုက်ရိုက်အခွန်ရပေါက် ရလမ်းတစ်ခုအဖြစ်ထက် စက်မှုဖွံ့ဖြိုးရေးအတွက် လောင်စာ တစ်ခုအနေဖြင့် ပို၍ တန်ဖိုးကြီးသောကြောင့် အခွန်ကြီးမြင့်ခြင်းကြောင့် ဝင်မလာသော ရင်းနှီးမြှုပ်နှံမှုများမှာ တိုင်းပြည်အတွက်ရသင့်သည့် အကျိုးမရတော့ပေ။ မြင့်မားသော အခွန်နှုန်းထားသည် အလားအလာများကို ကန့်သတ်နေလျှင် သဘာဝဓာတ်ငွေ့သည် မည်သည့် တန်ဖိုးမျှမရှိပေ။ ထို့အပြင် ကမ်းလွန်လုပ်ကွက်ကဲ့သို့သော ကွာလှမ်းသည့်နေရာတွင် ဓာတ်ငွေ့ရှာခြင်းကိုလည်း များစွာအနှောင့်အယှက်ဖြစ်စေပြီး အကျိုးဆက်အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပိတ်ပင်သလိုဖြစ်နေသည်။

သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုအားအကဲဖြတ်ခြင်း (**EIA**) ကို အချိန်ကိုက် အတည်ပြုခြင်း

EIA Procedure (၂၀၁၅) တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနအနေဖြင့် (အများဆုံးအနေဖြင့် ရုံးဖွင့်ရက် ၉၀) အချိန်အတိုင်း အတာအတွင်း စီမံကိန်းကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုလုပ်ရမည်ဟု ဆိုထားသည်။ သို့ရာတွင် အဆိုပါ အချိန်သတ်မှတ်ချက်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိပေ။ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် EIA သုံးသပ်မှုသည် တစ်နှစ်ကျော်အထိ ကြာတတ်သည်။ ထိုကဲ့သို့ မရေရာမှုများသည် လုပ်ငန်း လုပ်ဆောင်မည့်သူ၏ ကုန်ကျစရိတ် အတိုင်း ထိရောက်စွာ လုပ်ငန်းလည်ပတ်ရေး စီမံကိန်းများရေးဆွဲနိုင်မှုအပေါ် ဆိုးရွားစွာ သက်ရောက်မှုရှိပြီး PSCs သတ်မှတ်ချက်များအတွင်း စီမံကိန်းကို အချိန်မီ၊ အန္တရာယ်ကင်းစွာ ဖော်ဆောင်ရေးအပေါ်လည်း ပြင်းထန်သော သက်ရောက်မှုရှိသည်။

## ရရှိနိုင်သော အလားအလာများ

• လက်ရှိတည်ရှိနေသော ဥပဒေများအားလုံးကို တစ်စုတစ်စည်းတည်း စုစည်းပေးသော တူးဖော်ထုတ်လုပ်မှုဥပဒေမူဘောင်ရှိခြင်းသည် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွင်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို အားပေးလျက် အာဏာပိုင်အဖွဲ့အစည်းများ၏ စွမ်းဆောင်မှုနှင့် တုန့်ပြန်ဆောင်ရွက်နိုင်မှုတို့ကို တိုးတက်စေ မည်ဖြစ်ပါသည်။

• မြန်မာနိုင်ငံရှိ ရေနံနှင့် ဓာတ်ငွေ့ထုတ်လုပ်မှုအတွက် ယှဉ်ပြိုင်မှုရှိသော ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်သည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များအတွက် တစ်တပ်တစ်အား ပါဝင်အားဖြည့်ပေးပါလိမ့်မည်။ ငွေကြေးဆိုင်ရာ သတ်မှတ်ချက်များကို သင့်လျော်သလို ပြန်လည်ပြင်ဆင်ခြင်းသည် ဓာတ်ငွေ့ရှာဖွေ တွေ့ရှိမှုများကို တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းတို့ကို အားပေးပါလိမ့်မည်။ ကနဦးအဆင့်တွင်ပင် PSC အဟန့်အတားကြောင့် ရှာဖွေတူးဖော်ခြင်းမပြုဘဲ ရပ်နားနေသော တူးဖော်ရေး ကုမ္ပဏီများကိုလည်း လုပ်ငန်းပြန်စအောင် အားပေးပါလိမ့်မည်။

•EIA အတည်ပြုမှုအတွက် ဥပဒေက သတ်မှတ်ထားသော အချိန်အတိုင်းအတာအတွင်း အတည်ပြုနိုင် အောင် ဆောင်ရွက်ခြင်းသည် တူးဖော်ရေးလုပ်ငန်းများအနေဖြင့် PSC သတ်မှတ်ချက်များအတိုင်း အချိန်မီ ဆောင်ရွက်ခြင်း၊ ကုန်ကျစရိတ် ချွေတာနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်စေလျက် ယင်းသို့ ရှေ့နောက် ညီညွတ်မှုရှိသည့် စီမံကိန်းကာလသတ် မှတ်ချက်များ အပေါ်တွင်လည်း ယုံကြည်ကိုးစားလာစေမည် ဖြစ်ပါသည်။

## အကြံပြုချက်များ

• လက်ရှိ မူကြမ်းရေးဆွဲထားသော ရေနံ ဥပဒေအား ပုဂ္ဂလိက ကဏ္ဍဘက်ကို ကြည့်ရှုခွင့်ပေးခြင်း၊ မှတ်ချက် ပေးခွင့်ပြုခြင်းတို့ လုပ်ဆောင်ရန် တိုက်တွန်းပါသည်။

• PSC သတ်မှတ်ချက်များကို ရိုးရှင်းအောင် ပြုလုပ်ခြင်း၊ ငွေကြေး/ အခွန်သတ်မှတ်ခြင်းနှင့် အစိုးရဘက်က ရယူထားသည်များကို ပြန်လည်ပြင်ဆင်ခြင်းသည် လက်ရှိ PSC များအပေါ် ရင်းနှီးမြှုပ်နှံမှုများ၊ ရှာဖွေ တူးဖော်မှုများ များလာစေမည်ဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်လာသဖြင့် ရေတိုတွင် သဘာဝဓာတ်ငွေ့ရင်းမြစ်များကို ဖော်ထုတ်ပေးနိုင်ပါလိမ့်မည်။

• လက်ရှိအခြေအနေကို အကြပ်အတည်းမှ ဖယ်ရှားရန်အတွက် EIA လုပ်ထုံးလုပ်နည်းနှင့် ပတ်သက်၍ ပိုမို ထိရောက်သော လုပ်ငန်းစဉ်ကို ချမှတ်ကျင့်သုံးသင့်ပါသည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကျွမ်းကျင်သူများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနအား နည်းပညာဆိုင်ရာ အကြံဉာဏ်များ၊ အစီရင်ခံစာ သုံးသပ်ခြင်းများဖြင့် အကူအညီပေးစေရန် သတ်မှတ်ခြင်းသည်လည်း အဖြေဖြစ်နိုင်ပါသည်။

ငွေကြေး/အခွန်ကောက်ခံမှုကိုပြင်ဆင်ခြင်းနှင့် PSC သတ်မှတ်ချက်များကိုရိုးရှင်းအောင် ဆောင်ရွက်ခြင်းဖြင့် ရှာဖွေတူးဖော်မှုကို ပြန်လည် အသက်ဝင်အောင်လုပ်ရန်။ ရေနံဉပဒေကြမ်းအား ကြည့်ရှု မှတ်ချက်ပြုရန် ပုဂ္ဂလိကကဏ္ဍထံ ချပြခြင်း၊ EIA လုပ်ထုံးလုပ်နည်းများကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ခြင်း။

## ပြဿနာဖော်ပြချက် ၃။ စွမ်းအင်အခြေခံ အဆောက်အအုံများ

မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝဓာတ်ငွေ့နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ၏ အားသာချက်ကို ချိန်ညှိလျက် ကာဘွန်ထုတ်လွှတ်မှုနည်းသော စွမ်းအင်စနစ်တစ်ရပ် ထူထောင်ရန်အတွက် အခြေအနေကောင်းများကို ပိုင်ဆိုင်ထားသည်။ သို့သော် လက်ရှိတွင် မြန်မာနိုင်ငံမှာ ထိုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်နေသော ခိုင်မာသော စွမ်းအင်အခြေခံအဆောက်အအုံပိုင်းတွင် အားနည်းမှုများရှိနေသည်။ အဓိကလိုအပ် နေသော အရာနှစ်ခုမှာ အိုဟောင်းပြီး ဝန်နှင့်အား မမျှဖြစ်နေသော စွမ်းအင်ကွန်ရက်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းအပါအဝင် ကောင်းမွန်အောင် အရေးပေါ်ဆောင်ရွက်ခြင်းနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းနှင့် ပိုက်လိုင်းကွန်ရက်တွင် ရင်းနှီးမြှုပ်နှံခြင်းတို့ ဖြစ်သည်။

နိုင်ငံတော် ဓာတ်အားလိုင်းသည် လူဦးရေ၏ ၃၅ ရာခိုင်နှုန်းအတွက်သာ လွှမ်းခြုံနိုင်သေးသည်။ ထို့အပြင် ဓာတ်အားလိုင်း၏ အားနည်းမှုကြောင့် ဓာတ်အား ဆုံးရှုံးမှုများစွာ ပေါ်ပေါက်နေပြီး ပြည်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုနှင့် ပေါင်းစပ်ရန်ခက်ခဲနေသည်။ ခေတ်မီ စွမ်းအင်နည်းပညာများ မသုံးစွဲနိုင်ခြင်းကြောင့် အိမ်ထောင်စုများ မှာ ဒီဇယ်ကဲ့သို့သော် မလုံလောက်သော၊ ကျန်းမာရေးနှင့် မညီညွတ်သော၊ အန္တရာယ်ကြီးသော လောင်စာများအပေါ် မှီခိုနေရသည်။

တစ်ဖက်တွင်လည်း မြန်မာနိုင်ငံသည် အစိုးရဝင်ငွေအတွက် ဓာတ်ငွေ့ တင်ပို့မှုအပေါ် များစွာ မှီခိုနေရသည်။ သဘာဝ ဓာတ်ငွေ့ တင်ပို့မှုသည် မြန်မာနိုင်ငံ၏ ထိပ်တန်းကုန်စည်တစ်ခုဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဘီလီယံ ရရှိခဲ့ရာ စုစုပေါင်း တင်ပို့မှု၏ ၂၅ ရာခိုင်နှုန်းမျှ ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းတွင် သဘာဝဓာတ်ငွေ့ပိုမိုသုံးစွဲရန် စိတ်အားထက်သန်နေသော်လည်း ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံထံသို့ ဓာတ်ငွေ့တင်ပို့မှုမှ ရနေသော ဝင်ငွေများကို အစားထိုးရန် ရှင်းလင်းသော အစားထိုးစရာ မရှိသေးပေ။ ထို့ကြောင့် ဓာတ်ငွေ့ကို ပြည်တွင်းတွင် ပိုသုံးရန် အစိုးရ၏ စိတ်အားထက်သန်မှုကို အဟန့်အတားဖြစ်စေသည်။

ပြည်တွင်းဈေးကွက်က တိုးတက်နေသည်။ သို့သော် မြန်မာနိုင်ငံမှာ အထူးသဖြင့် ရေတိုတွင် လျှပ်စစ်ဓာတ်အား ထုတ်ယူရေးမှာ အကန့်အသတ်နှင့်သာရှိနေသည်။ ဓာတ်ငွေ့ထွက်ရှိမှု၏ ၂၀ ရာခိုင်နှုန်းဝန်းကျင်သာ နိုင်ငံက သုံးစွဲခွင့်ရှိပြီး အများစုမှာ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသို့ စာချုပ်ဖြင့် တင်ပို့နေရရာ ပြည်တွင်းတွင် ဓာတ်ငွေ့သုံးစွဲမှုအပေါ်အကန့်အသတ်ဖြစ်စေသည်။ သို့သော် နောင်အနာဂတ်တွင်တော့ ထပ်မံတွေ့ရှိသည့် ဓာတ်ငွေ့များ (ထပ်မံ တွေ့ရှိဖွယ်ရှိနေမည့် ဓာတ်ငွေ့) များသည် ပြည်တွင်း စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် အသုံးပြု ပါလိမ့်မည်။ ထို့ကြောင့်နိုင်ငံတွင်း ဓာတ်ငွေ့သုံးစွဲမှုကို မြှင့်တင်ရန်အတွက် လိုအပ်သော အခြေခံ အဆောက် အအုံများကို အစီအမံချ ဖော်ဆောင်ရန် လိုအပ်ပါသည်။

### ရနိုင်သော အကျိုးကျေးဇူးများ

• လျှပ်စစ်ဓာတ်အားလိုင်းတိုးချဲ့ခြင်းကို အသေးစားဓာတ်အားလိုင်း ဖော်ဆောင်ခြင်းနှင့် ထိရောက်စွာ ပေါင်းစပ် လိုက်ခြင်းသည် ပြည်သူများအနေဖြင့် ပိုမိုစိတ်ချရသော၊ ပိုမို ကောင်းမွန်သော၊ ပေးရသည်နှင့် တန်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲခွင့်ရနိုင်မည်ဖြစ်ပါသည်။

• ဓာတ်အားလိုင်းအတွင်း လျှပ်စစ်ဓာတ်အား ဆုံးရှုံးမှုများကို လျှော့ချခြင်းသည် လျှပ်စစ်ဓာတ်အား ပို့လွှတ်မှု တွင် ကျရောက်နေသော ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးနိုင်ပါလိမ့်မည်။

• ဓာတ်ငွေ့ပိုင်းလိုင်းများ ဖော်ဆောင်ခြင်းသည် လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် စက်ရုံအလုပ်ရုံများထံသို့ ဓာတ်ငွေ့ကောင်းစွာ ပေးပို့စေနိုင်မည်ဖြစ်ကာ ဈေးကြီးသော ဒီဇယ်လောင်စာဆီ အသုံးပြုမှုကိုလည်း လျှော့ချ ပေးနိုင်မည်ဖြစ်ပါသည်။

• ဓာတ်ငွေ့ရည် LPG ဖြန့်ဖြူးရေး အခြေခံ အဆောက်အအုံများကို နိုင်ငံတစ်ဝန်း ဖော်ဆောင်ခြင်းသည် လေထုညစ်ညမ်းမှုကို လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။

• လျှပ်စစ်ဓာတ်အားလိုင်း တိုးချဲ့ခြင်းကအချိန်ကြာပြီး အကုန်အကျများလွန်းလျှင် အသေးစား လျှပ်စစ် ဓာတ်အားလိုင်းများ ဖော်ဆောင်ခြင်းနှင့်အတူ လျှပ်စစ်ဓာတ်အားလိုင်း တိုးချဲ့ခြင်းများကို တိုးမြှင့် ဆောင်ရွက် ရမည်။ ဦးစားပေးဆောင်ရွက်ရမည်။

• ရေရှည်တွင် လျှပ်စစ်ထုတ်လုပ်မှုကို အမျိုးမျိုးဖြစ်စေပြီး သဘာဝဓာတ်ငွေ့နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် ကဲ့သို့သော အခြားသော သဘောဝအရင်းအမြစ်တို့အသုံးပြုနိုင်ရေးအတွက် ဓာတ်ငွေ့နှင့် လျှပ်စစ် ဖြန့်ချိရေး ကွန်ရက်ကို ပိုမိုအားကောင်း ခိုင်မာ၊ ခေတ်မီအောင် ဆောင်ရွက်သင့်ပါသည်။

• မြန်မာနိုင်ငံ၏ သဘာဝဓာတ်ငွေ့ အခြေခံ အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရန် သို့မဟုတ် အဆင့်မြှင့်တင်ရန် လိုအပ်သည်။ ထို့အပြင် အဆိုပါအခြေခံအဆောက်အအုံများ တိုးချဲ့ရေးကိုလည်း ဦးစားပေး စဉ်းစားသင့်သည်။ မြို့ကြီးများနှင့် ကျေးလက်တောရွာတို့တွင် ပိုက်လိုင်းများ ဖြန့်ကျက် နိုင်ခြင်းနှင့်အတူ ဓာတ်ငွေ့ပိုက်လိုင်း သဘာဝဓာတ်ငွေ့ ရရှိနိုင်မှုသည် စက်မှုလုပ်ငန်း တိုးတက်ရေးအတွက် အဓိက တွန်းအားဖြစ်လာနိုင်သည်။ EuroCham Energy Advocacy Group အနေဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများလုပ်ရန် ကြိုးပမ်းနေသော အစိုးရ၏ ကြိုးပမ်းမှုများကို အားပေးထောက်ခံပြီး ဆက်လက်လုပ်ဆောင်ရန်လည်း တိုက်တွန်းပါသည်။

• လေထုညစ်ညမ်းမှုနှင့် သစ်တောပြုန်းတီးမှုဖြစ်စေသော အစဉ်အလာသုံးစွဲနေသော ထင်းလောင်စာအစား သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် LPG ကို ချက်ပြုတ်ခြင်း၊ အပူပေးခြင်းတို့အတွက် အခြားနည်း အနေဖြင့် အသုံးပြုရန် အကြံပြုပါသည်။ သို့သော် ဈေးနှုန်းကြီးမြင့်ခြင်းနှင့် သိုလှောင်စရိတ်ကြီးမြင့်ခြင်းကို လျှော့ချရန်အတွက် ရှင်းလင်းပြီး ခိုင်မာသော ဥပဒေများကို ဖော်ဆောင်ရန် လိုအပ်ပါသည်။

> လျှပ်စစ်ဓာတ်အားလိုင်း တိုးချဲ့မှုကို ဦးစားပေးဆောင်ရွက်ခြင်း၊ အသေးစား လျှပ်စစ်ဓာတ်အားလိုင်း များ တိုးချဲ့ခြင်း၊ ဓာတ်ငွေ့နှင့် စွမ်းအင်ပို့လွှတ်မှု ကွန်ရက်ကို အားကောင်းအောင် ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ၏ ဓာတ်ငွေ့အခြေခံ အဆောက်အအုံများကိုပြန်လည်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း။ ချက်ပြုတ်ခြင်းနှင့် အပူပေးခြင်းအတွက် ဓာတ်ငွေ့ရည်ကို ပိုမိုသုံးစွဲခြင်း။

## ပြဿနာဖော်ပြချက် ၄။ စွမ်းအင် ဈေးနှုန်းသတ်မှတ်ခြင်းနှင့် ငွေပေးချေမှု အထောက်အပံ့

လျှပ်စစ်ဓာတ်အား အသုံးပြုခြင်းမှ အကျိုးကျေးဇူးများ ထွက်ပေါ်ရန်မှာ ဈေးနှုန်းသက်သာမှုအပေါ်တွင် လုံးလုံး လျားလျားတည်မှီသည်ဟု ဆိုကြသော်လည်း လက်ရှိတွင် အစိုးရ၏ ငွေကြေးစိုက်ထုတ်ထောက်ပံ့ပေးနေမှု ပမာဏမှာ အစိုးရ၏ ရငွေ၊ သုံးငွေများကို ထိခိုက်စေပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် ဆက်လက်ကြိုးပမ်းမှုကိုလည်း လျော့ပါးစေသည်သာမက လျှပ်စစ်မီးမရသေးသည့် ၆၅ ရာခိုင်နှုန်းသော လူဦးရေကို မီးပေးရန်နှင့် နိုင်ငံတော် ဓာတ်အားလိုင်းကို တိုးချဲ့ရန်လုပ်ဆောင်နေသော အစိုးရအတွက် စိန်ခေါ်မှုများစွာ ဖြစ်ပေါ်စေသည်။ အဆိုပါ ငွေကြေး မှာလည်း ဘဏ္ဍာရေးအရ ရေရှည်တည်တံ့မှုမရှိဘဲ မြန်မာအစိုးရ ရည်ရွယ်ချက်ကြီးကြီးနှင့် ချမှတ်ထားသော လျှပ်စစ်မီးရရှိရေး စီမံကိန်းနှင့်လည်း မကိုက်ညီလှပေ။

ထို့အပြင် လျှပ်စစ်ဈေးနှုန်းလျှော့နည်းခြင်းသည်လည်း လျှပ်စစ်သုံးစွဲသူများအနေဖြင့် စွမ်းအင်ချွေတာလာအောင် တိုက်တွန်းအားပေးနိုင်ခြင်း မရှိပေ။ ထိုကဲ့သို့ ဈေးနှုန်းလျှော့နည်းခြင်းသည် အခြေခံ အဆောက်အအုံများ အဆင့်မြှင့် တင်ခြင်းတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ရန် မက်လုံးကိုလည်း လျော့ပါးစေသည်။ ထိုမှတစ်ဆင့် အရည်အသွေးနိမ့်ခြင်းကို ဖြစ်ပေါ်စေသည်။

ထိုကိစ္စများအပြင် အခြားသော အရေးကြီးဖြေရှင်းရန်ကိစ္စမှာ စွမ်းအင်အတွက် ငွေပေးချေရာတွင် အသုံးပြုသော ငွေကြေးဖြစ်သည်။ နိုင်ငံတကာဘတ်ဂျက်ဖြင့်ဆောင်ရွက်သော စီမံကိန်းများအနေဖြင့် နိုင်ငံခြားငွေကြေး သုံးစွဲခွင့်၊ နိုင်ခြားငွေကြေးဖြင့် စံနှုန်းသတ်မှတ်ခြင်း လုပ်ရန်လိုသည်။ လက်တွေ့တွင် အခြေခံအဆောက်အအုံ စီမံကိန်းကြီးများ တွင် ငွေပင်ငွေရင်းထည့်ဝင်ခြင်းကို အမေရိကန်ဒေါ်လာနှင့် ပြုလုပ်ကြသည်။ မြန်မာနိုင်ငံကျပ်ငွေအတွက် ငွေကြေး ဖလှယ်တွက်ချက်သည့် ဈေးကွက်မရှိသ၍ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံခြားငွေဖြင့် မချေဘဲ လုပ်ဆောင်ရန် များစွာ အခက်အခဲရှိသည်။

နောက်ဆုံးအနေဖြင့် အစိုးရသည် စွမ်းအင်ပေးချေမှုအတောက်အပံ့ပေးခြင်းတွင် အရေးကြီးသော ကဏ္ဍတွင် ရှိနေသည်။ မြင်းခြံ CCGTလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းသည် များစွာအောင်မြင်မှုရှိသော်လည်း အစိုးရ အနေဖြင့် ထိုစီမံကိန်းလိုမျိုး စီမံကိန်းများကို အခြားနေရာတွင် လုပ်ဆောင်ခြင်းမရှိသေးပေ။ သို့သော် လျှပ်စစ် ဓာတ်အားနှုန်းထားများ ပြုပြင်ပြောင်းလဲခြင်းကြောင့် ငွေကြေးပေးဆောင်နိုင်မှုအရ ရေရှည်အဆင်ပြေမှုရှိသည့် ပြည်တွင်းသုံးစွဲသူ မတွေ့ရှိခဲ့လျှင် စက်ရုံဆောက်လုပ်သူများနှင့် ငွေထုတ်ချေးသူများ အနေဖြင့် အခြားသော အာမခံချက်များကို ဆက်လက်လိုအပ်နေမည်ဖြစ်သည်။

## ရရှိနိုင်သော အကျိုးကျေးဇူးများ

•စွမ်းအင်ဈေးနှုန်းတိုးလိုက်ခြင်းက တိုးတက်လာသော စွမ်းအင်အခြေခံ အဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုများကို ငွေကြေးအနေအထားအားဖြင့် ဆွဲဆောင်မှုရှိလာစေပြီး၊ စွမ်းအင်ချွေတာသည့် အလေ့အထများ ပေါ်ပေါက်စေမည်ဖြစ်ပါသည်။

•နေ့တစ်နေ့၏ အချိန်အလိုက် ကောက်ခံသည့်နှုန်းထားကို ကျင့်သုံးခြင်းဖြင့် အချိန်နှင့်အသုံးပြုခြင်းများ ကျယ်ပြန့်လာစေမည်ဖြစ်ရာ လိုအပ်ချက်ကို ပြည့်မီအောင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးလာ စေနိုင်မည်ဖြစ်ပါသည်။

• နိုင်ငံခြားငွေနှင့် ပေးချေခြင်း သို့မဟုတ် ငွေကြေးအမျိုးအစားများ ရောစပ်ပေးချေနိုင်ခြင်းသည် အစိုးရနှင့် ပုဂ္ဂလိကအကြား ငွေချထားပေးမှု အန္တရာယ်များကို လျှော့ပါးလာစေနိုင်ပါသည်။

• အစိုးရ၏ပံ့ပိုးမှုက စွမ်းအင်စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံလျှင်ကြုံတွေ့ရနိုင်သည့် အန္တရာယ်များကိုလျှော့ချပေးပြီးရင်းနှီးမြှုပ်နှံသူများသတ်မှတ်ချင်သည့် နှုန်းထားကိုလည်း လျှော့ချပေးပါလိမ့်မည်။

## အကြံပြုချက်များ

• လျှပ်စစ်ဓာတ်အားခများကို တိုးမြှင့်လိုက်ခြင်းသည် နိုင်ငံရေးအရ ထိလွယ်ရှလွယ်ဖြစ်သောကြောင့် အများ ပြည်သူလက်ခံစေရန်အတွက် လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ခြင်းကို ပွင့်လင်းမြင်သာစွာ၊ တဖြည်းဖြည်းချင်း တိုးမြှင့်သင့်ပါသည်။

• ဝင်ငွေနည်းသော သုံးစွဲသူများအတွက် ဓာတ်အားခကို မပြောင်းလဲဘဲ စက်မှုလုပ်ငန်းများ၊ မြို့နေပြည်သူများ ကဲ့သို့သော အချို့သော သုံးစွဲသူများအတွက် ဓာတ်အားခ နှုန်းထားကို ထပ်တိုးခြင်း၊ အများအပြား တိုးမြှင့်ခြင်း။

• သုံးစွဲမှုများသည့်အချိန်တွင် သုံးစွဲက ဈေးပိုကောက်သည့် အချိန်အလိုက် ကောက်ခံသည့် စနစ်ကို မိတ်ဆက်ရန်။

• နိုင်ငံခြားငွေဖြင့် ကောက်ခံခြင်းကို ပုံမှန်ဖွင့်ပေးရန်။ ပြည်တွင်းငွေနှင့် နိုင်ငံခြားငွေ တွက်ချက်ပေးသွင်းကို ခွင့်ပြုရန်။

• Senior debt ခေါ် အကြွေးနှုန်းမြင့်နေပြီး ပြည်တွင်းငွေကြေးဖြင့် ပြောင်းလဲ မပေးမီ နိုင်ငံခြားငွေဖြင့်ပေးသည့် ကောက်ခံသည့် စနစ်ကို မိတ်ဆက်ရန်။

•နောက်နည်းလမ်းတစ်ခုမှာ မတည်ရင်းနှီးမြှုပ်နှံမှု ပြန်လည် ဦးမော့ရေးအတွက် နိုင်ငံခြားငွေဖြင့် ပေးချေခြင်းကို ဖော်ဆောင်ရန်၊ ပြည်တွင်းအခွန်များနှင့် နိုင်ငံတကာ ထိတွေ့မှုများအတွက် ပြည်တွင်း ငွေကြေးဖြင့် ပေးသည့် စနစ်ကို ထူထောင်ရန်။

• ရေတိုကာလတွင် အစိုးရ၏ အားပေးပံ့ပိုးမှုကို မိတ်ဆက်ပေးရန် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းအတွက် ငွေပေးချေမှုတာဝန်များကို အာမခံချက်ရှိစွာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက စာချုပ်စာတမ်းဖြင့် လုပ်ထားမှုများသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက် လက်မှတ်၊ ရှေ့နေချုပ်၏ တရားရေးဆိုင်ရာ သဘောထားမှတ်ချက်အတူ ဖော်ဆောင်သင့်ပါသည်။

• ရေရှည်အဖြေအဖြစ် ပြုလုပ်နိုင်ချေရှိသော နောက်နည်းလမ်းတစ်ခုမှာ ၂၀၁၆ ခုနှစ် ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲရေး ဥပဒေနှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အာမခံစာ ထုတ်ပေးရန်ဖြစ်ပါသည်။ အဆိုပါ အာမခံချက်သည် ငွေပေးချေမည့်တာဝန်ကို လွှမ်းခြုံသကဲ့သို့ အခြားနိုင်ငံသို့ နိုင်ငံခြားငွေ ပြောင်းလဲ၊ လွှဲပြောင်း နိုင်ခွင့်ကို လွှမ်းခြုံနိုင်သည်။

စက်မှုလုပ်ငန်းများနှင့် ဝင်ငွေနည်းပြည်သူများအကြား လျှပ်စစ်နှုန်းထားများခွဲခြား သတ်မှတ်ခြင်း။ အချိန်ကာလဖြင့် သတ်မှတ်သည့် စနစ်ကို အကောင်အထည်ဖော်ခြင်း။ ငွေကြေးအမျိုးအစား အစုံဖြင့် ပေးချေခြင်း၊ အစိုးရက ပေးချေခြင်းကို အသုံးပြုခြင်း။

## ပြဿနာ ၅။ ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်

မြန်မာနိုင်ငံတွင် ဆွဲဆောင်မှုရှိသော ရေအားလျှပ်စစ်နှင့် နေရောင်ခြည်အားလျှပ်စစ် အရင်းအမြစ်များရှိသဖြင့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်ရေးအတွက် အလားအလာကောင်းများရှိပါသည်။

ရေအားလျှပ်စစ်မှာ မြန်မာနိုင်ငံနှင့် ရင်းနှီးမှုရှိသော သဘာဝပတ်ဝန်းကျင် မထိခိုက်သော နည်းပညာဖြစ်ပါသည်။ ယခုအခါတွင် မြန်မာနိုင်ငံသည် ပြည်တွင်းသုံး လျှပ်စစ်ဓာတ်အား၏ ၆၀ ရာခိုင်နှုန်းကို ထုတ်ပေးနေသည်။ သို့သော် တစ်နိုင်ငံလုံး အလားအလာများနှင့် ကြည့်လျှင်တော့ ဤသည်မှာ အစိတ်အပိုင်းအသေးကလေးသာဖြစ်သည်။ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ သဘာဝ ပတ်ဝန်းကျင်မထိခိုက်သော ရေရှည်သုံးစွဲနိုင်သည့် စွမ်းအင်ရင်းမြစ်အရောအနှောတစ်ရပ်မှ လျှပ်စစ်ထုတ်ယူရရှိ နိုင်ရေးအတွက် ရေအားလျှပ်စစ်စွမ်းအင်ကို ပေါင်းစပ်ထည့်သွင်းကာ လက်တွေ့ကျသည့် တိုးတက်မှုကို ဖော်ဆောင်သင့်ပါသည်။ အထူးသဖြင့် စီမံကိန်းများ အကောင်အထည်မပေါ်မီ စောင့်ဆိုင်းရမည့် အချိန်ကာလကိုလည်း တွက်ချက် ချိန်ဆကာ ထည့်သွင်းစဉ်းစားထားသင့်ပါသည်။

နေရောင်ခြည်သုံးစွမ်းအင်ထုတ်လုပ်ရေးကို ပိုမို အလေးပေးသင့်ပါသည်။ နေရောင်ခြည်မှ စွမ်းအင်ထုတ်ယူရန်မှာ မြန်မာနိုင်ငံတွင် ယခင်က ထိတွေ့ဆောင်ရွက်ခဲ့ခြင်းမရှိသေးသော အရင်းအမြစ်ဖြစ်ပါသည်။ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားပေး စီမံကိန်းများကို ဗဟိုဦးစီးစနစ်ဖြင့်လည်းကောင်း၊ စက်မှုလုပ်ငန်းများ၏ ထိပ်ဆုံး သို့မဟုတ် ဓာတ်အားလိုင်းပြင်ပ ဝေးကွာသော ဒေသများအတွက် ဗဟိုဦးစီး မဟုတ်သော စနစ်ဖြင့်လည်းကောင်း ဆောင်ရွက် သင့်ပါသည်။ ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသော နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသုံးရုံအတွက် လက်မှတ်ထိုးထားသော်လည်း ဈေးနှုန်းမှာမူ ထိုကဏ္ဍအတွင်းက ဈေးနှုန်းထက် သိသိသာသာ မြင့်မားနေသည်။ စက်မှုလုပ်ငန်း သို့မဟုတ် အသေးစား ဓာတ်အားလိုင်း စတင်တော့မည်ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံရှိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကတော့ ကနဦးအဆင့်သာ ရှိပါသေးသည်။

စွမ်းအင်ထုတ်လုပ်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်လုပ်မှုနှုန်းတိုးလာခြင်းသည် စက်မှုလုပ်ငန်းသုံး၊ အိမ်သုံးအဆင့် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်စွမ်းအပေါ် ကောင်းသော သက်ရောက်မှုရှိပါသည်။

### ရရှိနိုင်သော အကျိုးကျေးဇူးများ

•ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို ပတ်ဝန်းကျင် မထိခိုက်စေသော ပုံစံမျိုးဖြင့် ဖော်ဆောင်နိုင်သည်။ ကောင်းမွန်စွာ အစီအမံချပါက လူမှုရေး၊ စီးပွားရေးအပေါ် ရိုက်ခတ်မှုအနည်းဆုံးဖြင့် အကောင်အထည်ဖော်နိုင်သည်။ ထို့အပြင် အဆိုပါရင်းမြစ်နှစ်ခုမှာ ရာသီအလိုက်ထုတ်လုပ်ခြင်း၊ အများဆုံးထုတ်လုပ်ခြင်း၊ အနည်းဆုံးထုတ်လုပ်ခြင်းအတွက် တစ်ခုနှင့် တစ်ခု သဟဇာတဖြစ်စွာ အပြန်အလှန်အထောက်အပံ့ပြုလျက်ရှိပါသည်။

•ရေအားလျှပ်စစ်မှာ လျှပ်စစ်ဓာတ်အားထုတ်ယူရေးအတွက် ဈေးသက်သာသော အရင်းအမြစ်အဖြစ် မြင်ကြပြီး နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးမှာလည်း ပြီးခဲ့သည့်နှစ်များအတွက် ဈေးကျလာသောကြောင့် ထို့နည်းတူ ဈေးသက်သာသော အရင်းအမြစ်ဖြစ်လာပါသည်။

• သက်တမ်း နှစ်ငါးဆယ်ကျော်အသုံးပြုနိုင်သော ရေအားလျှပ်စစ်စီမံကိန်းများမှာ တည်ငြိမ်ပြီး ပြန်လည် ပြည့်ဖြိုးမြဲ လျှပ်စစ်ဓာတ်အားများ ထုတ်ပေးရာတွင် မြန်မာနိုင်ငံအတွက် ရေရှည်နည်းလမ်းဖြစ်ပါသည်။ တည်ဆောက်ရန် အချိန်ကြာကြာမလိုသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စီမံကိန်း များမှာ မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို အလျင်အမြန်ဖြည့်ဆည်းပေးနိုင်ပါသည်။

• ရေအားလျှပ်စစ်နှင့် နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများကို ဓာတ်အားလိုင်းနှင့် ဆက်သွယ်၍သော်လည်းကောင်း၊ ဝေလံခေါင်သီသော နေရာတွင် တည်ဆောက်ခြင်းဖြင့်လည်းကောင်း လျှပ်စစ်ဓာတ်အားလိုင်းအတွင်း လျှပ်စစ်အလေအလွင့်များ လျှော့ချကာ၊ လျှပ်စစ်ဓာတ်အား မလုံလောက်မှု ကို လျှော့ချလျက် လုပ်ငန်းသုံး၊ စက်ရုံအလုပ်ရုံသုံးအတွက် လျှပ်စစ်ဓာတ်များများ ပို့ပေးနိုင်သည်။

## အကြံပြုချက်များ

• ပုဂ္ဂလိကကဏ္ဍ၏ရင်းနှီးမြှုပ်နှံမှုဆုံးရှုံးနိုင်ချေများကို ထည့်သွင်းစဉ်းစားလျက် စီမံကိန်းအကောင်အထည် ဖော်သည့် အစောပိုင်းကာလတွင်ပင် စီးပွားရေးဆိုင်ရာ သတ်မှတ်ချက်၊ သဘောတူညီချက်များကို ဖော်ထုတ်ဆွေးနွေးထားလျက် ရေအားလျှပ်စစ်စီမံကိန်းများအတွက် လုပ်ငန်းလုပ်ဆောင်ခွင့်ဆိုင်ရာ သဘောတူညီချက်များ၊ PPA များကဲ့သို့သော စံနှုန်းသတ်မှတ်ထားသော စီမံကိန်းစာရွက်စာတမ်းများကို ကျင့်သုံးရန်။

• အခြေခံ အဆောက်အအုံ တိုးတက်မှုကို လိုအပ်နေသော ဒေသများကို ဦးစားပေးကာ ထိခိုက်မှုလျော့ချရေး၊ စီးပွားရေး ရှုထောင့်မှ ကြည့်လျက် အကျိုးများနိုင်သော ရေအားလျှပ်စစ် စီမံကိန်းများ စာရင်းကို ဖန်တီးရန်။

•ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားသော စီမံကိန်းများအတွက် လျှပ်စစ်ဓာတ်အားထည့်သွင်းသလောက် ငွေပေးခြင်း၊ အသေးစား နေရောင်ခြည်စွမ်းအင်သုံးစီမံကိန်းများအတွက် ပိုလျှံလျှင် ဓာတ်အားလိုင်းသို့မျှဝေကာ လိုအပ်လျှင် ဓာတ်အားလိုင်းမှပြန်လည်ယူငင်သုံးစွဲသည့် စနစ်များနှင့်အတူ နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် ရည်ရွယ်လျက် ဥပဒေမူဘောင်တစ်ခု ချမှတ်ရန်။

သီးသန့် ဥပဒေမူဘောင် ချမှတ်ရန်။ ထိခိုက်မှုလျော့ချရေး၊ စီးပွားရေး ရှုထောင့်မှ နေ၍ အကျိုးများ နိုင်သော ရေအားလျှပ်စစ် စီမံကိန်းများ၏ စာရင်း ပြုစုရန်။ PPAs ကဲ့သို့သော စံနှုန်းပြု စီမံကိန်း စာချုပ်စာတမ်းများကို အကောင်အထည်ဖော်ရန်။

# အထည်ချုပ်လုပ်ငန်း

၁၇

## မိတ်ဆက်

အထည်ချုပ်လုပ်ငန်းသည် မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံး ပို့ကုန်လုပ်ငန်းဖြစ်ပြီး ပြီးခဲ့သည့် ငါးနှစ်အတွင်း နှစ်စဉ် တိုးတက်နှုန်း ၂၅ ရာခိုင်နှုန်းထိ ရှိခဲ့သည်။ ၂၀၁၇ ခုနှစ်အတွင်း အထည်ချုပ်လုပ်ငန်းများ စုစုပေါင်းပို့ကုန်တန်ဖိုးသည် ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံဖိုးရှိသည်။ ပုံမှန်လုပ်သားဈေးကွက်သို့ ဝင်ရောက်ရန် ကျွမ်းကျင်မှု လိုအပ်နေသူများသည် အထည်ချုပ်လုပ်ငန်းဝင်ပေါက်မှ ဝင်ရောက်ခွင့်ရခဲ့ကြခြင်းသည်လည်း အထည်ချုပ်လုပ်ငန်း၏ အားသာချက်တစ်ရပ်ဖြစ်သည်။ လက်ရှိတွင် အထည်ချုပ်လုပ်ငန်း၌ လုပ်သားအင်အား သုံးသိန်းခွဲခန့် ဝင်ရောက်လုပ်ကိုင်နေသည်။

မြန်မာအစိုးရသည် အထည်ချုပ်လုပ်ငန်းကို ၂၀၂၀ ခုနှစ်တွင် ပို့ကုန်တန်ဖိုး ၁၀ ဘီလီယံထိ ရောက်ရှိအောင် မြှင့်တင်ရေး ရည်မှန်းချက်ထား ကြိုးပမ်းလျက်ရှိသည်။ အထည်ချုပ်လုပ်ငန်းကို မြှင့်တင်ပေးခြင်းဖြင့် ထိုလုပ်ငန်းအတွင်း အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာမည်ဖြစ်သလို၊ ဆက်စပ်လုပ်ငန်းများတွင်လည်း အလုပ်အကိုင်သစ်များ ဆင့်ပွားပေါ်ပေါက်လာမည်ဖြစ်သည်။ အစီအစဉ်များ အကောင်အထည်ဖော်ရေးအတွက် အစိုးရနှင့် အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပြင်ပ အလှူရှင်အဖွဲ့အစည်းများကလည်း ပြင်ပ အထောက်အပံ့၊ အကြံဉာဏ်များ ပေးအပ်လျက်ရှိသဖြင့် အထည်ချုပ်လုပ်ငန်းကဏ္ဍသည် သိသိသာသာ တိုးတက်လျက်ရှိသည်။

## ပြဿနာဖော်ပြချက် ၁။ လုပ်သားဥပဒေပြုပြင်ပြောင်းလဲမှု

အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေများကို ပြုပြင်ပြောင်းလဲရန် အစိုးရက အားထုတ်နေကြောင်း တွေ့ရသည်။ အစိုးရ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် ကုန်သွယ်ရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေခြင်း ဖြစ်သည်။ နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်း (ILO) ကလည်း ထောက်ခံထားသည်ကို တွေ့ရပါသည်။ ပြုပြင် ပြောင်းလဲမှု ဖော်ဆောင်ရာတွင် သက်ဆိုင်သူအားလုံး၏ ကိုယ်စားလှယ်များ ပါဝင်ခွင့်ရအောင် ဖန်တီးပေးရန် အကြံပြု လိုပါသည်။ လက်ရှိအချိန်ထိကား အလုပ်သမားရေးရာ ကဏ္ဍတွင် ပွင့်လင်းမြင်သာမှု နည်းနေခြင်း၊ ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုမှု ကွာခြားနေခြင်းများ ရှိနေသေးဆဲ ဖြစ်သည်။ မူဝါဒသစ်များ အကောင်အထည်ဖော်ရေး၊ ဆုံးဖြတ်ချက်များ ချမှတ်ရေးတွင်လည်း သိသိသာသာ နှေးကွေးနေဆဲဖြစ်ကြောင်းလည်း တွေ့ရသည်။ သို့ဖြစ်ရာ တိုးတက်မှုက မြန်ဆန်သင့်သလောက် မမြန်ဆန်ဘဲ ဖြစ်နေရသည်။

### ပြုပြင်ပြောင်းလဲခြင်းခြင့် ရလာနိုင်သည့် အကျိုးအမြတ်များ

ရှင်းလင်း တိကျသည့် အလုပ်သမားဥပဒေများ ပြဌာန်းပေးခြင်း၊ ဥပဒေကို အခြေအနေ အချိန်အခါနှင့် ကိုက်ညီအောင် ပြဌာန်းပေးခြင်းဖြင့် အလုပ်သမားဈေးကွက် တည်ငြိမ်အားကောင်းလာမည်ဖြစ်ကာ အငြင်းပွားမှုများ ကိုလည်း လျှော့ချနိုင်မည် ဖြစ်သည်။ ထိုအခါ အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်လုံး လုပ်ကိုင်ရ အဆင်ပြေလာ မည်ဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုနှင့် တိုးတက်မှုများလည်း မြင့်မားလာမည်ဖြစ်သည်။

### အကြံပြုချက်များ

• အလုပ်သမားအဖွဲ့အစည်းဥပဒေသည် အလုပ်သမားရေးရာ မကျေလည်မှုများ ညှိနှိုင်းဖြေရှင်းရာတွင် သက်ဆိုင်သူများ လိုက်နာကျင့်သုံးရမည့် ရှင်းလင်းသော လမ်းညွှန်ချက်များ ပေးနိုင်ရမည်။ အငြင်းပွားမှုများ ဖြေရှင်းရာတွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်လုံးအနေဖြင့် နိုင်ငံတကာအလုပ်သမားအဖွဲ့ကြီးက စံသတ်မှတ်ပေးထားသော အလုပ်ရပ်နားထားခွင့်၊ သပိတ်မှောက်ခွင့်ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ကြစေရေးလည်း စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပေးရမည်။ အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်လုံးက စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာခြင်း ရှိ မရှိကို သက်ဆိုင်ရာ တာဝန်ရှိ အဖွဲ့အစည်း များက စောင့်ကြည့်ပေးရမည်။

•အလုပ်သမားအဖွဲ့အစည်း ဥပဒေတွင် ဖော်ပြထားသော အလုပ်သမားကိုယ်စားလှယ် အဖွဲ့များဖြင့် လိုလားချက်များကို တင်ပြတောင်းဆိုခွင့် ဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ယခုထက် ပိုရှင်းလင်းအောင် ဖွင့်ဆိုသင့်သည်။ မည်သူများသည် ကိုယ်စားလှယ်အဖြစ် တာဝန်ယူရမည်ကို သတ်မှတ်ချက်များ ထည့်သွင်းပေးသင့်သည်။ အလုပ်ခွင်အဆင့်မှသည် နိုင်ငံတော်အဆင့် ကိုယ်စားလှယ်အဖွဲ့ တင်ပြ တောင်းဆိုမှု သဘောတူညီချက်များ မည်သို့ရယူရမည်ကိုလည်း ရှင်းလင်းစွာ ဖော်ပြပေးသင့်သည်။

• အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး ကော်မတီအနေဖြင့်လည်း ကာလ ဒေသနှင့် လိုက်ဖက်သည့် အနည်းဆုံးအခကြေးငွေများ သတ်မှတ် ပေးနိုင်အောင် အစဉ်တစိုက် စစ်ဆေးနေရမည်။ အခကြေးငွေ သတ်မှတ်မှု လုပ်ငန်းစဉ်သည်လည်း ပွင့်လင်းမြင်သာမှု ရှိရမည်ဖြစ်ပြီး၊ လွတ်လပ်စွာ ရရှိထားသော ကိန်းဂဏန်း အချက်အလက်များပေါ်တွင်သာ အခြေခံရမည်။ နိုင်ငံ့ငွေကြေးတန်ဖိုး အတက်အကျနှင့် အရပ်ရပ်အခြေအနေများပေါ်မူတည်ပြီး အနည်းဆုံးအခကြေးငွေကို လိုက်လျောညီထွေအောင် မကြာမကြာ ပြင်ဆင်သတ်မှတ်ပေးနိုင်ရန်လည်း ကော်မတီက အားထုတ်ရမည်။

• လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေသည်လည်း လက်တွေ့လုပ်ငန်းခွင်များနှင့် ကိုက်ညီမှုရှိရန် လိုအပ်သည်။ ထို့အပြင် အလုပ်သမားများနှင့် အလုပ်ရှင်ဘက်က စီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်းပြီး လုပ်ငန်းခွင်အတွင်း ဘေးကင်းရေးနှင့် ကျန်းမာရေး ကော်မတီများ ထူထောင်ကာ မိမိတို့ အလုပ်ခွင်အတွင်း ဘေးကင်းရေးနှင့် ကျန်းမာရေးကဏ္ဍ တိုးတက်အောင် ဖော်ဆောင်နိုင်ကြရန်လည်း လမ်းညွှန်ချက်များ ချမှတ်ပေးရမည်။

## ပြဿနာဖော်ပြချက် ၂။ ချည်မျှင် အထည်လုပ်ငန်း မြှင့်တင်ခြင်း

အားကောင်းနေပြီဖြစ်သည့် အထည်ချုပ်လုပ်ငန်း ပိုအားကောင်းလာစေရန်အတွက် မြန်မာအစိုးရအနေဖြင့် ချည်မျှင်နှင့် အထည်အလိပ် လုပ်ငန်းကိုပါ အားကောင်းလာအောင် ပျိုးထောင်ယူရမည်။ သို့မှသာ အထည်ချုပ်လုပ်ငန်းအတွက် လိုအပ်သော ချည်မျှင်နှင့် အထည်အလိပ် များကို ပြည်ပမှ တင်သွင်းနေရခြင်းကို လျှော့ချနိုင်မည်။ ချည်မျှင်မှသည် အထည်အလိပ်၊ အထည်အလိပ်မှသည် ချုပ်ထည်များအထိ ဖြစ်လာစေမည့် ဒေါင်လိုက် ကုန်ကြမ်းလမ်းကြောင်း ထူထောင်နိုင်ရေးအတွက် လိုအပ်သည့် ဥပဒေများလည်း ရေးဆွဲပြဋ္ဌာန်း ပေးရမည်။ လက်ရှိ မြန်မာ့အထည်ချုပ်လုပ်ငန်းများသည် အထည်ကိုသာချုပ်ပေးသည့် စနစ် (CMP) ကို ကျင့်သုံးနေပြီး အထည်ကို ဒီဇိုင်းထုတ်ခြင်းမှသည် ချုပ်လုပ်ပြီး ဝယ်ယူဆီအရောက် သင်္ဘောတင်ပေးသည့် (FOD) ကို ကျင့်သုံးခြင်းမရှိသေး။ လက်ရှိ ဥပဒေများကလည်း (CMP) ကိုသာ ထောက်ပံ့ပေးထားသည်။ ပိုပြည့်စုံသော (FOB) ကို ကျင့်သုံးနိုင်အောင် ဥပဒေဘောင်ကိုလည်း ချဲ့ထွင်ပေးရမည်။

ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းသည် ရေ၊ လျှပ်စစ်ဓာတ်အားတို့ကို အထူးလိုအပ်သည်။ ချည်မျှင်နှင့် အထည်အလိပ်ကဏ္ဍဖွံ့ဖြိုးရေးအတွက် အစိုးရအနေဖြင့် ပွင့်လင်းမြင်သာစွာ ဆွေးနွေးညှိနှိုင်းသွားရန်လည်း လိုအပ်သည်။ စက်ရုံများ တည်ထားမည့်နေရာ၊ ရေနှင့် လျှပ်စစ်ကို မပြတ်လပ်အောင် ပေးအပ်နိုင်ရေး မည်သို့စီစဉ်မည်နှင့် ဆက်စပ် အခြေခံအဆောက်အအုံများ မည်သို့ ဖြည့်ဆည်းပေးမည်ကို ပြည့်စုံစွာ ဆွေးနွေးညှိနှိုင်းဖို့ လိုသည်။ လုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် မထိခိုက်စေရေးလည်း ချိန်ဆရမည်ဖြစ်သလို၊ ဒေသခံများ၏ လိုအပ်ချက်၊ ဂေဟစနစ် လိုအပ်ချက်များ ကိုက်ညီပြည့်စုံအောင် စီမံရန်လည်း လိုအပ်သည်။ ကျွန်ုပ်တို့အနေနှင့် နိုင်ငံတကာတွင် ကျင့်သုံးနေသော ကောင်းမွန်သည့် နည်းလမ်းများ၊ အကြံဉာဏ်များနှင့် အတွေ့အကြုံများကို မြန်မာအစိုးရအား ဝေမျှရန် အသင့်ရှိကြောင်းလည်း သိစေအပ်ပါသည်။

## ပြုပြင်ပြောင်းလဲခြင်းဖြင့် ရလာနိုင်သည့် အကျိုးအမြတ်များ

ကုန်ကြမ်းမှ ကုန်ချောထိ ဒေါင်လိုက် ကုန်ကြမ်းလမ်းကြောင်း ထူထောင်ထားနိုင်ခြင်းဖြင့် လုပ်ကိုင်ရခြင်း ပိုမိုလွယ်ကူလာမည်ဖြစ်သလို မြန်မာ့အထည်ချုပ်လုပ်ငန်းသည် ကမ္ဘာ့ဈေးကွက်တွင်လည်း ယှဉ်ပြိုင်နိုင်စွမ်း ပိုကောင်းမွန်လာမည် ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများ လည်း ပိုမိုပွင့်လန်းလာမည်ဖြစ်သည်။ FOB ကို ပြောင်းလဲကျင့်သုံးခြင်းဖြင့် မြန်မာ့အထည်ချုပ်လုပ်ငန်းသည် တန်ဖိုးမြင့်ပို့ကုန်များ တင်ပို့နိုင် မည်ဖြစ်ကာ အမြတ်အစွန်းလည်း ပိုများပြားမည်ဖြစ်ပြီး ဈေးကွက် အလုပ်အရမ်း ဒဏ်ကိုလည်း ပိုခံနိုင်လာမည် ဖြစ်သည်။

## အကြံပြုချက်များ

• ပြည်တွင်းဖြစ် ချည်မျှင် ကုန်ကြမ်းများ ဝယ်ယူရာတွင် အခွန်ကင်းလွတ်ခွင့် ပေးရမည်။ ပြည်ပမှ ချည်မျှင်ကုန်ကြမ်းများ တင်သွင်းရာတွင်လည်း အလားတူ ဖြစ်သင့်သည်။

• ပြည်ပကုမ္ပဏီများက ချည်မျှင်များ တင်သွင်း ရောင်းချခြင်းကို ခွင့်ပြုပေးရမည်။ ပြည်ပ ရင်းမြစ်များ အသုံးပြုခြင်းကိုလည်း ခွင့်ပြုပေးရမည်။

• ပြည်တွင်းချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ကြဉ်းပေးရမည်။ ထိုလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွား ထိခိုက်မှု နည်းနိုင်သမျှ နည်းအောင် ဖန်တီးပေးရမည်။

• သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေများ အသက်သွင်းနိုင်အောင် အထောက်အပံ့ ပေးရမည်။ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု စနစ်ကောင်းများ ကျင့်သုံးနိုင်အောင် စီမံပေးရမည်။

## ပြဿနာ ဖော်ပြချက် ၃။ အမာထည် အခြေခံအဆောက်အအုံ

အထည်ချုပ်လုပ်ငန်း၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် အစိုးရအနေဖြင့် အမာထည် အခြေခံအဆောက်အအုံများ ဖြစ်သော လမ်း၊ ဆိပ်ကမ်း၊ လေဆိပ်၊ လျှပ်စစ်ဓာတ်အား၊ ရေစသည်တို့ကို ဖြည့်ဆည်းပေးရန်လိုသည်။ အနာဂတ် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဖော်ဆောင်ရာတွင်လည်း ရာနှုန်းပြည့် ပွင့်လင်းမြင်သာမှု ရှိရန် လိုအပ်သည်။

### ပြုပြင်ပြောင်းလဲခြင်းဖြင့် ရလာနိုင်သည့် အကျိုးအမြတ်များ

အထည်ချုပ်လုပ်ငန်းတွင်မြန်ဆန်သွက်လက်မှုသည်ပို၍အရေးပါလာနေသည်။ သို့ဖြစ်ရာအားကိုးလောက်သောသယ်ယူပို့ဆောင်ရေးကွန်ရက် ရှိနေရန် အထူးလိုအပ်လာသည်။ ဆက်လက်ဖော်ဆောင်မည့် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် ပတ်သက်ပြီး အများပြည်သူ ထင်သာမြင်သာအောင် ချပြခြင်းဖြင့်လည်း ရင်းနှီးမြှုပ်နှံသူများအတွက် ကြိုတင်ပြင်ဆင်နိုင်သလို၊ ယုံကြည်မှုလည်း တိုးတက်လာမည် ဖြစ်သည်။

### အကြံပြုချက်များ

သက်ဆိုင်ရာ အစိုးရအဖွဲ့ ဝန်ကြီးဌာနများ၊ ဤလုပ်ငန်းနယ်ပယ်မှ သက်ဆိုင်သူများ၊ ဒေသတွင်းနှင့် ပြည်ပ ကုမ္ပဏီများ၊ ဝယ်သူများပါ မျက်နှာချင်းဆိုင် တွေ့ဆုံကာ အထည်ချုပ်၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းကဏ္ဍတွင် လိုအပ်ချက်များကို ဆွေးနွေးပြီး ရေရှည်စီမံကိန်းများ ချမှတ်ကြရန် အကြံပြုလိုသည်။

## ပြဿနာဖော်ပြချက် ၃ ။ အပျော့ထည် အခြေခံအဆောက်အအုံ

အထည်ချုပ်ကဏ္ဍတွင် လက်ရှိ ပို့ကုန်တန်ဖိုး ဒေါ်လာ ၂ဒသမ၅ ဘီလီယံမှ ၁၀ ဘီလီယံထိ တိုးမြှင့်ဖို့ရန်မှာ လုပ်သားများ ကျွမ်းကျင်မှုကို မြှင့်တင်ပေးရန် အထူးလိုအပ်သည်။ အထည်ချုပ်လုပ်ငန်းဟူသည် ကျွမ်းကျင်မှုများများစားစားမလိုသော လုပ်ငန်းဟု ရှုမြင်ခြင်းမှာ မှားယွင်းသော ရှုမြင်မှု ဖြစ်သည်။

အကြမ်းဖျင်းအားဖြင့် အထည်ချုပ်လုပ်ငန်း၏ ၁၀ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းသော လုပ်သားထုသည် ကျွမ်းကျင်မှု မြင့်မားဖို့ လိုအပ်သည်။ လက်ရှိ မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် ကျွမ်းကျင်မှု လိုအပ်သော အလယ် အလတ်အဆင့် စီမံခန့်ခွဲရေးရာထူးများတွင် ပြည်တွင်း၌ အရည်အသွေးရှိသူ ရှားပါးနေသဖြင့် နိုင်ငံခြားသားများကို ခေါ်ယူခန့်ထားရလျက်ရှိသည်။

ပြည်တွင်း၌ ကျွမ်းကျင်လုပ်သား ရှားပါးမှုကို မဖြေရှင်းနိုင်ပါက မြန်မာ့ အထည်ချုပ်လုပ်ငန်းသည် ဖွံ့ဖြိုး တိုးတက်မှု နှေးကွေး လေးလံနေလိမ့်မည်။

### ပြုပြင်ပြောင်းလဲခြင်းဖြင့် ရလာနိုင်သည့် အကျိုးအမြတ်များ

လက်ရှိအထည်ချုပ်လုပ်ငန်းကဏ္ဍတွင် အလယ်အလတ်အဆင့် စီမံခန့်ခွဲမှုနေရာများ၌ ပြည်တွင်းလုပ်သား ထောင်သောင်းချီပြီး လိုအပ်လျက် ရှိရာစနစ်တကျပျိုးထောင်လေ့ကျင့်ပေးနိုင်မည်ဆိုပါကလုပ်သားတစ်ဦးချင်းစီအတွက်ရော၊ကဏ္ဍတစ်ခုလုံးအတွက်ပါအကျိုးဖြစ်ထွန်းလာမည် ဖြစ်သည်။ နိုင်ငံခြားသားများ ဈေးကြီးပေးကာ ခေါ်ယူခန့်ထားရခြင်းကိုလည်း လျှော့ချနိုင်မည်ဖြစ်သဖြင့် ပိုထွက်လာသော ငွေကို အခြားသော ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အထည်ချုပ်ကဏ္ဍ ပို၍ စွမ်းရည်ထက်မြက်လာမည်။

မြန်မာ့ အထည်ချုပ်လုပ်ငန်း၏ စွမ်းဆောင်ရည်နှုန်းသည် အခြားနိုင်ငံများနှင့်ယှဉ်လျှင် နိမ့်နေသည်။ ဥပမာ ကမ္ဘောဒီးယား၏ စွမ်းဆောင်ရည်နှုန်းသည် ၄၉ ရာခိုင်နှုန်း ရှိနေချိန်တွင် မြန်မာက ၃၅ ရာခိုင်နှုန်းသာ ရှိနေသည်။ လုပ်သားများ စွမ်းရည်မြှင့်တင်ပေးခြင်းဖြင့် အခြားနိုင်ငံများနှင့် စွမ်းဆောင်ရည်ကွာဟချက် ကျဉ်းမြောင်းသွားမည်။

### အကြံပြုချက်များ



အထည်ချုပ်လုပ်ငန်း လုပ်သားများ စွမ်းရည်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့ဝန်ကြီးဌာနများ၊ အထည်ချုပ်လုပ်ငန်းရှင်များ ဆွေးနွေးကာ နှစ်ရှည်ရည်မှန်းချက်များ ချမှတ်အကောင်အထည် ဖော်ကြရမည်။ လုပ်သားစွမ်းရည် မြှင့်တင်ပေးရေး နှစ်ရှည်စီမံကိန်းချ လုပ်ဆောင်ခြင်းသည် အချိန်နှင့် ရင်းမြစ်များစွာ လိုအပ်ကြောင်း ကျွန်ုပ်တို့ ကောင်းစွာ သဘောပေါက်သည်။ သို့ဖြစ်သည့်တိုင် အခြားနိုင်ငံ ဈေးကွက်များမှ ရရှိခဲ့သော သင်ခန်းစာများကို ထောက်ချင့်လျက် ပြောရလျှင် ထိုနည်းလမ်းသည် အကောင်းဆုံးသော နည်းလမ်းဖြစ်ကြောင်း အကြံပြုလိုသည်။

# ကျန်းမာရေး

၁၄

## နိဂုံး

EuroCham Health Adovcacy Group ၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသားများအတွက် ကျန်းမာရေး ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေးအတွက် မြန်မာအစိုးရနှင့်၊ အခြားသော တာဝန်ရှိသူများနှင့် ပူးပေါင်းကြိုးပမ်းသွားရန်ဖြစ်ပါသည်။

ဤနိဂုံးထဲတွင် ၂၀၁၇ ခုနှစ်က ထုတ်ဝေခဲ့သော EuroCham White Book ပါ အကြံပြုချက်များအကြောင်း ပြန်ပြောလိုပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်များ ကိုလည်း အသိအမှတ်ပြုလိုပါသည်။

ခွင့်ပြုချက်မဲ့ ဆေးဝါးကုန်သွယ်ခြင်း၊ ဆေးဝါးအတုနှင့် အဆင့်မမီသော ဆေးဝါးများကို စောင့်ကြပ်လျက် လူနာများကို ဘေးအန္တရာယ်ကင်းရှင်းစေခြင်း

မြန်မာနိုင်ငံတွင် ခွင့်ပြုချက်မဲ့ ဆေးဝါးရောင်းချမှုနှင့် ဆေးဝါးအတု ကုန်သွယ်မှုအရေးအတွက်ကို လျှော့ချရန်အတွက် အထူးသဖြင့် အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲမှုဌာနအတွင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်ခဲ့သည့် အစီအမံများနှင့် အရင်းအမြစ်များ တိုးမြှင့်ခြင်းကို ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။

အွန်လိုင်းတွင် တရားမဝင်ဆေးဝါးရောင်းချမှုကို တိုက်ဖျက်သော Operation Pangea ကို အားပေး ထောက်ခံပါသည်။ ၂၀၁၅ခုနှစ်မှ စကြည့်လျှင် အဆိုပါ အော်ပရေးရှင်း၏ ဖြန့်ကျက်မှု တိုးတက်လာသည်ကို ဝမ်းမြောက်ဖွယ် မြင်တွေ့ရပါသည်။ မြို့ကြီးများတွင် အရည်အချင်းရှိသော အချိန်ပြည့်ဝန်ထမ်းများ ငှားရမ်းခန့်ထားခြင်း ကို ကျွန်ုပ်တို့ ချီးကျူးပါသည်။ အမျိုးသားဆေးဝါးဥပဒေကို တင်းကြပ်စွာ ဖော်ဆောင်ခြင်းနှင့်အတူ ထိုသို့တိုးမြှင့်ခန့် ထားခြင်းကြောင့် တရားမဝင် ဆေးဝါးကုန်သွယ်မှုကို ကန့်သတ်နိုင်ပြီး လူနာဘေးကင်းရေးနှင့် အခွန်ရရှိမှုအပေါ် ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိပါသည်။

မှတ်ပုံတင်ကာလ

ဆေးဝါးမှတ်ပုံတင်ကာလကို လျှော့ချခြင်းနှင့် ရှင်းလင်းပြီး ပွင့်လင်းမြင်သာမှုရှိသော ဆေးဝါးမှတ်ပုံတင်လမ်းညွှန်ကို အကောင်အထည်ဖော်ခြင်းသည် မြန်မာလူနာများအတွက် ဆေးဝါးကုသမှုကုန်ကျစရိတ်များကို လျှော့ချပေးရင်း မှတ်ပုံတင်ထားသော နောက်ဆုံးပေါ် ဆေးဝါးများနှင့် ကုထုံးများကို မြန်မာနိုင်ငံအတွင်း ရရှိလာစေနိုင်မည်ဖြစ်သည်။

၂၀၁၇ ခုနှစ်အတွင်း ဆေးဝါးအတည်ပြုချက်အများအပြားအပါအဝင် ၂၀၁၇ ခုနှစ်အတွင်း FDA တွင် ရင်းနှီးမြှုပ်နှံမှု များနှင့် ဆောင်ရွက်မှုများကို ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ဆေးဝါးအသစ်များ မှတ်ပုံတင်ရေးအတွက် အွန်လိုင်းမှ မှတ်ပုံတင်၍ ရအောင် လုပ်ဆောင်ခဲ့သည့် FDA ၏ အစီအမံများကို ကျွန်ုပ်တို့ ချီးကျူးပါသည်။ ACTD လမ်းညွှန်ချက်များ ချမှတ်ခြင်းကဲ့သို့သော အစဉ်ပြေချောမွေ့စေသည့် လုပ်ငန်းစဉ်များဖြင့် နောက်ထပ် တိုးတက် အောင်ဆောင်ရွက်နိုင်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

ဤ White Paper တွင် ၂၀၁၈ ခုနှစ်အတွင်း စိန်ခေါ်မှုနှင့် အခွင့်အလမ်း ငါးခုကို ဖော်ပြထားပါသည်။ ထိုအရာ တို့ကိုသာ လုပ်ဆောင်နိုင်လျှင် ရေရှည်ရည်မှန်းချက်များကို ပြည့်မီရေးအတွက် ပိုမို လျင်မြန်လာစေမည်ဖြစ်ပါသည်။ ၎င်းတို့မှာ

၁။ တင်သွင်းခွင့်နှင့် ကန့်ကွက်ရန်မရှိကြောင်း လက်မှတ်များ
၂။ တင်ဒါဆိုင်ရာ ပွင့်လင်းမြင်သာမှု
၃။ ခွင့်ပြုချက်မဲ့ ရောင်းချခြင်းနှင့် ဆေးဝါးအတုရောင်းချခြင်း
၄။ ဉာဏပစ္စည်းကာကွယ်ခြင်း
၅။ ဆေးဝါးကဏ္ဍ ကျင့်ဝတ်စည်းကမ်းတို့ဖြစ်ပါသည်။

သက်ဆိုင်သော ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို မတိုးတက်အောင် လုပ်နေသော အဟန့်အတားများနှင့် ပြဿနာများကို ဖြေရှင်းနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည် ပါသည်။ မြန်မာနိုင်ငံသားများနှင့် သက်ဆိုင်သူအားလုံးအတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။



မြန်မာ့ကျန်းမာရေး စောင့်ရှောက်မှု – ကျွန်ုပ်တို့၏ ရည်မှန်းချက်

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတိုးတက်မှုတွင် မြန်မာနိုင်ငံသည် အခြားနိုင်ငံများကို ကျော်တက်ရန် အခွင့်အလမ်း ရှိနေပါသည်။ အသေအချာရေးဆွဲထားသော မဟာဗျူဟာ၊ စီမံကိန်းနှင့် အကောင်အထည်ဖော်ခြင်းများ မှ တစ်ဆင့် မြန်မာနိုင်ငံသည် တစ်နေ့တွင် ဒေသတွင်း ကျန်းမာရေးကဏ္ဍ၌ ထိပ်တန်းနိုင်ငံ တစ်နိုင်ငံဖြစ်လာနိုင် ပါသည်။

မြန်မာအစိုးရသည် ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံးခြုံလွှမ်းသော အထွေထွေ ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) ရရှိရန် ရည်မှန်းထားပါသည်။ EuroCham အနေဖြင့် အဆိုပါ ရည်မှန်းချက်ကို ဝမ်းမြောက်စွာ အားပေးထောက်ခံပြီး ထိုရည်မှန်းချက် ပေါက်မြောက်အောင်မြင်ရေးအတွက် သက်ဆိုင်သူများအားလုံးနှင့် တွဲဖက်ဆောင်ရွက် အကူအညီပေးသွားမည်ဖြစ်ပါသည်။

အထွေထွေကျန်းမာရေးစောင့်ရှောက်မှုအောင်မြင်ရန်အတွက် ကောင်းမွန်သောမူဝါဒနှင့် ဥပဒေမူဘောင်ရှိရန် လိုအပ်ပါသည်။ နည်းပညာ၊ အခြေခံအဆောက်အအုံနှင့်စွမ်းရည်တိုးတက်မှု၊အရည်အသွေးကောင်းမွန်သောဆေးဝါးထောက်ပံ့မှုတို့တွင်အဓိကရင်းနှီးမြှုပ်နှံခြင်းမှတစ်ဆင့် ကုသရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပစ်မှတ်ထား ဦးစားပေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

မြန်မာပြည်သူများ အရည်အသွေးမြင့် ဆေးနှင့် ဆေးပစ္စည်းများ ဈေးသက်သက်သာသာနှင့် သုံးစွဲခွင့်ရရှိရေးကို နိုင်ငံတကာစံနှုန်းများအတိုင်း အကောင်အထည်ဖော်ခြင်းဖြင့်ဆောင်ရွက်နိုင်ပါသည်။(ဥပမာ = EMP-PICSနှင့်ဆေးပစ္စည်းများအတွက်သုံးစွဲမှုစံနှုန်းများ၊ CEစံနှုန်းသို့မဟုတ် အလားတူ ဆေးဝါးကိရိယာများ) ထိုကဲ့သို့ နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေးများနှင့် ဥပဒေစံနှုန်းများအတိုင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် နောက်ဆုံးပေါ် နည်းပညာများကို သုံးစွဲခွင့်ရမည်ဖြစ်ပါသည်။ ပြည်တွင်းလုပ်ငန်းများလည်း ပြည်ပသို့ တင်ပို့နိုင် လောက်သည်အထိ တိုးတက်လာနိုင်ပါသည်။

## ပြဿနာဖော်ပြချက် ၁။ တင်သွင်းမှုဖြေလျှော့ခြင်းနှင့် "ကန့်ကွက်ရန်မရှိ လက်မှတ် မူဝါဒ" ကို ပယ်ဖျက်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ဆေးဝါးပစ္စည်းများနှင့် သတ်မှတ် ဆေးပစ္စည်းကိရိယာများကို ပြည်တွင်းကုမ္ပဏီများကိုသာ တင်သွင်းခွင့်ပြုထားပါသည်။ ဝန်ကြီးဌာနသည် ဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း တစ်ခုထံမှ ဆေးအမျိုးအစားတစ်မျိုးအတွက် အမှတ်တံဆိပ်တစ် မျိုးကိုသာ တင်သွင်းခွင့်ပြုထားသည်။ ထိုအမှတ် တံဆိပ်တစ်မျိုးကိုလည်း တင်သွင်းသူ တစ်ဦးတည်းက တင်သွင်းခြင်းကိုသာ ခွင့်ပြုထားသည်။ ဆေးနှင့် ဆေးပစ္စည်းအမှတ်တံဆိပ် ပိုင်ရှင်အနေဖြင့် တင်သွင်းမည့်သူက ကန့်ကွက်ရန်မရှိ လက်မှတ်ကို တင်ပြနိုင်မှ တင်သွင်းသူကို ပြောင်းခွင့်ရှိသည်။ သို့ဖြစ်ရာ ထုတ်လုပ်သည့် ကုမ္ပဏီများအနေဖြင့် တင်သွင်းသူများကို ပြောင်းလဲ တင်သွင်းခွင့်ပြုရှိမရ ဖြစ်နေရာ တင်သွင်းသူများအကြား ယှဉ်ပြိုင်မှုကို ပိတ်ပင်ပြီး တင်သွင်းမှု ကုန်ကျစရိတ် ပိုများစေသည်။ ထို့သို့ တင်သွင်းမှု ကုန်ကျစရိတ်များသောကြောင့် မူရင်းထုတ်လုပ်သော ကုမ္ပဏီမှဆေးဝါးများမှာ မြန်မာနိုင်ငံ၌ အိမ်နီးချင်းနိုင်ငံများထက် ဈေးပိုများနေသည်။

### ရရှိနိုင်သော အကျိုးကျေးဇူးများ

ကုန်စည်စီးဆင်းမှုကွင်းဆက်အတွင်း ကုန်ကျစရိတ်ထိရောက်မှုသည် လူနာများထံ ဈေးသင့်တော်သည့် အနေအထား ဖြစ်စေပြီး လူနာများ အတွက်လည်း ကုန်ပစ္စည်း၏ အကျိုးကို ပိုမိုခံစားခွင့်ရသည်ကို နားလည်သောကြောင့် ကမ္ဘာတစ်ဝှမ်းရှိ ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီများသည် မိမိတို့၏ ကုန်စည်စီးဆင်းမှုကွင်းဆက် ထိရောက်ရေးကို အလေးထားကြသည်။

တင်သွင်းမှုမူဝါဒများ ဖြေလျှော့ခြင်း၊ ကန့်ကွက်ရန်မရှိမူဝါဒကို ပြင်ဆင်ခြင်းဖြင့် ပိုမိုယှဉ်ပြိုင်မှုများ ဖြစ်ပေါ်ကာ ဆေးဝါးများ ဆေးသက်သာစေပြီး ထိုလုပ်ငန်းလုပ်နေသူများအနေဖြင့်လည်း ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်ရန် မိမိတို့၏ဝန်ဆောင်မှုအရည်အသွေးနှင့် ကုန်စည်စီးဆင်းမှုကို ပိုမိုတိုးတက်အောင် ဆောင်ရွက်လာမည်ဖြစ်သည်။ ထိုသို့ဖြစ်လာခြင်းက မြန်မာပြည်သူများအတွက် အရည်အသွေးရှိ ဆေးဝါးများ သုံးစွဲခွင့် ပိုမိုတိုးတက်လာမည် ဖြစ်သည်။

### အကြံပြုချက်များ

• နိုင်ငံခြား ဆေးဝါးကုမ္ပဏီများကို ဆေးဝါးတင်သွင်းခွင့် ပိတ်ပင်ထားခြင်းကို ဖယ်ရှားပေးရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို တိုက်တွန်းရန်။ နိုင်ငံခြား ဆေးဝါးကုမ္ပဏီများကို တင်သွင်းခွင့်ပြုခြင်းက ၎င်းတို့၏ ကုန်စည်စီးဆင်းမှုတွင် ထိရောက်မှုကို တိုးတက်စေနိုင်သည်။

•ကန့်ကွက်ရန်မရှိမူဝါဒများကိုပယ်ဖျက်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို တိုက်တွန်းရန်။ မြန်မာနိုင်ငံ၏ ဆေးဝါးကဏ္ဍသည် တိုးတက်နေသည်။ ကန့်ကွက်ရန်မရှိ မူဝါဒကို ပယ်ဖျက်ခြင်းအားဖြင့် သွင်းကုန်လုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများ ပိုမိုအကျိုးဖြစ်ထွန်းလာစေပြီး တင်သွင်းမှုနှင့် ဖြန့်ဖြူးမှု ကုန်ကျစရိတ်ကို အပြိုင်အဆိုင်လျှော့ချလာနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ အသုံးစရိတ်များ လျှော့ချနိုင်ခြင်း ကြောင့် ရရှိလာသော အရင်းအနှီးများကို ကုထုံးအသစ်များ မိတ်ဆက်တင်သွင်းသည့်နေရာတွင်ပြန်လည်အသုံးချခြင်းဖြင့်မြန်မာနိုင်ငံအတွင်းစီးပွားရေး ကို အလျင်အမြန်တိုးတက်လာစေမည်ဖြစ်သည်။ လက်ရှိ ကျင့်သုံးနေသော ကန့်ကွက်ရန်မရှိမူဝါဒများအရ ဆေးဝါးကုမ္ပဏီများအနေဖြင့် ၎င်းတို့ထံမှ ဆေးဝါး တင်သွင်းသူများကို လက်ရှိဆေးဝါးဝယ်ယူတင်သွင်းနေသူ သဘောမတူဘဲ ပြောင်းလဲ၍ မရသောကြောင့် မျှတသော ယှဉ်ပြိုင်မှု မဖြစ်စေပါ။ ထို့ကြောင့် တင်သွင်းမှုနှင့် ဖြန့်ဖြူးမှု ကုန်ကျစရိတ်များ ပိုများလာစေသည်။ မြန်မာနိုင်ငံသို့ တင်သွင်းမှုကုန်ကျစရိတ်သည် ဒေသတွင်းနိုင်ငံများသို့ တင်သွင်းမှု ပျမ်းမျှ ကုန်ကျစရိတ် ထက်များစွာ မြင့်မားနေသည်။ ထိုအခြေအနေသည် ဆေးဝါးများ၏ ဈေးနှုန်းနှင့် လူနာများ၏ ဆေးဝါးသုံးစွဲနိုင်မှုအပေါ် ထိခိုက်ပါသည်။

နိုင်ငံခြားကုမ္ပဏီများအား တင်သွင်းခွင့် ပိတ်ထားခြင်းကို ပယ်ဖျက်ခြင်း၊ ကန့်ကွက်ရန်မရှိမှုဝါဒကို ဖျက်သိမ်းခြင်း သည် စီးပွားရေး တိုးတက်မှုကို အရှိန်အဟုန်မြင့်စေကာ လူနာများအနေဖြင့်လည်း ဆေးပစ္စည်းများ ပိုမိုသုံးစွဲခွင့် ရရှိလာမည်ဖြစ်သည်။

## ပြဿနာဖော်ပြချက် ၂။ တင်ဒါလုပ်ငန်းစဉ် ပွင့်လင်းမြင်သာမှု

ဆေးဝါး၊ ဆေးပစ္စည်းနှင့် အဓိက လိုအပ်သော ကိရိယာများထောက်ပံ့နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက ဝန်ကြီးဌာန၏ ဘတ်ဂျက်တော်တော်များများကို အသုံးပြုခဲ့သည်။ သမ္မတအမိန့်စာ ၁/၂၀၁၇ ကို မကြာခင်က အကောင်အထည်ဖော်လိုက်ခြင်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဆက်စပ်နေသော တင်ဒါများအပါအဝင် အစိုးရ၏ ဝယ်ယူရေးအမျိုးအစားအချို့အပေါ် စည်းမျဉ်းများကို ပြောင်းလဲလိုက်ပြီး အင်အား ကောင်းလာစေသည်။

### ရရှိနိုင်သော အကျိုးကျေးဇူးများ

တင်ဒါလုပ်ငန်းစဉ်နှင့် ရလဒ်များတွင် ပွင့်လင်းပြင်သာမှုရှိခြင်း၊ စံနှုန်းသတ်မှတ်ခြင်းကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းနိုင်စွမ်း ပိုမိုအားကောင်းလာခြင်း၊ အသုံးပြုမှုအချက်အလက်များမှတစ်ဆင့် ကျန်းမာရေးစနစ်အတွက် အမှန်တကယ်လိုအပ်မှုများကို သိရှိလာခြင်းစသော အကျိုးကျေးဇူးများ ရရှိမည် ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ပိုမိုကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုများကို ပေါ်ပေါက်စေကာ ကျန်းမာရေးအကျိုးဆက် များစွာ ရရှိစေနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် တင်ဒါပေးခြင်းက ပွင့်လင်းမြင်သာလျှင် ဆေးဝါးတင်သွင်းသူများ အနေဖြင့် နောက်တစ်ကြိမ် တင်ဒါအောင်နိုင်ရေးအတွက် မည်သို့ လုပ်ရန်လိုအပ်သည်ကို သိရှိလာစေနိုင်သည်။ ထိုကဲ့သို့သော ပွင့်လင်းမြင်သာမှုသည် ယှဉ်ပြိုင်နိုင်စွမ်းကို တိုးတက်စေသည်။ လူနာများနှင့် ဝန်ကြီးဌာနအတွက် လည်း များစွာ အကျိုးရှိမည်ဖြစ်သည်။

### အကြံပြုချက်များ

• ပြည်သူ့ဆေးရုံများ၏ လိုအပ်ချက်များအားလုံးကို တစ်ပေါင်းတည်း တင်ဒါခေါ်နိုင်သည့် နိုင်ငံတော်အဆင့် တင်ဒါစနစ်ကို ဖော်ဆောင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို တိုက်တွန်းရန်။ တစ်စုတည်း လုပ်ဆောင်သည့် တင်ဒါစနစ်သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ပိုမို ညှိနှိုင်းနိုင်စွမ်း ရှိလာ စေမည်ဖြစ်သည်။ အရည်အသွေး၊ ဈေးနှုန်းနှင့် ဝန်ဆောင်မှုများပိုကောင်းလာစေနိုင်မည် ဖြစ်သည်။

•တင်ဒါဆုံးဖြတ်ချက်များအတွက် ပွင့်လင်းမြင်သာမှုရှိသော ကောင်းစွာမှတ်တမ်းတင်ထားသော ရမှတ် အခြေပြု တင်ဒါစနစ်တစ်ခု ဖော်ဆောင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို တိုက်တွန်းရန်။ ဈေးနှုန်းတစ်ခုတည်းသာ အဓိကသတ်မှတ်သင့်သည့်အရာ မဟုတ်ပေ။ ဥပမာအချို့ပြရလျှင် ကုသမှု ထိရောက်ခြင်း၊ အသိပညာပံ့ပိုးမှု၊ ဝန်ဆောင်မှုနှင့် အခြားအရာများနှင့် ပေါင်းစပ်အသုံးပြုနိုင်မှုစသော ကဏ္ဍများကိုလည်း ထည့်သွင်းစဉ်းစားသင့်ပေသည်။ EuroCham အနေဖြင့် တင်ဒါအောင်သွားသူများကို အများပြည်သူထံ ကြေညာခြင်းကို ကြိုဆိုပါသည်။ ထိုကဲ့သို့သော ပွင့်လင်းမြင်သာမှုသည် ပိုမိုကောင်းမွန် သော ထုတ်ကုန်များကို သက်သာသော ဈေးနှုန်းဖြင့် ယှဉ်ပြိုင်ရောင်းချစေကာ ကျန်းမာရေးစနစ်အတွက်၊ လူနာများအတွက် ပိုမိုကောင်းမွန်သော ရလဒ်များ ထွက်ပေါ်စေပါသည်။

•တင်ဒါရလဒ်များ ကြေညာပြီး နောက်တစ်လအတွင်း အလုံးစုံတင်သွင်းစေသည့် စနစ်အစား တင်ဒါကာလ တစ်လျှောက် လိုအပ်သလောက်ကိုသာ တင်သွင်းသည့် နှစ်ချုပ်တင်ဒါစနစ်မျိုးသို့ ပြောင်းလဲရန်။ နှစ်ချုပ်တင်ဒါစနစ်သို့ ပြောင်းလဲခြင်းသည် ငွေကြေးစီးဆင်းမှုအပါအဝင် နယ်ပယ်တော်တော်များများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စွမ်းဆောင်နိုင်မှုကို တိုးတက်စေပါလိမ့်မည်။ ထိုသို့လုပ်ဆောင်ရန် အတွက် ဖဟိုဝယ်ယူမှု၊ တင်သွင်းသူနှင့် ဆေးရုံအကြား လိုအပ်သည့် ပစ္စည်းများကို စီမံခန့်ခွဲသည့် ဗဟိုသိုလှောင်ဌာနတစ်ခု ထူထောင်ခြင်းသည် ပြည်သူ့ဝန်ဆောင်မှု နိုင်ငံတစ်ဝှမ်းသို့ ဖြန့်ကျက် လာသည်နှင့်အမျှ များစွာ အသုံးဝင်ပါလိမ့်မည်။

တင်ဒါဆုံးဖြတ်ချက်အတွက် ပွင့်လင်းမြင်သာမှုရှိသော၊ ကောင်းစွာ မှတ်တမ်းတင်ထားသော ရမှတ်အခြေပြု စနစ်တင်ဒါစနစ်၊ ပစ္စည်းများကိုလည်း လိုအပ်ချက်အလိုက်တင်သွင်းသော နိုင်ငံတော်အဆင့် နှစ်ချုပ်တင်ဒါ စနစ်ကို ပြောင်းလဲကျင့်သုံးခြင်း

## ပြဿနာဖော်ပြချက် ၃။ ခွင့်ပြုချက်မဲ့ ကုန်သွယ်မှုနှင့် ဆေးဝါးအတု ကုန်သွယ်မှု

ဆေးဝါးအတုများ၊ စံမမီသော ဆေးဝါးများ သုံးစွဲခြင်းသည် လူနာဘေးကင်းရေးကို တိုက်ရိုက်ခြိမ်းခြောက်နေသော အဓိက ပြဿနာတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဈေးကွက်အတွင်းတွင် ဆေးဝါးအတု၊ စံမမီသော ဆေးဝါးများ အမြောက်အများ လည်ပတ်လျက်ရှိပါသည်။ အဆိုပါ ကုန်ပစ္စည်းများမှာ နယ်စပ်နိုင်ငံများမှ တရားမဝင်တင်သွင်းလာ ခြင်းဖြစ်ပြီး သုံးစွဲရန်သင့်မသင့် စစ်ဆေးချက်များမရှိဘဲ ထိန်းချုပ်စီမံထားခြင်း မရှိဘဲ ပို့ဆောင်၊ သိုလှောင်နေကြ ပါသည်။ စမ်းသပ် စစ်ဆေးမှုနှင့် ထိန်းချုပ်မှု မရှိသောကြောင့် လူနာများ၏ ဘေးကင်းရေးအတွက် အလွန်ပင် အန္တရာယ်ရှိပြီး ဆိုးရွားသော ဘေးထွက်ဆိုးကျိုးများ ဖြစ်စေနိုင်ကာ အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်သည်။

လူနာ ဘေးကင်းရေးအတွက် ဒုတိယမြောက် ခြိမ်းခြောက်မှုမှာ ခွင့်ပြုချက်မဲ့ တင်သွင်းလာသော ဆေးဝါးနှင့် ဆေးပစ္စည်းများ အသုံးပြုခြင်းဖြစ်သည်။ အဆိုပါ ကုန်ပစ္စည်းများမှာ (ဆေးဝါး၊ ဆေးပစ္စည်းအစစ်များဖြစ်ပြီး တော်တော်များများမှာ နာမည်ကြီး ဆေးဝါးကုမ္ပဏီများက ထုတ်လုပ်ထားခြင်းဖြစ်သည်) မူလ ပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ တင်သွင်းလာခြင်းဖြစ်သည်။

မူရင်းပိုင်ရှင်၏ ထိန်းချုပ်မှုမရှိသောကြောင့် ထိုကုန်ပစ္စည်းများ၏ သိုလှောင်မှုအခြေအနေနှင့် သယ်ယူမှုတို့ကို စစ်ဆေးကြီးကြပ်ထားခြင်းမရှိပေ။ ထို့ကြောင့် အဆိုပါ ဆေးနှင့်ဆေးပစ္စည်းများမှာ ပျက်စီးနေခြင်း၊ လူအတွက် အသုံးပြုရန် မသင့်လျော်ခြင်းများ ဖြစ်ပေါ်စေသည်။ အကယ်၍ အသုံးပြုလျှင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုးများ သော်လည်းကောင်း၊ အသက်သေဆုံးခြင်းသော်လည်းကောင်း ဖြစ်စေနိုင်သည်။

ထိုပစ္စည်းများမှာ တရားမဝင်လမ်းကြောင်းဖြင့် တင်သွင်းလာခြင်းဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အခွန်၊ အခများ လုံးဝရရှိမည် မဟုတ်ပေ။

### ရရှိနိုင်သော အကျိုးကျေးဇူးများ

ဆေးဝါးအတုများကို နှိမ်နင်းချေမှုန်းခြင်းသည် လူနာဘေးကင်းမှုအပေါ်ကျရောက်နေသော အန္တရာယ်များကို ထိရောက်စွာ လျှော့ချပေးသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်သကဲ့သို့ ပြည်တွင်း ထုတ်လုပ်သူများ ကိုလည်း အတုပြုလုပ်ထားသော ပစ္စည်းများလွှမ်းမိုးနေသည့် ဈေးကွက်ထဲမှ ဈေးကွက်ဝေစုကို ပြန်ယူအောင် အားပေးရာလည်း ရောက်သည်။

ခွင့်ပြုချက်မဲ့ ကုန်သွယ်ခြင်းကို အဆုံးသတ်နိုင်ခြင်းက ဆေးဝါးပစ္စည်းများ ဖြန့်ဖြူးမှုအပေါ် ထိန်းချုပ်ခြင်းကို အမှတ် တံဆိပ်ပိုင်ရှင်များ၊ ပြည်တွင်း ဖြန့်ဖြူးရေးသမားများနှင့် နိုင်ငံတကာကော်ပိုရေးရှင်းများထံသို့ ပြန်ရောက်သွားစေ နိုင်မည်ဖြစ်သည်။

Biosimilars သို့မဟုတ် Non-Comparable  Biosimilars အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်နှင့် အညီ ဥပဒေလမ်းကြောင်း ဖော်ဆောင်ခြင်းသည် သုံးစွဲ၍ရနိုင်သော ဆေးဝါးများကိုသာ မြန်မာဈေးကွက်သို့ဝင်အောင် ကြီးကြပ်ပေးမည်ဖြစ်ပါသည်။ အများပြည်သူအနေဖြင့်ပိုမိုသိရှိနားလည်လာပြီးဆေးရုံများသို့အကြောင်းကြားလာမည်။အဆိုပါအချက်အလက်များကိုပညာရှင်ထံပေးပို့မည်။ ဤနည်းအားဖြင့် ပိုမိုကောင်းမွန်သော ကုန်ပစ္စည်း များ ပေါ်ပေါက်လာမည်ဖြစ်သည်။

ခွင့်ပြုချက်မဲ့ ဆေးဝါးတင်သွင်းမှုနှင့် ဆေးဝါးအတု ရောင်းဝယ်မှုကို အမြစ်ပြတ်အောင် လုပ်ဆောင်ခြင်းအားဖြင့် တရားဝင်လမ်းကြောင်းများမှ တစ်ဆင့်တင်သွင်းလာသော ဘေးအန္တရာယ်ကင်းရှင်းသည့် ဆေးနှင့် ဆေးပစ္စည်းများ ပိုမို အသုံးပြုခွင့်ရလာစေမည်ဖြစ်သည်။ တရားဝင်တင်သွင်းလာသော ကုန်များအတွက် အခွန်၊ အခများ ပေးဆောင်သည်ဖြစ်သောကြောင့် အခွန်ဝင်ငွေလည်း သိသိသာသာ တိုးလာမည်ဖြစ်သည်။ ထိုကဲ့သို့ ထပ်ဆောင်း အခွန်ဝင်ငွေများကို ကျန်းမာရေးဝန်ဆောင်မှု တိုးမြှင့်ခြင်း၊ အထွေထွေကျန်းမာရေးဝန်ဆောင်မှု လွှမ်းခြုံမှုကို ၂၀၃၀ တွင် အကောင်အထည်ဖော်ခြင်းဖြင့် တိုးတက်လာအောင် ဆောင်ရွက်နိုင်သည်။

### အကြံပြုချက်များ

ဆေးဝါးများအနေဖြင့် သင့်တော်သော ဈေးနှုန်းဖြင့် အနိမ့်ဆုံးစံနှုန်းကို ပြည့်မီစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်သင့်သည်။

- မြန်မာနိုင်ငံရှိ ဆေးဝါးများ၏ အရည်အသွေး ကောင်းမွန်စေရေးအတွက် ဆေးဝါးအတုနှင့် ခွင့်ပြုချက်မဲ့ တင်သွင်းနေမှုများကို ဆက်လက် နှိမ်နင်းရန်

- သတ်မှတ်စံနှုန်း မပြည့်သော ဆေးဝါးများအား ပြစ်ဒဏ်များ တိုးမြှင့်လျက် မှတ်ပုံမတင်မီကာလနှင့် ခွင့်ပြုပေးပြီးကာလ နှစ်ရပ်လုံးအတွက် ဆေးဝါးများကို စမ်းသပ်ရန် ဓာတ်ခွဲခန်းများ ထူထောင်ရန်။

ဆေးဝါးများကို စမ်းသပ်ရန်အတွက် ဓာတ်ခွဲခန်းများ တည်ဆောက်ခြင်း၊ အနိမ့်ဆုံးစံသတ်မှတ်ချက် အရည်အသွေးကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်း မရှိသူများအား ပြစ်ဒဏ်များချမှတ်ခြင်းဖြင့် ဆေးနှင့် ဆေးပစ္စည်းများ၏ အရည်အသွေးကောင်းမွန်ရေး ဆက်လက် ဆောင်ရွက်ရန်

## ပြဿနာဖော်ပြချက် ၄။ ဆေးနှင့်ဆေးပစ္စည်းဈေးကွက်အတွက် ဉာဏ်ပစ္စည်းမူပိုင်ခွင့်ကို ကာကွယ်ခြင်း

မြန်မာနိုင်ငံတွင် သင့်လျော်လျောက်ပတ်သော ဉာဏပစ္စည်းဆိုင်ရာ ခေတ်မီ ဥပဒေမူဘောင်မရှိသေးရာ ကုန်ပစ္စည်း မူပိုင်ခွင့်နှင့် ကုန်ပစ္စည်း အမှတ်တံဆိပ် မူပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ရာတွင် အားနည်းနေသည်။

မြန်မာနိုင်ငံသည် စက်မှုလက်မှုပစ္စည်းမူပိုင်ခွင့်ကာကွယ်ရေးသို့မဟုတ် အခြားသော ကုန်ပစ္စည်းမူပိုင်ခွင့်များဆိုင်ရာ ပဲရစ်သဘောတူစာချုပ်ဝင်နိုင်ငံမဟုတ်သော်လည်း ဉာဏ်ပစ္စည်းမူပိုင်ခွင့်၏ ကုန်သွယ်မှုဆိုင်ရာ စာချုပ် (TRIPS) ကို လက်မှတ်ထိုးထားရာ ပဲရစ်သဘောတူစာချုပ်မှ အချို့အပိုင်းများအား ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ထက် နောက်မကျဘဲ လိုက်နာ၊ အကောင်အထည်ဖော်ရမည်ဖြစ်သည်။

ဉာဏ်ပစ္စည်းဆိုင်ရာ မူဘောင်များ အားနည်းနေရာ မူလပိုင်ဆိုင်သူ၊ သို့မဟုတ် ဉာဏ်ပစ္စည်း၏ ပိုင်ရှင် သက်ဆိုင်ရာ မူပိုင်ခွင့်များကို မြန်မာနိုင်ငံအပြင်ဘက်တွင် ရယူထားသော်လည်း မြန်မာနိုင်ငံအတွင်းတွင် ၎င်းတို့၏ ခွင့်ပြုချက် မယူဘဲ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ကုန်သွယ်ခြင်း၊ စီးပွားရေးအရ အသုံးပြုခြင်းတို့ ဖြစ်နိုင်သည်။ ကျင့်သုံး၍ရသော ဥပဒေမူဘောင်မရှိခြင်းကြောင့် မူပိုင်ခွင့်နှင့် အခြားသောဉာဏ်ပစ္စည်းမူပိုင်ခွင့်များကို ကျင့်သုံးရန် အလွန်အလွန် ခက်ခဲသည်။

ယခုအခါတွင် မြန်မာနိုင်ငံသည် ဥပဒေများကို TRIPS နှင့် အညီဖြစ်စေရန် ကုန်ပစ္စည်းမူပိုင်ခွင့်ဥပဒေကဲ့သို့သော ဉာဏ်ပစ္စည်းဥပဒေများကို မူကြမ်းရေးဆွဲနေသည်။

ဉာဏ်ပစ္စည်းများကို ကာကွယ်မည့် ဤဥပဒေမူဘောင်အသစ်သည် မြန်မာနိုင်ငံ၏ ဆေးနှင့် ဆေးပစ္စည်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးပါသည်။ ဉာဏ်ပစ္စည်းများသည် ဆေးကုမ္ပဏီများ၏ တန်ဖိုးအရှိဆုံး ရင်းမြစ်များဖြစ်သည်သာမက ဆေးဝါးကဏ္ဍကို ထိန်းချုပ်ကြီးကြပ်ရေးအတွက် အခြေခံလည်း ဖြစ်ပါသည်။

ထို့ကြောင့် ဉာဏ်ပစ္စည်းများ ကာကွယ်ခြင်းသည် ဆေးဝါးကုမ္ပဏီများ၏ အကျိုးကို ကာကွယ်ရန်အတွက် လိုအပ်သည်သာမက နိုင်ငံနှင့် ပြည်သူများအတွက်လည်း လိုအပ်ပေသည်။

ဉာဏ်ပစ္စည်းများကို ကာကွယ်ခြင်းမရှိလျှင် ပစ္စည်းအစစ်များ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းစသည့် ကုန်ပစ္စည်းပိုင်ရှင်များ၏ အခွင့်အရေးကို ရရှိအောင်တင်းကြပ်ရန် မဖြစ်နိုင်ပါ။

### ရရှိနိုင်သော အကျိုးကျေးဇူးများ

ခေတ်မီ ဉာဏ်ပစ္စည်းမူဘောင်ကသာလျှင် လူနာများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း တင်သွင်းရောင်းချနေသော စစ်မှန်သည့် ဆေးဝါးများထံမှ အခွန်ဝင်ငွေလည်း တိုးလာ စေမည်ဖြစ်သည်။

ခေတ်မီ ဉာဏ်ပစ္စည်းမူဘောင်သည် အောက်ပါတို့ကို ဖြေရှင်းပေးပါလိမ့်မည်။

- ပစ္စည်းအတုများ တရားမဝင်တင်သွင်းလာခြင်းများကို နှိမ်နင်းရန် နယ်စပ်ဒေသ ထိန်းချုပ်ကာကွယ်ခြင်း၊

- ပစ္စည်းအစစ်များကို ကိုင်တွယ်ခြင်း၊ သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်းတို့ဖြစ်စေရန်အတွက် လိုင်စင်မရှိသော စီးပွားရေးလုပ်ငန်းများက ဆောင်ရွက်နေသော ခွင့်ပြုချက်မဲ့ တင်သွင်းမှုများကို ကန့်သတ်ခြင်း၊

- မြန်မာနိုင်ငံအတွင်း ဆေးနှင့် ဆေးပစ္စည်းများ ထုတ်လုပ်ခြင်းအတွက် အခြေခံ လိုအပ်ချက်များအဖြစ် ကုန်ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် ဉာဏ်ပစ္စည်းမူပိုင်ခွင့်တို့ကို ကာကွယ်ခြင်း၊

- ဆေးဝါးအသစ်များ တီထွင်ထုတ်လုပ်ရေးအတွက် အခြေခံအဖြစ် ဆေးဝါးကုမ္ပဏီများ၏ မူပိုင်ခွင့် အကျိုးအမြတ်များကို ကာကွယ်ခြင်း

## အကြံပြုချက်များ

ကျန်းမာရေးကဏ္ဍအတွင်းမှ အဖွဲ့အစည်းများ၊ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာဖလှယ်ခြင်းများမှ ဉာဏပစ္စည်းမူပိုင်ခွင့် ဥပဒေကို ရေးဆွဲရန် အကြံပြုပါသည်။

> လူနာများကို ဘေးအန္တရာယ်ကင်းရှင်းစေသည့် ဉာဏပစ္စည်းမူပိုင်ခွင့် ဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်ကို နိုင်ငံတကာ ကျန်းမာရေးစောင့်ရှောက်မှုစံနှုန်းများကို လိုက်နာလျက်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လျက် အရှိန်အဟုန်မြှင့်ရန်

### ပြဿနာဖော်ပြချက် ၅။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ကျင့်ဝတ်စည်းမျဉ်း လိုအပ်ချက်

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှာ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးသော မဏ္ဍိုင်များထဲမှ တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်သူများထံမှ မှန်ကန်သော ကုသမှု၊ မှန်ကန်စံနှုန်းပြည့်သော ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေးအတွက် အလွန်အရေးကြီးပါသည်။

ဆေးညွှန်းပေးခြင်းများကို လွတ်လပ်စွာ ဆုံးဖြတ်ခြင်းဖြစ်ပြီး ကျင့်ဝတ်ညီစွာ၊ လူနာကို အလေးအထားစွာဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း ယုံကြည်မှုရသင့်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှု ကျင့်ဝတ်စည်းမျဉ်းများကဲ့သို့သော အလေ့အထလမ်းညွှန်များသည် ဓမ္မဓိဋ္ဌာန်ကျသောဆုံးဖြတ်ချက်များကိုဖြစ်စေလျက် ကျန်းမာရေးကဏ္ဍရှိ တာဝန်ရှိသူများအားလုံးအတွက် ကျင့်ဝတ်လမ်းညွှန် ဖြစ်သင့်ပါသည်။ မြန်မာနိုင်ငံဆေးကောင်စီ (MMC) အနေဖြင့် နိုင်ငံတကာဆေးနှင့် ဆေးဝါးထုတ်လုပ်သူများ အသင်း (မြန်မာ) (IPMAM)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့အပါအဝင် သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်လျက် လွတ်လပ်သော ကြီးကြပ်ရေးအဖွဲ့နှင့်အတူ ကျင့်ဝတ်စည်းမျဉ်း (Code of Conduct) တစ်ခုကို ဖော်ဆောင်ရေးသားရန် တိုက်တွန်း ပါသည်။

## ရရှိနိုင်သော အကျိုးကျေးဇူး

ကျန်းမာရေးစောင့်ရှောက်မှု ပညာရှင်များနှင့် ဆေးဝါးကဏ္ဍအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်ပြီး ဥပဒေစည်းမျဉ်းများနှင့်အတူ နိုင်ငံတကာအသိအမှတ်ပြု ကျင့်ဝတ်စည်းမျဉ်းတစ်ခု ရှိထားခြင်းသည် အောက်ပါ အားသာချက်များနှင့်အတူ ပြည်တွင်းကျန်းမာရေးစောင့်ရှောက်မှု အသိုင်းအဝိုင်းနှင့် ကျန်းမာရေး ဝန်ဆောင်မှုဆိုင်ရာ အဆောက်အဦများအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုလည်း တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

•(၁) ပျမ်းမျှ လူ့သက်တမ်းတိုးလာခြင်းကဲ့သို့သော နိုင်ငံ၏ဖွံ့ဖြိုးရေးအကြိုကိန်းတိုးတက်မှု (၂) နိုင်ငံ တည်ဆောက်ရေးအတွက် ကျန်းမာသန်စွမ်းသော အလုပ်သမားအင်အားစု၊ (၃) ကင်ဆာအပါအဝင် ကျန်းမာရေး မကောင်းခြင်းကြောင့် ပေါ်ပေါက်လာသော ငွေကြေး ဝန်ထုပ်ဝန်ပိုးနှင့် လူမှုစီးပွားရေး ပြဿနာ များကို လျှော့ချပေးခြင်းတို့တွင် ကောင်းမွန်သော သက်ရောက်မှုများရှိစေမည့် နိုင်ငံရှိ ပြည်သူအားလုံး၏ ကျန်းမာရေး ကောင်းမွန်လာစေခြင်း

•အိမ်နီးချင်းနိုင်ငံများတွင် ဆေးသွားကုခြင်း၊ အိမ်နီးချင်းနိုင်ငံများတွင် ဆေးကုသမှုခံယူနေသော အရေ အတွက်နှင့် နိုင်ငံခြားငွေထွက်ပေါက်များကို လျှော့ချနိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြေခံ အဆောက်အအုံများကို အဆင့်မြှင့်ခြင်းကဲ့သို့ အစိုးရ၏ကြိုးပမ်းမှုနှင့် ပူးပေါင်းလိုက်သည့်အခါ ပြည်တွင်း ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍအပေါ် ယုံကြည်ရမှု ကြီးမားလာစေခြင်း။ ထို့အပြင် မြန်မာနိုင်ငံ အတွင်း နိုင်ငံတကာကျန်းမာရေးစောင့်ရှောက်မှု စံနှုန်းများအဆင်သင့်ရနိုင်ခြင်းကြောင့် လူနာများအတွက်လည်း များစွာ အကျိုးကျေးဇူးများပါလိမ့်မည်။

• ထို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်ကောင်းသော သက်ရောက်မှု ရှိသည့် နိုင်ငံတကာ ဆေးဝါးကုမ္ပဏီကြီးများနှင့် နိုင်ငံတကာ ဆေးရုံများတည်ဆောက်မှု တိုးပွားလာခြင်း အပါအဝင် ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် ဝန်းကျင်ကောင်း ဖြစ်စေနိုင်သည့် ဆေးဝါးကဏ္ဍအတွင်း မျှတစွာ ယှဉ်ပြိုင်မှုကို ပေါ်ပေါက်စေပါလိမ့်မည်။

## အကြံပြုချက်များ

IPMAM ကဲ့သို့သော ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍအတွင်းမှ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မဟာဗျူဟာကျ အကျိုးတူ ပူးပေါင်းမှုနှင့် နည်းပညာဖလှယ်မှုများမှတစ်ဆင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် အောက်ပါတို့ဆောင်ရွက်ရန် စဉ်းစားသင့်ပါသည်။

•နိုင်ငံတကာ ဆေးဝါးထုတ်လုပ်သူများအသင်းချုပ် (IFPMA) ၏ ကျင့်ဝတ်စည်းမျဉ်းများကို ကျင့်သုံးခြင်း၊ အဆိုပါ ကျင့်ဝတ်စည်းမျဉ်းမှာ နိုင်ငံတကာ အသိအမှတ်ပြုထားသော ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍ၏ စည်းမျဉ်းများဖြစ်ပါသည်။

• ကျန်းမာရေးစောင့်ရှောက်မှု ပညာရှင်များနှင့် အဖွဲ့အစည်းများအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်း ကို ကြီးကြပ်မည့် ပြည်တွင်း အာဏာပိုင်အဖွဲ့တစ်ခုကို ကျင့်ဝတ်စံနှုန်းများ၊ IFPMA ကျင့်ဝတ်စည်းမျဉ်းများ နှင့်အညီ ထူထောင်ခြင်း။

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပညာရှင်များနှင့် အဖွဲ့အစည်းများအကြားအပြန်အလှန်တုန့်ပြန်ဆောင်ရွက်မှု၊ လိုက်နာမှု၊ ကျင့်ဝတ်များကို ကြီးကြပ်မည့် ပြည်တွင်းအာဏာပိုင်အဖွဲ့တစ်ခုထူထောင်ခြင်းနှင့်အတူ IFPMA ကျင့်ဝတ် စည်းကမ်းများကို ချမှတ်ကျင့်သုံးရန်

ဥပဒေ

# ၀၅

## မိတ်ဆက်

မြန်မာနိုင်ငံ ဥပဒေများ ပိုမိုကောင်းမွန်လာစေရန် မြန်မာအစိုးရကို အားသွန်ကူညီနိုင်ရန်အတွက် EuroCham Legal Advocacy Group ကို ၂၀၁၇ နိုဝင်ဘာလတွင် စတင် ဖွဲ့စည်းခဲ့သည်။ EuroCham ကွန်ရက်အောက်တွင် ပူးပေါင်းလုပ်ကိုင်နေသော ဥရောပ ဥပဒေရေးရာဝန်ဆောင်မှု လုပ်ငန်းများသည် သက်ဆိုင်ရာ ဥပဒေလုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်ပိုင်နိုင်သူများဖြစ်ပြီး အာဆီယံနှင့် မြန်မာ နိုင်ငံတို့တွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းဆိုင်ရာ အသိပညာများပိုင်ဆိုင်ထားသော အဖွဲ့အစည်းများဖြစ်သည်။ ယခု Advocacy Group နှင့် အဖွဲ့ဝင် တစ်ဦးချင်း၏ ကျွမ်းကျင်ပိုင်နိုင်မှုများသည် မြန်မာနိုင်ငံတွင် ဝင်ရောက် ရင်းနှီးမြှုပ်နှံမည့်သူ တစ်ဦးချင်း၊ အဖွဲ့အစည်း တစ်ခုချင်းစီတိုင်း အတွက် အသုံးဝင်မည့် ရင်းမြစ်များဖြစ်လာလိမ့်မည်မှာ သေချာသည်။ ဤအဖွဲ့သည် အစိုးရကို ကူညီနေသလို၊ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လုပ်ကိုင်ရန် ပြင်ဆင်နေ သည့် ဥရောပလုပ်ငန်းများ၊ မြန်မာနိုင်ငံတွင် ဝင်ရောက် လုပ်ကိုင်နေပြီးသော ဥရောပလုပ်ငန်းများကို အကြံဉာဏ်များ၊ အထောက်အပံ့များ ပေးအပ်ရန်လည်း အသင့်ရှိပါသည်။ ဥပဒေဆိုင်ရာ ဝန်ဆောင်မှုကိုမူ မပါဝင်ပါ။

• EuroCham WhiteBook ၂၀၁၈ ပြုစုရာတွင် Advocacy Group အနေဖြင့် မြန်မာနိုင်ငံ ဥပဒေလုပ်ထုံးလုပ်နည်းအချို့လိုအပ်ချက်များ ကို တင်ပြသွားမည်ဖြစ်သည်။ လိုအပ်ချက်များကို သင့်တင့် လျောက်ပတ်စွာ ပြင်ဆင်လိုက်နိုင်မည်ဆိုပါက ဥရောပနှင့် ကမ္ဘာ့ဒေသများမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင် နိုင်ကာ နိုင်ငံတော် ထုတ်လုပ်နိုင်စွမ်းပါ တိုးတက်လာမည် ဖြစ်သည်။ ပြည်တွင်းနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံသူများ လုပ်ကိုင်ရ အဆင်ပြေစေရန်အတွက် ဥပဒေဘောင်ကို ချဲ့ထွင်ပေးနိုင်ရန် ၂၀၁၇ ခုနှစ်အတွင်း မြန်မာအစိုးရက ကြိုးပမ်းအားထုတ်ခဲ့မှုများကိုလည်း ဤအဖွဲ့က အသိအမှတ်ပြုကြောင်း ဖော်ပြလိုပါသည်။

• နေပြည်တော်တွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလက ဤအဖွဲ့နှင့် ရှေ့နေချုပ်၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ကော်မတီတို့ တွေ့ဆုံဆွေးနွေးမှု အတွင်းအဖွဲ့ဝင်များကမြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင်အမြင်များ၊အကြံဉာဏ်များပေးအပ်လိုကြောင်းကမ်းလှမ်းခဲ့သလို၊ အနာဂတ် ဖွံ့ဖြိုးရေးလုပ်ငန်းများ တွင်လည်း မေးခွန်းထုတ်သင့်သည်များထုတ်ကာ အကြံပြုသွားရန်လည်း ကမ်းလှမ်းခဲ့ပါသည်။

• ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့် Doing Business Report ၂၀၁၈ တွင် မြန်မာနိုင်ငံသည် အဆင့် ၁၅၅ ၌ ရပ်တည်ခဲ့ရာ ကမ္ဘောဒီးယားနှင့် လာအိုတို့အထက်တွင် ရှိခဲ့သည်။ ၂၀၁၅ ခုနှစ်ကနှင့်ယှဉ်လျှင် အဆင့် လေးဆင့် တက်လာခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်ပိုင်းများအတွင်း ကျေနပ်လောက်သည့် တိုးတက်မှုများ မြင်လာရသော်လည်း မြန်မာနိုင်ငံအတွင်း ဝင်ရောက်ရင်းနှီးမြှုပ်နှံကြသည့် ပြည်ပလုပ်ငန်းများသည် အခက်အခဲများ တွေ့နေရဆဲဖြစ်သည်။ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၊ ဉာဏပစ္စည်းမူပိုင်ခွင့်နှင့် ဥပဒေ၏ အကာအကွယ်ပေးခံရမှု များတွင် အခက် အခဲများ တွေ့နေရဆဲ ဖြစ်သည်။ EuroCham ဥပဒေအကြံပေးကူညီရေးအဖွဲ့၏တာဝန်နှင့် ရည်မှန်းချက်များ အရ အောက်တွင် ဥပဒေပိုင်းဆိုင်ရာ အခက်တွေ့နေရသည့် ကဏ္ဍများနှင့် ဖြေရှင်းရမည့် အကြံပြုချက်များ၊ ဖြေရှင်း လိုက်ခြင်းဖြင့် ရရှိလာမည့် အကျိုးရလဒ်များကို တင်ပြသွားပါမည်။

## ပြဿနာဖော်ပြချက် ၁ ။ စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း ဥပဒေ

• မြန်မာနိုင်ငံတွင် စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေများသည် မထိမရောက်ဖြစ်နေသည်မှာ ကြာမြင့်လှပြီဖြစ်သည်။ ထို့အပြင် ဥပဒေနှင့် အစိုးရက ထို ဥပဒေကို အသက်သွင်းခြင်းတွင်လည်း ကွာဟချက်များစွာ ရှိနေသည်။ မြန်မာနိုင်ငံတွင် မကြာသေးခင်ကပင် ၂၀၁၈ ခုနှစ် စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ထို ဥပဒေတွင် လုပ်ငန်းစတင်ပြီး လေးလအတွင်း မဖြစ်မနေ မှတ်ပုံတင်ရမည့် စာရွက် စာတမ်းများ၊ မိမိသဘောနှင့်မိမိ မှတ်ပုံတင်နိုင်သော စာရွက်စာတမ်းများကို ထည့်သွင်းဖော်ပြထားသည်။ မှတ်ပုံတင် မထားသော စာရွက်စာတမ်းများသည် အငြင်းပွားစရာ ဖြစ်လာပါက သက်သေအဖြစ် တင်ပြခွင့်ရမည် မဟုတ်သလို၊ ဥပဒေ၏ အကာအကွယ်ပေးမှုလည်း ရရှိနိုင်မည်မဟုတ်။

•တိကျသော ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ထွက်ပေါ်လာသည့်တိုင် တာဝန်ရှိသူများသည် သတ်မှတ်ချက် များနှင့် အကြုံမဝင်သော လုပ်ထုံး လုပ်နည်းများကို ဆက်လက်ဖက်တွယ်ထားဆဲဖြစ်ကြောင်း တွေ့ရသည်။ ထိုလုပ်ရပ်များကြောင့် နိုင်ငံအတွင်း စာချုပ်စာတမ်းဆိုင်ရာ လွှဲပြောင်းမှုလုပ်ငန်းစဉ်အများအပြား အခက်ကြုံ တွေ့ခဲ့ရသည်။ အကျိုးဆက်အဖြစ် ဥပဒေ၏ ရည်မှန်းချက် အထမမြောက်ခဲ့။ ထို့အပြင် မှတ်ပုံတင်ထားသော စာချုပ် စာတမ်းများ၊ မူပိုင်ခွင့်များကို တစ်နေရာတည်းတွင် စုစည်းမှတ်တမ်းတင်ထားသည့်စနစ်လည်း ကင်းမဲ့နေသော ကြောင့် ပိုင်ဆိုင်မှုများနှင့် ပတ်သက်ပြီး စစ်ဆေးရန်၊ မှီငြမ်းအဖြစ် အသုံးပြုရန် အခက်အခဲတွေ့ရသည်။



၁။ မှတ်ပုံတင်မှုကို **ORD/LRD** တို့က လိုလိုလားလား မရှိခြင်း

• ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် မြေငှားရမ်းလိုသည့်အခါ မြန်မာအစိုးရထံမှ မြေငှားရမ်းထားသော တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုထံမှ တစ်ဆင့်ငှားရမ်းရသည်။

•မြေသည် စီးပွားရေးလုပ်ငန်းအသုံးပြုရန် ခွင့်ပြုချက်မကျထားပါက ခွင့်ပြုချက်ကျအောင် ဦးစွာ ဆောင်ရွက်ရသည်။ မြေပိုင်ရှင်ကသာ ခွင့်ပြုချက် လျှောက်ထားနိုင်ပြီး ငှားရမ်းသူက လျှောက်ထားခွင့်မရှိ။ လျှောက်ထားခြင်း လုပ်ငန်းစဉ်သည် လမှသည် နှစ်အထိ ကြာမြင့်ကောင်း ကြာမြင့်နိုင်သည်။

•ထိုပြဿနာကို ပြီးခဲ့သည့်နှစ်ပိုင်းများအတွင်း ဆက်သွယ်ရေးကုမ္ပဏီများ အများဆုံးကြုံတွေ့ခဲ့ရသည်။ ထိုကုမ္ပဏီများသည် နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးတိုင်များနှင့် အခြေခံအဆောက်အအုံများထားရှိရန် မြေနေရာ အများအပြားကို ငှားရမ်းခဲ့ကြသည်တွင် မြေကို စီးပွားဖြစ် အသုံးပြုရန် ခွင့်ပြုချက်လျှောက်ထားရာတွင် အဆင့် တွေများကာ လနဲ့ နှစ်ချီ ကြာမြင့်မှုများ ရှိခဲ့သဖြင့် စာချုပ်စာတမ်းဥပဒေက သတ်မှတ်ထား သော လေးလအတွင်း မှတ်ပုံတင်ရေး ကန့်သတ်ချက်ကို ကျော်လွန်သွားသည့် ပြဿနာ ကြုံကြရသည်။

• ၂၀၁၆ ခုနှစ် မြန်မာရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ၂၀၁၄ ခုနှစ် အထူးစီးပွားရေးဇုန်များဥပဒေအရ ပြည်ပရင်းနှီး မြှုပ်နှံသူများသည် နှစ်ရှည်မြေငှားရမ်း ခွင့်ရရှိကြသည်။ ဥပဒေက ခွင့်ပြုပေးထားပြီဖြစ်သည့်တိုင် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး (ORD) သို့မဟုတ် မြေယာမှတ်ပုံတင်ဌာန (LRD) တို့သည် စီးပွားဖြစ်ငှားရမ်းအသုံးပြုခွင့် ကျထားပြီး သား မြေကိုပင် နှစ်ရှည်မြေငှားစာချုပ် မှတ်ပုံတင်ပေးရန် လိုလိုလားလား မရှိသည်ကို တွေ့ရသည်။ (အထူးသဖြင့် ပြည်ပလုပ်ငန်းက နှစ်ရှည်ငှားရမ်းလျှင်)။

၂။ ငှားရမ်းထားသော မြေနှင့် အဆောက်အအုံများနှင့် ပတ်သက်ပြီး ပြည့်ဝသော လုံခြုံစိတ်ချရမှု မရှိခြင်း

•မြန်မာအစိုးရသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ခဲ့သည့် တိုင် မြေယာနှင့်ပတ်သက်လျှင် ပြည်ပရင်းနှီးမြှုပ်နှံသူများ၏ အခွင့် အရေးများကို အပြည့်အဝ ကာကွယ်မပေးနိုင်သေးကြောင်း တွေ့ရသည်။

• နိုင်ငံခြားသားငှားရမ်းသူ၏ ရပိုင်ခွင့်များ သတ်သတ်မှတ်မှတ်ထားရှိနိုင်ရန် ရည်ရွယ်လျက် မြေငှားရမ်းစာချုပ် စာတမ်းမှတ်ပုံတင်ခြင်းကိစ္စရပ် အပါအဝင် ဥပဒေပြဿနာများသည် ရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေချောမွေ့စွာ အနှောင်အဖွဲ့ကင်းကင်းဆောင်ရွက်နိုင်ခွင့်ကို ပိတ်ဆို့ဟန့်တား နေဆဲပင်ဖြစ်သည်။

•လုပ်ငန်းလုပ်ပိုင်ခွင့် မှတ်ပုံတင်မထားရသေးသောမြေကို ပြည်ပရင်းနှီးမြှုပ်နှံသူက ငှားရမ်းရာတွင် အာမခံ ငွေကြေးအဖြစ် စပေါ်ငွေတင်ခိုင်းခြင်း မျိုး ရှိခဲ့ပါက ORD သည် လုံလောက်သော အကြောင်းပြချက်မရှိပါက စပေါ်ငွေ ကို ထည့်သွင်းမှတ်ပုံတင်ပေးရန် ငြင်းဆန်တတ်သည်။ သို့ဖြစ်ရာ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် မလိုအပ်ဘဲ ငွေကုန်ကြေးကျ ပိုများရတတ်သည်။ မပြည့်စုံမှုအတွက် ကာမိစေရန် မြေငှားသူသည် အတိုးနှုန်း ပိုများများဖြင့် ကောက်ခံတတ်သည်။ အထက်ပါ ပြည်ပရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အရေး ချိုးဖောက်ခံရမှုများကို စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းဥပဒေက ကာကွယ်ပေးရန် ပျက်ကွက်နေသလို၊ လေးလနောက်ပိုင်းတွင်မှ မှတ်ပုံတင်ခြင်းကိုလည်း ORD/LRD စိတ်ကြိုက်ဆုံး ဖြတ်ပိုင်ခွင့်လည်း ပေးထားခြင်းဖြင့် လုပ်ငန်းများ ပိုကြန့်ကြာအောင် ဖန်တီးရာ ရောက်နေသည်။

## ရရှိနိုင်သော အကျိုးကျေးဇူး

•အထက်ဖော်ပြပါအချက်များကို ပြုပြင်ပြောင်းလဲလိုက်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများက မြန်မာအပေါ် ယုံကြည်မှု မြင့်တက်လာမည်ဖြစ်သလို၊ နိုင်ငံတကာမျက်နှာစာတွင်လည်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးသည် ပိုမို အားကောင်းလာမည်ဖြစ်သည်။ ဥပဒေကို ထိရောက်စွာ အသက်သွင်းခြင်း၊ ဥပဒေ၏ ကာကွယ်ပေးမှုကို ခံထိုက်သူ အားလုံး အကာအကွယ်ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် စီးပွားလုပ်ငန်းများလည်း ဖွံ့ဖြိုးလာမည်ဖြစ် သလို၊ အစိုးရ သည်လည်း တိုးတက်မှုများ ပိုမိုဖော်ဆောင်လာနိုင်မည် ဖြစ်သည်။

## အကြံပြုချက်များ

မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဝင်ရောက်လာနေသော်လည်း ဥပဒေကဏ္ဍ ပွင့်လင်း မြင်သာမှု အားနည်းနေသေးခြင်းကို ကုစားနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန အနေဖြင့် ORD/LRD ကို အမိန့်ညွှန်ကြားချက် ထုတ်ပြန်ကာ ပြည်ပရင်းနှီးမြှုပ်နှံသူများ မြေငှားရမ်းပိုင်ခွင့် စာချုပ် စာတမ်း မှတ်ပုံတင်ခြင်းနှင့် စပေါ်ငွေ ထားရှိခြင်းကို လက်ခံရန် ညွှန်ကြားသင့်သည်။ ထို့အပြင် ရှေ့နေချုပ်ရုံး အနေဖြင့် လည်း စာချုပ်စာတမ်း မှတ်ပုံတင်ဥပဒေအရ ခွင့်ပြုကာလ ကျော်လွန်ပြီးမှ လျှောက်ထားသည့် စာချုပ် စာတမ်းများကို မည်သို့ လက်ခံဆောင်ရွက်ရမည်ကို အကြောင်းကြားစာ ထုတ်ပြန်ပေးသင့်သည်။



မြေငှားရမ်းခွင့်စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းနှင့် စပေါ်ငွေထားရှိခြင်း နှစ်ရပ်လုံးကို လက်ခံပေးရေးကိစ္စကို အမြန်ဆုံး အကောင်အထည်ဖော်ရန်။

## ပြဿနာဖော်ပြချက် ၂။ မှတ်ပုံတင်ထားပြီးသား ကုန်စည်များကို အကာအကွယ်ပေးမှု မရှိခြင်းကြောင့် နောက်ထပ်ဈေးကွက်ဝင်လာမည့်လူများ တွန့်ဆုတ်ရသည်။ [၁]

လာမည့်နှစ်ပိုင်းများအတွင်း မြန်မာ့ဈေးကွက်သည် သိသိသာသာ တိုးတက်လာဦးမည်ဟု ခန့်မှန်းထား ကြသည်။ မြန်မာ့စီးပွားတိုးတက်ရေး အရေးပါသည့် ဒေါက်တိုင်တစ်ရပ်မှာ ဉာဏမူပိုင်ခွင့်ကာကွယ်ပေးရေးဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ်၊ မှတ်ပုံတင်မူပိုင်ခွင့်၊ အမျိုးမျိုးသော မူပိုင်ခွင့်စသည့် ဉာဏ မူပိုင်ခွင့်ဆိုင်ရာ ပြည့်စုံလုံလောက်သော ဥပဒေကွန်ရက်မျိုးမရှိသေးဘဲ အမျိုးမျိုးသော ဥပဒေများ၊ လုပ်ထုံးလုပ်နည်း များကိုသာ အသုံးပြုနေရဆဲဖြစ်သည်။ မြန်မာနိုင်ငံသည် လက်ရှိအချိန်ထိ ကုန်ပစ္စည်းများနှင့် အမျိုးမျိုးသော ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်များဆိုင်ရာ ပါရီ သဘောတူညီချက်တွင် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့်တိုင် သဘောတူညီချက်၏ ပိုဒ်ခွဲ ၁ – ၁၂ နှင့် ပိုဒ်ခွဲ ၁၉ တို့ကို ၂၀၂၁ ဇူလိုင် ၁ ရက် နောက်ဆုံးထားပြီး လိုက်နာရန် လိုအပ်သည်။ အလားတူပင် ကုန်သွယ်မှုလုပ်ငန်းနှင့်ဆိုင်သော ဉာဏမူပိုင်ခွင့်စည်းမျဉ်းများ (TRIPS) ကိုလည်း လိုက်နာရမည်ဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေကြမ်း DTL ကို လွှတ်တော်သို့တင်သွင်းခဲ့ပြီး ဉာဏ် မူပိုင်ခွင့် ကာကွယ်ရေးဥပဒေများကို (TRIPS) နှင့်အညီဖြစ်အောင် ကြိုးပမ်းခဲ့သည်။ DTL သည် ဦးဆုံး မှတ်ပုံတင်သူသည် မူပိုင်ခွင့်ရှိသူဟူသော စနစ်ကို မိတ်ဆက်ပေးထားသည်။ သို့သော် လက်ရှိဥပဒေကြမ်း မထွက်မီကတည်းက မှတ်ပုံတင်ထားပြီးသော ကုန်အမှတ်တံဆိပ်များကို ဥပဒေသစ်တွင် အလိုလျောက် အကျုံးဝင်ပြီး သားဖြစ်အောင် သတ်မှတ်ပေးရမည့်ကိစ္စကိုမူ ထည့်သွင်းဖော်ပြထားခြင်း မရှိသေးကြောင်း တွေ့ရသည်။

1။ DTL ကို အသက်သွင်းပါက မှတ်ပုံတင်ထားပြီးသား ကုန်အမှတ်တံဆိပ်များအား ထည့်သွင်း အကာ အကွယ်ပေးရေး

လက်ရှိအချိန်ထိ ကုန်အမှတ်တံဆိပ်ပိုင်ရှင်သည်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး (ORD) သို့သွားကာ ၁၉၀၉ ခုနှစ် စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေအရ ပိုင်ရှင်ဖြစ်ကြောင်းကြေညာလွှာ (DOO) လျှောက်ထားရသည်။ ORD သည် မှတ်ပုံတင်ထားပြီးသား စာရင်းများ ရှာဖွေပေးသည့် ဝန်ဆောင်မှု မရှိသောကြောင့် ယခင်မှတ်ပုံတင် ထားပြီးသား ကုန်အမှတ်တံဆိပ်များနှင့် အသစ်မှတ်ပုံတင်မည့် ကုန်အမှတ်တံဆိပ်များ တိုက်ဆိုင်နေမှု ရှိ မရှိ တိုက်ဆိုင်ရှာဖွေရန် မဖြစ်နိုင်။ ထို့အပြင် ORD ကိုယ်တိုင်သည်လည်း တင်သွင်းလာသည့် DOO လျှောက်လွှာများ တွင် ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်များကို ယခင် မှတ်ပုံတင်ထားပြီးသား ကုန်အမှတ်တံဆိပ်များနှင့် တူနေခြင်း ရှိ မရှိကို တိုက်ဆိုင်စစ်ဆေးခြင်းမရှိသည့်အတွက် ကုန်အမှတ်တံဆိပ်တစ်မျိုးတည်းအတွက် DOO အများအပြား တူနေ၊ ထပ်နေခြင်းများထိ ဖြစ်ပွားနေရသည်။

DOO ကို မှတ်ပုံတင်ပြီးချိန်တွင် နိုင်ငံပိုင်သတင်းစာ၌ ကုန်အမှတ်တံဆိပ်အသိပေး ကြေညာချက်ထည့်သွင်း ကြေညာရသည်။

DTLသည်ဦးဆုံးမှတ်ပုံတင်သူမူပိုင်ခွင့်ရရှိစေမည့်စနစ်ကိုကျင့်သုံးမည်ဖြစ်ပြီးဉာဏ်မူပိုင်ခွင့်ဌာနသစ်ကိုလည်းထူထောင်ကာထိုဌာနတွင်ဦးစွာ မှတ်ပုံတင်သူသည် မူပိုင်ခွင့်ကို ပိုင်ဆိုင်သူအဖြစ် သတ်မှတ်ခံရမည်ဖြစ်သည်။ ဌာနတွင် မှတ်ပုံတင်မထားသော ကုန်အမှတ်တံဆိပ်များသည် မူပိုင်ခွင့်ဥပဒေအောက်တွင် အကြုံးမဝင်ဟု ပြဋ္ဌာန်း ထားသည်။

DTL သည် မှတ်ပုံတင်ထားပြီးသား ကုန်အမှတ်တံဆိပ်များအရေး အသံတိတ်နေသည့်အတွက် ဥပဒေသစ် အသက်ဝင်လာသည်နှင့် မှတ်ပုံတင်ထားပြီးသား ကုန်အမှတ်တံဆိပ်များသည်လည်း ပြန်လည်မှတ်ပုံတင်ကြရန် လိုသည်။ ကုမ္ပဏီများအနေဖြင့် ဦးစွာမှတ်ပုံတင်နိုင်ဖို့လိုသည်။ ဦးစွာ မှတ်ပုံတင်သူသည်သာ ကုန်အမှတ်တံဆိပ် မူပိုင်ရှင်အဖြစ် သတ်မှတ်ခံရမည် ဖြစ်သည်။ [၂]

ယခုလို အခြေအနေသည် ကုန်အမှတ်တံဆိပ်သစ်များ မှတ်ပုံတင်ကာ ထုတ်လုပ်မည့် လုပ်ငန်းများကို တုံ့ဆိုင်းသွားအောင်လုပ်ရာ ရောက်သည်။ DTLအတည်မထွက်သေးခင်ကာလအတွင်းကုန်အမှတ်တံဆိပ်သစ်များမှတ်ပုံတင်ရမည်ကိုတွန့်ဆုတ်သွားကြလိမ့်မည်။ ထို့ထက်ပို၍ဆိုရလျှင် မြန်မာနိုင်ငံတွင် စာချုပ်စာတန်း မှတ်ပုံတင် လုပ်ငန်းစဉ်သည် အဆင့်များပြားလွန်းကာ အချိန်ကြာမြင့်လှသည်ဖြစ်သောကြောင့် ဥပဒေကို အသက်သွင်းရန်မှာပင် အချိန်ယူရဦးမည်ဖြစ်သောကြောင့် ဥပဒေသစ်ရာနှုန်းပြည့် အလုပ်လုပ်နိုင်မည့်အချိန်ကို ရင်းနှီးမြှုပ်နှံသူများက အချိန်ယူစောင့်စားကြရဖို့ ရှိနေသေးသည်။ ပါရီသဘောတူစာချုပ်နှင့် Advocacy Groups လုပ်ငန်းခွင်တို့တွင် အဖွဲ့ဝင်ထားသည့် နိုင်ငံများ၌ မှတ်ပုံတင် ထားသည့် ကုန်အမှတ်တံဆိပ်များကို ဦးစားပေး အခွင့်အရေးပေးမည်ဖြစ်ကြောင်း DTL တွင် ဖော်ပြထား သည်။ သို့သော် အထက်ပါ အဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ပြီး ခြောက်လအတွင်း မြန်မာနိုင်ငံတွင် မှတ်ပုံတင်သော ကုန်အမှတ်တံဆိပ်များသာ ထိုအခွင့်အရေးကို ရရှိမည်ဖြစ်ပြီး ယခင်ကတည်းက ရှိနေခဲ့ပြီးသား ကုန်အမှတ်တံဆိပ်များမှကား ထိုအခွင့်အရေး ရရှိမည်မဟုတ်ဟု ဖော်ပြထားသည်။

*1 Please note that the above article is based on the Draft Trademark Law published from 8-10 August 2017 in Myanmar newspapers. We are not aware of the existence of any subsequent amendments to the draft law published in August 2017 and assume that this is the same draft that was passed by the Upper House of the Myanmar Parliament (Amyotha Hluttaw) on 15 February 2018. The Lower House (Pyithu Hluttaw) will consider the Draft Trademark Law and may make final amendments prior to its enactment.*
*2 The delay in the realisation of legal reform in Myanmar was recently demonstrated with the passage of the new Companies Law 2017 which, despite enactment and years of anticipation and preparation, is unlikely to come into force until the institutions and process for implementing the law are operational.*

DOO အများအပြား တူနေခြင်းကြောင့် (ယခင်က မှတ်ပုံတင်ထားပြီးသား ကုန်အမှတ်တံဆိပ်များ စာရင်းကို တိုက်ဆိုင်စစ်ဆေးနိုင်သည့် ဝန်ဆောင်မှုမျိုး မရှိသောကြောင့်) ဥပဒေရေးအရ အငြင်းပွားစရာများ ကြုံလာရနိုင်သည်။ လွှတ်တော်အနေဖြင့် ထိုအချက်ကို ကောင်းစွာ ချိန်ဆဆုံးဖြတ်ပေးရန် လိုအပ်သည်။

မူပိုင်ခွင့်လျှောက်ထားသူများအနေဖြင့် ၎င်းတို့၏ ကုန်အမှတ်တံဆိပ်အတွက် ယခင်က DOO လျှောက်ထား ဖူးပါက ကော်ပီပုံစံ တင်ပြရမည်ဟု DTL က သတ်မှတ်ထားသည်။ သို့သော် ထို DOO လျှောက်လွှာသည် ကုန်အမှတ်တံဆိပ် အငြင်းပွားမှုများ ဖြစ်ပွားလာပါက ဖြေရှင်းရာတွင် အသုံးပြုမည့် သက်သေခံချက် ဟုတ် မဟုတ်ကိုမူ ရှင်းလင်းဖော်ပြထားခြင်း မရှိ။ မှတ်ပုံတင်ထားပြီးသား ကုန်အမှတ်တံဆိပ်များကို မည်သို့ ကာကွယ်ပေး မည်ကို ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိခြင်းသည် ရင်းနှီးမြှုပ်နှံမည့်သူများကို နောက်တွန့်သွားစေနိုင်သည်။

## ရရှိနိုင်သော အကျိုးကျေးဇူး

မှတ်ပုံတင်ထားပြီးသား ကုန်အမှတ်တံဆိပ်များကို ဦးစားပေးကာကွယ်ပေးရေး ခွင့်ပြုကာလကို ခြောက်လထိ သတ်မှတ်ပေးမည်ဆိုပါက ပြည်ပရင်းနှီးမြှုပ်နှံသူများ အဆင်ပြေကာ မြန်မာဈေးကွက်အတွင်း ၎င်းတို့၏ ကုန်အမှတ် တံဆိပ်များ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ တိုးမြှင့်ဝင်ရောက်လာကာ မြန်မာ့စီးပွားတိုးတက်ရေးတွင်လည်း အထောက်အကူဖြစ်လာမည်ဖြစ်သည်။

## အကြံပြုချက်များ

ဉာဏ်မူပိုင်ခွင့်များ တိုးမြှင့်ကာကွယ်ပေးခြင်းနည်းဖြင့် ပြည်ပရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ရန် မြန်မာ နိုင်ငံအစိုးရက ကြိုးပမ်းလျက်ရှိရာ လွှတ်တော်အနေဖြင့် DTL ကို ပြင်ဆင်ဖြည့်စွက်ကာမှတ်ပုံတင်ထားပြီးသား ကုန်အမှတ်တံဆိပ်များကို ဦးစားပေးကာကွယ်ပေးရေး ခွင့်ပြုကာလကို ခြောက်လထိ သတ်မှတ်ပေးသင့်ကြောင်း အကြံပြုလိုသည်။ ဦးစားပေး ကာကွယ်မှုခံစားပိုင်ခွင့်ရှိသည့် အမျိုးအစားနှစ်မျိုးမှာ

၁။ မြန်မာနိုင်ငံတွင်း မှတ်ပုံတင်ထားပြီးသည့် ကုန်အမှတ်တံဆိပ်များ

၂။ ပါရီ သဘောတူစာချုပ်နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံများတွင် မှတ်ပုံတင်ထားပြီးသား ပြည်ပ ကုန်အမှတ် တံဆိပ်များ

မှတ်ပုံတင်ထားပြီးသား ကုန်အမှတ်တံဆိပ်များကို ဦးစားပေးကာကွယ်ပေးရေး ခွင့်ပြုကာလ ခြောက်လထိ သတ်မှတ်ပေးရန်

## ပြဿနာဖော်ပြချက် ၃ ။ ၂၀၁၆ ခုနှစ် မြန်မာရင်းနှီးမြှုပ်နှံမှုဥပဒေ

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြို့နယ်အဆင့်မှသည် အစိုးရဌာနများအဆင့်ထိ ကြုံတွေ့နေရသည့် အခက်အခဲတစ်ခုမှာ ဥပဒေအတိုင်း ဆောင်ရွက်မှု တစ်သားတည်းမဖြစ်သည့် ပြဿနာဖြစ်သည်။ ထိုသို့ အောက်နှင့် အထက် ဥပဒေကို အသက်သွင်းသည့်နေရာတွင် ကွာဟချက် များ ရှိနေခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူများ အခက်တွေ့ရပြီး အဆိုးဆုံးအခြေအနေအားဖြင့် ရင်းနှီးမြှုပ်နှံမှုများ ရပ်သွားသည်အထိ ဖြစ်ပွားလာ နိုင်သည်။

မြန်မာအစိုးရသည် ၂၀၁၆ ခုနှစ် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြဋ္ဌာန်းကာ ပြည်တွင်းနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများပါ တစ်သားတည်း ကျင့်သုံးနိုင်မည့် ဥပဒေများ ဖန်တီးပေးခဲ့သည်မှာ ကောင်းမွန်သော တိုးတက်မှု ဖြစ်သည်။ ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ ၂၀၁၃ မြန်မာနိုင်ငံသားဥပဒေတို့နှင့် ယှဉ်ကြည့် လိုက်လျှင် ယခုဥပဒေသစ်က တိုးတက်မှု အများအပြား ပါဝင်လာသည်ကို တွေ့နိုင်သည်။ လျှောက်လွှာတင်ရာတွင် လွယ်ကူ အဆင်ပြေလာမှု၊ ဆုံးဖြတ်ချက်များ ချမှတ်ပေးရာတွင် ဗဟိုချုပ်ကိုင်မှုစနစ် နည်းနိုင်သမျှ နည်းအောင် ဖြန့်ကျက် ဖွဲ့စည်းပေးထားနိုင်သည်ကို တွေ့ရသည်။ ဥပဒေသစ်အရ လျှောက်ထားမှု အဆင့်ဆင့်သည် သီတင်းပတ် အနည်းငယ်အတွင်း ပြီးစီးအောင် စီမံထားသည်မှန်သော်လည်း လက်တွေ့တွင်ကား လနှင့်ချီ ကြာမြင့်သည်များ ရှိသလို ကာလသတ်မှတ်မရအောင် ကြာမြင့်သည်များလည်း ရှိနေသည်။ ထိုသို့ ဖြစ်နေရခြင်းမှာ သက်ဆိုင်ရာ အဖွဲ့အစည်းများက လျှောက်လွှာ စိစစ်ခြင်းအပါအဝင် လုပ်ငန်းစဉ် အဆင့်ဆင့် လုပ်ကိုင်နည်းများသည် နှေးလွန်း နေခြင်းကြောင့်လည်း ပါဝင်သလို၊ ယခု ဥပဒေက သတ်မှတ်ထားသော တင်ပြရမည့် စာရွက်စာတမ်းများသာမက အခြားသော စာရွက်စာတမ်းများကိုပါ တောင်းယူမှုများကြောင့်လည်း မကြန့်ကြာသင့်ဘဲ ကြန့်ကြာမှုများ ဖြစ်ပွား နေရသည်။

ထင်သာမြင်သာသော ကြန့်ကြာမှုမျိုးကို နမူနာထုတ်ပြရလျှင် နစ်ရှည်မြေငှားရမ်းရန်၊ အခွန်သက်သာခွင့် ခံစားခွင့်တို့အတွက် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် ထောက်ခံချက်လက်မှတ် လျှောက်ထားမှုတို့ကိုပြလိုသည်။ အောက်တွင် အသေးစိတ် ဆွေးနွေးတင်ပြပါမည်။

မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်အရ အထူးစီးပွားရေးဇုန် အပြင်ဘက်တွင် ထူထောင်သည့် လုပ်ငန်းများအနေဖြင့် လုပ်ငန်းထူထောင်ခွင့် ခွင့်ပြုချက် လျှောက်ထားရန်လိုသည့် လုပ်ငန်းများလည်း ရှိသလို၊ မလိုသည့် လုပ်ငန်းများလည်း ရှိသည်။ ခွင့်ပြုချက်လျှောက်ထားရန် မလိုသည့်တိုင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ထောက်ခံချက် ရရှိထား ပါက၂၀၁၆ ခုနှစ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ နစ်ရှည်မြေငှားရမ်းခွင့်၊ အခွန်သက်သာခွင့်စသည့် အချို့သော ခံစားခွင့်များ လျှောက်ထားလိုလျှင်မူ ထောက်ခံချက်ကို လျှောက်ထားကောင်း လျှောက်ထားရမည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ထောက်ခံချက်မလိုသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ထူထောင်ထားသူများ သည် ၂၀၁၆ ခုနှစ် မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခံစားပိုင်ခွင့်ရှိသည့် ခံစားခွင့်နှင့် သက်သာခွင့်များ ခံစားလိုလျှင်မူ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ထောက်ခံချက်ကို လျှောက်ထားရန် လိုအပ်သည်။ လျှောက်ထားပုံ အဆင့်ဆင့်မှာ အောက်ပါအတိုင်း ဖြစ်သည်။

•ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်သည်ထောက်ခံမှုပေးသင့်ပေးထိုက်ကြောင်းကိုပြည့်စုံလုံလောက်သောအချက်အလက်များဖြင့်မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံသို့ တင်ပြတောင်းဆိုရမည်။

•လျှောက်လွှာကြေး ပေးသွင်းကာ၊ လျှောက်လွှာကို တင်သွင်းပြီးလျှင် လျှောက်လွှာသည် ပြည့်စုံမှု ရှိ မရှိ၊ လက်ခံလောက်မှု ရှိ မရှိကို ကနဦး စစ်ဆေးသည်။

•လျှောက်လွှာကို လက်ခံသည်ဆိုပါက (လက်ခံသည်ဟု ကနဦးသတ်မှတ်ခြင်း) မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကသော်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ကော်မတီတို့က လျှောက်လွှာတွင် ပါဝင်သည့် အချက်အလက်များ မှန်ကန်ခြင်းရှိ မရှိကို ရက် ၃၀ အတွင်း အကဲဖြတ်စစ်ဆေးမည်ဖြစ်သည်။ မှန်ကန်ကြောင်း အတည်ပြု ဆုံးဖြတ်ပါက ဆုံးဖြတ်ချက်ချပြီး ရုံးဖွင့်ရက် ၁၀ ရက်အတွင်း ထောက်ခံချက် ထုတ်ပေးသွားမည် ဖြစ်သည်။

အကဲဖြတ်စစ်ဆေးနေစဉ် ကာလအတွင်း မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်ကသော်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ကော်မတီကသော်လည်းကောင်း လိုအပ်သည့် စာရွက်စာတမ်းများ တောင်းခံပါက ရင်းနှီးမြှုပ်နှံသူ သည် တောင်းခံသည့်ရက်မှ ရက် ၂၀ အတွင်း တင်ပြပေးရမည်။

အထက်ပါထောက်ခံချက်လျှောက်ထားမှုပုံစံသစ်အရနစ်ရှည်မြေငှားရမ်းခွင့်လျှောက်ထားခြင်း၊အခွန်သက်သာခွင့်လျှောက်ထားခြင်းများသည် ပို၍ ရိုးရှင်းလွယ်ကူလာရန် ရှိနေသည်။ တင်ပြရမည့် စာရွက်စာတမ်း အသေးစိတ်ကို ဖော်ပြပေးထားသလို၊ ထောက်ခံချက် လျှောက်လွှာတင်ရာ တွင် သိထားရမည့် သတင်းအချက် အလက်များကိုလည်း ဖော်ပြပေးထားပြီး၊ ကြာမြင့်မည့် အချိန်ကိုပါ တိတိကျကျ ဖော်ပြပေးထားသည်။

လက်တွေ့တွင်မူ မြန်မာရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ၂၀၁၆ ခုနှစ် မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေတွင် သော်လည်းကောင်း၊ ၂၀၁၇ ခုနှစ် မြန်မာရင်းနှီးမြှုပ်နှံမှု နည်းဥပဒေတွင်သော်လည်းကောင်း ဖော်ပြထားခြင်းမရှိသော စာရွက်စာတမ်းများကိုပါ ရင်းနှီးမြှုပ်နှံသူများထံမှ တောင်းယူလျက် ရှိနေသည်။

ဥပမာအားဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအတွက် နစ်ရှည်မြေငှားရမ်းရန်အတွက် ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံ ထောက်ခံချက် လျှောက်ထားသည့်အခါ ၂၀၁၆ ခုနှစ် မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် ၂၀၁၇ ခုနှစ် မြန်မာရင်းနှီးမြှုပ်နှံမှု နည်းဥပဒေတို့တွင် ဖော်ပြမထားသော စာရွက်စာတမ်းများ၊ အချက်အလက်များဖြစ်ကြသည့် မြေငှားရမ်းခွင့် စာချုပ်အကြမ်း၊ မြေပိုင်ဆိုင်မှု အထောက်အထား စာရွက် စာတမ်းများ၊ မြေတည်နေရာ၊ မြေပိုင်ဆိုင်မှု သမိုင်းကြောင်းပုံစံ၊ ခန့်ထားမည့် ဝန်ထမ်းအရေအတွက်၊ လုပ်ငန်းစတင်ပြီး ၁၀ နှစ်အတွင်း လုပ်သားများ စုပေါင်းရရှိကြမည့် မှန်းခြေ လစာငွေပမာဏ၊ တင်သွင်းလာမည့် ပစ္စည်းကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများစာရင်း စသည်တို့ကိုပါ ကော်မရှင်က တောင်းခံတတ်သည်။ သို့ဖြစ်ရာ ကော်မရှင် ထောက်ခံချက် လျှောက်ထားမှုသည် ကော်မရှင် ပါမစ် လျှောက်ထားမှုနီးပါး ကြန့်ကြာနေတတ်သည်။



## ရရှိနိုင်သော အကျိုးကျေးဇူး

သတ်မှတ်ချက်များအတိုင်းသာ တိတိကျကျ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှု ပြုမည့်သူများအနေဖြင့် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ကြိုတင်ခန့်မှန်း သိရှိနိုင်သလို၊ ပို၍လည်း လုံခြုံမှုရှိသည်ဟု ခံစားလာရကာ မြန်မာ့စီးပွားကဏ္ဍအပေါ်ကိုပါ ယုံကြည်မှု မြင့်တက်လာမည်ဖြစ်သည်။ သက်ဆိုင်ရာ အစိုးရဌာနများအနေဖြင့်လည်း လုပ်ငန်းစွမ်းဆောင်ရည် ပိုထက်မြက်လာမည်ဖြစ်ကာ အများပြည်သူကို ပို၍ အလုပ် အကျွေးပြုနိုင်လာမည် ဖြစ်သည်။

## အကြံပြုချက်များ

ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် ထောက်ခံချက်လျှောက်ထားသူများထံမှ ၂၀၁၆ ခုနှစ် မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် ၂၀၁၇ ခုနှစ် မြန်မာရင်းနှီးမြှုပ်နှံမှု နည်းဥပဒေတို့တွင် ဖော်ပြထားသည့်အတိုင်းသာ စာရွက်စာတမ်းများကို တိတိကျကျ တောင်းခံသင့်သည်။ အကယ်၍ နောက်ထပ် စာရွက်စာတမ်းများ တင်ပြခိုင်းရန် မဖြစ်မနေ လိုအပ်သည် ဆိုပါကလည်း ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် လိုအပ်သည့် စာရွက်စာတမ်း စာရင်းကို တိတိကျကျ ထုတ်ပြန်ကာ အများပြည်သူကို အသိပေးထားခြင်းဖြင့် ပွင့်လင်းမြင်သာသော လုပ်ငန်းစဉ်ဖြစ်အောင် ဆောင်ရွက်နိုင်သလို၊ ရင်းနှီးမြှုပ်နှံမည့်သူများအနေဖြင့်လည်း မိမိတို့ဘက်က ဖြည့်ဆည်းပေးရမည့် အချက်များကို စောစီးစွာက တည်းက ကြိုတင်ပြင်ဆင်နိုင်ကြမည် ဖြစ်သည်။ ဥပဒေပြဌာန်းချက်များအတိုင်း တိတိကျကျ အသက်သွင်းနိုင်ရန် အတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများသည်လည်း လုပ်ငန်းစဉ် ကျွမ်းကျင်နားလည်မှု ပိုမိုရှိနေရန် လိုအပ်သော ကြောင့် သက်ဆိုင်ရာ အရာရှိများ၊ ဝန်ထမ်းများကို မွမ်းမံသင်တန်းများ ပို့ချရန်လည်း အကြံပြုလိုသည်။

> မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် ထောက်ခံချက် ထုတ်ပေးရာတွင် ဥပဒေက သတ်မှတ်ထားသည့် အတိုင်းသာ တိတိကျကျ ဆောင်ရွက်ရန်လိုသည်။

# သယ်ယူပို့ဆောင်ရေး

## မိတ်ဆက်

မြေမျက်နှာသွင်ပြင်အားဖြင့် မြန်မာနိုင်ငံသည် တရုတ်နှင့် အိန္ဒိယနိုင်ငံအကြားတွင် တည်ရှိသည်။ မြန်မာနိုင်ငံ၏ ရှည်လျားသော ကမ်းရိုးတန်းရှိသကဲ့သို့၊ မလေးရှားနှင့် အင်ဒိုနီးရှားအကြားက ရေယာဉ်သွားလာမှု ထူထပ်သော မလက္ကာရေလက်ကြားနှင့်လည်း နီးစပ်စွာ တည်ရှိသောကြောင့် ဆိပ်ကမ်းဆိုင်ရာ ဝန်ဆောင်မှုများလည်း ကောင်းစွာ ပေးနိုင်သည့် အနေအထားတွင် ရှိနေသည်။ ရေနက်ဆိပ်ကမ်းများ ရှိလာမည်ဆိုပါက မြန်မာ့နိုင်ငံသည် အနာဂတ်တွင် အာရှ ထောက်ပံ့ပို့ဆောင်ရေးကွန်ရက်တွင် ဗဟိုချက်နေရာက ပါဝင်နိုင်လိမ့်မည်။ ၃၀၂၀ ကီလိုမီတာရှိသည့် ဇရိယာကို အဆင့်မြှင့်တင်ခြင်းဖြင့် တရုတ်၊ မြန်မာနှင့် အိန္ဒိယကြားရှိ အာရှနှင့် အာဆီယံ ကုန်းလမ်းကွန်ရက်နှင့်ပါ ချိတ်ဆက်နိုင်မည်ဖြစ်သည်။

လက်ရှိ ရန်ကုန်ဆိပ်ကမ်းဇရိယာကို နှစ်ပိုင်းခွဲနိုင်သည်။ ရန်ကုန်တိုင်းဝန်ကြီးချုပ်က ၂၀၁၈ ဧပြီတွင် တတိယဆိပ်ကမ်းဇရိယာဖြစ်လာမည့် မြို့ပြစီမံကိန်းသစ်ကိုပါ မိတ်ဆက်ခဲ့သည်။ အကြီးဆုံးမှာ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း ဖြစ်ပြီး ကွန်တိန်နာများ၊ ကားများနှင့်ကုန်စည်များ အတင်အချ လုပ်နိုင်သည့် ဆိပ်ကမ်းများ ပါသည်။ သီလဝါဆိပ်ကမ်းသည် ရန်ကုန်မြို့လယ်မှ ၁၆ ကီလိုမီတာသာဝေးသလို၊ ရန်ကုန်မြစ်ဝမှလည်း ၁၆ ကီလိုမီတာသာ ကွာဝေးသည်။ သီလဝါဆိပ်ကမ်းနှင့် ကပ်လျက်တွင် သီလဝါ အထူးစီးပွားရေးဇုန် တည်ရှိပြီး ဂျပန်ဖက်စပ်လုပ်ငန်းများက အဓိက ဖော်ဆောင်လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းတွင် တာမီနယ် သုံးခုပါဝင်ပြီး လေးခုမြောက်ဖြစ်သော အထွေထွေကုန်စည်တာမီနယ်ကိုလည်း ၂၀၁၈ – ၂၀၁၉ ကာလတွင် ဖွင့်လှစ်ရန် လျာထားသည်။

၁. MITT (Myanmar International Terminal Thilawa)
၂. MIPL (Myanmar Integrated Port Limited)
၃. PTT (Port of Thilawa Terminal) – ၂၀၁၈ ဒုတိယသုံးလပတ်တွင် ဖွင့်လှစ်မည်
၄. IBTT (International Bulk Terminal Thilawa) - ၂၀၁၉ ဧပြီတွင် အပြီးသတ်မည်

ဒုတိယဇရိယာမှာ ရန်ကုန်မြို့တော်ဆိပ်ကမ်းဇရိယာဖြစ်သည်။ ထိုဇရိယာအတွင်း အောက်ပါ တာမီနယ် ငါးခုပါဝင်သည်။

၁. The Myanmar Terminal (TMT)
၂. Ahlone International Port Terminal (AIPT)
၃. Myanmar Industrial Port (MIP)
၄. Asia World Port Terminal (AWPT) & Htee Tan Port Terminal (HPT)
၅. Sule Pagoda Wharf (SPW)

တတိယဆိပ်ကမ်းဇရိယာကို နိုင်ငံတကာရေနက်ဆိပ်ကမ်းအဖြစ် ဖော်ဆောင်ရန်လျာထားပြီး လက်ရှိ သီလဝါဆိပ်ကမ်းနှင့် မျက်နှာချင်းဆိုင် ဘက်ခြမ်း ရန်ကုန်မြစ်ဝတွင် ဖော်ဆောင်သွားမည်ဖြစ်သည်။ သီလဝါနှင့် မျက်နှာချင်းဆိုင်ဆိုသော်လည်း တောင်ဘက်ပိုင်းပိုင်းက ကော့မှူး၊ ကွမ်းခြံကုန်းတို့ဘက်သို့ ပိုရောက်သည်။

မြန်မာနိုင်ငံအတွင်း အခြားသော အဓိကဆိပ်ကမ်းစီမံကိန်းများမှာ ထားဝယ်နှင့် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းများ ဖြစ်သည်။ ရန်ကုန် ဆိပ်ကမ်းသစ် စီမံကိန်းကိုလည်း ပြီးခဲ့သည့်နှစ်ပိုင်းများအတွင်း စတင်ခဲ့သည်။

ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းသည် ထားဝယ်ကို မြန်မာနိုင်ငံတွင်သာမက အရှေ့တောင်အာရှတွင်ပါ အကြီးဆုံး စက်မှုနှင့် ကုန်သွယ်ရေးဇုန်အဖြစ် ဖန်တီးရန် ရည်ရွယ်ထားသည်။ စီမံကိန်း လျာထားချက်များထဲတွင် ရေနက်ဆိပ်ကမ်းသာမက၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများအတွက် မြေနေရာများ၊ သံမဏိစက်ရုံ၊ အကြီးစားစက်မှုလုပ်ငန်းများ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့ရည် ဓာတ်အားပေးရုံလုပ်ငန်းများပါ ပါဝင်သည်။ သို့သော် စီမံကိန်းသည် တစ်ဝက်တစ်ပျက်နှင့် ရပ်သွားခဲ့ပြီး ထိုင်းနိုင်ငံက ၁၄၄ ဒေါ်လာချေးငွေ ချထားပေးခဲ့ပြီး မြန်မာလွှတ်တော်ကလည်း ချေးငွေကို အတည်ပြုပေးခဲ့ပြီးနောက်တွင်မှ စီမံကိန်းပြန်လည် အသက်ဝင်လာခဲ့သည်။ ထားဝယ်စီမံကိန်းတွင် အဝေးပြေးလမ်းမသစ် ဖောက်လုပ်ရေးစီမံကိန်းလည်း ပါဝင်ပြီး လက်ရှိအချိန်ထိကား အကောင်အထည် မဖော်ဖြစ်သေး။

နောက်ထပ်ဆိပ်ကမ်းစီမံကိန်းတစ်ခုမှာ ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ဖြစ်သည်။ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းကို ၂၀၂၅ ခုနှစ်တွင် စတင်လည်ပတ်နိုင်ရန် ကနဦး လျာထားခဲ့ခြင်းဖြစ်ပြီး တွဲဖက်လျက် ဟက်တာ တစ်ထောင်ကျော်ရှိမည့် စက်မှုဇုန်ကိုလည်း ထူထောင်မည်ဖြစ်သည်။ကျောက်ဖြူရေနက်ဆိပ်ကမ်းသည်တစ်နှစ်လျှင် တီအီးယူ ၇ သန်း (တစ်တီအီးယူသည်ပေ ၂၀ ကုန်သေတ္တာတစ်လုံးနှင့်

ညီမျှသည်) ကိုင်တွယ်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ကုန်သေတ္တာပမာဏ အများဆုံးကိုင်တွယ်နိုင်မည့် ရေနက်ဆိပ်ကမ်း ဖြစ်လာရန် လျာထားသည်။ သို့သော် လက်ရှိအချိန်ထိ ပတ်ဝန်းကျင်နှင့် လူမှုစီးပွား ထိခိုက်နစ်နာမှုဆိုင်ရာစစ်တမ်း (EIA/SIA) ကောက်ယူရသေးခြင်းပင် မရှိသဖြင့် ၂၀၂၅ တွင် စီမံကိန်းအပြီးသတ်ရန်မှာ ခက်ခဲလိမ့်မည်။

ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍတိုးတက်စေရန်အတွက်မြန်မာနိုင်ငံသည် လက်ရှိတွင်စီမံကိန်းပေါင်းများစွာအကောင်အထည်ဖော်လျက်ရှိသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်း ခေတ်မီအောင်တိုးချဲ့ထားပြီးတာမီနယ်သုံးခုသည်နှစ်စဉ်ခရီးသည်သန်း၂၀ဝန်းကျင်ကိုင်တွယ် နိုင်မည်ဖြစ်သည်။ ပို့ဆောင်ရေးဝန်ကြီးဌာနသည်မြန်မာနိုင်ငံတွင်အကြီးဆုံးဖြစ်လာမည့်ဟံသာဝတီလေဆိပ်သစ်ကြီးကိုလည်းပဲခူးမြို့အနီးတွင် တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။ လက်ရှိရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည်ပြေးလမ်းထပ်ချဲ့ရန်အကန့်အသတ်ရှိသဖြင့်ဟံသာဝတီ တွင် လေဆိပ်သစ် ဆောက်လုပ်ရန် စီစဉ်ခြင်းဖြစ်သည်။

အခြားသော အရေးပါသည့် အခြေခံအဆောက်အအုံစီမံကိန်းများထဲတွင် အဝေးပြေးလမ်း၊ ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းလည်း ပါဝင်သည်။ ရန်ကုန်-မန္တလေး ရထားလမ်းကို အဆင့်မြှင့်တင်ရန်၊ ရန်ကုန်-ပုသိမ် အဝေးပြေးလမ်း အဆင့်မြှင့်တင်ရန် စီမံကိန်းများ ပါဝင်သည်။ နောက်ထပ် အလားအလာကောင်းနေသည့် စီမံကိန်းမှာ မန္တလေးမှ တရုတ်နယ်စပ်ထိ အဝေးပြေးလမ်း ဖောက်လုပ်ရေး၊ စစ်ကိုင်းတောင်ပိုင်းခြမ်းမှ အိန္ဒိယနယ်စပ်ထိ လမ်းစီမံကိန်းများလည်း ပါဝင်သည်။ ထိုလမ်းစီမံကိန်းများ ရာနှုန်းပြည့်ပြီးစီးပါက မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ ထက်ဝက်လောက်ကို ကြားခံချိတ်ဆက်ပေးသည့် နိုင်ငံဖြစ်လာမည်ဖြစ်သလို၊ အာဆီယံဒေသ၏ စီးပွားဗဟိုချက်လည်း ဖြစ်လာမည်ဖြစ်သည်။

နောက်ထပ် အလေးပေး ဖော်ပြသင့်သည့် စီမံကိန်းတစ်ရပ်မှာ ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ အသက်သွေးကြော မြစ်ကြီးတစ်စင်းဖြစ်သော ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်း ပိုမိုကောင်းမွန်လာရေး၊ မြစ်အတွင်း ၂၄ နာရီပတ်လုံး သွားလာ ကုန်သွယ်နိုင်ရေးအတွက် ရေလမ်းကြောင်းအထောက်အကူပစ္စည်းများ၊ ရေဒါ၊ ရေယာဉ်သွားလာမှု ထိန်းကျောင်းကိရိယာများပါ တပ်ဆင်သွားရန်စီစဉ်လျက်ရှိသည်။ ဧရာဝတီမြစ်ဝှမ်းအဆင့်မြှင့်တင်မှုစီမံကိန်းပထမအဆင့်ကို ၂၀၁၈ ခုနှစ်နှစ်လယ်ပိုင်းတွင် စတင်မည်ဖြစ်ပြီး ညောင်ဦး (ပုဂံ) နှင့် မန္တလေးဒေသများ အကျုံးဝင်သည်။

ပြီးခဲ့သည့်နှစ်ပိုင်းများအတွင်း ဖွံ့ဖြိုးတိုးတက်မှုများ ရှိလာသည့်တိုင် မြန်မာနိုင်ငံသည် သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ရေး ကဏ္ဍတွင် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲ ဖြစ်သည်။ ၂၀၁၈ ခုနှစ်အတွင်း အဓိက စီမံကိန်းကြီး အများအပြား စတင်မည်ဖြစ်ရာ မြန်မာနိုင်ငံသည် လမ်းကြောင်းမှန်ပေါ်တွင် သိသိသာသာ စတင်တိုးတက်လာခြင်းကို ရှုမြင်ကြရမည်ဖြစ်သည်။

## ၁။ နိုင်ငံတော် ထောက်ပံ့ပို့ဆောင်ရေး မဟာစီမံကိန်း ၂၀၁၈ - ၂၀၂၈

နိုင်ငံတစ်နိုင်ငံတွင် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍသည် အရေးကြီးသည်။ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ ချောမွေ့ပါမှ စီးပွားကဏ္ဍအားလုံး ချောမွေ့ကာ၊ ကုန်သွယ်ရလွယ်ကူပြီး အလုပ်လုပ်ကိုင်ရသည့် ဘက်စုံကုန်ကျစရိတ်လည်း သက်သာပြီး နိုင်ငံ့စီးပွား ထုတ်လုပ်မှုနှင့် အရည်အသွေးပါ တိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာဦးမည့် အလားအလာများစွာ တွေ့မြင်နေရသဖြင့် ကျွန်ုပ်တို့က မြန်မာနိုင်ငံအတွက် အသုံးဝင်မည့် နိုင်ငံတော် ထောက်ပံ့ပို့ဆောင်ရေး မဟာစီမံကိန်းကို ပြုစုထားပါသည်။

ပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် JICA နှင့် ပူးပေါင်းကာ နိုင်ငံတော် ထောက်ပံ့ပို့ဆောင်ရေး မဟာစီမံကိန်းတစ်ရပ် ရေးဆွဲရန် လေ့လာမှုများ ပြုလုပ်နေသည်ကိုလည်း ကျွန်ုပ်တို့ သိရှိထားပါသည်။ ပူးပေါင်းလေ့လာထားချက်အရ ဦးစားပေးလုပ်ငန်းများကို အဆင့်ဆင့်ခွဲကာ ကာလရှည်၊ ကာလလတ်၊ ကာလတို စီမံကိန်းများအဖြစ် ခွဲခြားထားပြီး အမျိုးမျိုးသော ထောက်ပံ့ပို့ဆောင်ရေးနယ်ပယ်များကို ခြုံငုံမိအောင် စီစဉ်ကာ ကုန်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ ချိတ်ဆက်မှုအားကောင်းရေးများပါ အားကောင်းလာအောင် စီမံနေကြောင်းကိုလည်း သိရှိထားပါသည်။

### အကြံပြုချက်များ

နိုင်ငံတော် ထောက်ပံ့ပို့ဆောင်ရေး မဟာစီမံကိန်း ရေးဆွဲရေးတွင် သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်များ၊ ကျွမ်းကျင်သူများ၊ အစိုးရတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကြဖို့ လိုရုံသာမက အိမ်နီးချင်းနိုင်ငံများမှ သက်ဆိုင်သူများနှင့်ပါ ဆွေးနွေးအကြံဉာဏ်များ ရယူရန် အကြံပြုတိုက်တွန်းလိုသည်။

အစိုးရ၊ စီမံကိန်းတိုက်ရိုက်ထိတွေ့ရမည့် ပြည်သူ၊ ကြားခံဆောင်ရွက်သူ၊ ကျွမ်းကျင်သူများအားလုံး စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလုပ်အမှုဆောင် ကော်မတီတစ်ရပ် ဖွဲ့စည်းလုပ်ကိုင်ရန်မှာလည်း နိုင်ငံတော် ထောက်ပံ့ပို့ဆောင်ရေး မဟာစီမံကိန်း အရည်အသွေးကောင်းမွန်စေရေး အရေးပါသည့် တစ်ချက်ဖြစ်သည်။

နိုင်ငံတော် ထောက်ပံ့ပို့ဆောင်ရေး မဟာစီမံကိန်းတွင် ပြည်တွင်း ပြည်ပ ကုမ္ပဏီများသာမက တစ်ပိုင်တစ်နိုင် ပို့ဆောင်ရေးလုပ်ငန်းများလည်း ပါဝင်အကြံပြုနိုင်အောင် စီစဉ်ပေးဖို့ အကြံပေးလိုသည်။ EuroCham အနေဖြင့် ထောက်ပံ့ပို့ဆောင်ရေး အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် EuroCham ၏ ကွန်ရက်များမှတစ်ဆင့် သင့်တော်သော ကော်မတီဝင်များကို ကူညီရှာဖွေပေးနိုင်သလို၊ EuroCham ကိုယ်တိုင်လည်း ပါဝင်စေလိုပါက ပါဝင်ကူညီနိုင်ကြောင်း သိစေလိုသည်။

## ပြုပြင်ပြောင်းလဲခြင်းဖြင့် ရလာနိုင်သည့် အကျိုးအမြတ်များ

နိုင်ငံတော် ထောက်ပံ့ပို့ဆောင်ရေး မဟာစီမံကိန်းသည် ပြည်တွင်း ထောက်ပံ့ပို့ဆောင်ရေးယန္တရား ဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာကျ လမ်းညွှန်သွားနိုင်မည်ဖြစ်ကာ မြန်မာနိုင်ငံ၏ ထုတ်လုပ်နိုင်စွမ်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို ပြည်တွင်းမှာသာမက နိုင်ငံတကာဈေးကွက်မှာပါ မြင့်တက်လာစေမည်ဖြစ်သည်။

ဤကဏ္ဍတွင် ပါဝင်သူအားလုံး၏ ယုံကြည်မှုကို ရရှိမည်ဖြစ်သလို၊ ပွင့်လင်းမြင်သာမှုလည်း ဖော်ဆောင်နိုင်လိမ့်မည်။ နိုင်ငံတော် ထောက်ပံ့ပို့ဆောင်ရေး မဟာစီမံကိန်းကို ဖော်ဆောင်ရန် လိုအပ်သည့် ဥပဒေဘောင်စည်းမျဉ်းများကိုလည်း ဖော်ဆောင်ရန်ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာမည်ဟု မျှော်လင့်နိုင်သည်။

## ၃။ ပုံစံတကျမဖြစ်၊ အချိန်ကုန်၊ ပွင့်လင်းမြင်သာမှုမရှိသော တန်ဖိုးဖြတ်မှုစနစ်နှင့် သွင်းကုန်လုပ်ငန်း ခေါက်ရိုးကျိုးနေမှုများ

ပြီးခဲ့သည့်နှစ်အတွင်း မြန်မာနိုင်ငံ အကောက်ခွန်ဌာနသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးက သတ်မှတ်ထားသောကုန်စည်တန်ဖိုးဖြတ်မှုစနစ်ဖြစ်သည့် GATT အတိုင်း ကျင့်သုံးလာသဖြင့် တိုးတက်မှုရှိလာကြောင်း တွေ့ရသည်။

သို့ဖြစ်သည့်တိုင် သွင်းကုန်လုပ်ငန်းရှင်များသည် ပစ္စည်းတန်ဖိုးဖြတ်မှုတွင် မပြေလည်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပြီး၊ မလိုအပ်ဘဲ ကြန့်ကြာမှု၊ မလိုအပ်ဘဲ အပိုကုန်ကျရမှုများ ရှိနေသေးဆဲ ဖြစ်သည်။ အကောက်ခွန်ဌာနသည် အလုပ်လုပ်နိုင်သည့် ရင်းမြစ်နည်းပါးနေသဖြင့် ကုန်ပစ္စည်းတန်ဖိုးဖြတ်ရာတွင် လိုအပ်သည်ထက် ပိုမိုကြန့်ကြာနေသလို၊ ပြင်ပသို့ လိုက်ပါတန်ဖိုးဖြတ်ရမည့် အခြေအနေများအတွက်လည်း ဆုံးဖြတ်နိုင်ခွင့်ရှိသူ အရေအတွက်က နည်းပါးလျက်ရှိနေသည်။

အကောက်ခွန်လုပ်ငန်းတွင် ကြန့်ကြာမှုများ ဖြစ်ပွားနေသည့် နောက်ထပ်အချက်များထဲတွင်

-

• ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပေးသော သွင်းကုန်လိုင်စင်တွင် ဖော်ပြထားသည့်တန်ဖိုးများနှင့် သင်္ဘောတင်စာရင်းတွင် ဖော်ပြထားသည့် တန်ဖိုးများ ကွာခြားနေခြင်း (ကွာခြားချက်များကို ရှင်းပြရန်၊ သက်သေအချက်အလက်များ ပြသရန်၊ ညှိနှိုင်းရန်လိုအပ်သည်)

• ကုန်သွယ်ရေးဝန်ကြီးဌာနက သွင်းကုန်လိုင်စင်နှင့်ပတ်သက်ပြီး CIF တန်ဖိုးကို တစ်ပေါင်းတည်း တင်ပြခိုင်းပြီး၊ အကောက်ခွန်ဌာနကမူ CIF တန်ဖိုးကို တစ်ခုချင်းစီခွဲပြီး တင်ပြခိုင်းပြန်သည်။ (ကုန်စည်မူရင်းတန်ဖိုး၊ သင်္ဘောတင်တန်ဖိုး၊ အာမခံကြေး စသည်ဖြင့်) သို့မဟုတ် OB တန်ဖိုး။

• စာရွက်စာတမ်း အချက်အလက်အားလုံး မှန်ကန်စွာ တင်ပြနိုင်လျှင်ပင် အကောက်ခွန်ဌာနတွင်း ရည်ညွှန်းတန်ဖိုးသတ်မှတ်ချက်က နိမ့်နေသည့်အခါမျိုးတွင် သွင်းကုန်လုပ်ငန်းရှင်သည် တန်ဖိုးအကဲဖြတ်မှု လုပ်ငန်းစဉ်ကို ပြန်လည်လုပ်ဆောင်ရပြန်သည်။

• အချို့သော သွင်းကုန်လုပ်ငန်းရှင်များသည် အခြေအနေအရ အာမခံထားရှိခြင်း မရှိဘဲ တင်သွင်းမှုများလည်း ရှိသည်။ (မိမိဖာသာ အာမခံခြင်း = တစ်ခုခုဖြစ်လျှင်လည်း မိမိဖာသာ ဆုံးရှုံးခံမည်ဟု စွန့်စားခြင်း) ။ ထိုသို့သော အခြေအနေမျိုးတွင် အကောက်ခွန်သည် တန်ဖိုးအကဲဖြတ်ရာတွင် တန်ဖိုးကို မြှင့်လိုက်တတ်သည်။ သို့ဖြစ်ရာ သွင်းကုန်လုပ်ငန်းရှင်သည် Class C ကဲ့သို့ ပစ္စည်းရာနှုန်းပြည့်ဆုံးရှုံးမှ လျော်ကြေးရသည့် ဈေးသက်သာသော အာမခံမျိုးကို ထားရှိကြရတတ်သည်။

•ဝယ်ယူမှုစာချုပ်သည် သင်္ဘောတင်ကုန်စည်အားလုံး စုစုပေါင်းအတွက် ချုပ်ဆိုထားခြင်းဖြစ်သည့်တိုင် အကောက်ခွန်ဌာနသည် သင်္ဘောတင်ကုန်စည် တစ်ခေါက်ချင်းအတွက် ဝယ်ယူမှုစာချုပ်ကို တောင်းခံတတ်သည်။

MACCS စနစ်ကို အကောက်ခွန်ဌာနက ကျင့်သုံးနေပြီဖြစ်သောကြောင့် အကောက်ခွန်လုပ်ငန်း အများစုကို အွန်လိုင်းမှတစ်ဆင့် လုပ်ကိုင်နေနိုင်ပြီဖြစ်သည့်တိုင် HS Code ခန့်မှန်းတွက်ချက်ခြင်းကဲ့သို့ ကိစ္စများတွင် စာရွက်စာတမ်းများကို အကောက်ခွန်က လူကိုယ်တိုင် တင်သွင်းခိုင်းလျက်ရှိသည်။

သင်္ဘောတင်ကုန်စည် တစ်သုတ်ချင်းစီ တစ်သုတ်ချင်းစီတိုင်းအတွက် ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုချက်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် တင်ပြရာ၌လည်း ဒေါ်လာ တစ်သိန်းအောက် ကုန်စည်များအတွက် ရုံးဖွင့်ရက် ၅ ရက်မှ ၇ ရက်ထိ ကြာမြင့်တတ်ပြီး၊ ဒေါ်လာ တစ်သိန်းနှင့်အထက် ကုန်စည်များအတွက်ဆိုလျှင် ရုံးဖွင့်ရက် ၁၀ ရက်မှ ၁၂ ရက်မျှထိ ကြာမြင့်တတ်သည်။

ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရရန်အတွက် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံတွင် လျှောက်ထားသည့်အခါတွင်လည်း ကော်မရှင်က ထောက်ခံထားပြီးသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ဖြစ်သည့်တိုင် စာရွက်စာတမ်းလုပ်ငန်းသည် ရုံးဖွင့်ရက် ၁၀ ရက်ခန့် ကြာမြင့်တတ်သည်။ ထိုသို့ ကြာမြင့်ရခြင်း အဓိကအကြောင်းရင်းမှာ စာရွက်စာတမ်း အဆင့်ဆင့် စစ်ဆေးရာတွင် ရာထူးအဆင့်ဆင့်၊ ပုဂ္ဂိုလ်အဆင့်ဆင့်တွေ များလွန်းသောကြောင့် ဖြစ်သည်။

## အကြံပြုချက်များ

အကောက်ခွန် တန်ဖိုးဖြတ်ဌာနနှင့် အခြားသော အကောက်ခွန်ကဏ္ဍများတွင် ဝန်ထမ်းအင်အား ထပ်တိုးရန်လို

အားလုံးအတွက် ပွင့်လင်းမြင်သာမှုရှိသော လုပ်ငန်းစဉ်များ ချမှတ်သင့်သည်။ ဝန်ဆောင်မှု အရည်အသွေး တစ်ပြေးညီဖြစ်စေရေးအတွက် အကောက်ခွန်ဝန်ထမ်းများကိုလည်း မွမ်းမံသင်တန်းများ ပို့ချရမည်။ အထူးသဖြင့် PCA (Post Customs Audit) စနစ်ကို ပိုအားစိုက်သင့်သည်။

အွန်လိုင်းမှ စာရွက်စာတမ်းများ တင်သွင်းနိုင်သည့် MACCS စနစ်ကို တိုးချဲ့ကျင့်သုံးကာ လုပ်ငန်းများ သွက်လက်မြန်ဆန်အောင်၊ အကောက်ခွန်တာဝန်ရှိသူများနှင့် ကိုယ်တိုင်တွေ့ကာ လုပ်ဆောင်စရာမလိုအောင် ဖန်တီးပေးရမည်။

ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ခွင့်ပြုချက်ရရှိထားသော သွင်းကုန်များအတွက် ကော်မရှင်ခွင့်ပြုချက်နှင့် ကုန်သွယ်လုပ်ငန်းခွန် သက်သာခွင့် လျှောက်ထားမှု အဆင့်ဆင့်တွင် လူအဆင့်ဆင့်ကို ဖြတ်သန်းနေရခြင်းကို လျှော့ချကာ တစ်နေရာတည်းတွင် တစ်ကြိမ်တည်းဖြင့် အပြီးအပြတ် ဝန်ဆောင်မှုပေးသည့် စနစ်ကို ကျင့်သုံးသင့်သည်။

## ပြုပြင်ပြောင်းလဲခြင်းဖြင့် ရလာနိုင်သည့် အကျိုးအမြတ်

လုပ်ငန်းစဉ်ရှုပ်ထွေးနေမှုများ ကျုံ့သွားမည်၊ အကောက်ခွန်ရှင်းလင်းမှုလုပ်ငန်းများ မြန်ဆန်သွားမည်၊ ရုံးစရိတ်နှင့် အခြား အသုံးစရိတ်များ လျော့ကျသွားမည်၊ ဆိပ်ကမ်းတွင် ပစ္စည်းများ ပုံကျပ်နေခြင်း လျော့ကျသွားမည်၊ ပြည်ပရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံဈေးကွက်အပေါ် ယုံကြည်မှုမြင့်တက်လာမည်၊ စီးပွားလုပ်ငန်းများ လုပ်ကိုင်ရ များစွာ ပိုအဆင်ပြေချောမွေ့သွားမည်။

## ၄။ အကောက်ခွန်လုပ်ငန်း ဝန်ဆောင်မှုအခြေအနေ

ရန်ကုန်ဆိပ်ကမ်း၊ ထိုင်းနှင့် တရုတ်နယ်စပ်များရှိ မြန်မာ့အကောက်ခွန်လုပ်ငန်းများသည် ရုံးဖွင့်ရက်၊ ရုံးဖွင့်ချိန်တွင်သာ အလုပ်လုပ်သည်။ အချိန်ပိုလုပ်ခိုင်းနိုင်သော်လည်း နေရာပေါ် မူတည်ပြီး အကန့်အသတ်နှင့်သာ ဖြစ်သည်။ လက်ရှိတွင် မြန်မာ့အကောက်ခွန်လုပ်ငန်းကို ၂၄/၇ လည်ပတ်ရန်နှင့် ရာနှုန်းပြည့် အီလက်ထရောနစ်စနစ်ဖြင့် လည်ပတ်ရန် ကျွန်ုပ်တို့ မမျှော်လင့်သေးသော်လည်း ကုစားရမည့် အချက်အချို့ကိုတော့ ကုစားစေလိုသည်။ ထိုသို့ ကုစားလိုက်ခြင်းဖြင့် သွင်းကုန် ထုတ်ကုန်လုပ်ငန်းများ သွက်လက်မြန်ဆန်လာမည်ကာ မလိုအပ်ဘဲ ကုန်ကျစရိတ် များနေခြင်းကိုလည်း လျှော့ချနိုင်သွားမည်။ အကောက်ခွန်နှင့် ချိတ်ဆက်ကာ စည်းမျဉ်းများနှင့်အညီ လုပ်ကိုင်သော ကုန်လှောင်ရုံစနစ်ကိုလည်း ကျင့်သုံးခြင်းဖြင့် ဆိပ်ကမ်းများတွင် ဝန်ပိခြင်းကိုလည်း လျှော့ချနိုင်သွားမည်။

ယခုအစီအစဉ်သည် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် အစိုးရမဟာဗျူဟာစီမံကိန်းများကိုလည်း အပြုသဘောဆောင် အားဖြည့်ပေးရာရောက် မည်ဖြစ်သည်။

IFFC စနစ်နှင့်အခြားသောအကောက်ခွန်စနစ်များသည်သီးခြားသော်လည်းကောင်း၊တွဲလျက်သော်လည်းကောင်းလက်ရှိတွင်စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရဆဲ ဖြစ်သည်။ စနစ် မတည်ငြိမ်သေးခြင်းကြောင့် လုပ်ငန်းနှောင့်နှေးကြန့်ကြာကာ ရုံးစရိတ်မှအစ ပြင်ပကုန်ကျစရိတ်များပါ မလိုအပ်ဘဲ ပိုမိုကုန်ကျရလျက်ရှိသည်။ နေ့စဉ်ကြုံတွေ့နေရသည့် အခက်အခဲ အကျပ်အတည်းအချို့ကို နမူနာ ထုတ်ပြရလျှင်

ရန်ကုန်တွင် ကုန်သေတ္တာကားများ နေ့ဘက်၌ မနက် ၁၁ နာရီမှ နေ့လယ် သုံးနာရီထိသာ သွားလာခွင့်ပေးထားခြင်းကြောင့်လည်း ဆိပ်ကမ်းများအနီးတွင် ကုန်သေတ္တာကားကြီးများ တစ်ချိန်တည်းတွင် တစ်ပြိုင်နက် စုပြုံကာ ယာဉ်ကျောကြပ်တည်းခြင်းများ ဖြစ်ပွားနေရသလို၊ ရုံးဆင်းချိန်မတိုင်မီ ကုန်သေတ္တာများကို ပြီးပြတ်အောင် စစ်ဆေးရန်လည်း အချိန်မလုံလောက်သဖြင့် အကောက်ခွန်၊ သင်္ဘောအေးဂျင့်၊ ဆိပ်ကမ်းဝန်ထမ်းများမှသည် ထရပ်ကားလုပ်ငန်းများအထိ အချိန်ပိုကြေးများ ပေးချေရသည့် မလိုအပ်သော ကုန်ကျစရိတ်များ မြင့်တက်ခဲ့ရသည်။

ထရပ်ကားများသည် နောက်ဆုံးသတ်မှတ်ချိန်အမီ ဆိပ်ကမ်းဝင်ခွင့်မရဘဲ တန်းစီစောင့်ဆိုင်းနေရကာ နေ့ကူးသွားသည့်အခါများတွင်လည်း နေ့ကျော်ကြေးများ ထပ်မံပေးဆောင်ကြရပြန်သည်။

နောက်ဆုံးလက်မှတ်ထိုး အတည်ပြုခွင့်ရှိသူ အကောက်ခွန်အရာရှိ ပမာဏသည်လည်း လွန်စွာနည်းသဖြင့် အချိန်လုပြီး ပို့ရမည့်ကုန်စည်များ၊ အထူးသဖြင့် မြဝတီနယ်စပ်ဂိတ်ကဲ့သို့ နေရာများတွင် လက်မှတ်ထိုးရန် စောင့်နေရမှုကြောင့် ဘန်ကောက်သို့ပို့မည့် ကုန်စည်များ လေယာဉ်ချိန်လွဲသွားပါက ကြီးမားစွာ ဆုံးရှုံးနိုင်သည်။

## အကြံပြုချက်များ

အထူးစီးပွားရေးဇုန်များနှင့် ဆိပ်ကမ်းများ ပြင်ပတွင် အကောက်ခွန်စည်းမျဉ်းများကို လိုက်နာဆောင်ရွက်သော ကုန်လှောင်ရုံနှင့် CFS များ ထားရှိခြင်းဖြင့် တင်သွင်းလာသော ကုန်သေတ္တာများသည် ဆိပ်ကမ်းက ချသည်နှင့် ကုန်လှောင်ရုံသို့ တန်းသွားနိုင်မည်ဖြစ်သလို၊ တင်ပို့မည့် ကုန်သေတ္တာများကိုလည်း ကုန်လှောင်ရုံတွင် အကောက်ခွန်ဆီးလ်တံဆိပ်တန်းနှိပ်ကာ ဆိပ်ကမ်းတွင် တန်းချနိုင်မည် ဖြစ်သည်။

လက်ရှိတွင် အကောက်ခွန်ဌာနသည် ပြင်ပကုန်လှောင်ရုံနှင့် CFS များဖြင့် ပေါင်းစပ်လုပ်ကိုင်နိုင်မည့် လုပ်ငန်းစဉ်နှင့် လမ်းညွှန်မှု လိုအပ်နေကြောင်းကိုလည်း ထောက်ပံ့ပို့ဆောင်ရေး ပံ့ပိုးကူညီရေးအဖွဲ့က ရှုမြင်မိသည်။ အကောက်ခွန်ဌာနသာမက ပြင်ပကုန်လှောင်ရုံနှင့် CFS များကို ကိုင်တွယ်လုပ်ကိုင်မည့်သူများသည်လည်း ထိုကျွမ်းကျင်မှုမျိုး ကင်းမဲ့လျက်ရှိသည်။ လိုအပ်နေသည့် လုပ်ငန်းစဉ်များ ချပေးရန်နှင့် ကျွမ်းကျင်မှုများ ပျိုးထောင်ပေးရန် ဤအဖွဲ့က အသင့်ရှိကြောင်းလည်း အကြံပြုဖော်ပြလိုပါသည်။ အကြံပြုလိုသည့် အချို့သော အချက်များမှာ

ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် အကောက်ခွန် လုပ်ငန်းများ အဆင့်တွေ များနေခြင်းကို လျှော့ချရန်၊ အချက်အချာကျသော နေရာများတွင် ပြင်ပကုန်လှောင်ရုံများ၊ CFS များကို လုပ်ကိုင်ခွင့် ချထားပေးကာ လုပ်ကိုင်ရန်။

ကုန်လှောင်ရုံများ၊ CFS များကို လုပ်ကိုင်ခွင့် ချထားပေးသည့်အဆင့်ပြီးလျှင် ဆိပ်ကမ်းတွင် သွက်လက်စွာ ကုန်သေတ္တာ ထုတ်ယူရန်၊ ချထားရန်များလည်း စီစဉ်ပေးရမည်။ ထရပ်ကားတစ်စီးသည် အချိန်အနည်းဆုံးဖြင့် ကုန်သေတ္တာ ချထားနိုင်စေရန် ညပိုင်းများတွင်ပါ ဆိပ်ကမ်းလုပ်ငန်းများ အရှိန်ပြည့် လည်ပတ်ရန် လိုသည်။ (ဥပမာ ဗီယက်နမ်နိုင်ငံတွင် ကုန်လှောင်ရုံနှင့် ဆိပ်ကမ်း အကွာအဝေးပေါ် မူတည်ပြီး ထရပ်ကား တစ်စီးလျှင် တစ်ညကို ကုန်သေတ္တာ ၈ လုံးမှ ၁၀ လုံးထိ ခေါက်တုံ့ခေါက်ပြန် သယ်နိုင် ချနိုင်သည်။)

သွင်းကုန် ထုတ်ကုန် လုပ်ငန်းနှစ်ရပ်လုံးတွင် အကောက်ခွန် လုပ်ငန်းများ ပိုမိုသွက်လက်လာရေးအတွက် အဆင့်တွေ များလွန်းသော ဗဟိုချုပ်ကိုင်မှုစနစ်ကို လျှော့ချရမည်။ အစအနေဖြင့် အကောက်ခွန်စနစ် သွက်လက်စွာ လည်ပတ်နေသည့် နိုင်ငံများကို အတုယူကာ ပုံစံတူကျင့်သုံးကြည့်ပြီး မိမိနိုင်ငံနှင့် ကိုက်ညီအောင် ချိန်ညှိယူသွားသောနည်းသည် နည်းကောင်းဖြစ်လိမ့်မည်။

ပြင်ပ ကုန်လှောင်ရုံများ၊ CFS များမှာပါ အကောက်ခွန်လုပ်ငန်း လုပ်ကိုင်နိုင်အောင် ဝန်ထမ်းအင်အား တိုးချဲ့ပြီး မွမ်းမံသင်တန်းများ ပေးရမည်။ အစပိုင်းအနေဖြင့် ပြင်ပအကောက်ခွန်လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော ကုန်စည်များ ကိုင်တွယ်ခြင်းဖြင့် စတင်သင့်သည်။

ပြင်ပ ကုန်လှောင်ရုံများ၊ CFS များတွင် ကောက်ခံမည့် အကောက်ခွန်လုပ်ငန်းစဉ်ကြေးများကို စနစ်တကျ ထုတ်ပြန်ပေးရမည်။

နောက်ဆုံးခွင့်ပြုမိန့်ကို လက်မှတ်ထိုးပေးမည့် အကြီးတန်း အကောက်ခွန်အရာရှိ ပိုမို ခန့်အပ်ရန် လိုသည်။ အထူးသဖြင့် ထိုင်းနှင့် တရုတ်နယ်စပ်ဂိတ်များတွင် လိုအပ်သည်။

## ပြုပြင်ပြောင်းလဲခြင်းဖြင့် ရရှိလာနိုင်သည့် အကျိုးအမြတ်များ

- အကောက်ခွန်ဝန်ဆောင်မှု ပိုကောင်းမွန်လာမည်
- ဆိပ်ကမ်းတွင် ကုန်စည်များ အသွင်း အထုတ် မြန်ဆန်လာမည်
- လုပ်ငန်းတွင် ပတ်သက်နေသည့် ကဏ္ဍအားလုံး၌ အချိန်ပိုကြေး ကုန်ကျစရိတ်များ လျော့ကျသွားမည်
- ကားတစ်စီးတည်းဖြင့် ကုန်သေတ္တာများကို အကြိမ်ကြိမ် သယ်ပို့နိုင်မည်
- ပြင်ပ ကုန်လှောင်ရုံများ၊ CFS များတွင် အကောက်ခွန်စစ်ဆေးကာ ဆီးလ်တံဆိပ် ဖွင့်ခြင်း၊ ပိတ်ခြင်းများ ဆောင်ရွက်နိုင်သဖြင့် ဆိပ်ကမ်းတွင် စုပုံခြင်း၊ ကြန့်ကြာခြင်းများ လျော့ကျသွားမည်။

## ၅။ ဆိပ်ကမ်းအသုံးပြုခ ကြိုတင်ပေးချေရခြင်း

လက်ရှိရန်ကုန်တွင်ပို့ကုန်သွင်းကုန် ကိုင်တွယ်သည့်ဆိပ်ကမ်းလေးခုရှိသည်။ ထိုဆိပ်ကမ်းလေးခုကို အသုံးပြုလိုပါက ဆိပ်ကမ်းအာဏာပိုင်ဌာန လက်အောက်ရှိ သင်္ဘောကုန်စည်လုပ်ငန်းဌာနထံ ဆိပ်ကမ်းအသုံးပြုခ ကြိုတင်ငွေ ပေးသွင်းရသည်။ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ကောက်ခံသော အသုံးပြုခနှုန်းထားသည် ဆိပ်ကမ်းနှင့် သင်္ဘောလုပ်ငန်းတို့ ချုပ်ဆိုထားသည့် နှုန်းထားထက် ပိုများသည်ကိုလည်း တွေ့ရသည်။ သင်္ဘောကုန်စည်လုပ်ငန်းဌာနက ၎င်းတို့ ရရန်ရှိသော ဝန်ဆောင်ခများကို ကြိုတင်ငွေထဲမှ နုတ်ပယ်ပြီး သက်ဆိုင်ရာ ဆိပ်ကမ်းကိုလည်း သတ်မှတ်ထားသော အခကြေးငွေကို လွှဲပေးသည်။ ကြိုတင်ငွေထဲမှ ကျန်ရှိသည့် လက်ကျန်ငွေကို ပြန်ထုတ်ယူရန်အတွက် သင်္ဘောလုပ်ငန်းက အချိန်ထပ်ပေးရပြန်သည်။ အချို့သော ဆိပ်ကမ်းများသည် လက်ကျန်ငွေကို ပြန်ထုတ်ပေးရန် ဆိုင်းထားတတ်ပြီး၊ သင်္ဘောလုပ်ငန်းများအနေဖြင့် လက်ကျန်ငွေနှင့် စာရင်းပြန်ချေကာ ၎င်းတို့ ဆိပ်ကမ်းကို ဆက်လက်အသုံးပြုနိုင် အကျပ်ကိုင်ထားခြင်းမျိုးလည်း ရှိသည်။

ဆိပ်ကမ်းအသုံးပြုခ ကြိုတင်ငွေပေးချေမှု၊ လက်ကျန်ငွေ ပြန်ထုတ်ယူမှု လုပ်ငန်းစဉ်သည် အဆင့်ဆင့် ဖြတ်သန်းနေရသဖြင့် လုပ်ကိုင်ရ ကြန့်ကြာသလို၊ ကုန်ကျစရိတ်လည်း မလိုအပ်ဘဲ ပိုကြီးမားရသည်။ ထိုသို့ မလိုအပ်ဘဲ အဆင့်တွေ များနေခြင်းကြောင့် ဆိပ်ကမ်းများနှင့် သင်္ဘောလုပ်ငန်းများလည်း ထိခိုက်ရပြီး၊ လများနဲ့ချီကာ လက်ကျန်ငွေများ ထုတ်ယူရန် စုပုံနေခြင်းကြောင့်လည်း ငွေကြေးအရ ဆုံးရှုံးမှု ကြုံကြရသည်။ ထိုသို့ ရှုပ်ထွေးသည့် ငွေပေးချေမှုမျိုးကို ကမ္ဘာတစ်ဝန်း မည်သည့်ဆိပ်ကမ်းတွင်မျှ ကျင့်သုံးခြင်းမရှိ။ အခြားနိုင်ငံများတွင် ကျသင့်သည့်ဆိပ်ကမ်း အသုံးပြုခကို သင်္ဘောလိုင်းက ဆိပ်ကမ်းသို့ တိုက်ရိုက်ပေးချေရုံသာ ဖြစ်သည်။ မည်သည့် ကြားခံအဖွဲ့အစည်းကိုမျှ ဖြတ်ကျော်နေရန် မလို။

## အကြံပြုချက်များ

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အနေဖြင့် မိမိတို့၏ လုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ကာ သင်္ဘောလိုင်းနှင့် ဆိပ်ကမ်းကြား တိုက်ရိုက်ငွေပေးချေနိုင်အောင် စီမံပေးဖို့လိုမည်။ သင်္ဘောကုန်စည်ဌာနက ကောက်ခံရမည့် ငွေကိုလည်း သင်္ဘောလိုင်းက ထိုဌာနကို တိုက်ရိုက်ပေးချေခြင်းနည်းကသာ အသုံးပြုသင့်သည်။

## ပြုပြင်ပြောင်းလဲခြင်းကြောင်း ရလာနိုင်သည့် အကျိုးအမြတ်များ

သင်္ဘောလိုင်းက ဆိပ်ကမ်းကို တိုက်ရိုက်ငွေပေးချေသည့်စနစ်ကို ပြောင်းလဲကျင့်သုံးလိုက်ပါက မြန်မာနိုင်ငံ၏ လုပ်ငန်းလုပ်ထုံးလုပ်နည်းသည်လည်း နိုင်ငံတကာအဆင့်အတန်းမီလာမည် ဖြစ်သည်။ ယခုနည်းသစ်ကြောင့် သက်ဆိုင်သူအားလုံး အချိန်ကုန်၊ ငွေကုန်သက်သာကာ လုပ်ငန်းများလည်း သွက်လက်မြန်ဆန်လာမည် ဖြစ်သည်။ ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများ ရိုးရှင်းထိရောက်လာမည်ဆိုပါက ပြည်ပမှ ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများကပါ မြန်မာနိုင်ငံသို့ ဝင်ရောက်လုပ်ကိုင်လိုစိတ် ပိုထက်သန်လာကြလိမ့်မည်။

# ဝိုင်နှင့်အရက်

၁၇

## မိတ်ဆက်

EuroCham Myanmar သည် ဥရောပထိပ်တန်း ဝိုင်နှင့် အရက်ကုမ္ပဏီကြီးများနှင့် ပူးပေါင်းကာ ဝိုင်နှင့်အရက်ကဏ္ဍဆိုင်ရာ (Wine and Spirit Advocacy Group) ကို ၂၀၁၇ စက်တင်ဘာလက စတင်ဖွဲ့စည်း ခဲ့သည်။ ရည်ရွယ်ချက်မှာ မြန်မာအစိုးရအနေဖြင့် ဥပဒေနှင့်အညီ ခေတ်မီ၍ တာဝန်သိမှုရှိသော ဝိုင်နှင့် အရက် လုပ်ငန်းကဏ္ဍထူထောင်နိုင်အောင် ကြိုးပမ်းနေချိန်တွင် အကူအညီနှင့် အကြံဉာဏ်များ ပေးအပ်သွားရန် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၅ တစ်နှစ်တာအတွင်း နိုင်ငံခြားဝိုင်နှင့်အရက် ဝယ်လိုအား လီတာ ၅ ဒသမ ၅ သန်း ရှိခဲ့ကြောင်း နိုင်ငံတကာ ဝိုင်နှင့် အရက်လုပ်ငန်းမှတ်တမ်း (IWSR) အရ သိရသည်။ ထိုမျှ ပမာဏ၏ အားလုံး နီးပါးသည် အခွန်မဆောင်ဘဲ တရားမဝင် လမ်းကြောင်းများမှ တင်သွင်းခဲ့ခြင်း ဖြစ်သည်။ သောက်သုံးသူများ၊ ကုန်သည်များသည် ထိုသို့ တရားမဝင် လမ်းကြောင်းကို သုံးနေရခြင်းမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၈/၁၃ အရ ပြည်ပမှ အရက်များကို တင်သွင်းမှု လုံးဝ တားမြစ်ထားသော ကြောင့် ဖြစ်သည်။ တင်သွင်းခွင့်လိုင်စင် ရထားသူအချို့နှင့် ဟိုတယ်ကြီးအချို့သာ တရားဝင် တင်သွင်းခွင့် ရရှိထား သည်။ ထိုတားမြစ်ချက်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ သတ်မှတ်ချက်များကို မလိုက်နာရာလည်း ရောက်သည်။

ထို့အပြင် တင်သွင်းလာသော အရက်များကိုလည်း အခွန်ကြီးလေးစွာ ကောက်ခံခြင်းကြောင့် တင်သွင်းသူ များသည် အခွန်မဆောင်ရသည့် မှောင်ခိုလမ်းကြောင်းကိုသာ အားကိုးကြသဖြင့် အစိုးရသည်လည်း အခွန်ငွေ မရဘဲဖြစ်နေသလို၊ မှောင်ခိုဈေးကွက်သည်လည်း မကျယ်သင့်ဘဲ ကျယ်ပြန့်ခဲ့ရသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ပြည်ပ အရက်လုပ်ငန်းများအတွက် ရှင်းလင်းသည့် ဥပဒေမျိုးလည်း ယခုထိ မထွက်ပေါ်သေး။ ထုတ်ကုန် အမှိုပွါယ်ဖွင့်မှု၊ စံအရည်အသွေး၊ ထုတ်လုပ်မှု စည်းကမ်းချက်များ၊ တံဆိပ်ကပ်ရမည့် စည်းကမ်း၊ ပစ္စည်းကို နောက်ကြောင်းလိုက်နိုင်မှု စသည်တို့တွင်လည်း တိကျသော သတ်မှတ်ချက်များ မရှိသေးသဖြင့် မြန်မာနိုင်ငံမှ သောက်သုံးသူများသည် ပြည်ပအရက်များ၏ အရည်အသွေးနှင့် ရင်းမြစ်ကို သေချာစွာ မသိရဘဲ သောက်သုံး နေကြရသည်။

အခက်အခဲ ဖော်ပြချက် ။ ပြည်ပအရက်များ တိုက်ရိုက်တင်သွင်းခွင့်ကို ပိတ်ထားခြင်းကြောင့် မြန်မာ့စီးပွားရေး၊ မြန်မာအစိုးရနှင့် မြန်မာနိုင်ငံမှ စားသုံးသူများပါ နစ်နာနေရသည်။

ပြည်ပအရက်များ တင်သွင်းခွင့် တားမြစ်ထားသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၈/၁၃ သည် မထိရောက်သည်ကို တွေ့နိုင်သည်။ ပြည်ပအရက်များကို မြန်မာဈေးကွက် အတွင်း ကျယ်ကျယ်ပြန့်ပြန့် တွေ့နိုင်သည်။ လက်ရှိတွင် လိုင်စင်ရသူ တစ်ချို့သာ ပြည်ပအရက်များကို တိုက်ရိုက် တင်သွင်းခွင့်ရထားသည်။

မှောင်ခိုလမ်းကြောင်းမှ တင်သွင်းလာသော ပြည်ပအရက်များသည် အခွန်မဆောင်ရသဖြင့် ဈေးချိုချိုနှင့် ရောင်းနိုင်ရာ အစိုးရလည်း အခွန်ငွေ မရ၊ ပြည်တွင်းအရက်လုပ်ငန်းရှင်များမှာလည်း ဈေးသက်သာနေသော ပြည်ပအရက်များနှင့် ယှဉ်ပြိုင်ရသဖြင့် အခက်တွေ့ကြရသည်။ နိုင်ငံတကာမှာ တွင်ကျယ်နေသည့် စကော့ဝီစကီ၏ မြန်မာနိုင်ငံတွင်း မှောင်ခိုဈေးသည် ပြည်တွင်းဖြစ် ဝီစကီထက် ဈေးချိုနေခြင်းမျိုးပင် ရှိနေသည်။

ပြည်ပအရက်များကို လုံးဝတားမြစ်ထားခြင်းကြောင့် အတုဈေးကွက်အပါအဝင် တရားမဝင် နည်းလမ်းများဖြင့် ထုတ်လုပ်မှုမျိုးစုံလည်း ပေါ်ပေါက်လာရသည်။ မြန်မာအစိုးရသည် နိုင်ငံဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အခွန်ငွေ အထူးလိုအပ်လျက်ရှိနေသည့်တိုင် ယခုလို ပိတ်ထားမှုကြောင့် အခွန်ငွေ သိသိသာသာ ဆုံးရှုံးရသည်။ ထို့အပြင် တရားဝင်ဈေးကွက်မရှိသဖြင့် ပစ္စည်းတုများလည်း ပေါများလာပြီး အများပြည်သူ ကျန်းမာရေးကိုပါ ခြိမ်းခြောက်လာခဲ့သည်။

ယခုလို လူအနည်းငယ်ကိုသာ တင်သွင်းခွင့် လိုင်စင်များ ချထားပေးမှုကြောင့် ပြည်ပအရက်များသည် တရားဝင်အားဖြင့် ဈေးအလွန်အမင်း မြင့်တက်လျက်ရှိရာ မှောင်ခိုဈေးကွက်ကြီးမားလာအောင် အားပေးရာလည်း ရောက်နေသည်။ တင်သွင်းခွင့် လိုင်စင်ဖြင့် တင်သွင်းရာတွင်လည်း အကောက်ခွန်ရာခိုင်နှုန်း မြင့်မားစွာ ကောက်ခံသဖြင့် အကောက်ခွန်ဌာနက တန်ဖိုးဖြတ်သည့်နေရာတွင် အခက်အခဲများ ပေါ်ပေါက်လာရပြန် သည်။ အကောက်ခွန် တာဝန်ရှိသူများက သွင်းကုန်လုပ်ငန်းရှင်များသည် ပစ္စည်းတန်ဖိုးကို လျှော့ချကာ ဖော်ပြသည်ဟု အမြဲသံသယဖြင့် ရှုကြည့်ကြသည်။ သို့ဖြစ်ရာ အခွန်ပမာဏကို ပုံမှန်ထက်မြှင့်ပြီး သတ်မှတ်လေ့ရှိခြင်းသည်လည်း ဈေးသက်သာသော မှောင်ခိုလမ်းကြောင်းဘက် ကူးကုန်အောင် တွန်းနေသကဲ့သို့ ဖြစ်သည်။



### ပြုပြင်ပြောင်းလဲခြင်းဖြင့် ရလာနိုင်သည့် အကျိုးရလဒ်များ

- ပြည်ပအရက်များကို ဥပဒေနှင့်အညီ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချ၊ သောက်သုံးနိုင်စေမည့် ဥပဒေဝန်းကျင်မျိုး ဖြစ်ထွန်းလာမည်။

• ပြည်ပအရက်များကို အခွန်ဆောင်စေကာ တင်သွင်းခွင့်၊ ရောင်းချခွင့် ပေးခြင်းဖြင့် အစိုးရအတွက်လည်း အခွန်ဘဏ္ဍာတိုးလာမည်။

• နိုင်ငံ့အခွန်ဘဏ္ဍာကျဆင်းစေသလို၊ အများပြည်သူ ကျန်းမာရေးလည်း ထိခိုက်စေသော အရက်တုများ တိုက်ဖျက်ရေး ဥပဒေများလည်း ထုတ်ပြန်ကာ ထိထိရောက်ရောက် အသက်သွင်းနိုင်လာမည်။

• ပြည်ပအရက်လုပ်ငန်းများ ပြည်တွင်းဈေးကွက်အတွင်း ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် ထိုလုပ်ငန်းများ၏ နိုင်ငံတကာ အတွေ့အကြုံများကို အသုံးချကာ အစိုးရ၊ အရက်လုပ်ငန်းများနှင့် အရပ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပြီး မူးယစ်သောက်စားမောင်းနှင်မှု ကာကွယ်ရေး၊ အသက်မပြည့်သေးသူများအရက်သောက်သုံးမှုကာကွယ်ရေး၊ကျန်းမာရေးထိခိုက်စေသော သောက်သုံးမှုပုံစံများ တားဆီးရေး လှုပ်ရှားမှုများပါ ထိထိရောက်ရောက် လုပ်နိုင်လာမည် ဖြစ်သည်။

• ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ စည်းမျဉ်းများနှင့်လည်း မြန်မာနိုင်ငံသည် ပို၍ကိုက်ညီလာမည်။

## အကြံပြုချက်များ

•မြန်မာအစိုးရအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၈/၁၃ ကိုပြင်ဆင်ကာ ပြည်ပအရက်များ တင်သွင်းမှု တားမြစ်ထားခြင်းကို ရုပ်သိမ်းသင့်သည်။ အရက်ဈေးကွက်ကို ဖွင့်လှစ်ပေးပြီး တိကျ ရှင်းလင်းသော စည်းမျဉ်းစည်းကမ်းများ ချမှတ်ကာ တင်သွင်းခွင့် လိုင်စင်များ ထုတ်ပေးခြင်း၊ တင်သွင်းခွင့် ရရှိမည့်သူများကို မျှတစွာ ရွေးချယ်ခြင်း နည်းလမ်းများကို အသုံးပြုရမည်။ ထိုသို့ ပြုပြင်ပြောင်းလဲလိုက်ခြင်းဖြင့် တရားဝင်ဈေးကွက် ဖြစ်ထွန်းလာကာ ရောင်းချသူများနှင့် သုံးစွဲသူများ အားလုံးသည် အခွန်ဆောင်ထားသော တရားဝင် ပြည်ပအရက်များကို ဝယ်ယူခွင့် ရကြမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်က ဝိုင် လုပ်ငန်းကဏ္ဍ၌ ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ခဲ့သည့်အတွက် ပွင့်လင်းမြင်သာမှုရှိကာ အပြုသဘောဆောင် တိုးတက်မှုများ ပေါ်ပေါက်ခဲ့ခြင်းကို အတုယူပြီး ပြည်ပအရက်ကိစ္စတွင်လည်း ပြုပြင်ပြောင်းလဲမှု ဖော်ဆောင်သင့်သည်။

• မြန်မာအစိုးရအနေဖြင့် ပြည်ပမှ သွင်းကုန်အရက်များကို အထူးကုန်စည် အကောက်ခွန်စနစ် ချမှတ် ကောက်ခံသင့်သည်။ ပြည်တွင်းထုတ်အရက်များနှင့် ပြည်ပအရက်များ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်စေမည့် စနစ်ကျသော အခွန်ကောက်စနစ်မျိုး ဖြစ်ရန်လိုသည်။ မည်သည့် အရက်အမျိုးအစားကို၊ တစ်လီတာလျှင် အခွန်နှုန်းမည်မျှဖြင့် ကောက်ခံမည်ကို တိကျရှင်းလင်းစွာ သတ်မှတ်ပေးထားမည်ဆိုပါက အကောက်ခွန်၊ သွင်းကုန်လုပ်ငန်းရှင်နှင့် ရောင်းချသူများကြား ရှုပ်ထွေးမှုဖြစ်ပေါ်တော့မည် မဟုတ်။ ထိုအခါ အခွန်ဆောင်ပြီး ရောင်းချသော အရက်နှင့် မှောင်ခိုအရက်အကြား တန်ဖိုးကွာဟချက်လည်း ကျဉ်းမြောင်းသွားမည် ဖြစ်သည်။ အခွန်ဆောင်ကာ တရားဝင်တင်သွင်းခွင့်ပြုခြင်းကြောင့် အစိုးရ အခွန်ငွေလည်း တိုးလာမည်။

•အရက်လုပ်ငန်းဥပဒေအသက်သွင်းရေးနှင့် စောင့်ကြည့်ရေးလုပ်ငန်းများကို ထိုကဏ္ဍအတွင်းပါဝင်နေသူအားလုံးနှင့် သက်ဆိုင်ရာအာဏာပိုင်များ လက်တွဲလုပ်ဆောင်ရန် လိုအပ်သည်။ သို့မှသာ ပြည်တွင်း၌ ရောင်းချသည့် အရက် အမှတ်တံဆိပ် အားလုံးထံမှ သင့်တင့်သော အခွန်ငွေများကို စနစ်တကျ စည်းကြပ်ကောက်ခံနိုင်မည် ဖြစ်သည်။

• ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံများတွင် ကျင့်သုံးနေသည့် နည်းစနစ်များနှင့်အညီ ဒေသတွင်း လုပ်ငန်းများကို အကာအကွယ်ပေးရေး ဥပဒေများကိုလည်း စနစ်တကျ ပြဋ္ဌာန်းရမည်။

•တင်သွင်းမည့် ပြည်ပ ဝိုင်နှင့်အရက်များ လိုက်နာရမည့် ထုတ်ကုန်အရည်အသွေးဆိုင်ရာ စံသတ်မှတ်ချက်များကိုလည်း စနစ်တကျ ပြဋ္ဌာန်းရမည်ဖြစ်သည်။ ထိုသို့ပြဋ္ဌာန်းရာတွင် ဥရောပသမဂ္ဂ၊ အမေရိကန်၊ ဩစတြေးလျ၊ နယူးဇီလန် (မြန်မာအပါအဝင်) စသည့် နိုင်ငံများသို့ တင်ပို့နေသည့် နိုင်ငံတကာ ဝိုင်နှင့် အရက်လုပ်ငန်းကြီးများ လိုက်နာကျင့်သုံးကြသည့် လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်များကို မှီငြမ်းပြုသင့်သည်။

# အတိုကောက် အသုံးအနှုန်းများ

| | |
|---|---|
| **ACTD** | အာဆီယံ အထွေထွေ အချက်အလက် စုဆောင်းရေး လမ်းညွှန် |
| **AEOP** | အသိအမှတ်ပြု စီးပွားရေးအော်ပရေတာ အစီအစဉ် |
| **AIGE** | သဘာဝပတ်ဝန်းကျင် မထိခိုက်စေသော စီးပွားရေးအင်စတီကျူ |
| **AIPT** | အလုံနိုင်ငံတကာ ဆိပ်ကမ်း |
| **ASEAN** | အရှေ့တောင်အာရှ နိုင်ငံများအသင်း |
| **AWPT** | Asia World ကုန်တင်ကုန်ချ ဆိပ်ကမ်း |
| **BSW** | ဗိုလ်အောင်ကျော်လမ်း ကုန်တင်ကုန်ချသင်္ဘောဆိပ် |
| **CBU** | အစီးလိုက်တင်သွင်းသည့်စနစ် |
| **CCGT** | ဓာတ်ငွေ့တာဘိုင်နှင့် ရေနွေးငွေ့တာဘိုင်နှစ်မျိုးသုံး စနစ် |
| **CE** | ဥရောပစံနှုန်း |
| **CFS** | ကွန်တိန်နာ ဌာန |
| **CIF** | ကုန်ပစ္စည်းကိုဝယ်ယူသူထံပို့ဆောင်ရာတွင်ကုန်တွင်းနှင့်ဆိပ်ကမ်းအထိရောင်းသူကတာဝန်ယူရသောနိုင်ငံတကာကုန်သွယ်ရေး ကျင့်ထုံး |
| **CKD** | အစိတ်အပိုင်းများစွာ ဖြုတ်ကာ ပြည်တွင်းတွင် ပြန်လည်တပ်ဆင်သည့် စနစ် |
| **CMP** | ဖြတ်၊ ချုပ် စနစ် |
| **CSE** | စစ်တကောင်းစတော့အိတ်ချိန်းလိမိတက် |
| **CSO** | ဗဟို စာရင်းအင်းဖွဲ့ |
| **CSO** | အရပ်ဖက်အဖွဲ့အစည်း |
| **CSR** | လူမှုရေးဆိုင်ရာ စီးပွားရေးတာဝန်ယူမှု |
| **DICA** | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ ညွှန်ကြားမှု ဦးစီးဌာန |
| **DOA** | စိုက်ပျိုးရေးဦးစီးဌာန |
| **DOO** | ပိုင်ဆိုင်ကြောင်း ကြေညာချက် |
| **DOTS** | နိုင်ငံတကာ ငွေကြေး ရံပုံငွေအဖွဲ့ ၏ ကုန်သွယ်ရေး အချက်အလက်ညွှန်ကြားမှုဌာန |
| **DTL** | ကုန်ပစ္စည်းအမှတ်တံဆိပ် မူကြမ်း |
| **EAAG** | EuroCham Automotive Advocacy Group |
| **ECD** | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန |
| **EEAG** | EuroCham Energy Advocacy Group |
| **EIA** | သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုစစ်ဆေးအကဲဖြတ်ချက် |
| **EU** | ဥရောပ သမဂ္ဂ |
| **FDA** | အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန |
| **FDI** | နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု |
| **FOB** | သင်္ဘောပေါ်အရောက် |
| **FTZ** | လွတ်လပ်စွာ ကုန်သွယ်ရေး ဇုန်များ |
| **GAP** | စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ |
| **GATT** | တင်သွင်းခနှင့် ကုန်သွယ်မှုအပေါ်အထွေထွေ သဘောတူစာချုပ် |
| **GDP** | ပြည်တွင်း အသားတင် ထုတ်ကုန် |
| **GMP** | ထုတ်လုပ်မှု အလေ့အကျင့်ကောင်း |
| **HPT** | Htee Tan Port Terminal |
| **HS code** | ညှိနှိုင်းထားသော စနစ် |
| **IBTT** | သီလဝါနိုင်ငံတကာ ကုန်တင်ကုန်ချ ဆိပ်ကမ်းကြီး |
| **ICC** | နိုင်ငံတကာ ကုန်သည်ကြီးများအဖွဲ့ |
| **IFC** | နိုင်ငံတကာ ငွေကြေး ကော်ပိုရေးရှင်း |
| **IFPMA** | နိုင်ငံတကာ ဆေးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းချုပ် |

| | |
|---|---|
| **ILO** | နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ် |
| **IMF** | နိုင်ငံတကာ ငွေကြေး ရံပုံငွေအဖွဲ့ |
| **IP** | ဉာဏ်ပစ္စည်း |
| **IPMAM** | နိုင်ငံတကာ ဆေးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်း (မြန်မာ) |
| **IRD** | ပြည်တွင်း အခွန်ဦးစီးဌာန |
| **ISWR** | နိုင်ငံတကာ ဝိုင်နှင့် အရက် မှတ်တမ်း |
| **JICA** | ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ |
| **LNG** | သဘာဝ ဓာတ်ငွေ့ရည် |
| **LPG** | ဓာတ်ငွေ့ရည် |
| **LRD** | မြေယာမှတ်ပုံတင်ဌာန |
| **MACCS** | မြန်မာအလိုအလျောက် ကုန်သေတ္တာရှင်းလင်းရေးစနစ် |
| **MGMA** | မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း |
| **MIC** | မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် |
| **MIP** | မြန်မာ့ စက်မှု ဆိပ်ကမ်း |
| **MIPL** | မြန်မာနိုင်ငံ ပူးပေါင်းဆိပ်ကမ်း လီမိတက် |
| **MITT** | သီလဝါ နိုင်ငံတကာ ကုန်တင်ကုန်ချ ဆိပ်ကမ်း |
| **MMC** | မြန်မာနိုင်ငံ ဆေးကောင်စီ |
| **MoALI** | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန |
| **MoEE** | လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန |
| **MOGE** | မြန်မာ့ ရေနံနှင့် ဓာတ်ငွေ့ လုပ်ငန်း |
| **MoHS** | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| **MoNREC** | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန |
| **MPA** | မြန်မာ့ ဆိပ်ကမ်းအာဏာပိုင် |
| **NFR** | ငွေကြေးဆိုင်ရာမဟုတ်သော အစီရင်ခံစာ |
| **NGO** | အစိုးရမဟုတ်သော အဖွဲ့အစည်း |
| **NHTSA** | အဝေးပြေးပြေးလမ်းမကြီး ယာဉ်အန္တရာယ်ကင်းရှင်းမှု ကြီးကြပ်ရေးဌာန |
| **NOC** | ကန့်ကွက်ရန်မရှိ အသိအမှတ်ပြုလက်မှတ် |
| **NOx** | နိုက်ထရိုဂျင်အောက်ဆိုဒ် |
| **O&G** | ရေနံနှင့် ဓာတ်ငွေ့ |
| **OECD** | စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်း |
| **OIV** | စပျစ်နှင့် ဝိုင် စိုက်ပျိုးထုတ်လုပ်သူများအသင်း |
| **OLAF** | ငွေကြေးလိမ်လည်မှုဆန့်ကျင်ရေး ဥရောပရုံး |
| **ORD** | စာချုပ်စာတမ်း မှတ်ပုံတင်ရုံး |
| **PC** | ဆိပ်ကမ်းအကောက်ခွန် စာရင်းစစ်ခြင်း |
| **PICS** | ဆေးနှင့် ဆေးပစ္စည်း စစ်ဆေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် |
| **PPA** | လျှပ်စစ်ဝယ်ယူရေး စာချုပ် |
| **PSC** | ထုတ်လုပ်မှု မျှယူသည် စာချုပ်များ |
| **PTT** | သီလဝါ ကုန်တင်ကုန်ချ ဆိပ်ကမ်း |
| **RORO** | မော်တော်ယာဉ်မျိုးစုံ တင်ဆောင်လာသော သင်္ဘော |
| **RTAD** | ကုန်းလမ်းညွှန်ကြားမှု ဦးစီးဌာန |
| **SEA** | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မဟာဗျူဟာ အကဲဖြတ်မှု |
| **SECM** | မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေး ကော်မရှင် |
| **SEZ** | အထူးစီးပွားရေးဇုန် |
| **SKD** | အစိတ်အပိုင်းအချို့ဖြုတ်လျက် တင်သွင်းသည့် စနစ် |

| | |
|---|---|
| **SIA** | လူမှု အသိုင်းအဝိုင်းအပေါ် သက်ရောက်မှု စစ်ဆေးအကဲဖြတ်ချက် |
| **SPS** | လူ၊ သတ္တဝါများနှင့် အပင်များကို ကာကွယ်ရေး အစီအမံများ |
| **SPW** | ဆူးလေဘုရား ကုန်တင်ကုန်ချ ဆိပ်ကမ်း |
| **SSE** | ရေရှည်တည်တံ့သော စတော့အိတ်ချိန်း |
| **TEU** | ၂၄ ပေနှင့် ညီမျှသော အတိုင်းအတာ |
| **TRIPS** | ဉာဏ်ပစ္စည်းမူပိုင်ခွင့်၏ ကုန်သွယ်ရေးဆိုင်ရာ စည်းမျဉ်း |
| **UNODC** | မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုများဆိုင်ရာ ကုလသမဂ္ဂရုံး |
| **USD** | အမေရိကန်ဒေါ်လာ |
| **WCO** | ကမ္ဘာ့ အကောက်အခွန်အဖွဲ့အစည်း |
| **WTO** | ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ |
| **YSX** | ရန်ကုန် စတော့အိတ်ချိန်း |

## ကျေးဇူးတင်လွှာ

EuroCham Myanmar အနေဖြင့် EuroCham Myanmar White Book ဖြစ်မြောက်ရေးအတွက် ကူညီပေးခဲ့ကြသော Advocacy Group အဖွဲ့ဝင်များနှင့် တွဲဖက်ဥက္ကဋ္ဌများကို ကျေးဇူးတင်ကြောင်း ပြောလိုပါသည်။ Frontier Myanmar Research (FMR) ကိုလည်း မိမိတို့အား အကူအညီပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောလိုပါသည်။ ထို့အပြင် ပံ့ပိုးကူညီပေးခဲ့ကြသော မြန်မာအစိုးရ၊ ဥရောပသမဂ္ဂ ကိုယ်စားလှယ်၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ဩဃယူ ကိုလည်း ကျေးဇူးတင်ရှိပါသည်။ နောက်ဆုံးအနေဖြင့် EuroCham Myanmar ကို ယုံကြည်ပေးခဲ့ကြသော ကျွန်ုပ်တို့၏ မိတ်ဖက် အဖွဲ့ဝင်များကို ကျေးဇူးတင်ကြောင်း ပြောလိုပါသည်။

## ကြေညာချက်

မြန်မာနိုင်ငံ ဥရောပကုန်သည်ကြီးများအသင်း EuroCham အနေဖြင့် ဒုတိယအကြိမ်မြောက် ထုတ်ဝေသော ဤ EuroCham White Book ဖြစ်မြောက်ရေးအတွက် ပါဝင် အားဖြည့် ကူညီပေးခဲ့ကြသော Advocacy အဖွဲ့ဝင်များနှင့် Frontier Myanmar Research (FMR) တို့အား များစွာ ကျေးဇူးတင်ရှိပါသည်။

ဤWhite Book စာအုပ်မှာ မြန်မာနိုင်ငံရှိ စီးပွားရေးဝန်းကျင်အခြေအနေများအပေါ် Advocacy Group များက တင်ပြသည့် EuroCham အဖွဲ့ဝင်များ၏အမြင်များကို စုပေါင်းဖော်ပြထားခြင်းဖြစ်ပါသည်။ ကုမ္ပဏီတစ်ခုခု၏အမြင်ကိုသော်လည်းကောင်း၊ EuroChamကိုဖွဲ့စည်းသည့် အဖွဲ့ဝင်တစ်ခုခု၏ အမြင်ကိုသော်လည်းကောင်း သီးသန့် ကိုယ်စားပြုခြင်းမရှိပါ။ White Book တွင် ဖော်ပြထားသော သတင်းအချက်အလက်များ၊ အမြင်များမှာ အကျိုးရှိသော ဆွေးနွေးမှုများကို မြှင့်တင်ရန် ရည်ရွယ်ပြီး ၊ ဥရောပ – မြန်မာ စီးပွားရေး ဆက်ဆံမှုများ တိုးတက်ရေးအတွက် အကြံပြုချက်များပေးရန် ရည်ရွယ်ပါသည်။ ထို့အပြင်လည်း ဤ WhiteBook ကို EuroCham အဖွဲ့ဝင်များနှင့် အခြားစိတ်ဝင်စားသည့် အဖွဲ့အစည်းများ သုံးစွဲရန်အတွက်သာ ပြုစုထားခြင်းဖြစ်ပြီး ကုမ္ပဏီတစ်ခုခု၊ အဖွဲ့အစည်းတစ်ခုခုအတွက် ရည်ရွယ် ပြုစုခဲ့ခြင်းမဟုတ်ပေ။

EuroChamကစာဖြင့်ရေးသွားခွင့်ပြုချက်မပေးဘဲဤစာအုပ်ပါမည်သည့်အစိတ်အပိုင်းကိုမှမိတ္တူကူးခြင်း၊အီလက်ထရောနစ်ပုံစံပြောင်းခြင်း၊ အခြား နည်းပညာဖြင့် ပုံစံပြောင်းခြင်း ထိုမျှ မက အခြားနည်းလမ်းများအပါဝင် တစ်ခုလုံးအနေဖြင့်ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းအနေဖြင့်ဖြစ်စေ၊ အခြားမည်သည့်ပုံစံမျိုးနှင့်မှ ပြန်လည် ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်း၊ အခြားသူများကို မျှဝေခြင်းကို ခွင့်မပြုပါ။ ခွင့်ပြုချက်တောင်းခံလိုပါက အောက်တွင်ဖော်ပြထားသောလိပ်စာထံသို့စာရေးသားခွင့်တောင်းနိုင်ပါသည်။ EuroChamအနေဖြင့်မူကြမ်းရေးသည့်အချိန်ကတည်းကပင် ဤစာအုပ်တွင်ပါသော အချက်အလက်များကို တတ်နိုင်သလောက် မှန်ကန်ရန် အစွမ်းကုန် ကြိုးစားထားပါသည်။ သို့သော် ဤစာအုပ်တွင် ပါသော အကြောင်းအရာများ၏ ပြီးပြည့်စုံမှု၊ တိကျမှု၊ ယုံကြည်ရမှု သို့မဟုတ် သင့်လျော်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ ဤစာအုပ်ပါ အကြံပြုချက်များ၏ ရလဒ်များနှင့် ပတ်သက်၍သော်လည်းကောင်း EuroCham အနေဖြင့် အဖွဲ့အစည်းတစ်ခုခုကို တာဝန်ခံရမည်ဟု မယူဆပါ။ တာဝန်ခံမည်မဟုတ်ဟုလည်း ကြေညာပါသည်။ မည်သည့် ကိစ္စရပ်နှင့် ပတ်သက်၍မဆို ဤစာအုပ်ပါ အကြောင်းအရာများကို လိုက်လံလုပ်ဆောင်ရာတွင် ကျွမ်းကျင်သူများ၏ အကြံဉာဏ်၊ အကူအညီမယူဘဲ မဆောင်ရွက်သင့်ပါ။

ထို့အပြင် မည်သည့်အခြေအနေတွင်မဆို စာချုပ်ဖြင့် ဖြစ်စေ၊ ဥပဒေချိုးဖောက်မှုကြောင့်ဖြစ်စေ၊ သိသိ၊ မသိသိ တာဝန်ခံရသော တာဝန်ခံမှုကြောင့်ဖြစ်စေ၊ မည်သည့်ပုံစံမျိုးနှင့်ဖြစ်စေ၊ ထိခိုက်နစ်နာမှုများကို ကြိုမြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ ထိုဖြစ်နိုင်ချေများကို အသိပေးထားသည်ပင်ဖြစ်စေ WhiteBook နှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဆက်စပ်လျက်သော်လည်းကောင်း၊ White Book ထံမှသော်လည်းကောင်းတိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ၊တမင်ဖြစ်စေ၊မတော်တဆဖြစ်စေ၊အကျိုးဆက်အနေဖြင့်ဖြစ်စေပေါ်ပေါက်သော ထိခိုက်နစ်နာမှုများ (အမြတ်အစွန်း ဆုံးရှုံးခြင်းအပါအဝင်) အတွက် EuroCham အဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့၊ ဒါရိုက်တာအဖွဲ့ဝင်များအနေဖြင့် တာဝန်ခံမည်မဟုတ်ပေ။ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော White Book နှင့် မြန်မာဘာသာဖြင့် ထုတ်ဝေသော White Book အကြား ဝိဝါဒကွဲပြားမှုများ ပေါ်ပေါက်ပါက အင်္ဂလိပ်လို ထုတ်ဝေသော စာအုပ်ပါ ရေးသားချက်များကိုသာ အတည်ယူရမည်။

ဤစာအုပ်ပါ အကြောင်းအရာများကို ၂၀၁၈ ခုနှစ် မေလတွင်း အပြီးသတ်ခဲ့သည်။

© ၂၀၁၈ European Chamber of Commerce in Myanmar, all rights reserved.

**EuroCham Myanmar**
၂၇၁ – ၂၇၃ ဗားကရာလမ်း စန်းချောင်းမြို့နယ်၊
ရန်ကုန်၊ ပြည်ထောင်စုမြန်မာတော်နိုင်ငံ
ဖုန်းနံပါတ် – +၉၅၉ ၄၅၀၅၈ ၂၄၃၅
အီးမေလ်း – info@eurocham-myanmar.org
ဝက်ဆိုဒ် – eurocham-myanmar.org

EUROCHAM
MYANMAR

မြန်မာပြည်ရှိ ဥရောပ စီးပွားရေး၏ ပဲ့တင်သံ

စည်းရုံးလှုံ့ဆော်ရေး | စီးပွားရေး ဝန်ဆောင်မှုများ | ပွဲအစီအစဉ်များ


မြန်မာနိုင်ငံဆိုင်ရာ ဥရောပကုန်သည်ကြီးများအဖွဲ့
၂၇၁-၂၇၃ ဗားဂရာလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

+၉၅ ၉ ၄၅၀၅၈ ၂၃၃၅

info@eurocham-myanmar.org

www.eurocham-myanmar.org

eurocham.myanmar

eurocham-myanmar

EuroChamMyanmar